

# ဗုဒ္ဓဂေါတမ၏
# စွပ်စွဲလာသူများအပေါ်
# ပြဿနာဖြေရှင်းနည်း(၂)

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သောဘိတ

(ဓမ္မာစရိယ၊ ဘီအေ)

"ဆွေသဟာ"

စာပေဖြန့်ချိရေး

၈/၅၅၊ သုနန္ဒာ(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

- ၀၉၇၃၀၈၆၉၃၂

- ၀၉၄၂၁၀၂၀၆၇၄

☎ - ၀၁-၉၆၉၀၃၂၄

# ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊

၂၉၃၅၈

အုပ်ရေ (၁၀၀၀)

## ထုတ်ဝေသူ

ဦးကိုကိုမြိုင် (မြဲ - ၀၄၈၉၉)
"ဆွေသဟာ" စာပေ
၀/၅၅၊ သုနန္ဒာ(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

## ပုံနှိပ်သူ

ဦးမောင်မောင်ထွန်း (စံထားမိုးအော့ဖ်ဆက်)
အမှတ်(၂၇)၊ မာန်ပြေ(၂၁)လမ်း(အရှေ့)
(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့

# ဗုဒ္ဓဂေါတမ၏

# စွပ်စွဲလာသူများအပေါ်

# ပြဿနာဖြေရှင်းနည်း (၂)


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ ဘီ·အေ)



သာသနာနှစ်-၂၅၅၅ ကောဇာနှစ်-၁၃၇၄ ခရစ်နှစ်-၂၀၁၂

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | က |
| ၂။ | လောကသဘာဝအမှန်တရားကိုဖော်ထုတ်ခဲ့သူ | ၁ |
| ၃။ | သည်းခံနိုင်မှုစွမ်းအားနှစ်သက်သူတို့အကျိုးများ | ၇ |
| ၄။ | ဗုဒ္ဓဂေါတမသည် လယ်ထွန်ပါသည် | ၁၇ |
| ၅။ | နို့ဃနာကို အလှူခံထိုက်သူ | ၂၃ |
| ၆။ | မှားသောအယူအဆကိုအကြောင်းကျိုးပြ၍ ဖြေရှင်းကြပါ | ၃၁ |
| ၇။ | ပုထုဇဉ်များတို့၏ဝိဉာဉ်သုံးပါးပြည့်စုံမှုနှင့် အရိယာတို့၏ ဝိဉာဉ်သုံးပါးကွာခြားမှု | ၃၉ |
| ၈။ | မျက်မှောက်ဘဝ၌အသိဉာဏ်အဆုံးရောက်သူ | ၄၆ |
| ၉။ | လူမှုကိစ္စ-လူမှုအသုံးအနှုန်းဖြတ်ပြီးသူဟူသည် | ၅၂ |
| ၁၀။ | သင့်ရုပ်နာမ်ကို သင်စေခိုင်းနိုင်သလား | ၆၈ |
| ၁၁။ | ငယ်သော်လည်းမထေမဲ့မြင်မပြုရာ | ၁၁၀ |
| ၁၂။ | ရဟန်းဂေါတမသည် လူတကာမနှစ်သက်သော စကားကိုပြောသည် | ၁၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | လူဝတ်ကြောင်သာမှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်သည် | ၁၂၃ |
| ၁၄။ | ဝိညာဉ်သည်ဘဝတစ်ခုမှတစ်ခုသို့ ပြောင်းနေသည် | ၁၃၇ |
| ၁၅။ | မြွေဖမ်းဥပမာမသင်ယူရာ | ၁၆၂ |
| ၁၆။ | လေးဘက်လေးတန် အရသာချိုမှန်သော ပျားဆုပ်ပမာ | ၁၇၄ |
| ၁၇။ | ကာမဂုဏ်ငါးပါး ဆင်းရဲတုံးကြီးဖြစ်စေကြောင်း | ၁၉၅ |
| ၁၈။ | စွပ်စွဲသူကို ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ တုန့်ပြန်ပြောဆိုခြင်း | ၂၁၀ |
| ၁၉။ | အမျိုးလေးပါးတို့၏ မြင့်မြတ်မှု-ယုတ်ညံ့မှု | ၂၃၈ |
| ၂၀။ | လက်ဆောင်လက်မခံက ဘယ်သူ့ထံ ရောက်ပါသလဲ | ၂၄၇ |

# အမှာစာ

"ရဟန်းတို့ . . . ငါဘုရား၏ ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ တရားတော်၏ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ သံဃာတော်၏ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ သူတစ်ပါးတို့က စွပ်စွဲကဲ့ရဲ့ပြောဆိုလာကြလျှင် သင်တို့သည် ထိုပြောဆိုစွပ်စွဲကဲ့ရဲ့သူများအပေါ်၌ စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မနှစ်သက်ခြင်း၊ မကျေနပ်ခြင်း မဖြစ်ကြစေနှင့်၊ ထိုပြောဆိုစွပ်စွဲကဲ့ရဲ့သူများအပေါ်၌ သင်တို့စိတ်ဆိုးနေကြလျှင် မကျေမနပ်ဖြစ်နေကြလျှင် သင်တို့သာ ဈာန်မဂ်ဖိုလ်အန္တရာယ်ဖြစ်ဖွယ်ရှိသည်။ ထို့ပြင် သူတစ်ပါးတို့ပြောဆိုအပ်သောစကားကိုလည်း သင်တို့သည် အကောင်းအဆိုးခြား၍ သိနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် မိမိကို သူတစ်ပါးတို့က ကဲ့ရဲ့စွပ်စွဲပြောဆိုလာလျှင် မဟုတ်မမှန်သောအချက်ကို မဟုတ်

မမှန်ပါဟု ဖြေရှင်းခြင်းကိုသာ ပြုရမည်။ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းကို မဖြစ်ကြစေလင့်။

ဤအယူအဆ, အတွေးအခေါ်စကားကို ဗုဒ္ဓဂေါတမသည် သူ၏တပည့်သား သံဃာတော်များအား လမ်းညွှန်ဟောကြားခဲ့ပါသည်။

လောကသဘာဝအရ လူတို့မည်သည် မိမိနှင့်အဆင်မပြေသူ၊ ဆန့်ကျင်ဘက်ဖြစ်သူများအပေါ်၌ စွပ်စွဲပြစ်တင်ရှုတ်ချပြီး ကဲ့ရဲ့ပြောဆိုတတ်ကြသော သဘာဝရှိသည်။ ချီးမွမ်းခြင်းကို ပြုနိုင်ခဲပြီး ကဲ့ရဲ့ခြင်းကိုပြုလွယ်တတ်ကြသည်။

လောကလူ့သဘာဝ ကောင်းတာလုပ်သည်ဖြစ်စေ၊ ဆိုးတာလုပ်သည်ဖြစ်စေ၊ စိတ်အကြိုက်တွေ့မှု၊ မတွေ့မှုအပေါ်မူတည်ပြီး ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ စွပ်စွဲခြင်းတို့သဘာဝက တွေ့ကြမည်သာဖြစ်သည်။

များသောအားဖြင့် အဖွဲ့အစည်းနှင့်လုပ်ရသော လုပ်ငန်းများ၊ အပြိုင်အဆိုင်လုပ်ရသော လုပ်ငန်းများ၌ လောဘ, ဒေါသ, မောဟ, မာနတရားများ လွှမ်းမိုးတတ်ကြ၍ ထိုကဲ့ရဲ့ခြင်း၊ စွပ်စွဲခြင်းများ ပို၍တွေ့ကြုံတတ်ရသည်။

တစ်ခါတစ်ရံ မိမိကစိတ်စေတနာသန့်သန့်ဖြင့် လုပ်ပေးသော စေတနာ့ဝန်ထမ်းလုပ်ငန်း၌ပင် ကဲ့ရဲ့မှု၊ စွပ်စွဲမှုက မလွတ်တတ်ကြပါပေ။

ထိုကဲ့ရဲ့မှုနှင့်ပတ်သက်၍ ရှေးက ပုံပြင်တစ်ခုရှိခဲ့သည်။ သားအဖနှစ်ဦး ခရီးသွားရင်း ပိုင်ရှင်မဲ့မြည်းကလေးတစ်ကောင်ကို ဖမ်းမိလာခဲ့သည်။ ထိုမြည်းကလေး၏ ကျောပေါ်တွင် ဖခင်က သားကို တင်စီးစေသည်။ ဖခင်ကခြေလျင်လိုက်သည်။ တစ်နေရာအရောက် လူတစ်စုက သူတို့သားအဖကို တွေ့မြင်ပြီး

"သားလုပ်သူသည် မသိတတ်လေစွ၊ အသက်ကြီးသောဖခင်ကိုလမ်းလျှောက်ခိုင်းပြီး အသက်ငယ်သောသားက မြည်းစီးလာသည်မှာ မသင့်တော်လေစွ"

ဟု ကဲ့ရဲ့စကားပြောဆိုကြသည်။

ထိုသို့ကဲ့ရဲ့ခံရ၍ သားကတစ်ဖန်ဆင်း၍ ဖခင်ကတက်စီးပြီး ဆက်လက်လာခဲ့ကြပြန်သည်။ ရှေ့အနားသို့အရောက် လူတစ်စုက မြင်တွေ့ကြပြန်သော်-

"ဖခင်ဖြစ်သူသည် သားငယ်ကို ခြေလျင်လျှောက်စေပြီး ဖခင်ဖြစ်သူက မြည်းစီးသည်မှာ သားကိုမသနားရာ ကိုယ်ချင်းစာမထားရာကျပေသည်"

ဟု ကဲ့ရဲ့ပြစ်တင်ကြပြန်သည်။

ထိုအခါ သားအဖနှစ်ယောက်သည် မြည်းကလေးအပေါ် နှစ်ယောက်အတူတူ တက်စီးကြပြန်သည်။ ရှေ့တွင်တွေ့သူများက တစ်ဖန်-

“ဤသားအဖသည် မြည်းငယ်ကလေးအပေါ် နှစ်ယောက် အတူတူစီးကြသည်မှာ မကြင်နာရာ၊ ရက်စက်ရာကျပေသည်”
ဟု ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုကြပြန်သည်။

ထိုအခါ သားအဖနှစ်ယောက်သည် မြည်းကလေးကို မစီးတော့ဘဲ နှစ်ယောက်စလုံး မြည်းကိုဆွဲပြီး လမ်းလျှောက်လာခဲ့ကြသည်။

လူတို့သည် ထိုအချင်းအရာကို မြင်ရသောအခါ-

“စီးစရာ မြည်းကောင်လုံးပါ,ပါလျက် မစီးဘဲလမ်းလျှောက် လာကြသည်မှာ အလွန်အသိဉာဏ်နည်း မိုက်မဲသူများသာဖြစ်ပေသည်ဟု ကဲ့ရဲ့ပြစ်တင်ဆိုကြပြန်သည်။

ထိုအခါ သားအဖနှစ်ယောက်သည် မည်သို့ပြုရမည်ကိုမသိဖြစ်ကာ မြည်းကလေးကို စွန့်လွှတ်ထားခဲ့ကြတော့သည်။ ထိုအခါကျမှ လူတို့သည် သူတို့သားအဖကို ရူးမိုက်သောသားအဖဟုဆိုကာ ပိုမိုကဲ့ရဲ့ပြစ်တင်ကြပြန်လေသည်။

ထိုသားအဖနှစ်ယောက်သည် မည်သို့ပင်ပြုပြု အကဲ့ရဲ့ခံခြင်းမှမလွတ် ရှိလေသည်။

ဤသည်မှာ လူ့လောက၊ လူ့သဘာဝ မည်သို့ပင်ပြုလုပ်ပြုလုပ် အကဲ့ရဲ့ခံရမှု လွတ်ကြမည်မဟုတ်ပေ။ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ရမည်။ အကဲ့ရဲ့ခံရမည်ကို ကြောက်

သောကြောင့် မိမိအလုပ်ကို မလုပ်ဘဲမနေရ-ဟု ဥပမာပြ၍ ဆုံးမထားသော ပုံပြင်ကလေးတစ်ခုဖြစ်ပါသည်။

ထိုသည်ကို ရွှေဟင်္သာဆရာတော်ဘုရားကြီးက-

"- အများအကျိုး ရွက်သည်ပိုးက
- ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
- မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို
- စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော၊"

ဟူ၍ ဆုံးမစကား သတိပေးထားခဲ့သည်ကို တွေ့ရပါသည်။

ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်ကိုသာ စဉ်းစားပြီး ရဲရဲဝံ့ဝံ့လုပ်ကြရမည်။ အကဲ့ရဲ့ခံရမှုကို ကြောက်ရွံ့နေ၍မရပါ။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို လေ့လာကြည့်သောအခါ မိမိကို ကဲ့ရဲ့စွပ်စွဲပြောဆိုသောသူသည် မိမိနှင့်အဆင်မပြေသူ (သို့မဟုတ်)မိမိနှင့်ပြိုင်ဘက်ဖြစ်နေသူများဖြစ်ကြ၍ ထိုသူတို့၌ မနာလိုမှု၊ ဝန်တိုမှုများ, များနေ၍ဖြစ်ပါသည်။

ကဲ့ရဲ့ပြစ်တင်ပြောဆိုသူသည် မိမိ၏အတွင်းစိတ်ကို သူတစ်ပါးတို့အား သိအောင်ဖော်ပြသကဲ့သို့ဖြစ်သောကြောင့် သူတစ်ပါးတို့အား ကဲ့ရဲ့ပြစ်တင်စွပ်စွဲတော့မည်ဆိုလျှင် သတိပြုသင့်ကြသည်။

အချို့ပုဂ္ဂိုလ်များသည် ချီးမွမ်းသယောင်နှင့် ကဲ့ရဲ့ရှုတ်ချ တတ်သည်လည်းရှိပေသည်။ သူ၏စကားသံနှင့် အမူအရာကို

ကြည့်က သိသာနိုင်ပါသည်။ အမှန်တကယ် ချီးမွမ်းပြောဆိုသူနှင့် ချီးမွမ်းသယောင်ဆောင်သောသူတို့သည် သူတို့၏အတွင်းစိတ်ထားကို ဖုံးကွယ်ထား၍ မရနိုင်ပါပေ။

ဗုဒ္ဓဂေါတမသည် ဤလူ့လောက၊ လူ့သဘာဝ၊ ချီးမွမ်းမှုနှင့် ကဲ့ရဲ့မှုသဘာဝရှိသည်ကို လက်ခံသဘောပေါက်ပြီး မိမိ၏ တပည့်သားများကို အထက်ပါအတိုင်း လမ်းညွှန်ပြခဲ့ပြီး ကိုယ်တိုင်ကြုံတွေ့လာသော ကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို စိတ်ဆိုးမှု၊ မနှစ်သက်မှုမပြဘဲ တည်ငြိမ်အေးဆေးစွာဖြင့် ပြဿနာကိုဖြေရှင်း၍ အမှန်တရားကို အလင်းရစေခဲ့ပါသည်။

ဤဗုဒ္ဓဂေါတမ၏ စွပ်စွဲလာသူများအပေါ် ပြဿနာဖြေရှင်းနည်းများသည် ယနေ့လူ့လောကဝယ် အများဆုံးတွေ့နေရသော လူ့လောက၊ လူ့ပြဿနာဖြစ်နေပါသည်။ ထိုပြဿနာများကို ဗုဒ္ဓဂေါတမဖြေရှင်းသလို ဖြေရှင်းကြပါက နှစ်ဦးနှစ်ဘက် ကောင်းကျိုးတရားများရမည်ဟု ယုံကြည်မိပါသည်။

သို့အတွက် စာရေးသူသည် ပိဋကတ်လာ ဗုဒ္ဓအား စွပ်စွဲသူများ ထိုစွပ်စွဲသူများအပေါ်၌ ဗုဒ္ဓကဖြေရှင်းပုံ၊ ဖြေရှင်းနည်းများ အတုယူမှတ်သား နည်းယူနိုင်စေရန် ဤမည်သော **ဂေါတမဗုဒ္ဓ၏ စွပ်စွဲလာသူများအပေါ် ပြဿနာဖြေရှင်းနည်း**များကို အနော်မာမဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့ပါသည်၊ အနော်မာမဂ္ဂဇင်းတွင်ပါဝင်ရေးသားပြီးသည်များကိုစုစည်း၍

အပိုင်း(၁)အဖြစ် ထုတ်ဝေခဲ့ပါသည်၊ ယခု ဆက်လက်၍ စုစည်းကာ အပိုင်း(၂)အဖြစ် ဆက်လက်ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်များကို ဖတ်ပြီးသောသူတိုင်းသည် မိမိတို့၌ ကြုံတွေ့လာသော ကဲ့ရဲ့မှုပြဿနာကို ဖြေရှင်းနိုင်သလို ဗုဒ္ဓကိုလည်း အလွန်ကြည်ညိုကြပြီး မိမိတို့ဘဝငြိမ်းချမ်းမှု၊ သာယာမှုများကို ရကြပါမည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ရေးသားနိုင်ရန် တိုက်တွန်းကြသော ဓမ္မမိတ်ဆွေများ၊ ဤစာမူရေးသားနိုင်ရေးအတွက် အစစအရာရာ စိတ်ပင်ပန်းမှုမရှိအောင် ကူညီစောင့်ရှောက်ပေးသော ဇနီး ဒေါ်တင်အေးနှင့် လိုအပ်သည်တို့ကို ကူညီပေးပါသော သမီးလတ် မခင်သူဇာ (B.A) Business Management နှင့် ထုတ်ဝေသူစာပေတိုက်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)

ဦးကိုကိုမြိုင်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း၊
စ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၉၆၉၀၃၂၄၊ ၀၉-၄၂၁၀ ၁၆ ၈၇၈

## လောကသဘာဝ အမှန်တရားကို ဖော်ထုတ်ခဲ့သူ

ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဝါဒကို ယနေ့ကမ္ဘာက Religion ထဲက အမျိုးအစားတစ်ရပ်(ဝါ) ခရစ်ယာန်၊ မွတ်စလင်၊ ဟိန္ဒူ စသည် ဘာသာအယူဝါဒတို့ထဲက အယူဝါဒတစ်မျိုးဟု သတ်မှတ်ထားပါသည်။

ဗုဒ္ဓသည် Religion မဟုတ်ပါ- ဗုဒ္ဓဟူသောစကားသည် ပါဠိဘာသာစကားဖြစ်ပါသည်။ အဓိပ္ပါယ်မှာ သဘာဝအမှန်တရားကို ထိုးထွင်းသိမြင်ခြင်းဟူ၍ ဖြစ်ပါသည်။

ဂေါတမဘုရားသည် လောကသဘာဝအမှန်တရားကို ဖော်ထုတ်ဟောပြခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

လူတို့ကျင့်ရမည့် စည်းကမ်းဟူသောဝိနည်း၊ ပြုလုပ်ဆောင်ရွက်ရမည့်နည်းလမ်းဟူသော သုတ္တန်၊ သဘာဝကို ဖော်ထုတ်ခြင်းဟူသော အဘိဓမ္မာ၊ သဘာဝအမှန်တရားတို့ကို လမ်းညွှန်ဟောကြားခဲ့ပါသည်။

အမှန်တရား(ဝါ) မပြောင်းလဲ၊ မဖောက်ပြန်၊ မှုမှန်မိမိ၏သဘာဝအတိုင်း တည်နေသောတရားသည် ရူပဗေဒ

ဆိုင်ရာ (Matter) ရုပ်တရားနှင့် နာမဗေဒဆိုင်ရာ (Consciousness) နာမ်တရားဟူ၍ (၂)မျိုးသာရှိနေပါသည်။

ရုပ်တရားတို့တွင် ယနေ့သိပ္ပံပညာရှင်တို့ လက်ခံထားသော အစွမ်းသတ္တိ(၁၆)ပါးရှိသလို ဗုဒ္ဓက လွန်ခဲ့သောအနှစ် (၂၅၀၀)ကျော်က ရေ, မြေ, လေ, မီး-ဟူသော ဓာတ်ကြီးလေးပါးက ဦးဆောင်သော ဓာတ်သဘာဝတို့၏ စီးဝင်ပြန့်ပွားမှုတို့ပင်ဖြစ်ပါသည်။ ဓာတ်လေးပါးတွင် မြေဓာတ်, ရေဓာတ်သည် ဓာတ်သေဖြစ်၍ လေဓာတ်, မီးဓာတ်တို့သည် ဓာတ်ရှင်များ ဖြစ်ကြသည်။

ဤဓာတ်လေးပါးတွင် မြေဓာတ်သည် နူးညံ့ခြင်း၊ ခက်မာခြင်းသဘောကို အမြဲဆောင်လျက်ရှိနေသည်။ ဤမြေဓာတ်ကို မိမိ၏ မူရင်းသဘာဝကို စွန့်လွှတ်သွားစေရန်အရာ၊ အထောင်အသောင်းမကသော မီးတို့ဖြင့် စုပုံမီးရှို့ဖျက်ဆီးသော်လည်း ထိုမြေဓာတ်သည် မိမိ၏ သဘောလက္ခဏာသဘာဝကို စွန့်လွှတ်၍မသွားပါချေ။

အလားတူ လေ, ရေ, မီးဓာတ်တို့သည်လည်း မည်သို့ပင် ဖျက်ဆီးစေကာမူ မိမိတို့၏ သဘာဝဓာတ်မူရင်းသဘောကို . မစွန့်လွှတ်ကြပါချေ။

ထိုရုပ်အစုကို အစိုင်အခဲထုထည်များတွင် ရုပ်တရားများကို စိမ်းလန်းစိုပြေစေနိုင်သော ဟရိတဓာတ်ခေါ် ရုပ်သတ္တိထူးကလေးတစ်ခုရှိပါသည်။

ထိုရုပ်ကလေး၏ သတ္တိကြောင့် ရုပ်တရားတို့၏ အစု အဝေးဖြစ်သော သစ်ပင်, တောတောင်, ရေ, မြေတို့သည် ရုပ်နှင့်နာမ် ရောစပ်လျက်ရှိသော သက်ရှိသတ္တဝါကောင်ကဲ့သို့ စိမ်းလန်း စိုပြေလျက် သက်ရှိသတ္တဝါဟု ထင်မှတ်ရလောက် အောင် ကြီးပွားမှု၊ သန်စွမ်းမှု၊ တိုးတတ်မှုတို့ကို ဆောင်ရွက် နိုင်စွမ်းသော သတ္တိထူးများ ရှိနေကြခြင်းဖြစ်ပါသည်။

အမှန်အားဖြင့် ဤရုပ်တို့သည် ယင်းတို့ကို ထိန်းသိမ်း စောင့်ရှောက်နေသော ဟရိတဓာတ်အစွမ်းရှိသမျှ အချိန် အတွင်း၌သာလျှင် ကြီးပွားတိုးတတ်နိုင်ပါသည်။ ထို့ထက်လွန် ၍ မကြီးပွားမတိုးတတ်နိုင်ပါ။

ယင်းတို့၏ အစဉ်အဆက်တည်ရှိနေမှုသည် ဗီဇ နိယာမသဘောတရားမှ ဆင်းသက်ပေါက်ဖွားလာသော အစေ့ မျိုးစေ့၊ အညွန့်မျိုးစေ့၊ ပင်စည်မျိုးစေ့၊ အဆစ်မျိုးစေ့ဟူသော မျိုးစေ့ အမျိုးမျိုးတို့ကြောင့်သာလျှင် မျိုးမပျောက်အောင် ဆက်လက် တည်တံ့နေနိုင်ကြခြင်းဖြစ်ပါသည်။

ရုပ်တရားတို့ကို စောင့်ရှောက်သည်(သို့မဟုတ်) ဖြစ်ပေါ်အောင် ဖန်တီးသည်၊ တိုးတက်ကြီးပွားအောင် ပြုလုပ် သည်၊ စိမ်း လန်းစိုပြည်အောင် ပြုလုပ်ပေးသည် စသည်ဖြင့် လောကလူတို့ ဝေါဟာရသဘောအားဖြင့် ခေါ်ဝေါ်ပြောဆိုနေ မှုအားလုံးသည် တိုဟရိတဗီဇဟုခေါ်သော၊ ပူမှု၊ အေးမှုဖြစ် သော၊ ဥတုနိယာမဟူသော၊ ကမ္ဘာ့သယံဇာတ ဓာတ်လုံး ဓာတ်ခဲကြီး၏ သတ္တိစွမ်းပကားသာ ဖြစ်ပါသည်။

အမှန်စင်စစ် ဤလောကတစ်ခုလုံးရှိ သက်ရှိသက်မဲ့ အရာဝတ္ထုအလုံးစုံတို့ကို အကုန်ခြုံ၍ မှန်မှန်ညက်ညက် ဖြစ်အောင်ပြုလုပ်၍ ကြည့်ရှုစစ်ဆေးပါက ရူပဗေဒဟုခေါ်သော ရုပ်တုံး ရုပ်ခဲနှင့် နာမ်တုအစိုင်အခဲတို့သာရှိပါမည်။ ဤမှတစ်ပါး အခြားမရှိနိုင်ချေ။

ဤရုပ်တုအစိုင်အခဲကို ဘုရားရှင်ဟောကြားခဲ့သော အဘိဓမ္မာဓာတ်ခွဲကိရိယာဖြင့် စမ်းသပ်စစ်ဆေးသော် ထိုရုပ်ဓာတ်အစိုင်အခဲကြီး၌ရှိသော အဖတ်သဘောသည် မြေဓာတ်တစ်မျိုး ဖြစ်ပါသည်။ အရည်သဘောသည် ရေဓာတ်မျိုး၊ ပူမှု၊ နွေးမှု၊ အေးမှုသဘောသည် မီးဓာတ်မျိုး၊ ဖောင်းပွမှု၊ လှော့ရွှမှု၊ ပေါ့ပါးမှု၊ လျင်မြန်မှုသဘောသည် လေဓာတ်မျိုးဖြစ်သည်။

အရှင်ဂေါတမသည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်ကထဲက ဤလောကသဘာဝကို ဤဓာတ်ကြီး(၈)ခု ၏ တည်နေပုံ၊ ဖြစ်နေပုံ၊ ပျက်စီးနေပုံ မည်သည့်ဓာတ်ခွဲခန်းမှ မပါဘဲ ကမ္ဘာ့ဓမ္မတာသဘာဝတရားတို့ကို ထုတ်ဖော်ဟောပြောခဲ့သည်။

ဂေါတမဟောခဲ့သော(ဝါ) ဂေါတမအရှင်တို့တွင်သိခဲ့သော ဗုဒ္ဓဘာသာတရားဟု ခေါ်တွင်သော တရားတော်များသည်-

> မည်သည့်လောကဓာတ်သိပ္ပံပညာရှင်တို့ နည်းမျိုးစုံကိရိယာမျိုးစုံတို့ဖြင့် စစ်ဆေးသော်လည်း မှန်ကန်ချောမောပြေပြစ်ခြင်းလက္ခဏာ ရှိနေပါသည်။

- အရှင်ဂေါတမလမ်းညွှန်သော နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ပါက ချက်ချင်းလက်ငင်း အကျိုးတရားများ ရရှိနိုင်ပါသည်။
- အရှင်ဂေါတမလမ်းညွှန်ဖော်ထုတ်ထားသော တရားတော်များကို မည်သူမဆို လက်တွေ့စမ်းသပ်လိုက စုံစမ်းစစ်ဆေးနိုင်သော အခွင့်အရေးကို ပေးထားပါသည်။
- အရှင်ဂေါတမ ဖော်ထုတ်ဟောကြားထားသော လမ်းစဉ် တရားကျင့်စဉ်ကို လိုက်စားကျင့်ကြံနိုင်ပါက အမြဲတမ်းအေးငြိမ်းချမ်းသည့် သန္တိသုခကို ဤပစ္စုပ္ပန်ဘဝမှာပင် ခံစားရရှိနိုင်ပါသည်။
- အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်ဖြစ်ပွားပုံကို သိရှိနားလည်းသူပညာရှင်ပုဂ္ဂိုလ်တို့ လိုက်နာ ကျင့်ကြံပါက မိမိတို့ကိုယ်တိုင်ပင် သိမြင်နားလည်နိုင်သော အစွမ်းရှိပါသည်။

ဤကဲ့သို့ ကမ္ဘာ့သဘာဝနိယာမဖြစ်စဉ်အမှန်တရား အစစ်တရားတို့ကိုဖော်ထုတ်၍ အားထုတ်ပြုလုပ်ရန် အစီအစဉ်နှင့်တကွ တစတစရင့်သန်တိုးတက်မှုတို့ကို ရရှိအောင် ဟောပြောပြနိုင်သူကို ဗုဒ္ဓ သို့မဟုတ် သိကျွမ်းနားလည်မှုဟူ၍ ခေါ်ရပါသည်။

ထို့ကြောင့် အရှင်ဂေါတမသည် သိကျွမ်းနားလည်မှု (ဗုဒ္ဓ)ဖြစ်၍ အရှင်ဂေါတမဟောပြောပြသည်တို့ကို လေ့လာ

လိုက်စားကျင့်ကြံအားထုတ်သောသူများသည်လည်း သိသူများ (ဝါ) ဗုဒ္ဓဘာသာများဖြစ်ကြပါသည်။

အဓိကအားဖြင့် အရှင်ဂေါတမက သဘာဝအမှန်ကို ဖော်ထုတ်ရာတွင် အခြေခံစစ်မှန်သော ရုပ်-နာမ်သဘာဝမှကို သိရှိရန်သည် အရေးကြီးပါသည်။

ဗုဒ္ဓဘာသာဟူသည် ကမ္ဘာကပြောနေသော Religious မဟုတ်ပါ။ ဆုတောင်း၍မရ၊ ဆုပန်၍မရ၊ ထိုအမှန်တရားကို ကိုယ်တိုင်သိပြီးမှကျင့်ရသော အမှန်တရားဖြစ်ပါသည်။ ထိုအမှန်တရားကို အရှင်ဂေါတမက ဖော်ထုတ်ခဲ့သည်။

ထိုအမှန်တရားအစစ်အမှန် ရုပ်-နာမ်ကိုသိရန် လိုအပ်ပါသည်။ ထိုရုပ်-နာမ်သဘာဝကို မသိကြသော မိမိတို့ကို ပိုမိုတို့ မြင့်မြတ်သူဟု ထင်မှတ်နေခဲ့ကြသော ပရဗိုဇ်၊ မင်း၊ ပုဏ္ဏားစသည် အဆင့်မြင့်သည်ဟု သတ်မှတ်ထားသော လူတန်းစားတို့သည် ဗုဒ္ဓအား အထင်အမြင်သေးခြင်း၊ စွပ်စွဲခြင်းတို့ဖြင့် ဖွပ်စွဲပုတ်ခတ်၊ ပြဿနာပြုလုပ်လာကြပါသည်။

ထိုသည်ကို ဗုဒ္ဓဂေါတမက အကြောင်းအားလျော်စွာ လောကသဘာဝနှင့် ကိုက်ညီစွာ အမှန်တရားရအောင်၊ မြင်အောင် ဖော်ထုတ်ဟောပြပေးခဲ့ပါသည်။

—— ၂ ——

## သည်းခံနိုင်မှုစွမ်းအား နှစ်သက်သူတို့အကျိုးများ

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေထိုင်ချိန်ဖြစ်သည်။

အက္ကောသကဘာရဒွါဇပုဏ္ဏား၏ အစ်ကိုကြီးဖြစ်သော၊ ဘာရဒွါဇပုဏ္ဏား၏ မယားဖြစ်သော ဓနဥ္စာနိ အမည်ရှိသော ပုဏ္ဏေးမသည် ဗုဒ္ဓ၏တပည့်အစစ် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသော သောတာပန် အရိယာမတစ်ဦး ဖြစ်သည်။

ထိုပုဏ္ဏေးမသည် ချေဆက်သည်ရှိသော်လည်းကောင်း၊ တစ်စုံတစ်ခုပြုလုပ်မှု ချွတ်ယွင်းသော်လည်းကောင်း-နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ ဟူသော ဥဒါန်းကို ရွှင်လန်းစွာ သုံးကြိမ်ကျူးရင့် ရွတ်ဆိုလေ့ရှိသည်။

လင်မယားနှစ်ယောက်တို့သည် အယူဝါဒ မတူကြချေ။ လင် ဘာရဒွါဇသည် မိစ္ဆာဒိဋ္ဌိအယူရှိပြီး ဘုရား၊ တရား၊ သံဃာဟူ၍ ပြောဆိုသည်ရှိသော် နားနှစ်ဘက်ကို ပိတ်ထား၏။ ကြမ်းတမ်းခက်ကြုတ်သော ရှားသစ်ငုတ်နှင့် တူ၏။

ထိုဘာရဒွါဇပုဏ္ဏားသည် အလှူပေးသည်ရှိသော် ငါးရာသော ပုဏ္ဏားတို့အား ရေမရောသော နို့ထမင်းကို ပေးလှူ၏။

ပုဏ္ဏေးမ. . . နေ့ဥာနိသည်ကား ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား အရသာရှိသော ဘောဇဉ်တို့ကို ပေးလှူ၏။

ပုဏ္ဏားကြီး၏ အလှူပေးသောနေ့၌ ခင်ပွန်းလင်၏ အလိုကို လိုက်သောအားဖြင့်လည်းကောင်း၊ မပေးလှူလို ဝန်တိုတတ်သော တရားကိုပယ်ရှားသမှု အပပြုပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကိုယ်တိုင် မိမိလက်ဖြင့် ထိုပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေးသည်။

ပုဏ္ဏေးမက ဘုရားအမှူးရှိသော သံဃာတော်များကို လှူဒါန်းသောနေ့၌ကား နံနက်စောစောကပင်လျှင် နေအိမ်မှ ထွက်၍ တိမ်းရှောင်နေလေ့ရှိသည်။

တစ်နေ့သောအချိန်တွင် ပုဏ္ဏားသည် မယားနှင့် မတိုင်ပင်ဘဲ ငါးရာသော ပုဏ္ဏားတို့ကို ဖိတ်ကြားကျွေးမွေးရန် စီမံသည်။

"ရှင်မ. . . မနက်ဖြန်ခါ ငါတို့၏နေအိမ်၌ ပုဏ္ဏားငါးရာတို့ ဘောဇဉ်စားသုံးလတ္တံ့"။

"အရှင်ပုဏ္ဏား. . . ကျွန်မသည်အဘယ်အမှုကို ပြုရမည်နည်း"

"ရှင်မ. . . သင့်အား သီးခြားပြုဘွယ်ကိစ္စမရှိ အလုံးစုံသော ချက်ပြုတ်မှုတို့ကို သူတစ်ပါးတို့ ပြုလုပ်ကြလိမ့်မည်။ အရှင်မသည် ရပ်-ထိုင်နေသော်လည်းကောင်း, ချေဆတ်,

ချောင်းညွှံသော်လည်းကောင်း နမောဗုဒ္ဓဿ စသည်တို့ ရွတ်ဆိုပြီး ဦးပြည်ကတုံးရဟန်းများအား ရှိခိုးမှုကို နက်ဖြန်ခါ တစ်နေ့လောက်မျှကို အောင့်အည်းသီးခံပေးပါ၊ ငါ့ကို အရှင်ပုဏ္ဏားတို့နှင့် မေတ္တာပျက်အောင် မလုပ်ပါနှင့်ဟု မေတ္တာရပ်ခံပြောကြားသည်။

ပုဏ္ဏားတို့သည် ထိုသို့သောစကားကို ကြားကုန်သော် နှလုံးမသာမယာ ဖြစ်ကြလေ့ရှိကြသည်။

"အရှင်ပုံဏ္ဏား. . . အသင်သည် အသင့်ဆရာပုဏ္ဏားတို့နှင့် ကွဲမှုလည်း ကွဲပါစေ၊ နတ်တို့နှင့် ကွဲမှုလည်း ကွဲပါစေ၊ ကျွန်မသည်ကား ဆရာဖြစ်သော ဗုဒ္ဓကို သတိရအောက်မေ့သည်ရှိသော် လက်အုပ်ချီမိုး ရှိမခိုးဘဲ တည်နေခြင်းနှင့် မစွမ်းနိုင်ပါ။"

"ရှင်မ. . . အမျိုးတို့၏ ဥစ္စာဖြစ်သော ရွာတံခါးကြီးကို ပိတ်ထားခြင်းငှာ အားထုတ်နိုင်ကြပါသေး၏။ သင်သည် လက်နှစ်ချောင်းတို့ဖြင့် ပိတ်ပင်ခြင်းငှာ တတ်နိုင်ကောင်းလောက်သော ခံတွင်းကို ပုဏ္ဏားတို့ စားသုံးဆဲကာလ အနည်းငယ်မျှကို ပိတ်ထားခြင်းငှာ မစွမ်းနိုင်တော့ပြီလော"

ဟု တားမြစ်သည်။ ပုဏ္ဏားက မည်သို့ပြောပြော ပုဏ္ဏေးမကို မရ ရအောင် ကြံဆောင်တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ဦးခေါင်းရင်း၌ထားသော အလွန်ထက်သော သန်လျက်ကို ကိုင်ကာ-

"ရှင်မ. . . မနက်ဖြန်ခါ ပုဏ္ဏားတို့ ထိုင်နေကုန်သည် ရှိသော်- ထိုဦးပြည်ကတုံးရဟန်းကို အကယ်၍ ရှိခိုးခဲ့သည် ရှိသော် ဤထက်သော သံလျက်ဖြင့် ခြေဖဝါးအပြင်မှစ၍ အထက်ဆံဖြားဆုံးသည့်တိုင်အောင် သစ်ညွန့်သစ်ညှောက်ကဲ့ သို့ ရိုက်ခတ်, ခုတ်ပစ် အသင့်ကို ပြုပါအံ့"

ဟုပြောဆိုကာ ခြိမ်းခြောက်လေသည်။

အရိယာဖြစ်သော ဗုဒ္ဓ၏ တပည့်မကား မဟာပထဝီ အမည်တွင်ပြီး ဤမြေကြီးကဲ့သို့ပင် တုန်လှုပ်စေနိုင်ခဲ၏။ မေရု မြင့်မိုရ်တောင်ကဲ့သို့ အောက်ထက် ပြောင်းပြန် ဖောက်ပြန်စေ နိုင်ခဲ၏။

"အရှင်ပုဏ္ဏား. . . ကျွန်မ၏ အင်္ဂါကြီးငယ် အသွယ် သွယ်တို့ကို ဖြတ်တောက်ပစ်စေကာမူ ဗုဒ္ဓ၏ သတ်မှတ်ဆုံးမ သော သာသနာမှ ပယ်ခွာရန် ကျွန်တော်မ မရှောင်ကြဉ်နိုင်ပါ" ဟု ပုဏ္ဏေးမက ငါးရာသော ဂါထာရှိသော ဓနဉ္စနိကဂ္ဂိုလ်တမည်သော ကြုံးဝါးပြောဆိုခြင်းဖြင့် ပြန်ကြားပြောဆိုလေသည်။

ပုဏ္ဏားသည် ပုဏ္ဏေးမကို ချော့၍မရ ခြောက်၍မရဖြစ် ၍-

"ရှင်မ. . . အသင်သည် အကြင်အမှုကိုပြုလုပ်ရန် နှစ်သက်၏။ ထိုအမှုကို သင်နှစ်သက်သလို ပြုပေတော့" ဟု နှလုံးမသက်မသာ ပြင်းထန်စွာပြောဆိုလျက် သံလျက်ကို ပစ်ချလေသည်။

နံနက်မိုးသောက်သောနေ့၌ နေအိမ်ကို စိမ်းစိုသော နွားချေး စသည်တို့ဖြင့် လိမ်းကျံခြင်းကို ပြုစေ၍ ပေါက်ပေါက် ဖြင့်ပြည့်သော ကြာသွတ်အိုး ပန်းနံ့သာစသည်တို့ဖြင့် ထိုထို သော နေရာဌာနတို့၌ တန်ဆာဆင်စေ၍ ငါးရာသော ပုဏ္ဏား တို့အား ဆီဦး, ထောပတ်, သကာ, ပျားရည်တို့စပ်သော ရေ မရောသော နို့ထမင်းအဖျော်ကို စီရင်စေ၍ ကျွေးမွေးသည်။

ပုဏ္ဏေးမသည် နံနက်စောစောမှသာလျှင် နံ့သာရေဖြင့် မိမိကိုယ်ကို သန့်ရှင်းအောင် ရေချိုး၍ အဖိုးတစ်သိန်းထိုက် သော အဝတ်ကို ဝတ်ဆင်ကာ အဖိုးငါးရာထိုက်သော အဝတ် တဘက်ကို ပုခုံးစွန်းထက်၌တင်ပြီးလျှင် အလုံးစုံသော တန်ဆာ တို့ကို ဆင်မြန်းလျက် ရွှေယောက်ချိုကို ကိုင်ပြီးလျှင် ဘောဇဉ် ကျွေးမွေးရာ တင်းကုပ်၌ ပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေးလေသည်။

ပုဏ္ဏားတစ်ဦးအား ထမင်းကို ချဉ်းကပ်ထည့်ပေးစဉ် သစ်သားငွှန်းတစ်ခုနှင့် အမှတ်မထင် ထိတိုက်မိပြီး အလွန်နာ ကျင်စွာ ခံစားရလေသည်။

ထိုအခိုက် ဗုဒ္ဓကို သတိရအောက်မေ့ပြီး နို့ခမ်းခွက်ကို အလျှင်အမြန် လက်နှင့် ဖမ်းချုပ်ကိုင်ထားပြီး ငါးရာသော ပုဏ္ဏားတို့၏ အလယ်၌ ဦးခေါင်းထက်၌ လက်အုပ်ချီထားပြီး ဗုဒ္ဓရှိရာ ဝေဠုဝန်ကျောင်းကို အားရုံပြုပြီး

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ဟု သုံးကြိမ်တိုင်တိုင် ရွတ်ဆိုကျူးရင့်မိလေသည်။

ဤကာလတွင် အချို့သော ပုဏ္ဏားတို့သည် စားပြီးကုန်ပြီး အချို့ကား စားဆဲဖြစ်သည်။ အချို့ကား စားရန် ပြင်ဆဲဖြစ်သည်။ အချို့ကား ဘောဇဉ်ခွက်ရှေ့မှာ ချထားကာမျှဖြစ်သည်။

ထိုပုဏ္ဏားတို့သည် ပုဏ္ဏေးမ၏ ထိုဗုဒ္ဓပူဇော်သော ဥဒါန်းကိုကြားရသောအခါ မြင့်မိုရ်တောင်ပမာဏရှိသော ဆောက်ပုတ်ဖြင့် ရိုက်နှက်ပုတ်ခတ်မိသကဲ့သို့လည်းကောင်း နားနှစ်ဘက်တို့၌ အသွားထက်သော သံလျက်ဖြင့် အထိုးခံရဘိသကဲ့သို့လည်းကောင်း နှလုံးမသာမယာ ဆင်းရဲစွာ ခံစားကြရကုန်လေသည်။

"တစ်ပါးသော အယူရှိသော ဤပုဏ္ဏားသည် ငါတို့ကို အိမ်သို့ ခေါ်သွားအပ်ကုန်၏"
ဟု အမျက်ထွက်ကုန်ကြပြီး လက်၌ ကိုင်ထားသော ဘောဇဉ်တို့ကို စွန့်ပစ်ကြသည်။ ခံတွင်း၌ရှိသော ဘောဇဉ်တို့ကို ထွေးထုတ်ပစ်ကြသည်။

လေးကို မြင်သဖြင့် လန့်ဖျန့်သော ကျီးကဲ့သို့ ဘာရဒွါဇပုဏ္ဏားအား များစွာဆဲရေးရေရွတ်ကုန်လျက် နေရာမှထကြကာ အရပ်အသီးသီးသို့ ဖယ်ခွာသွားကြလေသည်။

ဘာရဒွါဇပုဏ္ဏားသည် မယားကို စိမ့်စိမ့်ကြည့်ပြီးလျှင်

"ဤသို့ ဖြစ်မည့်ဘေးကို ငါသိထင်မြင်သောကြောင့် ငါသည်.မနေ့က ရှင်မကို တောင်းပန်ထားပါလျက် မရပါပေ"
ဟု အကြောင်းစုပေါင်းပြစ်တင် ပြောဆိုပြီးလျှင်-

"ဤသူယုတ်မသည် ဟုတ်ဟုတ်ငြားငြား ဤသို့အား ဖြင့်သာလျှင် ဦးပြည်ကတုံးရဟန်း၏ ဂုဏ်ကျေးဇူးကို အထူး မပြတ် အထပ်ထပ် ရွတ်ဆိုဘိ၏"

ဟု ပြောဆိုသည်။

"ဟယ်. . . သူယုတ်မ ယခုပင် ငါသည် သင်၏ဆရာ ဖြစ်သော ဦးပြည်ကတုံးရဟန်းအား အပြစ်ဆိုဘွယ်တို့ကို တင်ပေတော့အံ့"

ဟု ဆိုလေသည်။

"အရှင်ပုဏ္ဏား ဗုဒ္ဓအား စကားပင်လျှင် အပြစ်တင်နိုင် ရာသော ပုဂ္ဂိုလ်မျိုးကို ကျွန်မ မတွေ့မမြင်ဘူးပါချေ။ စင်စစ် သော်ကား အသင်သွား၍ ထိုဗုဒ္ဓကို အမေးများမေးပါလေ" ဟု ပြန်ပြောသောအခါ ဘာရဒွါဇသည် စိတ်ဆိုးမာန်ဆိုးဖြင့်ဗုဒ္ဓ ထံသို့ ထွက်ခွာလာခဲ့သည်။ ဗုဒ္ဓထံရောက်သော် ရှိမခိုးဘဲသာ လျှင် သင့်လျော်သောအရပ်၌ တည်လျက်-

"အရှင်ဂေါတမ အဘယ်မည်သောအရာကို မကျွန် မကြွင်း ဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်စက်ရခြင်းစသော ကြိယာပထဖြင့် နေရပါသနည်း။

အဘယ်မည်သောအရာကို မကျွန်မကြွင်း ဖြတ် တောက်ခြင်းကြောင့် မကြောင့်မကြ မစိုးရိမ်ရပါသနည်း။

အဘယ်သို့သဘောရှိသည့် တရားတစ်ခု၏ သေ အောင်သတ်ခြင်းကို နှစ်သက်ပါသနည်း။"

ဟု မေးသည်။

"ဘာရဒွါဇ ခိုက်ရန်အမျက် မကြွင်းမကျန်အောင် ဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ခြင်းစသော လေးပါးသော ဣရိယာပထဖြင့် နေရလျှင် မကြောင့်မကြ မစိုးရိမ်ရပေ။

လတ်တလော သေစေတတ်သောအရိပ်ကြောင့် အဆိပ်တည်းဟူသော အမြင်ရှိလေသော ကောင်းစွာမှတ်မှားအမှားအဆုံးရှိသော မျက်ကြုတ်ကိုးတန့်အကြောင်းခံလျက် အဖန်ဖန်ပေါ်ထွက် ခိုက်ရန်အမျက် အမြစ်မကြွင်း သေအောင်သတ်ခြင်းကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းကြပါကုန်၏။ အဘယ့်ကြောင့် ချီးမွမ်းပါသနည်းဆိုသော် ခိုက်ရန်အမျက်ကို မကြွင်းမကျန်အောင် ဖြတ်တောက်ခြင်းကြောင့် မစိုးရိမ် မကြောင့်ကြ မပူပန်ရပေ။ ထို့ကြောင့် ချီးမွမ်းထိုက်ပေ၏။

ဘာရဒွါဇပုဏ္ဏားသည် ထိုတရားကို ကြားနာရသော် ဗုဒ္ဓ၌ အလွန်ကြည်ညိုသောစိတ် ဖြစ်ပေါ်လာပြီး ဗုဒ္ဓ၏ သာသနာတော်၌ ရဟန်းပြုခွင့်ကို တောင်းသည်။

ဗုဒ္ဓက ရှင်ဟန်းပြုခွင့်ကို ပေးသောအခါ ပုဏ္ဏားသည် သားမယားတို့ကို ပန်ကြားပြီး ရဟန်းပြုကာ တရားကို အားထုတ်လျှင် မကြာခင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

## ဗုဒ္ဓကိုဆဲရေးကြသော ပုဏ္ဏားများ

နောင်အခါ ဘာရဒွါဇပုဏ္ဏား၏ ညီငယ်ဖြစ်သော အက္ကောသကဘာရဒွါဇပုဏ္ဏားသည်--ငါ၏ အစ်ကိုကြီးသည် ရဟန်းပြုသတတ်ဟု သတင်းကြားသော် ပြင်းစွာ အမြတ်ထွက်လျက် ဗုဒ္ဓထံ လျှင်စွာလာပြီး ဗုဒ္ဓကို ကြမ်းကြုတ်ကုန်သော စကားတို့ဖြင့် ရမ်းကားဆဲရေးလေသည်။

ဗုဒ္ဓက ထိုအက္ကောသကဘာရဒွါဇပုဏ္ဏားအား ဧည့်သည် အာဂန္တုတို့အား ခဲဘွယ်စသည်ကိုပေး၍ မယူသော် ထိုပစ္စည်း အဘယ်ရောက်သနည်း ပေးသူထံသာပြန်ရောက်သည်-ယခုလည်း သင်ဆဲရေးသည်ကို ငါလက်မခံ ထိုဆဲရေးမှုသည် သင့်ထံသို့သာ ပြန်ရောက်လေသည်ဟု ဟောကြားသောအခါ အက္ကောသကဘာရဒွါဇပုဏ္ဏားသည် သတိရကာ ဗုဒ္ဓ၌ အလွန်ကြည်ညိုပြီးလျှင် ရဟန်းပြုပြီး တရားအားထုတ်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အလားတူ ညီငယ်များဖြစ်ကြသော သုန္ဒရိကဘာရဒွါဇပုဏ္ဏား၊ မိလိင်္ဂကဘာရဒွါဇပုဏ္ဏားတို့သည်လည်း ဗုဒ္ဓကို မကျေနပ်၍ ဆဲရေးရာမှ ဗုဒ္ဓက ဆုံးမသောအခါ အမှန်တရားရပြီး ရဟန်းပြုကြကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။

ထိုညီအစ်ကိုလေးယောက်တို့၏ **ဆောက်တည်ရာ** ရသွားမှုအကြောင်းနှင့်ပတ်သက်၍ ရဟန်းတို့၏အကြားဝယ် ပြောစမှတ်ဖြစ်လာသည်။ ဤသည်ကို ဗုဒ္ဓက-

"ဆယ်ပါးသော ဆယ်ရေးခြင်းဖြင့် ရေရွတ်ဆဲရေးခြင်းကိုလည်းကောင်း၊ လက်ဖြင့်ပုတ်ခတ်ခြင်း၊ နှောင်အိမ်စသည်တို့ဖြင့် **နှောင်ဖွဲ့**ခြင်းကိုလည်းကောင်း အမျက်ထွက်ခြင်းမပြုဘဲ သည်းခံခြင်းခွန်အားရှိ၍ အဖန်ဖန်သည်းခံနိုင်ခြင်းတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုသူဟူ၍ ငါဘုရားဟောကြား၏"

ဟူ၍ ဟောကြားပေးတော်မူသည်။

ဓမ္မပဒ ဗြာဟ္မဏဝဂ်-

အက္ကောသကဘာရဒွါဇပုဏ္ဏားဝတ္ထု၊

———— ၆ ————

## ဗုဒ္ဓဂေါတမသည် လယ်ထွန်ပါသည်

ဗုဒ္ဓသည် မဂဓတိုင်း ဒက္ခိဏာဂီရိဇနပုဒ်၌ ဧကနာဠမည်သောပုဏ္ဏားရွာ၌ သီတင်းသုံးနေတော်မူသည်။ ထိုအချိန်ဝယ် ကာသိဘာရဒွါဇမည်သော လယ်ယာပိုင်ရှင်ပုဏ္ဏားသည် စိုက်ပျိုးချိန်ရာသီရောက်၍ ထွန်တုံးငါးရာတို့ဖြင့် လယ်စတင်ထွန်ရန်စီမံပြီး လယ်ထဲသို့လာကာ လယ်မထွန်ခင် လယ်ထွန်မည့်သူတို့ကို ထမင်းကျွေးနေသည်။

ထိုအချိန်တွင် ဗုဒ္ဓသည် ကြွလာပြီး ထမင်းကျွေးရာအရပ်၌ ရပ်တော်မူသည်။ ကာသိဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓကိုမြင်၍ ဆွမ်းအလို့ငှာ လာသည်ထင်ပြီး-

"ရဟန်းတို့. . . ငါသည် ထွန်းလည်းထွန်၏ စိုက်ပျိုးလည်း စိုက်ပျိုး၏။ ထွန်စိုက်ပျိုးပြီးသော် စား၏။ ရဟန်းသင်သည် လည်း ထွန်လည်းထွန်လော့ စိုက်လည်းစိုက်ပျိုးပါ။ ထွန်စိုက် ပြီးမှ စားပါလော"

ဟု လျှောက်ထားလေသည်။

"ပုဏ္ဏား. . . ငါဘုရားသည် ထွန်လည်းထွန်၏ စိုက်လည်း စိုက်ပျိုး၏။ ထွန်စိုက်ပျိုးပြီး စားပါ၏။"

"ငါတို့သည် အရှင်ဂေါတမ၏ ထမ်းပိုး၊ ထွန်တုံး၊ ထွန်သွား၊ နှင်တံ၊ ခိုင်းနွားတို့ကိုမမြင်ရပါ။ ထိုအရာများ မရှိမမြင်

ပါဘဲလျက် ငါသည် ထွန်၏ စိုက်၏ ထွန်စိုက်ပြီးစား၏ဟု ဆိုသေး၏။ သင်သည် လယ်ထွန်ယောက်ျား (လယ်သမား) ဟု ဝန်ခံဘိ၏။ သင်၏ လယ်ထွန်မှုကို ငါမမြင်ရ သင်၏ လယ်ထွန်မှုကို သိနိုင်သောနည်းဖြင့် ပြောပြပါ။"

"ပုဏ္ဏား. . . ငါ၏ သဒ္ဓါတရားသည် မျိုးစေ့မည်၏။ ငါ၏ ဣန္ဒြေစောင့်စည်းမှုသည် မိုးရွာခြင်းမည်၏။ ငါ၏ ပညာသည် ထမ်းပိုးနှင့် ထွန်တုံးမည်၏။ ငါ၏ မကောင်းမှုမှ ရှက် ကြောက်မှုသည် ထွန်သန်မည်၏။ ငါ၏ စိတ်သည် ကြိုးလွန်မည်၏။ ငါ၏ အောက်မေ့မှု(သတိ)သည် ထွန်သွား နှင့်နှင်တံ မည်ပါ၏။"

"ပုဏ္ဏား. . . သင်သည် လယ်ကိုစောင့်ရှောက်သကဲ့ သို့ ငါသည်လည်း ကိုယ်ကိုစောင့်ရှောက်၏။ အာဟာရ၌ အသက်မွေးမှုစင်ကြယ်စေရန် စောင့်ရှောက်၏။ ဝမ်း၌ အတိုင်း အရှည်ကိုသိရန် စောင့်ရှောက်၏။ မှန်သောစကားဖြင့် ချွတ်ယွင်း သောစကားဟူသော ပေါင်းမြက်ကို ဖြတ်တောက် ပယ်နှုတ်၏။ နိဗ္ဗာန်၌ မွေ့လျော်မှုဟူသော ငါ၏ အရဟတ္တ ဖိုလ်သည် ပြုလုပ်ဖွယ်ရာ အားလုံးမှ လွတ်မြောက်တော့၏"

"ပုဏ္ဏား. . . ငါ၏ ဝီရိယသည် ဝန်ကိုဆောင်သော နွားမည်၏။ အကြင် နိဗ္ဗာန်သို့ရောက်သည်ရှိသော် မစိုးရိမ်ရ၊ ယောဂလေးပါးကုန်ရာ မြတ်သောနိဗ္ဗာန်သို့ ရှေ့ရှုဆောင်လျက် မဆုတ်မနစ်သွား၏။"

"ပုဏ္ဏား. . . ဤသို့သောအခြင်းအရာအားဖြင့် ဤလယ်ထွန်ခြင်းကို ငါသည် ထွန်အပ်ပြီ။ ငါ၏ လယ်ထွန်ခြင်းသည် နိဗ္ဗာန်ဟူသော အသီးအနှံရှိ၏။ ထိုလယ်ထွန်ခြင်းကို ထွန်ပြီးသောကြောင့် ဆင်းရဲအားလုံးမှ လွတ်၏။"

ထိုအခါ ပုဏ္ဏားသည် အဖိုးများစွာထိုက်သော ရွှေခွက၌ နို့ဃနာကို ထည့်စေ၍ ဗုဒ္ဓအား-

"အရှင်ဂေါတမသည် နို့ဃနာကို စားတော်မူပါလော့၊ အရှင်သည် လယ်ထွန်ယောက်ျားမှန်ပါ၏။ အရှင်သည် နိဗ္ဗာန်တည်းဟူသော အသီးအနှံ အကျိုးရှိသော လယ်ထွန်ခြင်းကို ထွန်တော်မူပါ၏"

ဟု လျှောက်ထားပြီး ဃနာနို့ကို ဆက်ကပ်လှူသည်။

"ပုဏ္ဏား. . . ငါကား ဤဂါထာကို သီဆို၍ ရအပ်သော ဘောဇဉ်တို့ကို စားခြင်းငှာမထိုက်၊ ဤဘောဇဉ်ကို စားခြင်းသဘောသည် စင်ကြယ်ခြင်းကို ရှုမြင်ကုန်သော ဘုရားရှင်တို့၏ သဘောမဟုတ်၊ ဘုရားတို့မည်သည် ဂါထာသီဆို၍ ရအပ်သော ဘောဇဉ်တို့ကို ပယ်တော်မူ၏။"

ပုဏ္ဏား. . . အသက်မွေးမှု စင်ကြယ်မှုသဘောရှိလတ်သော် ဤတရားသဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း။

ပုဏ္ဏား. . . နို့ဃနာမှ တစ်ပါးသော ဆွမ်း, အဖျော်ဖြင့် လည်းကောင်း အလုံးစုံသောဂုဏ်နှင့် ပြည့်စုံ၍ မြတ်သော

သိလ စသောကျေးဇူးအပေါင်းကို ရှာဖွေလေ့ရှိသော ကုဏ္ဍာဖွ (သံသယ) ငြိမ်းလေပြီဖြစ်သော ရဟန္တာပုဂ္ဂိုလ်ကို လုပ်ကျွေးလော့၊ ထိုကောင်းမှုသည် ကောင်းမှုကို အလိုရှိသောသူ၏ လယ်ယာဖြစ်ပါ၏။

"အရှင်ဂေါတမ. . . ဤသို့ဖြစ်လျှင် ကျွန်ုပ်သည် ဤနို့ယနာကို အဘယ်သူအား လှူရပါအံ့နည်း"

"ပုဏ္ဏား. . . ဗုဒ္ဓနှင့် ဗုဒ္ဓ၏သာဝကများကိုထား၍ စားအပ်ပြီးသော နို့ယနာကို ကောင်းစွာကြေညက်ခြင်းသို့ ရောက်စေနိုင်မည့်သူကို ငါဘုရားမမြင်ပါ။ ထို့ကြောင့် သင်သည် နို့ယနာကို စိမ်းသောမြက်မရှိရာ၌လည်းကောင်း၊ ပိုးမရှိသော ရေ၌သော်လည်းကောင်း စွန့်ပစ်ပါလော့"

ထိုအခါ ပုဏ္ဏားသည် နို့ယနာကို ရေ၌မျှောချရာ နို့ယနာသည် ရေ၌တရှဲရှဲမြည်သံထွက်လေသည်။ ထက်ဝန်းကျင်မှ အခိုးများထွက်သည်။

ကာသိဘာရဒွါဇပုဏ္ဏားသည် ထိုအရာကိုမြင်ပြီး ထိတ်လန့်ကာ ကြက်သီးမွေးညင်းထ၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ကာ ခြေတော်ကို ဦးခိုက်ပြီး-

အရှင်ဂေါတမ. . . တရားသည် အလွန်နှစ်သက်ဘွယ်ရှိပါ၏။ ကျွန်ုပ်ကို ရတနာသုံးပါးကို ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပြီးလျှင် ကျွန်ုပ်သည် ရဟန်းဂေါတမထံ၌ ရဟန်းအဖြစ်ကို ရလိုပါ၏"

ဟူ၍ လျှောက်ထားလေသည်။

ကာသိဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံ၌ ရှင်ရဟန်းအဖြစ်ကို ရပြီးလျှင် ဆိတ်ငြိမ်သောအရပ်သို့ ချဉ်းကပ်ပြီး တရားအားထုတ်ရာ မကြာခင် အာသဝေါကုန်၍ ရဟန္တာဖြစ်လေသည်။

(သုတ္တနိပါတ - ဥရဂဝဂ်၊ ကာသိဘာရဒွါဇသုတ်

(သဂါထာဝဂ်၊ ဗြဟ္မကာသံယုတ်၊

ဥပါသကာဝဂ် ကသိဘာရဒွါဇသုတ်)

# နို့ယနာကို အလှူခံထိုက်သူ

ဗုဒ္ဓသည် ကောလာသတိုင်း သုန္ဒရိကာမြစ်ကမ်းနား၌ သီတင်းသုံးနေတော်မူ၏။ ထိုကျွန်းဝယ် သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် မြစ်ကမ်းနား၌ မီးကိုပူဇော်သည်။ မီးပူဇော်ရာ အရပ် ကိုတံမြက်လှည်းခြင်း စသည်ဖြင့် ဆည်းကပ်၏။

မီးပူဇော်ပြီးသော် နေရာမှထ၍ကာ-

"ဤမီးပူဇော်ကပ်ပြီးသည်မှ ကြွင်းသော နို့ယနာကို အ[illegible]ယ်သူသည် စားထိုက်ပါသနည်း"

[illegible] ယက်ဝန်းကျင်အရပ် မျက်နှာကို လှည့်လည်၍ကြည့်သည်။ မြစ်ကမ်းနားမှာ သစ်ပင်ရင်း၌ ဦးခေါင်းကိုသင်္ကန်းဖြင့် ဖုံးအုပ် [illegible]နေသော ဗုဒ္ဓကိုမြင်သော် လက်ဝဲလက်ဖြင့် နို့ယနာ၊ လက်ျာ လက်ဖြင့် ကရားကိုယူပြီး ဗုဒ္ဓထံသို့ သွားလေသည်။

ဗုဒ္ဓသည် ပုဏ္ဏား၏ ခြေသံကိုကြား၍ သင်္ကန်းကို ဖွင့်ကြည့်သည်။

"ဤလို ဤအရှင်သည် ဦးပြည်းတုံး ဖြစ်နေပါတကား" ဟု ပုဏ္ဏားသည် ကဲ့ရဲ့စကားဆို၍ နောက်သို့ပြန်ဆုတ်သည်။

"ဤလောက၌ အချို့သော ပုဏ္ဏားတို့သည် ဦးပြည်း ထားသူများလည်း ရှိ၏။ ငါသည် ချဉ်းကပ်၍ ဇာတိကို မေးရမူ ကောင်းလေစွ"

ဟု ပုဏ္ဏားသည် အကြံဖြစ်ပြီး တစ်ဖန် ဗုဒ္ဓထံပြန်၍ ချဉ်းကပ်သွားပြန်သည်။

"အရှင်သည် အဘယ်အမျိုးဇာတိဖြစ်ပါသနည်း။"

"ပုဏ္ဏား. . . ငါသည် သင်္ကန်းကိုဝတ်လျက် တဏှာတည်းဟူသော အိမ်မရှိဘဲ ဆံပင်တို့ကို ရိတ်ပယ်ပြီးလျှင် ပူပန်မှုငြိမ်းပြီးသောစိတ်ရှိကာ ဤလောက၌ လူတို့နှင့် မရောယှက်၍ ကျင့်၏။ သို့ဖြစ်ပါလျက် သင်သည် မလျောက်ပတ်သော အမျိုးအနွယ်နှင့်စပ်သော ပြဿနာကို ငါ့အားမေးဘိ၏"

"အရှင်. . . ပုဏ္ဏားတို့သည် ပုဏ္ဏားအချင်းချင်းလည်း အရှင်သည် ပုဏ္ဏားလောဟု မေးတတ်ကြကုန်၏" ငါပုဏ္ဏားဟူ၍ သင် အကယ်၍ ဖြေခဲ့ပါမူ ငါ့ကိုလည်း ဗြဟ္မဏမဟုတ်ဟူ၍ ဆိုသည်မည်၏။ ထို့ကြောင့် သုံးပုဒ်ရှိ၍ အက္ခရာ(၂၄)လုံးရှိသော သာဝိတ္တိမည်သော ဗေဒင်ကို သင့်အားမေးအံ့ ဖြေဆိုပါလော"

"ဤလောက၌ ရသေ့တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ ပုဏ္ဏားတို့သည်လည်းကောင်း အဘယ်ကို မှီကုန်၍ နတ်ဗြဟ္မာတို့အား ယစ်ပူဇော်မှုကို အများအပြားပြုကြကုန်သနည်း။

ဝဋ်ဆင်းရဲ၏ အဆုံးသို့ရောက်၍ လေးပါးသော မဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို ဖောက်ထွင်းသွားသူ ရဟန္တာသည် ပူဇော်ရာကာလ၌ အကြင်ပုဂ္ဂိုလ်၏ ပူဇော်ဖွယ်ကို ရရာ၏ ပူဇော်မှုသည် ပြည့်စုံ၏ဟု ငါဆို၏"

"အရှင်ဂေါတမ . . . အရှင်ကဲ့သို့ သဘောရှိသော သိခြင်းသို့ ရောက်သောရဟန္တာကို ကျွန်ုပ်မြင်ဖူးရပါ၏။ ကျွန်ုပ် ပူဇော်အပ်သော အမှုသည် စင်စစ် ပြည့်စုံပေလိမ့်မည်။ ရှေးအခါက အရှင်ဘုရားကဲ့သို့ သဘောရှိ၍ကုန်သော ပညာရှိတို့ကို မတွေ့ဖူးရသောကြောင့် အခြားသူအပေါင်းသည် ကျွန်ုပ်၏ နို့ဃနာ ထမင်းကို စားကြပါ၏။"

"ပုဏ္ဏား . . . သင်သည် အကျိုးစီးပွားဖြင့် အလိုရှိပါမူ ငါ့ထံသို့ ချဉ်းကပ်၍မေးပါ။ ငြိမ်းအေး၍ အခိုးကင်းသူ၊ ဆင်းရဲ မရှိသူ၊ တောင့်တခြင်းကင်းသူ ပညာရှိတို့ ဤအရပ်၌ပင် ရှိနိုင်ပါသည်။"

"အရှင်ဂေါတမ . . . ကျွန်ုပ်သည် ပေးကမ်းခြင်း၌ မွေ့လျော်ပါ၏။ ကျွန်ုပ်သည် ပူဇော်ဖွယ်ကို ပူဇော်လိုပါသော်လည်း မသိနားမလည်ပါ။ အရှင်သည် ကျွန်ုပ်ကိုဆုံးမတော်မူပါ။ အကြင်ပုဂ္ဂိုလ်၌ ပူဇော်ခြင်းသည် အကျိုးပြည့်စုံ၏။ ထိုပုဂ္ဂိုလ်ကို ကျွန်ုပ်အား ဟောကြားပြပါ။"

"ပုဏ္ဏား . . . သို့ဖြစ်လျှင် နားထောင်ပါလော့၊ ကောင်းစွာ တရားဟောအံ့-

ပေးလှူခြင်း၏ အကျိုးကြီးမှုကို အလိုရှိခဲ့မူ အမျိုးဇာတ်ကို မမေးလင့် သီလစသော အကျင့်ကိုသာ မေးပါ။

မီးသည် အမှန်စင်စစ် ထင်းမှဖြစ်၏။ အမျိုးဇာတ်နိမ့်သော်လည်း ရဟန္တာပုဂ္ဂိုလ်သည် တည်ကြည်မှု(သမာဓိ)ရှိ၏။

ရှုက်, ကြောက်မှု(ဟိရိ၊ ဩတ္တပ္ပ)တရားဖြင့် မကောင်းမှုကို တားမြစ်၏။ အကြောင်းဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား၍ သိ၏။

ကောင်းမှုကို အလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် ကာမတို့ကို ပယ်စွန့်၍ တဏှာအိမ်မရှိဘဲ ရက်ဖောက်ကဲ့သို့ ဖြောင့်တန်းစွာ စောင့်စည်းသောစိတ်ရှိကုန်လျက် ကျင့်ကြံသူရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ် ဝတ္ထုကို ပေးလှူရာ၏။

သင့်လျော်သောအခါဝယ် ရာဂကင်းကြသူ၊ ကောင်းစွာတည်သောဣန္ဒြေရှိကြသူ၊ ရာဟုဖမ်းခြင်းမှ လွတ်သောလကဲ့သို့ ကိလေသာဖမ်းခြင်းမှ လွတ်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဝတ္ထုကို ပေးလှူရာ၏။

သင့်လျော်သောအခါဝယ် တဏှာဒိဋ္ဌိအားဖြင့် မြတ်နိုးမှုတို့ကို စွန့်၍ အခါခပ်သိမ်း သတိနှင့်ပြည့်စုံလျက် လောက၌ မကပ်ငြိကုန်ဘဲ အထူးကျင့်ကြံသူရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဝတ္ထုကို ပေးလှူရာ၏။

အကြင်မြတ်စွာဘုရားသည် ကိလေသာကာမတို့ကို ပယ်စွန့်နှိမ်နင်းလျက် ကြွသွားတော်မူ၏။ ဗုဒ္ဓသည် ပဋိသန္ဓေတည်ခြင်း၊ သေခြင်းအဆုံးဖြစ်သော နိဗ္ဗာန်ကို သိတော်မူ၏။ ရေအိုင်ကြီးသည် အေးသကဲ့သို့ ကိလေသာပရိနိဗ္ဗာန်ပြုသည် ဖြစ်၍ အေးချမ်းသော ထိုဗုဒ္ဓသည် နှိုဃနာကို အလှူခံထိုက်၏။

"ဗုဒ္ဓသည် ပဋိဝေဓတူမျှကုန်သော ဝိပဿီစသော ဘုရားတို့နှင့် တူတော်မူ၏။ မတူမျှသူပုဂ္ဂိုလ်တို့မှ ဝေးတော်မူ၏။ အဆုံးမရှိသော ပညာရှိတော်မူ၏။ ဤလောကဌ်လည်းကောင်း တမလွန်လောကဌ်လည်းကောင်း ကိလေသာတို့ဖြင့် မလိမ်းကျံ မကပ်ငြိခြင်းကြောင့် ဗုဒ္ဓသည် နိဗ္ဗာနကို အလျှံခံထိုက်၏။

အကြင်ဗုဒ္ဓ၌ လှည့်ပတ်မှု မာယာသည်လည်းကောင်း မာန်သည်လည်းကောင်း မကိန်းဝပ်နိုင်၊ ဗုဒ္ဓသည် လောဘ ကင်းသူ၊ တဏှာဒိဋ္ဌိတို့ဖြင့် မြတ်နိုးမှုမရှိသူ၊ တပ်မက်မှုအာသာ ကင်းသူ၊ အမျက်ဒေါသနှုတ်ပယ်ပြီးသူ၊ အမှန်ငြိမ်းအေးသော စိတ်ရှိသူ ဖြစ်တော်မူ၏။ စိုးရိမ်မှု(သောက)တည်မှုဟူသော အညစ်အကြေးကို ပယ်စွန့်ပြီးပြီ။ ထိုဗုဒ္ဓသည် နိဗ္ဗာနကို အလျှုံခံထိုက်၏။

ဗုဒ္ဓသည် စိတ်၌ အမြဲနေရာ တဏှာ ဒိဋ္ဌိဟူသော အိမ်ကို ပယ်စွန့်တော်မူ၏။ တဏှာ ဒိဋ္ဌိတို့ဖြင့် သိမ်းဆီးအပ်သော တရားတို့သည် စိုးစဉ်းမျှ မရှိကုန်။ ဤဘဝ တမလွန်ဘဝ တို့၌ စွဲလမ်းမှု မရှိသော ဗုဒ္ဓသည် နိဗ္ဗာနကို အလျှံခံထိုက်၏။

ဗုဒ္ဓသည် မဂ်တည်းဟူသော သမာဓိဖြင့် ကောင်းစွာ တည်သည်ဖြစ်၍ သြဃလေးပါးကို ကောင်းစွာ ကူးမြောက် တော်မူ၏။ သဗ္ဗညုတဉာဏ်ဖြင့် တရားကို သိတော်မူ၏။ အာသဝ ဝေါကုန်ပြီးဖြစ်၏။ အဆုံးစွန်းသော ကိုယ်ကို ဆောင် ၏။ ထိုဗုဒ္ဓသည် နိဗ္ဗာနကို အလျှုံခံထိုက်၏။

ဗုဒ္ဓအား ဘဝါသဝတို့သည်လည်းကောင်း ကြမ်းတမ်းသောစကားတို့သည်လည်းကောင်း ဖျက်ဆီးရှို့မြိုက် မီးတိုက်ကုန်ပြီး ချုပ်ခြင်းသို့ ရောက်စေကုန်ပြီး လေးပါးသော ဝေဒတို့ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော အလုံးစုံသော ခန္ဓာစသည်တို့၌ လွတ်ပြီးသော ထိုဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏။

ဗုဒ္ဓသည် တောင့်တမှုများကိုမရှာမှီးမူ၍ ငြိမ်းအေးမှုကို မြင်လေ့ရှိ၏။ သူတစ်ပါးတို့က သိစေအပ်သော မိစ္ဆာအယူကို လွန်မြောက်၏။ အနည်းငယ်မျှဖြစ်သော ဘဝသစ်၏ အကြောင်းတို့သည် မရှိကုန်။ ထိုဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏။

ဗုဒ္ဓသည် သံယောဇဉ်တို့ ကုန်ခမ်းရာ အရဟတ္တဖိုလ်နှင့် ပဋိသန္ဓေကုန်ရာ နိဗ္ဗာန်ကို မြင်တော်မူသည်ဖြစ်၍ ရာဂတည်းဟူသော ခရီးကို အကြွင်းမဲ့ပယ်ဖျောက်ပြီးသူ၊ စင်ကြယ်အပြစ်ကင်း အညစ်အကြေးမရှိသူဖြစ်၍ ထိုဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏။

ဗုဒ္ဓသည် မိမိ၏ အတ္တကို မရှုမြင်၊ တည်ကြည်သည်ဖြစ်၍ ဖြောင့်မတ်ခြင်းသို့ရောက်၏။ မတုန်မလှုပ် တည်တံ့သော စိတ်ရှိ၏။ တုန်လှုပ်မှုမရှိ ငြောင့်တံသင့်မရှိ ယုံမှားခြင်းမရှိသော ဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏။

ဗုဒ္ဓအား မောဟမရှိ၊ သဗ္ဗညုတဉာဏ်ဖြင့် မြင်တော်မူလေ့ရှိ၏။ အဆုံးကိုယ်ရှိ၏။ အတုမရှိမြတ်၍ ဘေးမရှိ အရ

ဟတ္တဖိုလ်သို့ ရောက်၏။ ဤမျှ အတိုင်းအရှည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါအား စင်ကြယ်နိုင်၏။ ထိုဗုဒ္ဓသည် နို့ယနာကို အလှူခံထိုက်၏။”

ဟူ၍ ဗုဒ္ဓက မိန့်ကြားသည်။

အရှင်ဂေါတမ. . . ကျွန်ုပ်သည် ထိုသို့သဘောရှိသော မဂ်ဉာဏ်သို့ရောက်ပြီးသော ရဟန္တာကို ပူဇော်ရန်ရပြီဖြစ်ရကား ကျွန်ုပ်၏ ပူဇော်ခြင်းသည် မှန်သောပူဇော်ခြင်း ဖြစ်ပါစေသတည်း။ အရှင်သည် မျက်မြင် ကိုယ်တွေ့ဖြစ်သော ဗြဟ္မာပါတည်း။ ဗုဒ္ဓသည် ကျွန်ုပ်၏ နို့ယနာကို အလှူခံ၍ ဘုဉ်းပေးတော်မူပါ။

“ပုဏ္ဏား. . . ငါကား ဂါထာတို့ကို သီဆို၍ရအပ်သော ဘောဇဉ်ကို စားခြင်းငှာမထိုက်။ ဤဘောဇဉ်ကို စားခြင်းသဘောသည် စင်ကြယ်မှုကို ကောင်းစွာရှုမြင်ကုန်သော ဘုရားရှင်တို့၏ သဘောတံတွာဓမ္မတာမဟုတ်။ ဗုဒ္ဓတို့သည် ဂါထာတို့ကို သီဆို၍ရသော ဘောဇဉ်တို့ကို ပယ်တော်မူ၏။”

“ပုဏ္ဏား. . . အသက်မွေးစင်ကြယ်မှုသဘောရှိလတ်သော် ဤတရားဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း။

“ပုဏ္ဏား. . . နို့ယနာမှ တစ်ပါးသော ဆွမ်း, အဖျော်ဖြင့် အလုံးစုံဂုဏ်နှင့် ပြည့်စုံသော သီလစသော ကျေးဇူးကို ရှာမှီးလေ့ရှိသော သံသယငြိမ်းအေးပြီးသော ရဟန္တာကို လုပ်ကျွေး

သော ထိုကောင်းမှုသည် ကောင်းမှုကို အလိုရှိသောသူ၏ လယ်ယာဖြစ်၏။"

"အရှင်ဂေါတမ. . . အကြွင်းအလျှံပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ကဲ့သို့သော သဘောရှိသူ၏ အလှူကို သုံးဆောင်ရာ၏။ အကြွင်းအလျှံပုဂ္ဂိုလ်ကိုလည်း ယစ်ပူဇော်ရာအခါ၌ ရှာမှီးလျက် လုပ်ကျွေးရာ၏။"

အရှင်ဘုရား. . . တပည့်တော် တောင်းပန်ပါ၏။ အရှင်ဘုရား၏ အဆုံးအမကိုရောက်၍ အကြွင်းအခြင်းအရာအား ဖြင့် မိန့်ကြားသည်ရှိသော် ထိုအလျှံပုဂ္ဂိုလ်မျိုးကို ကျွန်ုပ် သိရ ပါ၏။ ထိုအခြင်းအရာအားဖြင့် မိန့်ကြားတော်မူပါလော။

"အကြွင်းပုဂ္ဂိုလ်အား သူတစ်ပါးကို ချုပ်ချယ်ခြင်းကင်းရာ၏။ စိတ်သည် နှောက်ကျူခြင်းမရှိ၊ ကာမတို့မှ လွတ်မြောက်၏။ ထိနမိဒ္ဓကိုလည်း ပယ်ဖျောက်ပြီးဖြစ်၏။ အကျင့်တည်းဟူသော အပိုင်းအခြား၏ အဆုံးဖြစ်သော ကိလေသာတို့ကို ပယ်ဖျောက်ပြီးသော ပင္စ္နသန္ဓေနေခြင်း၊ သေခြင်း၌ လိမ္မာသော မောနေယျပညာနှင့် ပြည့်စုံသော လျှဒါန်းပူဇော်ရာသို့ ရောက်လာသော ထိုသို့ သဘောရှိသော ရဟန်း(မုနိ)ကို မျက်မှောင်ကုတ်ခြင်းကိုပယ်ကာ လက်အုပ်ချီလျက် ရှိခိုးကုန်လော့၊ ထမင်း အဖျော်ဖြင့် ပူဇော်ကုန်လော့၊ ဤသို့ ရှိခိုးပူဇော်ကုန်သည် ရှိသော် အလှူတို့သည် ပြည့်စုံကုန်၏။

အရှင်သည် သစ္စာလေးပါးကို သိတော်မူသည်ဖြစ်၍ နို့ယနာကို ခံထိုက်ပါ၏။ အတုမရှိမြတ်သည်ဖြစ်၍ ကုသိုလ်

မျိုးစေ့၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါ၏။ လောကအားလုံး၏ ပူဇော်ရာလည်းဖြစ်၏။ အရှင်အား လှူခြင်းသည် အကျိုးကြီး၏”

ဟု လျှောက်ထားပြီး သုန္ဒရိကဘာရဒွါဇသည် ဗုဒ္ဓ၏ တရားတော်ကို အလွန်နှစ်သက်သည်ဖြစ်၍ ဗုဒ္ဓထံ၌ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုခဲ့သည်။

ရဟန်းပြုပြီးနောက် ဆိတ်ငြိမ်ရာကပ်၍ တရားကို ကြိုးစားအားထုတ်ရာ မကြာခင် ရဟန္တာတစ်ပါးဖြစ်လေသည်။

(သုတ္တနိပါတ မဟာဝဂ်၊
သုန္ဒရိကဘာရဒွါဇသုတ်)

## များသော အယူအဆကို
## အကြောင်းကျိုးပြ၍ ဖြေရှင်းကြပါ

တစ်နေ့သောအခါ ဗုဒ္ဓသည် စမ္ပာမြို့ ဂဂ္ဂရာရေကန်၏ ကမ်းနားမှာ သီတင်းသုံးနေတော်မူချိန်ဖြစ်ပါသည်။ ဗုဒ္ဓ၏ တပည့် ဒါယကာတစ်ဦးဖြစ်သော ဝဇ္ဇိယမာဟိတအမည် ရှိသော သူကြွယ်သည် နေ့မွန်းလွဲအချိန်တွင် ဗုဒ္ဓအားဖူးမြော် ရန် စမ္ပာမြို့မှ ထွက်လာခဲ့လေသည်။ ဝဇ္ဇိယမာဟိတသူကြွယ် ထွက်လာခဲ့သော အချိန်သည် အပူလွန်ကဲနေ့မွန်းလွဲအချိန် ဖြစ်နေ၍-

"ဤအချိန်က ဗုဒ္ဓကိုဖူးမြော်ဘို့ရန် အချိန်အခါမဟုတ် သေးပါ။ ဤအချိန်မှာ ဗုဒ္ဓသည် တစ်ပါးတည်း ကိန်းအောင်းနေ သောအချိန်ဖြစ်သည်။ အနားယူနေတော်မူချိန်ဖြစ်သည်။ စိတ်နှလုံး ကိုရွှင်ပြုံးတိုးပွားစေသော ရဟန်းတော်တို့ကိုလည်း ဖူးမြော်ဖို့ရန် အချိန်အခါမဟုတ်သေးပါချေ။ သူတို့သည်လည်း ယခုအချိန်မှာ အနားယူနေကြချိန်ဖြစ်ပါသည်။ ငါသည် ဗုဒ္ဓ သာသနာမှ တစ်ပါး သောအယူဝါဒရှိကြသော ပရိဗိုဇ်တို့၏ နေရာကျောင်းသို့ သွားရရင် ကောင်းမှာဘဲ"

ဟုကြံစည်စဉ်းစားမိလေသည်။

"ထိုနောက်တွင် ဝဋ္ဋိယမာဟိတသူကြွယ်သည် သာသနာတော်မှတစ်ပါးသော အယူဝါဒရှိကြသော ပရိဗိုဇ်တို့၏ နေရာ ကျောင်းသို့သွားသည်။ ထိုအချိန်တွင် ပရိဗိုဇ်တို့ စုဝေးထိုင်နေကြသည်။ များစွာသော ဈာန်မဂ်ဖိုလ်နိဗ္ဗာန်မှ ဖီလာဆန့်ကျင်ဘက်ဖြစ်သော တိရစ္ဆာနကထာစကားကို အသံကျယ်လောင်စွာဖြင့် ဆူညံစွာ ပြောသံဆိုသံ ကျယ်လောင်လွန်း၍ အဝေးသို့တိုင်အောင် ဟိန်းထွက်နေသည်။ ထိုပရိဗိုဇ်တို့သည် အဝေးမှပင် သူတို့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်လာနေသော ဝဋ္ဋိယမာဟိတသူကြွယ်ကို အဝေးမှပင် လှမ်းမြင်နေသည့်အတွက်ကြောင့်-

"အရှင်တို့ တိုးတိုးပြောကြပါ၊ တိုးတိုးပြောကြပါ၊ တိတ်တိတ်ဆိတ်ဆိတ်နေကြပါ၊ အသံမထွက်ကြပါနဲ့၊ ဒီဝဋ္ဋိယမာဟိတ သူကြွယ်ဟာ စမ္ပာမြို့မှာနေကြတဲ့ အဝတ်ဖြူကိုဝတ်ကြတဲ့ ရဟန်းဂေါတမရဲ့ တပည့်များစွာတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ အဲဒီ ရဟန်းဂေါတမရဲ့တပည့်တွေဟာ ဆိတ်ငြိမ်မှု တိတ်ဆိတ်မှုကို အလိုရှိကြပါသည်။ တိတ်ဆိတ်ငြိမ်သက်အောင် ဆုံးမထားတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြပါသည်။ တိတ်ဆိတ်ငြိမ်သက်တာ ဆိတ်ငြိမ်အေးချမ်းတာကို ချီးမွမ်းစကား ပြောကြားလေ့ရှိကြပါသည်။ တိတ်ဆိတ်ငြိမ်သက်၍ စည်းကမ်းရှိသော ပရိသတ်သို့သာချည်း ချဉ်းကပ်သင့်သည် သွားသင့်သည်ဟု မှတ်ထင်ယူဆထားကြပါသည်။"

ဟု အချင်းချင်း လက်တို့ကြသည်။ အချင်းချင်း သတိပေးကြသည်။

ထိုအခါ ပရိဗိုဇ်တို့သည် တိတ်ဆိတ်ငြိမ်သက်သွားကြတော့သည်။ ဝဋ္ဋိယမာဟိတသူကြွယ်သည် ပရိဗိုဇ်တို့၏ထံသို့ ရောက်ရှိသွားကာ ပရိဗိုဇ်တို့နှင့် ဝမ်းသာရွှင်ပျစွာ နှုတ်ဆက်ပြောဆိုသည်။ ဝမ်းမြောက်ဖွယ်ရာစကား သက်ဆုံးတိုင်အောက်မေ့ သတိရစရာစကားတို့ကို ပြောဆိုပြီး သင့်တော်သောနေရာမှာ ထိုင်နေသည်။

"သူကြွယ်. . . ရဟန်းဂေါတမသည် ခြိုးခြိုးခြံခြံကျင့်ရသော အကျင့်အားလုံးကို ကဲ့ရဲ့သည်၊ ရှုတ်ချသည်၊ ခြိုးခြံစွာကျင့်သူ ဆင်းဆင်းရဲရဲပင်ပင်ပန်းပန်းကျင့်၍ အသက်မွေးလေ့ရှိသူအားလုံးကို ပြက်ရယ်ပြုသည်၊ စွပ်စွဲသည်ဆိုတာ မှန်ပါသလား" ဟု မေးမြန်းကြလေသည်။

"အရှင်တို့. . . ဗုဒ္ဓသည် ခြိုးခြိုးခြံခြံကျင့်ရတဲ့ အကျင့်အားလုံးကို မကဲ့ရဲ့ပါ၊ မရှုတ်ချပါ၊ ခြိုးခြံစွာကျင့်သူ ဆင်းဆင်းရဲရဲပင်ပင်ပန်းပန်းကျင့်၍ အသက်မွေးလေ့ရှိသူအားလုံးကို ပြက်ရယ်မပြုပါ၊ မစွပ်စွဲပါ၊ အရှင်တို့ဗုဒ္ဓသည် ကဲ့ရဲ့သင့်သူ ရှုတ်ချသင့်သူကိုတော့ ကဲ့ရဲ့တော်မူပါသည်။ ရှုတ်ချတော်မူပါသည်။ ချီးမွမ်းသင့်သူ ဂုဏ်ပြုသင့်သူကိုကား ချီးမွမ်းတော်မူပါသည်။ ဂုဏ်ပြုတော်မူပါသည်။ အရှင်တို့မြတ်ဗုဒ္ဓသည် ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့တော်မူ၍ ချီးမွမ်းသင့်သူကို ချီးမွမ်းတော်မူတဲ့အတွက်ကြောင့် ဝိဘဇ္ဇဝါဒ ချင့်ချိန်ဝေဖန်ကာ ပြောဆိုလေ့ရှိတော်မူသော ပုဂ္ဂိုလ်မြတ်ပါ။ အရှင်တို့မေးမြန်းကြတဲ့ ဤနေရာ ဤအမေးပုစ္ဆာမှာ

ဗုဒ္ဓသည် တစ်ဖက်သတ်ဆိုတော်မမူပါ”
ဟု ရှင်းလင်းပြောပြသည်။

ယင်းသို့ ရှင်းလင်းပြောပြသောအခါ ပရိဗိုဇ်တစ်ယောက်က ဝစ္ဆိယမာဟိတသူကြွယ်ကို-

“သူကြွယ်. . . သင် ဆိုင်းငံ့ပါဦး၊ နေပါဦး၊ သင် ရဟန်းဂေါတမသည် ဆုံးမထိုက်သူဖြစ်ပါ သည်။ ဆုံးမခံရမည့်သူဖြစ်ပါသည်။ မပညတ်တတ်သူ ဖြစ်ပါ သည်။”
ဟု ပြောပြသည်။ တင်ပြသည်။

“အရှင်တို့. . . ဒီနေရာမှာလည်း အကျွန်ုပ်က အရှင်တို့ကို အကျိုးအကြောင်းနှင့်တကွ ရှင်းလင်းပြောပြပါမည်။ အရှင်တို့ မြတ်ဗုဒ္ဓသည် ဤတရားကား အကုသိုလ်တရားဖြစ်ပါသည်-ဟု ပညတ်တော်မူပါသည်။ သတိမှတ်ပြတော်မူပါသည်။ အရှင်တို့. . . ဗုဒ္ဓသည် “ဤတရားကား အကုသိုလ်တရားဖြစ်ပါသည်-ဟု ပညတ်တော်မူပါသည်။ ဗုဒ္ဓသည် ယခုပြောပြခဲ့သလို ကုသိုလ်၊ အကုသိုလ်ကို ပညတ်တော်မူသည့်အတွက်, သတ်မှတ်ပြတော်မူသည့်အတွက်ကြောင့် ဗုဒ္ဓသည် ပညတ် တော်မူတတ်သူဖြစ်ပါသည်။ ဗုဒ္ဓသည် ဆုံးမထိုက်သူ, ဆုံးမခံရမည့်သူ မဟုတ်ပါ”
ဟု အချက်ကျကျ အကွက်ကျကျ ထိထိမိမိ ဂယနဏာ သေသေချာချာ ရှင်းပြသည်။

ဝိဇ္ဇိယမာဟိတသူကြွယ်က ဤကဲ့သို့ ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းပြသောအခါ ပရိဗိုဇ်တို့သည် တိတ်ဆိတ်ငြိမ်ကျသွားကြတော့သည်။ မျက်နှာမကြည်လင် ကြံမှိုင်လျက် စကားမပြောဆိုပဲ ထိုင်နေကြတော့သည်။ ထိုအခါ ဝဇ္ဇိယမာဟိတသူကြွယ်သည် ပရိဗိုဇ်များ တိတ်ဆိတ်ငြိမ်ကျ မျက်နှာမသာမယာဖြစ်နေကြပုံ, ပခုံးအောက်သို့ ခေါင်းငိုက်စိုက်ကျပုံ, ကြံမှိုင်လျက် စကားမပြော ဘဲ ထိုင်နေကြပုံတို့ကို တွေ့ရမြင်ရသိရသောအခါ နေရာမှ ထ,ကာ ဗုဒ္ဓ၏ အထံတော်သို့ ဆက်လက်လာခဲ့ပါတော့သည်။

ဗုဒ္ဓအထံတော်သို့ ရောက်သောအခါ ဗုဒ္ဓကို ရှိခိုးဦးချပြီး သင့်တော်သောနေရာမှာ ထိုင်သည်။ သင့်တော်သော နေရာမှာ ထိုင်ပြီးသော ဝဇ္ဇိယမာဟိတသူကြွယ်သည် ဗုဒ္ဓအား သာသနာတော်မှ တစ်ပါးသောအယူဝါဒရှိကြသော ပရိဗိုဇ်တို့နှင့် မိမိအချေ အတင်စကားပြောခဲ့ရပုံ, ဖြေရှင်းခဲ့ရပုံ, ပရိဗိုဇ်တွေ မှိုင်တွေအရှုံးပေးရပုံ စသောအကြောင်းစုံကို အကုန်အစင် ပြန်လည်တင်ပြ လျှောက်ထားပါသည်။

ထိုအခါ ဗုဒ္ဓက-"သာဓု. . သာဓု. . သာဓု၊ သူကြွယ် ကောင်းပါပေစွ၊ ကောင်းပါပေစွ"

ဟု ကောင်းချီးနှုတ်မော် သာဓုခေါ်ပါသည်။

"သူကြွယ်. . . သင်တို့သည် မောဃပုရိသ- မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ကို အခါအားလျော်စွာ အကျိုးအကြောင်းပြကာ ကောင်းစွာနှိမ်နင်းခြင်းဖြင့် နှိမ်နင်း

ရပါမည်။ တစ်ဖန်ပြန်၍ ခေါင်းမထောင်နိုင်အောင် နှိမ်နင်းရပါမည်”
ဟု မိန့်ကြားတော်မူပါသည်။

ဗုဒ္ဓက ဝဋိယမာဟိတသူကြွယ်အား-

“သူကြွယ်. . . ခြိုးခြံသော အကျင့်အားလုံးကို ခြိုးခြံစွာကျင့်ရမည်ဟူ၍လည်း ငါမပြောဆိုပါ။ ခြိုးခြံသောအကျင့်အားလုံးကို ‘ခြိုးခြံစွာမကျင့်ရ’ဟူ၍လည်း ငါမပြောဆိုပါ။ သူကြွယ် ဆောက်တည်စရာအားလုံးကို ‘ဆောက်တည်ရမယ်’ဟူ၍လည်း ငါမပြောဆိုပါ။ သူကြွယ် ဆောက်တည်စရာအားလုံးကို ‘မဆောက်တည်ရ’ဟူ၍လည်း ငါမပြောဆိုပါ။ သူကြွယ် စွန့်လွှတ်မှုအားလုံးကို ‘စွန့်လွှတ်ရမယ်’ဟူ၍လည်း ငါမပြောဆိုပါ။ စွန့်လွှတ်မှုအားလုံးကို ‘မစွန့်လွှတ်ရ’ဟူ၍လည်း ငါမပြောဆိုပါ။ သူကြွယ် နှလုံးသွင်းမှုအားလုံးကို ‘နှလုံးသွင်းရမယ်’ဟူ၍ ငါမပြောဆိုပါ။ နှလုံးသွင်းမှုအားလုံးကို ‘နှလုံးမသွင်းရ’ဟူ၍လည်း ငါမပြောဆိုပါ။

“သူကြွယ် ခြိုးခြံသောအကျင့်ကို ခြိုးခြံကျင့်သူ, ဆောက်တည်မှုကို ဆောက်တည်သူ, တရားအားထုတ်မှုကို တရားအားထုတ်သူ, စွန့်လွှတ်မှုကို စွန့်လွှတ်သူ, နှလုံးသွင်းမှုကို နှလုံးသွင်းသူတို့အား အကုသိုလ်တရားများ တိုးပွားမည်။ ကုသိုလ်တရားများ ဆုတ်ယုတ်ရ၏ဟု ဆိုပါလျှင် ဤကဲ့သို့သော ခြိုးခြံသောအကျင့်ကို ခြိုးခြံစွာမကျင့် ခြိုးခြံစွာ မကျင့်ရပါ။

ဤကဲ့သို့သော ဆောက်တည်မှုကို မဆောက်တည်ရပါ။ ဤကဲ့သို့သော တရားအားထုတ်မှုကို အားမထုတ်ရပါ။ ဤကဲ့သို့သော စွန့်လွှတ်မှုမျိုးကို မစွန့်လွှတ်ရပါ။ ဤကဲ့သို့သော နှလုံးသွင်းမှုကို နှလုံးမသွင်းရပါ-ဟူ၍ ငါပြောဆိုပါသည်”

ဟု ဗုဒ္ဓက မိန့်ကြားတော်မူသည်။

“သူကြွယ်. . . ခြိုးခြံသောအကျင့်ကို ခြိုးခြံစွာကျင့်သူ, ဆောက်တည်မှုကို ဆောက်တည်သူ, တရားအားထုတ်မှုကို အားထုတ်သူ, စွန့်လွှတ်မှုကို စွန့်လွှတ်သူ, နှလုံးသွင်းမှုကို နှလုံးသွင်းသူတို့အား အကုသိုလ်တရားများ ဆုတ်ယုတ်မည်၊ ကုသိုလ်တရားများ တိုးပွားမည်ဟု ဆိုပါလျှင်-

-ဤကဲ့သို့သော ခြိုးခြံသောအကျင့်ကို ခြိုးခြံစွာကျင့်ပါမည်၊

-ဤကဲ့သို့သော ဆောက်တည်မှုကို ဆောင်တည်ရပါမည်၊

-ဤကဲ့သို့သော တရားအားထုတ်မှုကို အားထုတ်ရပါမည်၊

-ဤကဲ့သို့သော စွန့်လွှတ်မှုကို စွန့်လွှတ်ရပါမည်၊

-ဤကဲ့သို့သော နှလုံးသွင်းမှုကို နှလုံးသွင်းရပါမည်ဟု ငါပြောဆိုပါသည်”

ဟု ဆက်လက်မိန့်ကြားတော်မူပါသည်။

ထိုအခါ ဝဇိရယမာဟိတသူကြွယ်သည် ဗုဒ္ဓ၏ အကျိုး အကြောင်းနှင့်စပ်သော မှတ်သားဖွယ်ရာတရားစကားကို နာယူပြီးသော် မြတ်စွာဘုရားအား ရှိသေစွာရှိခိုးဦးချကာ ပြန်လာခဲ့လေသည်။

မြတ်စွာဘုရားသည် ဝဇိရယမာဟိတသူကြွယ်ပြန်သွားပြီး မကြာမီ ရဟန်းတော်များကို-

"ရဟန်းတို့ . . . သာသနာတော်မှတပါးသော အယူဝါဒရှိကြသော ပရိဗိုဇ်တို့ကို ဝဇိရယမဟိတသူကြွယ်က နှိမ်နင်းသလို ဤမမ္မဝိနယခေါ် သာသနာတော်၌ ကြာမြင့်စွာ ကိလေသာမြူ နည်းသောရဟန်းသည်လည်း သာသနာတော်မှ တစ်ပါးသော အယူဝါဒရှိကြသော မိစ္ဆာဒိဋ္ဌိတို့ကို အကြောင်း အကျိုးပြကာ ကောင်းစွာ ဖြေရှင်းနှိမ်နင်းကြပါ။ တစ်ဖန်ပြန်၍ ခေါင်းမထောင် နိုင်အောင် ဖြေရှင်းနှိမ်နင်းပါ၊ ပြတ်ပြတ်သားသား ထိထိရောက်ရောက် ဖြေရှင်းနှိမ်နင်းကြပါ"
ဟု ဩဝါဒပေး မိန့်ကြားပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်(တတိယ)
ဝဇိရယမာဟိတသုတ်

## ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့်
## အရိယာတို့၏ ဝိဇ္ဇာသုံးပါးကွာခြားမှု

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်ဖြစ်သည်။ တိကပုဏ္ဏားသည် ဗုဒ္ဓထံသို့ ရောက်လာပြီးလျှင် ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင်သည်။

"အရှင်ဂေါတမ. . . ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ပုဏ္ဏားတို့သည် ဤသို့လည်း ပညာရှိဖြစ်ကုန်၏။ ဤအကြောင်းကြောင့်လည်း ပညာရှိဖြစ်ကုန်ပါ၏။"

"ပုဏ္ဏား. . . အဘယ်သို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးမျိုးနှင့် ပြည့်စုံ၏-ဟု ပုဏ္ဏားတို့ ပြောဆို ပညတ်ပါသနည်း"

"အရှင်ဂေါတမ. . . ဤလောက၌ ပုဏ္ဏားသည် မိဘနှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏။ မျိုးရိုးသန့်သော အမိဝမ်း ရှိ၏။ ဘိုးဘေးခုနှစ်ဆက်တိုင်အောင် ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ ကဲ့ရဲ့မခံရ၊ ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏။ ဝေဒကျမ်းတို့ကို ဆောင်၏။

အဘိဓာန်(နိဃဏ္ဍု)ကျမ်း၊ အလင်္ကာ(ကေဋုဘ)ကျမ်း၊ သဒ္ဒါ(အက္ခရပ္ပဘေဒ)ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွသော ဗေဒင်သုံးပုံတို့၏ တစ်ဘက်ကမ်းရောက်၏။

ပဒကျမ်း၊ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသကျမ်းတို့ကို အကြွင်းမဲ့တတ်မြောက်၏။ ဤသို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံ-ဟု ပုဏ္ဏားတို့ ပညတ်ကြပါသည်။

"ပုဏ္ဏား . . ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏ဟု ပညတ်ပြောဆိုသည်ကား အခြားတစ်ပါး အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြားတပါး"

"အရှင်ဂေါတမ . . အဘယ်သို့လျှင် အရိယာသူတော်မြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းဖြစ်သနည်း၊ တောင်းပန်ပါ၏။ ထိုအကြောင်းကို ဟောကြားပေးပါ"

"ပုဏ္ဏား . . ဤသို့ဖြစ်လျှင် ကောင်းစွာ နှလုံးသွင်းလော့"

"အရှင်ဂေါတမ . . ကောင်းပါပြီ"

"ပုဏ္ဏား . . ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း သုံးသပ်ဆင်ခြင်ခြင်းနှင့်တကွဖြစ်သော နိဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်းချမ်းသာခြင်း ရှိသော ပထမစျာန်သို့ ရောက်နေ၏။"

ကြံစည်ခြင်း၊ သုံးသပ်ခြင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိ၏ သန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော တည်ကြည်

ခြင်းကို ဖြစ်စေတတ်သော ယင်း၏တည်ကြည်မှုကြောင့် နှစ်
သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ဒုတိယစျာန်သို့ ရောက်ရှိနေ၏။
နှစ်သိမ့်ခြင်းကိုလည်း မတပ်မက်သောကြောင့် သတိသမ္
ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏။ ချမ်းသာကို
လည်း ကိုယ်ဖြင့်ခံစား၏၊ တတိယစျာန်သို့ ရောက်ရှိနေ၏။
ဤတတိယစျာန်ကြောင့် ထိုသူကို- လျစ်လျူရှုသူ၊ သတိရှိသူ၊
ချမ်းသာစွာနေလေ့ရှိသူဟူ၍ အရိယာပုဂ္ဂိုလ်တို့က ဆိုကြသည်။
ချမ်းသာခြင်းကိုလည်းပယ်၊ ဆင်းရဲခြင်းကိုလည်း ပယ်
ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့
ချုပ်ပျောက်ခြင်းကြောင့် ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု
ကြောင့်ဖြစ်သည့် သတိစင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့
ရောက်၍နေ၏။

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်
သော်၊ ဖြူစင်ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်း
လတ်သော်၊ နူးညံ့လတ်သော်၊ ပြုခြင်းငှာ သင့်လျော်လတ်သော်
တည်တံ့လတ်သော်၊ မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော်
ထိုသူသည် ရှေး၌ ဖြစ်ဖူးသော ဘဝကိုအောက်မေ့နိုင်သော
"ပုဗ္ဗေနိဝါသနုဿတိ" ဉာဏ်အလို့ငှာ စိတ်ကို ရှေ့ရှုညွှတ်စေ၏၊
ထိုသူသည် ဘဝအထောင်, အသိန်းတို့ကိုလည်းကောင်း
များပြားသော တက်ကပ်, ဆုတ်ကပ်, ဖြစ်ကပ်တို့ကိုလည်း
ကောင်း ထိုထိုဘဝတို့၌ဖြစ်ခဲ့သော အမျိုးအနွယ်, အဆင့်,
အစာ, အသက်အပိုင်းအခြား, ချမ်းသာဆင်းရဲ, စားရမှု စသော

ရှေး၌ဖြစ်ခဲ့သော ဘဝမျိုးစုံကို ထိုသူအား အောက်မေ့နိုင်ခြင်း ဟူသော ရှေးဦးစွာသော အသိဉာဏ်(ဝိဇ္ဇာ)ကိုရသည်။

မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍နေသောသူအား အဝိဇ္ဇာ အမှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့ မသိမှု(အဝိဇ္ဇာ)ပျောက်၍ အသိဉာဏ်(ဝိဇ္ဇာ) ဖြစ်ပေါ်လာပါသည်။

ထိုသူ၏စိတ်သည် တည်ကြည်ငြိမ်သက်သော် သတ္တဝါတို့၏ သေခြင်း-ဖြစ်ခြင်းကိုသိသော ဉာဏ်အလို့ငှာ စိတ်ကို ရှေ့ရှုညွတ်စေ၏။

ထိုသူသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကိုလွန်သော ဉာဏ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲ ဖြစ်ဆဲသတ္တဝါ၊ ယုတ်သော မြတ်သော သတ္တဝါတို့ကိုမြင်သည်။ ကံအားလျော်စွာ ဖြစ်သောသတ္တဝါတို့ကို သိ၏။

"အချင်းတို့. . . ဤသတ္တဝါတို့သည် ကိုယ်, နှုတ်, စိတ် မကောင်းမှုဒုစရိုက်နှင့်ပြည့်စုံ၏။ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏။ မှားသောအယူရှိပြီး ထိုအယူဖြင့် ပြုအပ်သော ကံရှိ၏။ ထိုသူသည် သေပြီးနောက် ချမ်းသာကင်းရာ မကောင်းသောလားရာ ငရဲသို့ ရောက်ရ၏။

အချင်းတို့. . . ဤသတ္တဝါတို့သည်ကား ကိုယ်, နှုတ်, စိတ် ကောင်းမှုသုစရိုက်နှင့် ပြည့်စုံ၏။ အရိယာတို့ကို မစွပ်စွဲ

မှန်သောအယူရှိပြီး ထိုအယူဖြင့် ပြုအပ်သော ကံရှိ၏။ ထိုသူသည် သေပြီးနောက် ချမ်းသာပြည့်စုံပြီး ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်၏-ဟု သိသည်။

ဤသို့လျှင် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိဖြင့် အလုံးစုံကို သိမြင်၏။

ထိုပုဂ္ဂိုလ်အား နှစ်ခုမြောက်အသိဉာဏ်(ဝိဇ္ဇာ)ကို ရသည်။ မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍နေသောသူကား အဝိဇ္ဇာအမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ် အလင်းရောက်သည်။

ထိုသူ၏ စိတ် တည်ကြည်ငြိမ်သက်သော် အာသဝေါတရားတို့ကို ကုန်ခမ်းစေတတ်သော- အာသဝက္ခယဉာဏ်အလို့ငှါ စိတ်ကို ရှေ့ရှုညွတ်စေ၏။

ထိုသူသည် ဤကား ဆင်းရဲ၊ ဤကား ဆင်းရဲဖြစ်ကြောင်း၊ ဤကား ဆင်းရဲချုပ်ရာ၊ ဤကား ဆင်းရဲချုပ်ရာကျင့်စဉ်အမှန်ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ဤကား အာသဝေါတရားတို့ဖြစ်ရာ ဖြစ်ခြင်းအကြောင်း ချုပ်ရာ၊ ချုပ်ရန်ကျင့်စဉ်အမှန်ကို သိသည်။

ဤသို့ဖြစ်သော ထိုသူ၏ စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟူသော အာသဝေါတရားလေးပါးမှ လွတ်မြောက်ပြီးဟု အသိဉာဏ်ဖြစ်ပေါ်လာ၏။

ပဋိသန္ဓေနေမှုကုန်ပြီး မြတ်သောအကျင့်ကို ကျင့်ပြီးပြီ။ မဂ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စအလို့ငှာ တစ်းပါးသောပြုဘွယ် မရှိတော့ပြီ-ဟု သိသည်။

ဤသူကား သုံးခုမြောက် အသိဉာဏ် ဝိဇ္ဇာကိုရသည်။

မမေ့မလျော့ဘဲ ပြင်စွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍နေသော သူအား အဝိဇ္ဇာအမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ်အလင်းရောင် ရောက်၏။

နိမ့်တုံ၊ မြင့်တုံမဟုတ် ကြီးပွားသော သီလနှင့် ပြည့်စုံသော၊ ရင့်သော ပညာလည်းရှိသော၊ ဈာန်ဝင်စားလေ့ရှိသော အကြင်ပုဂ္ဂိုလ်၏ စိတ်သည် ဈာန်ကို လေ့လာပြီးဖြစ်၍ တစ်ခု တည်းသော အာရုံရှိ၏။ ကောင်းစွာ တည်ကြည်၏။

အဝိဇ္ဇာအမှောင်ကို ပယ်ဖျောက်ပြီးဖြစ်၍ သမာဓိနှင့် ပြည့်စုံလျက် သေခြင်းတရားကို ပယ်ရှားပြီးသော၊ နတ် လူတို့၏ အစီးအပွားကို ဆောင်တတ်သော အလုံးစုံသောအကုသိုလ် တရားတို့ကို ပယ်စွန့်ပြီးသော ထိုပုဂ္ဂိုလ်ကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော သူဟူ၍ ဆိုကြကုန်၏။

ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၍ မတွေဝေဘဲနေလေ့ရှိသော၊ သစ္စာလေးပါးကို သိသော အဆုံးစွန်သော ကိုယ်ကို ဆောင် သော ဂေါတမနွယ်ဖြစ်သော၊ ထိုပုဂ္ဂိုလ်ကို ရှိခိုးကြကုန်၏။

အကြင်ပုဂ္ဂိုလ်၏ ရှေး၌ ဖြစ်ဖူးသည်ကို သိ၏။ နတ်ဘုံ၊ အပါယ်ဘုံကိုလည်း မြင်၏။ ထိုမှတစ်ပါး ဇာတိကုန်ရာ အရ

ဟတ္ထိဖိုလ်သို့ ရောက်၏။ ထူးသောဉာဏ်ဖြင့် သိ၍ အပြီးအဆုံး သို့ရောက်၏။

ထိုပုဂ္ဂိုလ်သည် ဤဝိဇ္ဇာသုံးပါးတို့ဖြင့် တေဝိဇ္ဇပုဏ္ဏား ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဟူ၍ ငါဆို၏။ တစ်ပါးသူတို့ ပြောသည်ကို လိုက်၍ပြောတတ်ကာမျှ ဖြစ်သူကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဟူ၍ ငါမဆို။

ပုဏ္ဏား . . . ဤသို့လျှင် အရိယာ သူမြတ်၏ အဆုံး အမ၌ ဝိဇ္ဇာသုံးပါး၌ ပြည့်သူဖြစ်၏။

"အရှင်ဂေါတမ . . . ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား တစ်ခြားတစ်ပါး အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြားတစ်ပါးဖြစ်ပါ၏။ အရှင်ဂေါတမ ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းသည် အရိယာသူမြတ်တို့၏ အဆုံးအမဖြစ်သော ထိုဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှလည်း မမှီနိုင်ပါ။ အရှင်ဂေါတမတရားသည် အလွန် နှစ်သက်မြတ်နိုးဘွယ် ရှိပါ၏။"

ဤသည်ဖြင့် ပုဏ္ဏားသည် လျှောက်ထားပြီး ရတနာသုံးပါး၌ အမြဲမပြတ် ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူသွားလေသည်။

အင်္ဂုတ္တိုရ် တိကနိပါတ် ဗြာဟ္မဏဝဂ် ၊ တိကဏ္ဏသုတ်

# မျက်မှောက်ဘဝ၌ အသိဉာဏ်အဆုံးရောက်သူ

အခါတစ်ပါး၌ ဗုဒ္ဓသည် ရဟန်းသံဃာများစွာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူလျက်ရှိသည်။

ထိုအခါတွင် ဓဍ္ဍလိကပ္ပရွာ၌ နေထိုင်သော ဓနဉ္ဇာနိ အမည်ရှိ ပုဏ္ဏေးမသည် ဘုရား၊ တရား၊ သံဃာ၌ အလွန် ကြည်ညိုလေးစားသော ဥပါသိကာမတစ်ဦးဖြစ်သည်။ သူမ သည် ချော်လဲသောအခါ၌သော်လည်းကောင်း ချေးဆပ်သော အခါ၌သော်လည်းကောင်း ဗုဒ္ဓရှိရာအရပ်သို့ မျှော်မှန်း လက် အုပ်ချီပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ-ဟု မြွက်ဆိုလေ့ရှိသည်။

ထိုဓဍ္ဍလိကပ္ပရွာ၌ နေရာ သင်္ဂါရဝအမည်ရှိသော ပုဏ္ဏားလုလင်သည် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းတတ်မြောက်၍ ရပ်ရွာ၌ ထင်ရှားသော လုလင်တစ်ဦးဖြစ်သည်။

ထိုသင်္ဂါရဝလုလင်သည် ဂေါတမဗုဒ္ဓကို ရိုသေလေး စားပြီး ဂုဏ်ပြုပြောဆိုနေသော ဓနဉ္ဇာနိပုဏ္ဏေးမကို

“အရှင်မ. . . မိမိတို့ ပုဏ္ဏားများရှိနေပါလျက် ဦးပြည် ကတုံးဖြစ်သော ရဟန်းဂေါတမ၏ဂုဏ်ကို အဘယ့်ကြောင့် ချီး ကျူးပြောဆိုနေဘိသနည်းဟု အပြစ်တင်စကား ပြောကြား သည်။”

"လုလင်. . . သင်သည် ဗုဒ္ဓ၏ သီလ, သမာဓိ, ပညာကို မသိ၍သာလျှင် အပြစ်တင်နေခြင်းဖြစ်သည်။ သင်သည် ဗုဒ္ဓအကြောင်းကို စုံစမ်းလေ့လာသင့်သည်။ ဗုဒ္ဓဂေါတမများ အကယ်၍ ဒီဒေသသို့ ကြွလာသည်ဟု သတင်းကြားက ငါသည် သင့်အား အကြောင်းကြားပြောပါမည်။ ထိုအခါ သင် သွားရောက်၍ စုံစမ်းလေ့လာကြည့်ပါ။

"အရှင်မ. . . ကောင်းပါပြီ။ ဤသို့ဖြစ်က ရဟန်းဂေါတမရောက်လာသောအခါ ကျွန်ုပ်အား ပြောကြားပေးစေလိုပါသည်"

ဟု မှာကြားသည်။

ထို့နောက် မကြာမီပင် ဗုဒ္ဓသည် ဓဠလိကပ္ပရွာသို့ ရောက်လာပြီး တောဒေဃျပုဏ္ဏား၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေထိုင်သည်။

မနုဋ္ဌနိပုဏ္ဏေးမသည် သင်္ဂါရဝလုလင်အား ဗုဒ္ဓဂေါတမ ရောက်လာပြီဖြစ်ကြောင်း အကြောင်းကြား အသိပေးလေသည်။

ထိုအခါ သင်္ဂါရဝပုဏ္ဏားလုလင်သည် ဗုဒ္ဓထံသို့ သွားရောက်ကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီး တစ်နေရာ၌ ထိုင်နေပြီး ဗုဒ္ဓအား-

"အရှင်ဂေါတမ. . . ဤလောက၌ မျက်မှောက်ဘဝမှာပင် အသိဉာဏ်ထူး၏ အပြီးအဆုံးအထွတ်အထိပ်သို့ ရောက်သူ များဖြစ်သည်ဟုဆိုကာ အစဦးဆုံးဖြစ်သော အကျင့်

မြတ်ကို ဝန်ခံသော ရဟန်းပုဏ္ဏားအချို့တို့တွင် အရှင်ဂေါတမ သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း။"

"ဘာရဒွါဇ . . . မျက်မှောက်ဘဝမှာပင် အသိဉာဏ် ထူး၏ အပြီးဆုံးအထွတ်အထိပ်သို့ ရောက်သူများဖြစ်သည် ဟုဆိုကာ အစဦးဆုံးဖြစ်သော အရှင်ကို ဝန်ခံကြသော ရဟန်း ပုဏ္ဏားတို့တွင်လည်း ကွဲလွဲခြားနားမှုရှိနေသေးကြောင်း ငါပြော ဆိုလို၏။

ဘာရဒွါဇ . . . ဗေဒင်သုံးပုံဆောင်ပုဏ္ဏားတို့ကဲ့သို့ တဆင့်ကြားနာမှတ်သားတတ်ကုန်သော ထိုတဆင့်ကြားဖြင့် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတစ်ဘက်သို့ ရောက်လာသူများဟု ဆိုရာ မြတ်သောအကျင့်ကို အစဆုံးတီထွင် သူများဟု ဝန်ခံကြကုန်သော အချို့သောရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏။

ဘာရဒွါဇ . . . ကြံစည်သူ စုံစမ်းသူများကဲ့သို့ သက်သက် ယုံကြည်ကာမျှဖြင့် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံး ကမ်းတစ်ဘက်သို့ ရောက်သူများဟု မြတ်သောအကျင့်ကို အစအဆုံး တီထွင်သူများဟု ဝန်ခံကြသော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏။

ဘာရဒွါဇ . . . ရှေးအခါက မကြားဖူးသေးကုန်သော တရားတို့၌ ကိုယ်တိုင်သာလျှင် တရားသဘောကို ထိုးထွင်း သိ၍ မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတစ်

ဘက်သို့ ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစဆုံး တီထွင်သူများဟု ဝန်ခံကြကုန်သော အချို့သောရဟန်းပုဏ္ဏားတို့သည် ရှိ၏။ ထိုရဟန်း ပုဏ္ဏားတို့တွင် ငါသည် တစ်ပါးအပါ အဝင်ဖြစ်ပါ၏-ဟု ဗုဒ္ဓက မိန့်ကြားပြီးလျှင် မိမိ အရိယာမဂ် မရသေးမီ သစ္စာလေးပါးကို မသိသေးမီ ဘုရားလောင်းမျှသာ ဖြစ်နေစဉ်ဘဝ ထို့နောက် မိဘများငိုကြွေးစဉ်မှာပင် တောထွက် ရဟန်းပြုပုံဘဝ ကာလာမအနွယ်ဖြစ်သော အာဠာရ ရသေ့နှင့် ရာမ၏သား ဥဒကရသေ့ထံ ချဉ်းကပ်၍ တရားအားထုတ်ပုံ ဘဝ ထိုဆရာရသေ့တို့၏ တရားသည် လောကမှ လွတ် မြောက်ပုံတရားမဟုတ်၍ ဥရုဝေဠတော၌ ဒုက္ကရစရိယာ ခြောက် နှစ်ကျင့်ပုံ အစုံစုံဘဝ၊ ထို့နောက် သစ္စာလေးပါးကို ထိုးထွင်း သိပြီး အာသဝေါတရားတို့ကုန်ကာ ဘုရားဖြစ်ပုံ ဘဝတို့ကို အသေးစိတ်ဟောပြောပြတော်မူသည်။

ထိုအခါ သင်္ဂါရဝလုလင်သည် ဗုဒ္ဓအား-

"အရှင်ဂေါတမကား. . . မည်သူမဆိုမျှတသည်နိုင် သော ကျင့်ဝတ်ဖြစ်သော အားထုတ်မှုမျိုးဖြစ်ပေ၏။ သူတော် ကောင်းတို့၏ ကျင့်ဝတ်ဖြစ်သော အားထုတ်မှုမျိုးဖြစ်ပါ၏။ ပုဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရား တို့ကို ကိုယ်တိုင် မှန်စွာသိတတ်သော ပုဒ္ဓအား ဖြစ်မြဲဖြစ်တော် ပေပါတည်း"

ဟု ချီးကျူးစကား လျှောက်ထားလေသည်။

ထိုနောက် သဂါရဝလုလင်က ဗုဒ္ဓအား-

"အရှင်ဂေါတမ- နတ်တို့သည် ရှိပါကုန်သလော"

ဟု ဆက်မေးလေသည်။

"ဘာရဒွါဇ. . . လွန်ကဲမြင့်မြတ်သော နတ်တို့ကို အကြောင်းအားလျော်စွာ သိရ၏။"

"အရှင်ဂေါတမ- နတ်တို့သည် ရှိပါကုန်၏လောဟု မေးပါလျက် လွန်ကဲမြင့်မြတ်သော နတ်တို့ကို အကြောင်းအား လျော်စွာ သိရ၏-ဟု ဆိုဘိ၏။ အရှင်ဂေါတမ. . . ဤသို့ဖြစ်သော် အချည်းနှီး ချွတ်ယွင်းသောစကားဖြစ်သည် မဟုတ်ပါလော"

"ဘာရဒွါဇ. . . နတ်တို့သည် ရှိကုန်၏-ဟု ဖြေသည် ဖြစ်စေ နတ်တို့ရှိခြင်းကို အကြောင်းအားလျော်စွာ သိရသည်ဟု ဖြေသည် ဖြစ်စေ အသိဉာဏ်ရှိသောပုဂ္ဂိုလ်ကား- နတ်တို့သည် ရှိကုန်၏ဟု တစ်ထစ်ချ ဆုံးဖြတ်နိုင်မည်သာဖြစ်ပါ၏။"

"အရှင်ဂေါတမ. . . အစကပင် အဘယ့်ကြောင့် ဤသို့ မပြောကြားပါသနည်း"

"ဘာရဒွါဇ. . . နတ်တို့ရှိခြင်းကို လောက၌ ကျယ်လောင်သောအသံဖြင့် အသိအမှတ်ပြုပြီးဖြစ်ပါ၏။"

"အရှင်ဂေါတမ. . . အရှင်၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ ဥပမာသော်ကား- မှောက်ထားအရာကို လှန်ပြဘိ သကဲ့သို့လည်းကောင်း ဖုံးထားသော အရာကို

ဖွင့်လှစ်ပြဘိသကဲ့ သို့လည်းကောင်း မျက်စိလည်လမ်းမှားသူကို လမ်းမှန်ကို ပြော ကြားသကဲ့သို့လည်းကောင်း မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးကို ထွန်းပြဘိသကဲ့သို့လည်းကောင်း- ဤအတူသာလျှင် အရှင်ဘုရားသည် များစွာသော အကြောင်းဖြင့် တရားကို ဟောပြခဲ့ပါ၏။

အရှင်ဘုရား. . . ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဘုရားသည် ကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုး ကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။ ဟု လျှောက်ပြီး သဂ်ီရဝသည် ဥပါသကာအဖြစ် ခံယူလေသည်။

ဗုဒ္ဓသည် ဗေဒင်သုံးပုံတစ်ဘက်ကမ်းတတ်မြောက်ပြီး ဗုဒ္ဓအား အထင်သေး အမြင်သေးဖြစ်ကာ မေးမြန်းလာသော သဂ်ီရဝပုဏ္ဏားလုလင်အား ဤသို့သော ဓမ္မအမှန်တရားဖြင့် ဖြေရှင်းပေးတော်မူခဲ့ပါသည်။

**မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မဏဝဂ်၊ သဂ်ီရဝသုတ်**

## လူမှုကိစ္စ-လူမှုအသုံးအနှုန်းဖြတ်ပြီးသူဟူသည်

ဗုဒ္ဓဂေါတမသည် ဒေသစာရီလှည့်လည်ရင်း အင်္ဂတိုင်းမြောက်ပိုင်းရှိ အာပဏနိဂုံး၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့ ဆွမ်းကိစ္စပြီးချိန်တွင် တောအုပ်တစ်ခုအတွင်းရှိ သစ်ပင်တစ်ပင်အောက်သို့ ကြွရောက်၍ သီတင်းသုံးနေတော်မူသည်။

ထိုစဉ်တွင် ထိုရွာနိဂုံးမှ ပေါတလိယအမည်ရှိသောသူကြွယ်တစ်ဦးသည် ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက် ဘိနပ်စီး- ထီးဆောင်းပြီး လမ်းလျှောက်ထွက်လာစဉ် ဗုဒ္ဓဂေါတမကို လှမ်းမြင်၍ ဗုဒ္ဓထံပါး အနီးအနားသို့ သွားရောက်သည်။

ဗုဒ္ဓက-"သူကြွယ် ထိုင်လိုသော ဆန္ဒရှိက ထိုင်ပါလော" ဟု ဦးစွာ နှုတ်ဆက်စကားဖြင့် မိန့်ကြားသည်။

ပေါတလိယသူကြွယ်သည် မိမိအား သူကြွယ်ဟူသော ဝေါဟာရဖြင့် ခေါ်ဆိုသည်ကို လုံးဝမနှစ်သက်၊ မမြတ်နိုးမိချေ။ သို့အတွက် စကားတုံ့မပြန်ဘဲ ရပ်လျက် ဆိတ်ဆိတ်သာနေလေသည်။

ဗုဒ္ဓက သုံးကြိမ်တိုင်တိုင် ထိုင်လိုကထိုင်ရန်ပြောဆိုသောအခါ-

"အရှင်ဂေါတမ. . . အရှင်သည် ကျွန်ုပ်အား သူကြွယ်-သူကြွယ်ဟု ခေါ်ခြင်းမှာ မသင့်လျော် မလျောက်ပတ်ပါ" ဟု မကျေမနပ်နှင့် ပြောသည်။

"သူကြွယ်. . . သင်၏ အသွင်အပြင် အမူအရာများမှာ သူကြွယ်ကဲ့သို့ပင်ရှိ၍ ငါက သူကြွယ်ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။"

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် လူမှုကိစ္စများဖြစ်သော အိမ်ထောင်ရေး စီးပွားရေးတို့ကို ခွဲခြမ်းစိတ်ဖြာပေးထားပြီး လူမှုကိစ္စအားလုံးကို စွန့်ပယ်ထားပါသည်။ လူ့အသုံးအနှုန်းမှန်သမျှ ကိုလည်း ဖြတ်တောက်ထားပါသည်။"

"သူကြွယ်. . . သင် လူမှုကိစ္စများအားလုံးကို မည်သို့စွန့်ပယ်ထားပါသနည်း၊ လူအသုံးအနှုန်းမှန်သမျှကိုလည်း မည်သို့ ဖြတ်တောက်ထားပါသနည်း။"

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် ကျွန်ုပ်ပိုင်ဆိုင်သမျှသော စပါး၊ ဆန်၊ ရွှေ၊ ငွေဥစ္စာပစ္စည်းအားလုံးကို သားသမီးတို့အား ခွဲဝေပေးလိုက်ပါသည်။ ထိုပစ္စည်းများ၌ တစ်စုံတစ်ရာမျှ ကျွန်ုပ်ပြောဆို ညွှန်ကြားခြင်းမရှိတော့ပါ။ ကျွန်ုပ်တစ်ယောက်စာ စားသောက်ရုံမျှဖြင့်သာ နေပါသည်။ ဤသို့လျှင် ကျွန်ုပ်သည် လူမှုကိစ္စအားလုံးကို စွန့်ပယ်ထားပါသည်။ လူ့ အသုံးအနှုန်းမှန်သမျှကို ဖြတ်တောက်ထားပါသည်"

"သူကြွယ်. . . သင်၏ အသုံးအနှုန်းကို ဖြတ်တောက်ပုံနှင့် အရိယာတို့၏ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်တောက်ပုံကား တစ်မျိုးစီဖြစ်နေပါ၏"

"အရှင်ဂေါတမ. . . အရိယာတို့၏ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်တောက်ပုံကား အဘယ်သို့ပါနည်း။ ကျွန်ုပ်အား ရှင်းလင်းပြစေလိုပါသည်"

"သူကြွယ်. . . သေချာစွာ နားစိုက်ထောင်ပါလော့- အရိယာသူမြတ်တို့၏ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်တောက်ခြင်းသည် (၈)မျိုးရှိပါသည်။ ယင်းတို့မှာ-

၁။ သူ့အသက်သတ်ခြင်းကို ပယ်ခြင်း

၂။ သူ့ဥစ္စာခိုးယူခြင်းကို ပယ်ခြင်း

၃။ လိမ်ညာပြောဆိုခြင်းကို ပယ်ခြင်း

၄။ ကုန်းချောစကားပြောခြင်းကို ပယ်ခြင်း

၅။ လိုချင်တပ်မက်မှုကို ပယ်ခြင်း

၆။ ကဲ့ရဲ့ ချုပ်ချယ်မှုကို ပယ်ခြင်း

၇။ အမျက်ထွက်ခြင်း၊ လွန်စွာပင်ပန်းခြင်းကို ပယ်ခြင်း

၈။ လွန်စွာ မာန်မူခြင်းကို ပယ်ခြင်းတို့ ဖြစ်ပေသည်။

"သူကြွယ်. . . အကျဉ်းအားဖြင့် ဟောကြား၍ အကျယ်အားဖြင့် ဝေဖန်ရသော ဤတရားရှစ်ပါးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ၌ လူ့အသုံးအနှုန်းဖြတ်ခြင်းငှာ ဖြစ်ကုန်၏။

"မြတ်စွာဘုရား. . . တပည့်တော်အား အစဉ်သနား သောအားဖြင့် ဤတရားရှစ်ပါးတို့ကို အကျယ်ချဲ့ကာ ဝေဖန် ဟော ကြားပေးတော်မူပါဘုရား"

"သူကြွယ်. . . သို့ဖြစ်လျှင် ကောင်းစွာနှလုံးသွင်းပါ လော့ ဟောပြပေအံ့"

"အရှင်ဘုရား. . . ကောင်းပါပြီ"

"သူကြွယ်. . . ဤသာသနာတော်၌ ဘုရားရှင်၏ တပည့်သည် ဤသို့ဆင်ခြင်၏။ ငါသည် အကြင်အနှောင်အဖွဲ့ တို့၏ အကြောင်းကြောင့်-

- အသက်ကို သတ်လေ့ရှိသူဖြစ်ရာ၏။
- မပေးသောဥစ္စာတို့ကို ခိုးယူလေ့ရှိသူဖြစ်ရာ၏။
- မမှန်သောစကားတို့ကို ပြောဆိုလေ့ရှိသူဖြစ်ရာ၏။
- ကုန်းတိုက်စကားကို ဆိုသူဖြစ်ရာ၏။
- တပ်မက်မှု လိုချင်မှုရှိသူဖြစ်ရာ၏။
- ကဲ့ရဲ့ ရှုတ်ချတတ်သောအလေ့ရှိသူ ဖြစ်ရာ၏။
- အမျက်ထွက်သူ ပင်ပန်းလေ့ရှိသူ ဖြစ်ရာ၏။
- လွန်စွာ မာန်မူလေ့ရှိသူဖြစ်ရာ၏။

ငါသည် ထိုအနှောင်အဖွဲ့(သံယောဇဉ်)တို့ကို ပယ်ခြင်း အကြွင်းမဲ့ဖြတ်ခြင်းငှာ ကျင့်ကြံနေ၏။

အကယ်၍ ငါသည်-

အသက်သတ်လေ့ရှိသူ၊ ဥစ္စာခိုးယူသူ၊ မမှန်သော စကားကို ပြောဆိုသူ၊ ကုန်းတိုက်စကားဆိုသူ၊ တပ်မက်မှု

လိုချင်မှုရှိသူ၊ ကဲ့ရဲ့ရှုတ်ချတတ်သူ၊ အမျက်ထွက်သူ ပင်ပန်းလေ့ရှိသူ၊ လွန်စွာ မာန်မူသူဖြစ်အံ့။ ဤအကြောင်းများကြောင့် ငါကိုငါ ကိုယ်တိုင်လည်း စွပ်စွဲရာ၏။ ဤအကြောင်းများကြောင့် ငါ့ကို ပညာရှိသူ တော်ကောင်းတို့ကလည်း ဆင်ခြင်နှိုင်းယှဉ်ကြကုန်ရာ၊ ကဲ့ရဲ့ကုန်ရာ၏။ ဤအကြောင်းများကြောင့် သေသည်မှနောက် မကောင်းသောလားရာ ဧကန်ဖြစ်ရမည်။

ဤ အသက်သတ်ခြင်းစသော တစ်ခုခုသော အကြောင်းကြောင့်ပင်လျှင် အနှောင်အဖွဲ့သံယောဇဉ်ဖြစ်၏။ ပိတ် ပင်တားဆီးမှု နီဝရဏဖြစ်၏။

ဤအသက်သတ်ခြင်း စသည်များကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း၊ ပူပန်ခြင်းတရားတို့သည် အသက်သတ်ခြင်းစသော အကြောင်းများကို ရှောင်ကြဉ်သောသူအား မဖြစ်ပေါ်ကြကုန်။

ထိုအတွက် အသက်သတ်ခြင်း စသော အကြောင်းတို့ကို ပယ်ရမည်။ သူကြွယ် အကျဉ်းအားဖြင့် ဟောကြား၍ အကျယ်အားဖြင့် ဝေဖန်ထားသော ဤတရားရှစ်ပါးတို့သည် ငါဘုရား၏ အဆုံးအမ၌ လူ့အသုံးအနှုန်းပြတ်ခြင်းငှာ ဖြစ်၏။ သို့သော် ထိုမျှလောက်ဖြင့် ငါဘုရား အဆုံးအမ၌ အခါခပ်သိမ်း လုံးဝ အသုံးအနှုန်းပြတ်သည်မဟုတ်သေးပါ။

“အရှင်ဘုရား. . . အဘယ်သို့သော အချင်းအရာအား ဖြင့် မြတ်စွာဘုရား၏ အဆုံးအမ၌ အခါခပ်သိမ်း လုံးဝ

အသုံးအနှုန်း ပြတ်ခြင်းသည် ဖြစ်ပါသနည်း။ အရှင်ဘုရား အပြည့်အစုံ ဟောကြားပေးပါဦးဘုရား"

"သူကြွယ်. . . ကောင်းစွာ နှလုံးသွင်းပါလော့"

"ကောင်းပါပြီဘုရား"

"သူကြွယ်. . . ဥပမာသော်ကား- မွတ်သိပ်ဆာလောင်ပြီး အားနည်း၍နေသော ခွေးသည် နွားတို့သတ်ဖြတ် စဉ်းခုတ်ရာ စဉ်းတီတုန်းအနီး၌ ရှေ့ရှုတည်နေ၏။ ကျွမ်းကျင်သော နွားသတ်သမားနှင့် တပည့်သည် ကောင်းစွာခြစ်ယူထားပြီးသော အသားမရှိသော သွေးသားလိမ်းကျံနေသော အရိုးကို ထိုခွေး၏အနီးသို့ ပစ်ပေးလိုက်၏။"

"သူကြွယ်. . . ထိုစကားကို သင်မည်သို့ ထင်မှတ်သနည်း ထိုအရိုးကိုလျက်သော ခွေးသည် မွတ်သိပ်ဆာလောင်ခြင်း၊ အားနည်းခြင်းကို ပယ်ဖျောက်နိုင်ပါမည်လော"

"အရှင်ဘုရား. . . မပယ်ဖျောက်နိုင်ပါ"

"အဘယ့်ကြောင့်ပါနည်း"

"အရှင်ဘုရား. . . အရိုးသည် ကောင်းစွာခြစ်ယူထားပြီးသော အသားမရှိသော အရိုးဖြစ်နေသောကြောင့် ဖြစ်ပါသည်။"

"သူကြွယ်. . . ဤအတူလျှင် ဘုရားရှင်၏ တပည့်တို့ အနက်- ကာမဂုဏ်တို့သည် အရိုးနှင့် တူကုန်၏။ များစွာသော ဆင်းရဲခြင်းရှိကုန်၏။ များစွာ ပင်ပန်းခြင်းရှိကုန်၏။ ဤကာမ

ဂုဏ်တို့၏ အပြစ်သည် များပြားလှသည်ဟု ဘုရားရှင်က ဟောကြားထားသည်ဟု ဆင်ခြင်၏။"

ထိုသို့ ကာမဂုဏ်ငါးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့်မြင်၍ အထူးထူးသောသဘောရှိသော အထူးထူးသောသဘောကိုမှီသော လျစ်လျူရှုမှုကို ရှောင်ကြဉ်၍ တစ်ခုတည်းသော သဘောရှိသော တစ်ခုတည်းသော သဘောကို မှီးသော အခါခပ်သိမ်း လောကသားများ တပ်မက်စရာ ကာမဂုဏ်ငါးပါးတို့ကို စွဲလမ်းခြင်း(ဆန္ဒရာဂ) အကြွင်းမဲ့ချုပ်ရာဖြစ်သော လျစ်လျူရှုမျိုးသာလျှင် ပွားများ၏။

"သူကြွယ်. . . ဥပမာတစ်နည်းအားဖြင့် လင်းတသည်လည်းကောင်း, ဘုံပတီးငှက်သည်လည်းကောင်း, စွန်ရဲသည်လည်းကောင်း သားတစ်ကိုချီ၍ ပျံသွားရာ၏။ ထိုငှက်ကို အခြားသောလင်းတ၊ ဘုံမတီး၊ စွန်ရဲငှက်တို့က အစဉ်လိုက်၍လိုက်၍ ထိုးဆိတ်ကြကုန်၏။ သားတစ်ကို လွှတ်ချစေကုန်ရာ၏။"

"သူကြွယ်. . . ဤစကားကို အသင် မည်သို့မှတ်ထင်သနည်း- ချီသွားသော ငှက်သည် ထိုသားတစ်ကို လျှင်စွာ မစွန့်လွှတ်ငြားအံ့၊ ထိုငှက်အပေါင်း၏ ထိုးဆိတ်ခြင်းဟူသော အကြောင်းကြောင့် သေခြင်းကိုလည်းကောင်း၊ သေလောက်သောဆင်းရဲသို့သော်လည်းကောင်း ရောက်ရမည်မဟုတ်ပါလော"

"အရှင်ဘုရား. . . မှန်ပါ၏"

"သူကြွယ်. . . ဤအခါသာလျှင် ဘုရားရှင်၏ တပည့်သည်- ကာမဂုဏ်တို့သည် သားတစ်နှင့်တူကုန်၏။ များစွာဆင်းရဲခြင်းရှိကုန်၏။ များစွာ ပင်ပန်းခြင်းရှိကုန်ရာ၏။ ဤကာမဂုဏ်စည်းစိမ်တို့၌ အပြစ်သည် များပြားလှ၏-ဟု ဘုရားရှင်သည် ဟောကြားထား၏"-ဟု ဆင်ခြင်၏။

ဤသို့ ဆင်ခြင်ပြီး အခါခပ်သိမ်း လောကသားတို့ တပ်မက်စရာ ကာမဂုဏ်ငါးပါးကို စွဲလမ်းခြင်း ဆန္ဒရာဂ အကြွင်းမဲ့ချုပ်ရာဖြစ်သော လျစ်လျူရှုမှုမျိုးကိုသာ ပွားများ၏။

"သူကြွယ်. . . ဥပမာတစ်နည်းသော်ကား- ယောက်ျားသည် တောက်လောင်နေသော မြက်မီးရှူးကို ကိုင်ယူ၍ လေညာသို့ သွားလေရာ၏။"

သူကြွယ်. . . ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ အကယ်၍ ထိုယောက်ျားသည် ထိုမီးရှူးကို လျှင်မြန်စွာသာလျှင် မစွန့်လွှတ်ငြားအံ့။ ထိုမီးရှူးသည် ထိုယောက်ျား၏ လက်ကိုလည်းကောင်း၊ လက်ရုံးကိုလည်းကောင်း၊ အင်္ဂါကြီးငယ် တစ်ခုခုကိုသော်လည်းကောင်း လောင်ရာ၏။ ထိုယောက်ျားသည် ထိုမီးလောင်ခြင်းဟူသော အကြောင်းကြောင့် သေခြင်းသို့လည်းကောင်း သေစေလောက်သော ဆင်းရဲသို့လည်းကောင်း ရောက်ရသည်မဟုတ်ပါလော"

"အရှင်ဘုရား. . . မှန်ပါ၏"

"သူကြွယ်. . . ဤအတူသာလျှင် ငါဘုရား၏ တပည့်သားတို့သည်- ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူကုန်၏။

များစွာ ဆင်းရဲခြင်းရှိကုန်၏။ များစွာ ပင်ပန်းခြင်းရှိကုန်၏။ ဤကာမဂုဏ်တို့၏ အပြစ်သည် များပြားလှ၏”
ဟု ဘုရားရှင်က ဟောကြားထား၏ ဆင်ခြင်၏။

ထိုသို့ ဆင်ခြင်ပြီး အခါခပ်သိမ်း လောကသားတို့ တပ်မက်စရာ ကာမဂုဏ်ငါးပါးကို စွဲလမ်းခြင်းဆန္ဒရာဂ- အကြွင်းမဲ့ ချုပ်ရာဖြစ်သော လျစ်လျူရှုမျိုးကိုသာ ပွားများပါ၏။

“သူကြွယ်. . . ဥပမာတနည်းသော်ကား- ကင်းသော မီးတောက်မီးခိုးရှိသော ယောကျ်ားတစ်ရပ် အတိုင်းအရှည်ရှိသော မီးကျီးခဲတို့ဖြင့် ပြည့်သောမီးကျီတွင်းသည် ရှိရာ၏။ ထိုအခါ အသက်ရှည်လို၊ မသေလို၊ ချမ်းသာခြင်းကို အလိုရှိသော၊ ဆင်းရဲမှုကို စက်ဆုပ်သော ယောကျ်ားတစ်ယောက်သည် ရောက်လာ၏။ ထိုယောကျ်ားကို အားရှိကုန်သော ယောကျ်ားနှစ်ယောက်က လက်ရုံးကို အသီးသီးကိုင်ပြီး မီးကျီးတွင်းသို့ ဆွဲငင်ကုန်ရာ၏။”

“သူကြွယ်. . . ထိုစကားကို သင်မည်သို့ ထင်ပါသနည်း အကျဉ်းအားဖြင့် ထိုယောကျ်ားသည် ထိုသို့ ဤသို့ ကိုယ်ကို ရုန်းကန်ရာသည် မဟုတ်ပါလော”

“အရှင်ဘုရား. . . မှန်ပါ၏”

“အဘယ့်ကြောင့်ပါနည်း”

“အရှင်ဘုရား. . . ထိုယောကျ်ားသည် ငါသည် မီးကျီးတွင်းသို့ ကျအံ့၊ ထိုသို့ ကျရောက်ခြင်းကြောင့် သေခြင်းသော်

လည်းကောင်း၊ သေစေလောက်သော ဆင်းရဲခြင်းသို့လည်း ကောင်း ရောက်လေရာ၏-ဟု သိသောကြောင့်ပါတည်း”

“သူကြွယ်. . . ဤအတူသာလျှင် ငါဘုရား၏ တပည့် သားသည်- ဤကာမဂုဏ်တရားတို့သည် မီးကျီးတွင်းနှင့် တူကုန်၏။ များစွာ ဆင်းရဲခြင်းရှိကုန်၏။ များစွာ ပင်ပန်းခြင်းရှိ ကုန်၏။ ဤကာမဂုဏ်ငါးပါးအပြစ်တို့သည် များပြားလှ၏ဟု ဘုရားရှင်က ဟောကြားထားပါ၏ဟု ဆင်ခြင်၏။”

ထိုသို့ ဆင်ခြင်ပြီးသောအခါ လောကလူသားတို့ တပ်မက်စရာ ကာမဂုဏ်ငါးပါးတို့ကို စွဲလမ်းခြင်း(ဆန္ဒရာဂ) အကြွင်းမဲ့ ချုပ်ရာဖြစ်သော လျစ်လျူရှုမှုကိုသာ ပွားများ၏။

“သူကြွယ်. . . ဥပမာတစ်နည်းသော်ကား- ယောကျ်ား သည် မွေ့လျော်ဖွယ်သောအရာ တောအုပ်၊ မြေအပြင်၊ ရေကန်ကို အိပ်မက်မြင်မက်ရာ၏။ ထိုယောကျ်ားသည် နိုး သည်ရှိသော် တစ်စုံတစ်ခုကိုမျှ မမြင်တွေ့ရသကဲ့သို့ ဤအတူ သာလျှင် ငါဘုရား၏ တပည့်သားသည်- ကာမဂုဏ်တရား တို့သည် အိပ်မက်နှင့် တူကုန်၏။ မျးစွာဆင်းရဲခြင်းရှိကုန်၏။ များစွာ ပင်ပန်းခြင်းရှိကုန်၏။ ဤကာမဂုဏ်တရားတို့၏ အပြစ် သည် များလှ၏ဟု ဘုရားရှင်ဟောကြားထား၏-ဟု ဆင်ခြင်၏”

ထိုသို့ ဆင်ခြင်ပြီးသောအခါ လောကလူသားတို့ တပ်မက် စရာ ကာမဂုဏ်ငါးပါးတို့ကို စွဲလမ်းခြင်း(ဆန္ဒရာဂ) အကြွင်းမဲ့ ချုပ်ရာဖြစ်သော လျှစ်လျူရှုမှုကိုသာ ပွားများ၏။

သူကြွယ်. . . ဥပမာတစ်နည်းသော်ကား- ယောက်ျား သည် ငှားရမ်းထားသော ဥစ္စာဖြစ်သော- ယာဉ်၊ ပတ္တမြား နားတောင်းတို့ကို ဝတ်ဆင်လျက် ရှေ့သို့သွားရာ၏။ ထို ယောက်ျားကို လူအပေါင်းတို့ကမြင်၍-

"အရှင်တို့. . . ဤယောက်ျားသည် ဥစ္စာရှိလေစွ တကား ဥစ္စာရှိသူတို့သည် ဤသို့ပင်ခံစားကြကုန်၏"

ဟု ပြောဆိုရာ၏။

"ထိုယောက်ျားကို ဥစ္စာရှင်တို့သည် တွေ့လေရာရာ အရပ်၌သာလျှင် မိမိပိုင်ဥစ္စာတို့ကို ယူကုန်ရာ၏။"

"သူကြွယ်. . . ထိုစကားကို သင်အဘယ်သို့ ထင်မှတ် ပါသနည်း။ ထိုယောက်ျားအား တစ်မျိုးတစ်ဖုံ ဖြစ်နိုင်ပါမည် လော။"

"အရှင်ဘုရား. . . ဖြစ်နိုင်ပါ၏။"

"အဘယ့်ကြောင့်နည်း။"

"အရှင်ဘုရား. . . ဥစ္စာရှင်တို့သည် မိမိပိုင်ဥစ္စာကို ယူ သောကြောင့်ဖြစ်ပါ၏။"

"သူကြွယ်- ဤအတူသာလျှင် ငါဘုရား၏ တပည့် သားတို့သည် ကာမဂုဏ်တရားတို့သည် ခေတ္တခဏ ငှားရမ်း ထားသော စည်းစိမ်ဥစ္စာနှင့် တူကုန်၏။ များစွာ ဆင်းရဲခြင်းရှိ ကုန်၏။ များစွာ ပင်ပန်းခြင်းရှိကုန်၏။ ဤကာမဂုဏ်တရားတို့ ၌ အပြစ်သည် များလှ၏-ဟု ဘုရားရှင်က ဟောကြားထား တော်မူ၏ဟု ဆင်ခြင်၏။"

ထိုသို့ ဆင်ခြင်ပြီးသောအခါ လောကလူသားတို့ တပ်မက်စရာ ကာမဂုဏ်ငါးပါးတို့ စွဲလမ်းခြင်း(ဆန္ဒရာဂ) အကြွင်းမဲ့ချုပ်ရာဖြစ်သော လျစ်လျူရှုမှုကိုသာ ပွားများ၏။

"သူကြွယ်. . . ဥပမာတစ်နည်းသော်ကား- ရွာနိဂုံးမနီး မဝေး၌ ထူထပ်သော တောအုပ်၌ ချိုမြိန်ကောင်းသော အသီး များစွာရှိသော သစ်ပင်တစ်ပင်ရှိ၏။ မြေ၌ ကြွေကျသော အသီးမရှိ။ ထိုအခါ အသီးကိုအလိုရှိသော ယောကျ်ားတစ်ယောက်သည် ထိုတောအုပ်သို့ ရောက်လာပြီး ထိုသစ်ပင်ကို မြင်သော် မိမိလည်း သစ်ပင်တက်နိုင်သဖြင့် သစ်ပင်ပေါ်သို့ တက်ကာ အလိုရှိသလို စား၏။ ခါးပိုက်ထဲ၌လည်း ထည့်၏။

ထို့နောက် တစ်ယောက်သောသူသည် ဓားနှင့်ရောက်လာသည်။ ထိုသစ်ပင် သစ်သီးများကို မြင်သည်။ သူသည် သစ်ပင်ပေါ်သို့ မတက်နိုင်၍ ဓားနှင့် သစ်ပင်ကိုခုတ်လှဲပြီး အသီးကိုယူရန် ဆုံးဖြတ်ပြီး သစ်ပင်ကို ခုတ်လှဲ၏။

"သူကြွယ်. . . ထိုစကားကို သင်မည်သို့ ထင်ပါသနည်း။ သစ်ပင်ပေါ်ရှိ ယောကျ်ားသည် အကယ်၍ လျှင်မြန်စွာ မဆင်းခဲ့သော် ထိုသစ်ပင်လဲကျပါက ထိုယောကျ်ား၏ လက်၊ ခြေ၊ အင်္ဂါကြီးငယ်တစ်ခုခုသည် ကျိုးပဲ့ပျက်စီးရာ၏။ သေခြင်းသို့လည်း ရောက်ရာ၏။ သေလောက်သော ဆင်းရဲခြင်းသို့လည်း ရောက်ရာသည် မဟုတ်ပါလော။"

**"အရှင်ဘုရား. . . မှန်ပါ၏။"**

"သူကြွယ် . . . ဤအတူသာလျှင် ငါဘုရား၏ တပည့်သားသည် ကာမဂုဏ်တို့သည် ချိုမြိန်ကောင်းမြတ်သော အသီးရှိသော သစ်ပင်နှင့် တူကုန်၏။ များစွာ ဆင်းရဲခြင်းရှိကုန်၏။ များစွာ ပင်ပန်းခြင်းရှိကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်သည် များလှ၏ဟု ဘုရားရှင်က ဟောကြားထား၏ဟု ဆင်ခြင်၏။"

ဤသို့ ဆင်ခြင်ပြီးသောအခါ လောကလူသားတို့ တပ်မက်စရာ ကာမဂုဏ်ငါးပါးတို့ကို စွဲလမ်းခြင်း(ဆန္ဒရာဂ) အကြွင်းမဲ့ချုပ်ရာဖြစ်သော လျစ်လျူရှုမှုကိုသာ ပွားများ၏။

သူကြွယ် . . . ငါဘုရား၏ တပည့်သားသည် ဤအတူမဲ့သော လျစ်လျူရှုမှုကြောင့်ဖြစ်သော သတိ၏စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ များပြားသော ရှေးကနေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သည်။ ရှေးကနေခဲ့သော ဘဝအစဉ်ကို တစ် ဘဝ နှစ်ဘဝမှအစ ဘဝများစွာ ခန္ဓာအစဉ်ကကို အောက်မေ့နိုင်၏။ စင်ကြယ်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သတ္တဝါအပေါင်းကို မြင်၏။ စုတေဆဲသတ္တဝါကိုလည်းကောင်း ပဋိသန္ဓေနေဆဲသတ္တဝါကိုလည်းကောင်း၊ ယုတ်သောသတ္တဝါ၊ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကောင်းသောလားရာရှိသောသတ္တဝါ၊ မကောင်းသောလားရာရှိသော သတ္တဝါ မိမိတို့ကံအားလျော်စွာရောက်သော သတ္တဝါတို့ကို သိမြင်၏။

ဘုရားရှင်၏ တပည့်သားသည် ဤအတုမဲ့သော ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရားမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ပညာကို ယခုဘဝ၌ပင်လျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုလျက် ပြည့်စုံစေ၏။

သူကြွယ်. . . ဤသို့အပ်ပြီးသော အတိုင်းအရှည် ဖြင့်သာလျှင် မြတ်စွာဘုရား၏ အဆုံးအမ၌ အခါခပ်သိမ်းလုံး၀ အသုံး အနှုန်းပြတ်ခြင်းသည် ဖြစ်စေပါ၏။

"သူကြွယ်. . . ယခု ငါဘုရားဟောကြားသော အသုံး အနှုန်းပြတ်မှုမျိုးဖြစ်ပုံနည်းလမ်းအားဖြင့် အသုံးအနှုန်းပြတ်ပုံကို သင်၏ သန္တာန်၌ တွေ့မြင်ပါ၏လော။"

"အရှင်ဘုရား. . . တပည့်တော်သည် ဘယ်လိုအမျိုး အစားဖြစ်ပါသနည်း။ အရှင်ဘုရား၏ အဆုံးအမတော်၌ အခါခပ်သိမ်း လုံး၀အသုံးအနှုန်းပြတ်မှုသည် ဘယ်လိုအစား ဖြစ်ပါမည်နည်း- အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရား ၏ အဆုံးအမတော်၌ အခါခပ်သိမ်း လုံး၀အသုံးအနှုန်း ပြတ်ခြင်းမှ ဝေးကွာလှပါ၏။"

"အရှင်ဘုရား. . . တပည့်တော်တို့သည် ရှေးအခါက အယူတက်မျိုးရှိကုန်သော ပရိဗိုဇ်တို့ကို မသိသူများဖြစ်ကြကုန် လျက် သိသူများဟု အောက်မေ့ခဲ့ကြပါ၏။ မသိသူများဖြစ်

လျက် သိသူဟု ထင်မှတ်ကာ ကျေးမွေးထိုက်သော ဘောဇဉ်တို့ကို ကျွေးမွေးမိခဲ့ကြပါကုန်၏။ သိသူများအရာ၌ ထားခဲ့မိကြကုန်၏"

"အရှင်ဘုရား . . . ယခုအခါ၌ တပည့်တော်တို့သည် အယူတစ်မျိုးရှိကုန်သော ပရိဗိုဇ်တို့ကို မသိသူများသာ ဖြစ်ကုန်၍ မသိသူများဟု သိရပါကုန်တော့အံ့၊ မသိသူများသာဖြစ်၍ မသိသူများအား ကျွေးမွေးထိုက်သော ဘောဇဉ်ကိုသာ ကျွေးမွေးပါအံ့၊ မသိသူများသာဖြစ်၍ မသိသူများအရာ၌သာ လျှင် ထားပါကုန်တော့အံ့။"

"အရှင်ဘုရား . . . တပည့်တော်သည် ရဟန်းတို့ကို သိသူ များဖြစ်ကုန်၍ သိသူများဟု သိကြရပါကုန်တော့အံ့။ သိသူများအား ကျွေးမွေးထိုက်သော ဘောဇဉ်ကိုသာ ကျွေးမွေးပါအံ့။ သိသူများအရာ၌ ထားကြပါကုန်အံ့။"

"အရှင်ဘုရား . . . အရှင်ဘုရားသည် ကျွန်ုပ်ကို ရဟန်းတို့၌ ရဟန်းဟု ချစ်ခြင်း ကြည်ညိုခြင်း ရှိသေခြင်းကို သိစေ တော်မူပါပေ၏။"

"အရှင်ဘုရား . . . အရှင်ဘုရား၏ တရားသည် အလွန်နှစ် သက်ဖွယ်ရှိပါ၏။ ဥပမာသော်ကား- မှောက်ထားသော စက္ကူကို လှန်ပြဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသောအရာကို ဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည်လမ်းမှားသူကို လမ်းမှန်ကို ပြသကဲ့သို့လည်းကောင်း မျက်စိရှိ

သောသူတို့သည် အဆင်းတို့ကို ပြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်တို့ကို ထွန်းပြသကဲ့သို့လည်းကောင်း အရှင်ဘုရားသည် အကြောင်းအမျိုးမျိုးတို့၏ တရားတော်ကို ပြပါ၏။"

ကျွန်ုပ်တို့သည် အရှင်ဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ယနေ့မှ ကျွန်ုပ်ကို အရှင်ဘုရားတို့သည် အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော"

ဟုလျှောက်ထားပြီး ပေါတလိယသည် မိမိ၏ စွပ်စွဲချက်နှင့် အမှားကို ဝန်ခံကာ ဥပါသကာခံယူသွားလေသည်။

မဇ္ဈိမပဏ္ဏာသ ဂဟပတိဝဂ်၊ ပေါတလိယသုတ်

# သင်ရှုပ်နေသမျှကို သင်စေခိုင်းနိုင်သလား

ဗုဒ္ဓဂေါတမသည် ဝေသာလီပြည် ကူဋာဂါရကျောင်း တိုက်၌ သီတင်းသုံးနေဆဲအချိန်ဖြစ်သည်။

ဝေသာလီပြည်၌ နိဂဏ္ဌာတက္ကတွန်း၏သား သစ္စကပရိ ဗိုဇ်သည် မိမိ ဖခင်မိခင်များ ကွယ်လွန်၍ အမလေးယောက် ဝါဒပြိုင်ရန် ထွက်သွားသောအချိန်မှစ၍ ဝေသာလီမင်းညီမင်း သားများကို အတတ်ပညာသင်ပေးနေသော မင်းဆရာအဖြစ် နေထိုင်သည်။

သူသည်လည်း အဖထံမှ ဝါဒငါးရာ အမိထံမှ ဝါဒ ငါးရာ၊ ဝါဒတစ်ထောင်အပြင် အခြားထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များ၏ ဝါဒများစွာကို လေ့လာသင်ကြားထားသဖြင့် ဝါဒ တုဘက်ပြိုင်ကင်းသော ပညာရှင်တစ်ယောက်အဖြစ် ထင်ရှား ကျော်ကြားနေသောအချိန် ဖြစ်သည်။

သူ၏ ပညာများ သူ့ဗိုက်ထဲက ပေါက်ကွဲထွက်သွား မည်ကို စိုးရိမ်သဖြင့် ဗိုက်ကို ခါးပတ်ဖြင့် ပတ်ထားရသည်ဟု မိမိကိုယ်ကိုမိမိ ဝင့်ကြွားဆိုနေသူဖြစ်သည်။

သူသည် ဝေသာလီပရိသတ်၌-

"ဝါဒလမ်းစဉ်ဖြင့် ငါက အပြစ်တင်ဆိုမည်ဆိုလျှင် မတုန်မလှုပ် မယိမ်းမယိုင်မည့် လက်ကတီးကြား(ချိုင်းကြား)

တို့မှ ချွေးမထွက်မည့် ရဟန်းအပေါင်းရှိသူ, ဂိုဏ်းရှိသူ, ဂိုဏ်းဆရာဖြစ်သူ၊ သာမညာပြဟ္မဏာဟု ဝန်ခံသူတို့ကိုလည်းကောင်း၊ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဟု ဝန်ခံသူတို့ကိုလည်းကောင်း ငါဘဝတစ်လျှောက် မတွေ့မမြင်ဘူးသေးချေ။

စိတ်စေတနာမရှိသော သစ်တုံးတိုင်းသော်မှ ငါက ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်မည်ဆိုလျှင် ထိုတုံးတိုင်းသော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေရာ၏။ သက်ရှိသူမှာ အဘယ်သို့ဆိုဖွယ် ရာရှိပါအံ့နည်း”

ဟုကြုံးဝါးထားသူ ဟစ်ဦးလည်းဖြစ်သည်။

သစ္စကသည် သူ၏ အစ်မများ ဝါဒပြိုင်ပွဲရှုံးပြီး ဗုဒ္ဓဂေါတမ၏ တပည့်များဖြစ်သွားသောအချိန်မှစ၍ ဗုဒ္ဓဂေါတမကို မကြေနပ်နေသူ၊ ဗုဒ္ဓဂေါတမနှင့်မိမိ ဝါဒပြိုင်နေချင်သူဖြစ်သည်။

ဗုဒ္ဓဂေါတမ ဝေသာလီသို့ရောက်လာသည်ဟူ၍ သတင်းစကား ကြားရသောအခါ ဝါဒပြိုင်လိုသောစိတ်များ တဖွားဖွားဖြစ်ပေါ်နေသည်။

“ငါသည် ရဟန်းဂေါတမ၏ အယူဝါဒကို အပြစ်တင်ဆိုမည်”

ဟု ကြံစည်နေသည်။

တစ်နေ့သောနံနက်တွင် အညောင်းပြေ လမ်းလျှောက်ထွက်လာခဲ့သော သစ္စကပရိဗိုဇ်သည် ဝေသာလီပြည်ထဲသို့ ဆွမ်းခံဝင်လာသော ဗုဒ္ဓဂေါတမ၏တပည့် ပဉ္စဝဂ္ဂီတွင် တစ်ပါး

အပါအဝင်ဖြစ်သော အရှင်အဿဇိမထေရ်ကို လှမ်းမြင်ရသည်။

"ငါသည်ကား ရဟန်းဂေါတမ၏ အယူဝါဒအပေါ်ဝယ် အပြစ်တင်ဆိုမည်ဟု ကြံစည်ကာနေသူတစ်ယောက်ဖြစ်သည်။ သို့သော် ငါသည် ထိုရဟန်းဂေါတမ၏ အယူဝါဒကို ငါမသိရသေးဟု စဉ်းစားမိကာ အပြစ်တင်ဆိုမှု မပြုခဲ့သေးချေ။

သူတစ်ပါး၏ အယူဝါဒကို မိမိကိုယ်တိုင် သိရှိပြီးမှတင်အပ်သောအပြစ်သည်သာ ကောင်းစွာတင်အပ်သောအပြစ် ဖြစ်နိုင်ချေသည်။ ငါမြင်ရသော ဤသူသည်ကား ရဟန်းဂေါတမ၏ တပည့်ဖြစ်သူ အဿဇိမထေရ်ဟု ထင်ရှားသူဖြစ်သည့်ပြင်မိမိ၏ဆရာ ရဟန်းဂေါတမ၏ အယူဝါဒလမ်းစဉ်၌ လိမ္မာသူတစ်ယောက်ဖြစ်လေသည်။ ငါသည် ဤအဿဇိမထေရ်ကို မေးမြန်း၍ သူတို့၏ အယူဝါဒစကားကို ခိုင်မြဲစွာတည်စေပြီးမှ ရဟန်းဂေါတမ၏အပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်စကားပြောကြားအံ့"

ဟု တွေးတောကြံစည်ကာ အဿဇိမထေရ်ကြွလာရာသို့ ရှေးရှုသွားသည်။

အနီးသို့ရောက်သော် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားပြီးလျှင် သင့်တင့်သောအရပ်၌ ရပ်တည်လျက် "အို- အဿဇိ- ရဟန်းဂေါတမသည် တပည့်သာဝကအပေါ်

၌ အဘယ်ကဲ့သို့ ဆိုးမပါသနည်း။ အဘယ်သို့ အစိတ်အပိုင်းရှိသော ညွှန်ကြားဆိုးမချက်စသည်များစွာ ဖြစ်ပါသနည်း”
ဟု မေးသည်။

“အဂ္ဂိဝေဿနအနွယ်ဖြစ်သော သစ္စကပရိဗိုဇ်- ငါတို့၏ ဆရာဗုဒ္ဓသည် တပည့်သာဝကတို့ကို- ရဟန်းတို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ငါးပါးတို့သည် အမြဲမရှိကုန်။ အတ္တမဟုတ်ကုန် အလုံးစုံသော ပြုပြင်မှုတို့သည် အမြဲမရှိကုန်။ အတ္တမဟုတ်ကုန်--ဟူ၍ ဆိုဆုံးမပါသည်။ ဤသို့ညွှန်ကြားလမ်းညွှန်ပါသည်”
ဟု ရှင်အဿဇိကဖြေသည်။

ဤ၌ ရှင်အဿဇိသည် သစ္စကပရိဗိုဇ်အား မမြဲ(အနိစ္စ) နှင့် အစိုးမရ(အနတ္တ)အချက်နှစ်ချက်ကိုသာ ဖြေဆိုသည်။ ဆင်းရဲ (ဒုက္ခ)ကို ဖြေတော်မမူပါ။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခြောက်ပါးတို့သည် ဆင်းရဲ(ဒုက္ခ)ဟူ၍ ဗုဒ္ဓကဟောကြားကြောင်း မိန့်ကြားခဲ့လျှင် သစ္စကအတွက် စွပ်စွဲရာ ရသွားမည်ဖြစ်ပါသည်။

မဂ်ဖိုလ်တို့သည်လည်း သင်္ခါရဒုက္ခအနေအားဖြင့် ဒုက္ခဟူ၍လာသော အရာတို့သည်လည်း ရှိကုန်၏။ ဤသစ္စကပရိဗိုဇ်သည်လည်း ဒုက္ခအချက်ကိုပါ ထည့်သွင်းဖြေကြားခဲ့လျှင် အရှင်အဿဇိမထေရ်ကို “အိုအဿဇိ သင်တို့သည် အဘယ်အကျိုးငှာ ရဟန်းပြုကြကုန်သနည်းဟု မေးရာ၏။

ထိုအခါ အသဃဇိမထေရ်က- မင်္ဂဖိုလ်အလို့ငှာ ရဟန်းပြုကြကုန်၏ဟု ပြောကြားဆိုခဲ့သော်-

"အို အသဃဇိ . . သင်တို့၏ ဤသာသနာ သံသရာဝဋ်မှ ကျွတ်လွတ်စေတတ်သော သာသနာမဟုတ်။ စင်စစ်သော်ကား သင်တို့၏ သာသနာဆိုသောအရာသည် သတ်ဖြတ်နှိပ်စက်ရာဌာနသာ ဖြစ်ချေ၏။ သင်တို့၏ သာသနာဆိုသောအရာသည် ဥဿာဒငရဲမျိုးသာ ဖြစ်ချေ၏။ သို့ဖြစ်ရကား သင်တို့၏ စိတ်သန္တန်ဝယ် သုခကို လိုလားတောင့်တမှုမည်သည် မရှိတော့ပါချေ။ သင်တို့သည် ထကြွလုံ့လကြောင့်ကြစိုက်ထုတ်ကြကာ ဒုက္ခကိုသာ ခံစားကုန်လျက် လှည့်လည်ကြကုန်ပါတကား"

ဟု အပြစ်တင်စကား ပြောကြားလေရာ၏။

ထို့ကြောင့် ဗုဒ္ဓသာသနာပြင်ပ အယူဝါဒရှိသူ ဤသစ္စကပရိဗိုဇ်အား အရိယာယကထာစကားကို ဟောကြားခြင်းငှာ မသင့်ချေ။ သူအား အပြစ်တင်စကားပြောကြားရန်အတွက် ဆောက်တည်ရာမရနိုင်အောင် မုချဖြစ်သောတရားစကားကိုသာ ဟောကြားပေအံ့ဟု ကြံတောမူ၍ ရုပ်သည်မြဲဟု အတ္တမဟုတ်ဟူ၍ ဖြေကြားပေးတော်မူခြင်းဖြစ်ပါသည်။

"အို-အသဃဇိ . . ကြားဖို့ရန် မသင့်လျော်သောစကားကို ကြားရကုန်ပြီတကား ငါတို့သည် ရဟန်းဂေါတမကို

ဤသို့ ဟောပြောလေ့ရှိသည်ကို ကြားရကုန်၏။ ငါတို့သည် တစ်ချိန်ချိန်၌ ထိုအရှင်ဂေါတမနှင့် တွေ့ဆုံတန်ရာ၏။ တစ်စုံတစ်ရာသော အပြန်အလှန် ပြောဆိုခြင်းသည် ဖြစ်ကောင်းဖြစ်တန်ရာ၏။ ထိုသို့ တွေ့ဆုံပြောဆိုကြသောအခါမှာ ထိုယုတ်ညံ့သော မိစ္ဆာအယူမှ တိတ်ဆိတ်စေနိုင်ကောင်းတန်ရာ၏ဟူ၍ တင်ဖွိုးစကား ပြောကြားပြီး ရှင်အဿဇိထံမှ ထွက်ခွာသွားခဲ့သည်။

ထိုအချိန်ဝယ် လိစ္ဆဝီမင်းတို့သည် ဆွေးနွေးတိုင်ပင်ရာလွှတ်တော်ရုံး၌ ကိစ္စတစ်ခုဖြင့် စည်းဝေးနေကြချိန်ဖြစ်သည်။

သစ္စကပရိဗိုဇ်သည် ထိုလိစ္ဆဝီမင်းတို့၏ လွှတ်တော်ရုံးဘက်သို့ ထွက်လာခဲ့သည်။

"ငါကား ရှေးအခါက ရဟန်းဂေါတမ၏ အယူဝါဒကို မသိသေးသည့်အတွက် ရဟန်းဂေါတမ၏အပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်စကားမပြောကြားခဲ့သေးချေ။ ယခုမူ သူ၏မဟာသာဝကကြီးဖြစ်သူ ရှင်အဿဇိရဟန်းက ပြောကြားအပ်သည့်အတွက် သူ၏အယူအဆဝါဒကို ကောင်းစွာသိရလေပြီ။ ငါ၏ တပည့်များဖြစ်ကြသော ဤလိစ္ဆဝီမင်းငါးရာတို့သည်လည်း လွှတ်တော်ရုံး၌ စည်းဝေးနေကြကုန်ပြီ။ ငါ၏တပည့်ဝိစ္ဆလီမင်းငါးရာတို့နှင့်တကွ သွားရောက်၍ ရဟန်းဂေါတမ၏အပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်စကား ပြောကြားပေအံ့"

ဟူ၍ ကြုံစည်ကာ လိစ္ဆဝီမင်းတို့၏ ရုံးပေါ်သို့ တက်ရောက်သွားပြီးလျှင်

“အို- လိစ္ဆဝီမင်းတို့ . . . ထွက်ကြကုန်လော့-ယနေ့ ရဟန်းဂေါတမနှင့်ငါ၏ ဝါဒစကားအချေအတင် ပြောကြားခြင်းပွဲကြီးပွဲကောင်းဖြစ်လိမ့်မည်။ ထင်ရှားသော ပဉ္စဝဂ္ဂီရဟန်း (၅)ဦးအနက် တစ်ပါးအပါအဝင်ဖြစ်သော ရဟန်းဂေါတမ၏ တပည့် အဿဇိရဟန်းက ငါ့အား ရုပ်စသည်မမြဲ အစိုးမရဟု ဝန်ခံသည့်အတိုင်း ရဟန်းဂေါတမက ငါ့အား မမြဲအစိုးမရ ဝန်ခံခဲ့လျှင် အားကောင်းသော ယောကျ်ားသည် အမွေးရှိသော သိုးကို အမွေးကဆွဲကိုင်၍ ငင်လည်ငင် တွန်းလဲတွန်းသကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို၍ ငင်လည်းငင်အံ့ တွန်လည်းတွန်ပေအံ့။ ငင်လိုက်တွန်လိုက်လည်း ပြုလုပ်ပေအံ့။”

အရက်ဆိုင်၌ အလုပ်လုပ်သော အားကောင်းသော အလုပ်သမားသည် အရက်ဆိုင်၌ ခင်းထားအပ်သော ဖျာကြမ်းချပ်ကြီးကို နက်စွာသောရေအိုင်၌ ပစ်ချကာ အနားစွန်းက ဆွဲကိုင်၍ ငင်လည်းငင် တွန်းလည်းတွန်းသကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်ကို တင်လို၍ မှောက်လည်းခါပေအံ့။ လှန်၍လည်းခါပေအံ့။ အကြိမ်ကြိမ် လှုပ်ခါပေအံ့။

အနှစ်ခြောက်ဆယ်ရှိ၍ အားအင်ဆုတ်ယုတ်လေ့ ရှိသော ဆင်ပြောင်ကြီးသည် နက်စွာသောရေကန်အတွင်းသို့ သက်ဆင်း၍ ပိုက်ဆံချည်မျှင် ဖွပ်လျှော်သည်နှင့်တူသော ကစားခြင်းမျိုးကို ကစားသကဲ့သို့ ဤအတူပင် ငါသည် ရဟန်း ဂေါတမကို ပိုက်ဆံချည်မျှင်ဖွပ်လျှော်သည်နှင့်တူသော ကစား ခြင်းမျိုးကို ကစားအံ့။

ဤဆင်ပြောင်ကစားနည်းမှာ လူများသည် ပိုက်ဆံ ချည်မျှင်ပြုလုပ်၍ ပိုက်ဆံပင်ရိုးတံတို့ကို အဆုပ်အဆုပ် အစည်းဖွဲ့ပြီးလျှင် ရေ၌စိမ်၍ထားလေ့ရှိပြီး သုံးလေးရက် ရှိသောအခါ ထိုပိုက် ဆံပင်ရိုးတို့ ကောင်းစွာ ရေနူးကုန်သည်။

ထိုအခါ လူများသည် ယာဂုချဉ်သေရည်အရက် စသော စားသောက်ဖွယ်တို့ကို ယူဆောင်သွားကြပြီး ထိုပိုက် ဆံချည်အစည်းတို့ကို လက်ျာဘက်, လက်ဝဲဘက်, ရှေ့တည့်တည့် သုံးနေရာတို့ကို အသင့်ထားရှိသော ပျဉ်ချပ်ပေါ်၌ ပြောင်းကာ လှည့်ကာ ရိုက်နှက်ပုတ်ခတ်ကြသည်။ မောလျှင် ခဏနားပြီး ယာဂုချဉ်သေရည်အရက်ကို တပျော်တပါး စားသောက်ကြ မြူးတူးကြသည်။

မင်း၏ ဆင်ပြောင်ကြီးသည် ထိုကစားမှုကိုမြင်၍ အားကျအတုယူပြီး ရေနက်ထဲသို့ဆင်းသွားပြီး နှာမောင်းဖြင့် ရေကိုယူ၍ ဦးကင်း၌တစ်ကြိမ် ကျောက်ကုန်း၌တစ်ကြိမ် နံပါးနှစ်ဖက်တို့၌ တစ်ကြိမ် ပေါင်ကြား၌တစ်ကြိမ်ပြောင်းကာ လှည့်ကာ ပတ်ဖျန်း၍ ကစားလေ့ရှိသည်။

ထိုသည်ကို အစွဲပြု၍ ထိုကဲ့သို့သော ကစားခြင်းမျိုးကို သစ္စကပရိဗိုဇ်က ရည်ရွယ်၍ ဆိုလိုခြင်းဖြစ်ပါသည်။

သစ္စကပရိဗိုဇ်က ဤကဲ့သို့ ကြုံးဝါးစကားပြောကြားပြီး လိစ္ဆဝီမင်းသားတို့ကို ခေါ်သောအခါ အချို့ပညာနည်းသူ လိစ္ဆဝီမင်းသားတို့က-

“ရဟန်းဂေါတမသည် သစ္စကပရိဗုဇ်အပေါ်၌ ဝါဒနှင့် စပ်၍ အဘယ်မှာအပြစ်တင်နိုင်ပါလိမ့်မလဲ။ သစ္စကပရိဗိုဇ်သာ ရဟန်းဂေါတမအပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်တင်နိုင်ပေလိမ့်မည်” ဟူ၍ ပြောဆိုသုံးသပ်ကြသည်။

အချို့သော ပညာဉာဏ်အဆင်ခြင်ရှိသော လိစ္ဆဝီမင်း တို့ကမူ-

“သစ္စကပရိဗိုဇ်သည် ဘယ်လိုလူသားဖြစ်၍ ဗုဒ္ဓ၏ အပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်ကို ဆင်ဆိုနိုင်ချိမ့်မည်နည်း။ စင်စစ်သော် ဗုဒ္ဓကသာလျှင် သစ္စကပရိဗိုဇ်အပေါ်၌ ဝါဒနှင့် စပ်၍ အပြစ်ကို တင်ဆိုနိုင်တော်မူနိုင်လိမ့်မည်” ဟူ၍ ပြောဆိုသုံးသပ်ကြသည်။

သစ္စကပရိဗိုဇ်သည် လိစ္ဆဝီမင်းငါးရာတို့ခြံရံလျက် မဟာဝုန်တောအတွင်း ကူဋာဂါရကျောင်းတိုက်ရှိရာ အရပ်သို့ သွားရောက်လေသည်။

သစ္စကပရိဗိုဇ်သွားရောက်သော အချိန်သည်ကား မွန်းတည့်ချိန်ဖြစ်သည်။ ထိုအချိန်၌ ရဟန်းများသည် ဘောဇဉ်

သုံးဆောင်ပြီး၍ ထိန္နမိဒ္ဓဟူသော ငိုက်မျည်းခြင်းကို ပယ် ဖျောက်ခြင်းငှာ စင်္ကြံသွားနေကြသည်။

နေ့လွဲအခါ၌ စင်္ကြံလျှောက်၍ ရေချိုးပြီးလျှင် မိမိ ကိုယ်ကို အာပူငွေ့ရအောင်ပြုလုပ်ပြီးနောက် ထိုင်ကာ ရဟန်း တရားအားထုတ်ကုန်သည်ရှိသော် အလွန်စိတ်တည်ကြည်မှု ဖြစ်နိုင်သည်။ သို့အတွက် အချို့သော ရဟန်းတို့သည် နေမွန်း တည့်ရှိန်ရှိန်အချိန်ကြီး၌ ဟင်းလင်းအပြင် လွင်တီးခေါင်ဝယ် စင်္ကြံကြွ တရားရှုမှတ်ကြလေ့ရှိသည်။

သစ္စကပရိဗိုဇ်သည် ထိုရဟန်းများရှိရာအရပ်သို့ ချဉ်း ကပ်သွား၍-

"အရှင်တို့. . . ယခုအခါ ရဟန်းဂေါတမသည် အဘယ်အရပ်၌ နေပါသနည်း။ ငါတို့သည် ရဟန်းဂေါတမနှင့် တွေ့မြင်လို ကြပါသည်"

ဟူ၍ မေးသည်။

ထိုနေ့အဖို့တွင် ဗုဒ္ဓသည် မိုးသောက်သောအခါ၌ မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူပြီးနောက် စကြာ ပဋ္ဌာပေါင်းတိုက်တစ်သောင်း၌ သဗ္ဗညုတဉာဏ်တော် ကွန်ယက်ကို ဖြန့်တော်မူ၍ ကျွတ်ထိုက်သော သတ္တဝါ ဝေနေယျတို့ကို ကြည့်ရှုသော် နက်ဖြန် သစ္စကပရိဗိုဇ်သည် များစွာသော လိစ္ဆဝီမင်းပရိတ်သတ်ကို ခေါ်ဆောင်၍ ငါဘုရား အပေါ် အယူဝါဒနှင့်စပ်၍ အပြစ်တင်ပြောဆိုလာလိမ့်မည်-ဟု သိမြင်တော်မူပြီးဖြစ်သည်။

သို့အတွက် ဗုဒ္ဓသည် စောစောကပင် ကိုယ်လက် သုတ်သင်မှုပြုတော်မူ၍ ရဟန်းအပေါင်းခြံရံကာ ဝေသာလီ ပြည်၌ ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းခံရာမှ ပြန်လာ တော်မူပြီးနောက်-

"ငါဘုရားသည် ပရိသတ်အများ ထိုင်နေရန်ချမ်းသာ သော အရပ်၌ ယနေ့နေ့ထိုင်အံ့"ကြံတော်မူ၍ မဟာဝုန်တော အတွင်း အရိပ်ကောင်းသော သစ်ပင်ရင်းတစ်ခု၌ နေ့သန့်စင် နေထိုင်တော်မူသည်။

ယခု သစ္စကပရိဗိုဇ်အမေးခံရသော ပုံသကူဓုတင် ဆောက် ဒိဝါပမာနိက ရဟန်းတို့သည်ကား ဗုဒ္ဓအား ဝတ်ပြုပြီး ၍ ပြန်ရောက်သောခါစသာဖြစ်သေးသည်။

ထို့ကြောင့် သစ္စကပရိဗိုဇ်က မေးလျှောက်လိုက်လျှင် ပင် အဝေး၌နေထိုင်တော်မူသော ဗုဒ္ဓရှိရာဖက်သို့ လက်အုပ် မြှောက်ချီညွှန်ပြကုန်လျက်-

"သစ္စက. . . ဗုဒ္ဓသည် မဟာဝုန်တောအတွင်းဝယ် တစ်ခုသော သစ်ပင်ရင်း၌ နေ့သန့်စင်နေထိုင်လျက်ရှိသည်" ဟု ပြန်ကြားပြောဆိုနိုင်ကြလေသည်။

ထိုအခါ သစ္စကပရိဗိုဇ်သည် အပိုင်းအခြားမရှိ များပြား လှသော လိစ္ဆဝီမင်းပရိသတ် နောက်ပါပရိသတ်များနှင့်အတူ မဟာဝုန်တောအတွင်း သက်ဝင်ပြီးသော် ဗုဒ္ဓသီတင်းသုံးရာ သစ်ပင်အနီးသို့ ရောက်လာကြသည်။

မူလ သစ္စကပရိဗိုဇ်ခေါ် သည်က လိစ္ဆဝီမင်းငါးရာသာ ဖြစ်သည်။ ထိုမင်းသားတို့၏ အခြံအရံများ၊ ပညာရှင်ကြီးနှစ်ဦးတို့ ဝါဒအခြေအတင်စကားပြောကြားသည်ကို နားထောင်ကြအံ့- ဟု ကြံစည်ကာ တဆင့်စကားတဆင့်နားဖြင့် ကြား၍ လိုက်လာသော ပရိသတ်က အပိုင်းအခြားမရှိ များပြားခြင်းဖြစ်ပါသည်။

သစ္စကပရိဗိုဇ်နှင့်အတူ ပါလာကြသော ပရိသတ်များ အနက်-

အချို့သည် ဗုဒ္ဓကို ရှိသေမြတ်နိုးရှိခိုးကြ၍ အပြစ်ခြောက်ပါးကင်းစင်ရာအရပ်၌ ထိုင်ကြသည်။

အချို့က ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး အပြစ်ခြောက်ပါးကင်းရာအရပ်၌ ထိုင်ကြသည်။

အချို့က ဗုဒ္ဓရှိတော်မူရာဖက်သို့ လက်အုပ်ကိုင်းညွတ်ပြီးလျှင် အပြစ်ခြောက်ပါးကင်းရာအရပ်၌ ထိုင်ကြသည်။

အချို့ကား စကားမပြော တုဏှိဘောဖြင့်သာ ထိုင်နေကြသည်။

သစ္စကပရိဗိုဇ်သည် အပြစ်ခြောက်ပါးလွတ်၍ သင့်တင့်လျောက်ပတ်သောနေရာ၌ထိုင်ပြီးလျှင်-

"အကယ်၍ အရှင်ဂေါတမသည် ကျွန်ုပ်အား ပြဿနာကို မေးမြန်းလျှောက်ဆိုရန် အခွင့်ပြုပါမူ အကျွန်ုပ်သည် အရှင်ဂေါတမကို တစ်စုံတစ်ခုသောအကြောင်းကို မေးလိုပါသည်" ဟူ၍ ဗုဒ္ဓကို လျှောက်ထားသည်။

"အဂ္ဂိဝေဿနအနွယ်ဖြစ်သော သစ္စကပရိဗိုဇ် သင် အလိုရှိအပ်ရာကိုပင် မေးလေလော့"

"အရှင်ဂေါတမ. . . အရှင်သည် တပည့်သာဝက တို့ကို အဘယ်သို့ ဆုံးမပါသနည်း။ အဘယ်အစိတ်အပိုင်း ရှိသော အနုသာသနီ(ညွှန်ကြားချက်)သည် များစွာဖြစ်ပါ သနည်း။"

"အဂ္ဂိဝေဿနအနွယ်သစ္စက. . . ငါဘုရားသည် တပည့် သာဝကတို့ကို- ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ခြောက်ပါးတို့သည် အမြဲမရှိ၊ အတ္တမဟုတ် အစိုးမရ(အနတ္တ)၊ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန် အတ္တမဟုတ်ကုန်၊ ဟူ၍ ဆုံးမပါ၏။ လမ်းညွှန်ချက်ပေးပါ၏။"

"အရှင်ဂေါတမ. . . ကျွန်ုပ်၏ဉာဏ်၌ ဥပမာတစ်ခု ထင် လာပါ၏။"

"သစ္စကပရိဗိုဇ်. . . သင်၏ဉာဏ်၌ ထင်လာသော ဥပမာကို ရဲရဲဝံ့ဝံ့ ထုတ်ဆောင်ပြီး ထင်ရှားအောင်ပြပါ"

"အရှင်ဂေါတမ. . . ဥပမာအားဖြင့် မျိုးစေ့အပေါင်း သစ်ပင်အပေါင်းတို့သည် ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ကြမည်ဆိုလျှင် မြေကြီးကိုမှီ၍ မြေကြီး၌တည်၍ သာလျှင် ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ကြကုန် သကဲ့သို့လည်းကောင်း၊

ဥပမာ နောက်တစ်နည်းသော်ကား လက်ဆုံအားဖြင့် ပြုလုပ်ရမည့် အမှုပေါ်သိမ်းတို့ကို ပြုလုပ်ကြမည်ဆိုလျှင် မြေကြီး

ကိုမှီ၍ မြေကြီး၌ တည်၍သာလျှင် ပြုလုပ်အပ်ကုန်သကဲ့သို့လည်းကောင်း၊

အရှင်ဂေါတမ. . . ဤအတူပင်လျှင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ခြောက်ပါးတို့ကို အတ္တဟူ၍ စွဲယူသော ဤသတ္တဝါပုဂ္ဂိုလ်သည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခြောက်ပါးတို့၌တည်၍ ကုသိုလ်၊ အကုသိုလ် နှစ်ပါးကို ဖြစ်ပွားစေ၏။"

ဟူ၍ မိမိ၏ အတ္တဝါဒကို ဥပမာနှင့်တကွ ပြောဆိုလေသည်။

ဤစကားရပ်ဖြင့် သစ္စကပရိဗိုဇ်သည်- ဤခန္ဓာငါးပါးတို့သည် ဤသတ္တဝါတို့အတွက် မြေကြီးကဲ့သို့ တည်ရာဖြစ်ကုန်၏။ ထိုသတ္တဝါတို့သည် ဤခန္ဓာငါးပါး၌ တည်ကြ၍ ကုသိုလ်ကံ၊ အကု သိုလ်ကံနှစ်ပါးကို အားထုတ်ကြကုန်၏။

အရှင်ဂေါတမတို့သည် ဤသို့သော လောကမျက်မြင် အလွန်ထင်ရှားရှိသော အတ္တကို ပယ်မြစ်တားလျက် အနတ္တဟူ၍ ပြောဆိုကုန်ဘိ၏- ဟူ၍ လွန်လွန်မင်းမင်း အကြောင်းခိုင်လုံအောင်ပြု၍ ဥပမာကို ဆောင်ပြခြင်းဖြစ်ပါသည်။

သစ္စကပရိဗိုဇ်ထုတ်ဆောင်ပြသော ဥပမာစကား မှုတ်လောက်သားလောက် ခိုင်မြဲလှပါသည်။ သူ၏ တင်လာသော ဝါဒကို ဗုဒ္ဓမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်သည် ဖြတ်တောက်ဖျက်ဆီး၍ သူ၏ဝါဒ၌ အပြစ်ကိုတင်ဆိုနိုင်မည် မဟုတ်ပါချေ။

ဤလောကတွင် ဗုဒ္ဓကိုယ်တော်တိုင် ဆုံးမမှရမည့် ပုဂ္ဂိုလ်၊ တပည့်သာဝကဆုံးမလျှင်ရနိုင်သည့် ပုဂ္ဂိုလ်ဟူ၍(၂)မျိုး ရှိလေရာ သစ္စကပရိဗိုဇ်အဆင့်သည် ဗုဒ္ဓကိုယ်တော်တိုင်ဆုံးမမှ ရမည့်ပုဂ္ဂိုလ်မျိုးဖြစ်၍ ဗုဒ္ဓက-

"သစ္စကပရိဗိုဇ်- ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခြောက်ပါးတို့သည် ငါ၏ကိုယ်(အတ္တ)တည်းဟု သင် ဤသို့ဆိုသလော"

ဟု မေးလိုက်သည်။

"ရဟန်းဂေါတမသည် ငါ၏ အတ္တဝါဒကို အလွန် အမင်း မတိမ်းမရှောင်နိုင်အောင် ပရိတ်သတ်ဘောင်ဝယ် ပြော ဆိုစေ တည်တံ့စေ၊ ဝန်ခံစေ၏။ အကယ်၍ အထက်၌ အပြစ် တစ်စုံတစ်ရာ ဖြစ်ပေါ်လာလျှင် ငါတစ်ဦးတည်းကိုသာလျှင် ဖိနှိပ်ပေလိမ့်မည်။ ယခုအခါ ငါသည် ဤအတ္တဝါဒကို ဝေသာလီပြည်သူ လူအပေါင်း၏ ခေါင်းပေါ်၌လည်း ပစ်ချ ပေအံ့"

ဟု ကြံစည်ပြီးလျှင်-

"အရှင်ဂေါတမ. . . ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခြောက်ပါးတို့သည် ငါ၏ အတ္တကိုယ်တည်းဟု ကျွန်ုပ် လည်း ဤသို့ဆိုပါ၏။ ဤများစွာလူစုသော ဝေသာလီပြည် သူအပေါင်းကလည်း ဤသို့ပင်ဆိုပါ၏"

ဟူ၍ သူခိုးသေဖော်ညှိသည့်ပမာ လူအပေါင်းကိုလည်း သိမ်း သွင်း၍ပြောဆိုအဖြေပေးလေသည်။

ဗုဒ္ဓသည်ကား သစ္စကပရိဗိုဇ်ထက် အပြန်ရာ ထောင်သောင်း, သိန်းသာလွန်လိမ္မာပါးနပ်သူဖြစ်၍-

"ဤသစ္စကပရိဗိုဇ်သည် မိမိကိုယ်ကိုလွှတ်၍ လူများအပေါင်း၏ ဦးခေါင်းပေါ်၌ အပြစ်ကိုပစ်ချဘိ၏။ ထိုသစ္စကပရိဗိုဇ်အား ကိုယ်မှလွှတ်ရန်းခြင်းငှာ ဘယ်နည်းနှင့်မျှ ခွင့်ပေး၍မသင့်- လူများအပေါင်း အသီးအခြားထုတ်၍ သစ္စကပရိဗိုဇ်တစ်ဦးတည်းကိုသာလျှင်နှိမ်နင်းအံ့"

ဟု ကြံစည်ပြီးလျှင်-

"သစ္စကပရိဗိုဇ် များစွာသောလူအပေါင်းသည် သင့်အဖို့ရာ အဘယ်သို့ပြုလတ္တံ့နည်း၊ ငါတိုက်တွန်းပါ၏။ သစ္စကမိမိဝါဒကိုသာလျှင် ဖြေရှင်းပါလော့"

ဤလူအပေါင်းသည် ဗုဒ္ဓအပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်တင်ပြောဆိုရန် လာကြသည်မဟုတ်၊ သင်သည်သာလျှင် ဝေသာလီပြည်အားလုံးရှိ လူများကိုစုရုံး၍ ငါဗုဒ္ဓအပေါ်၌ ဝါဒနှင့်စပ်၍ အပြစ်တင်ဆိုရန် လာရောက်သူဖြစ်သည်။ သို့ဖြစ်၍ သင်သည်သာ မိမိဝါဒကို ဖြေရှင်းပါ။ မဆိုင်သူလူအပေါင်း၏ခေါင်းပေါ်၌ အပြစ်ကို ပုံမချပါလင့်-ဟူ၍ ဗုဒ္ဓက ဆိုလိုခြင်းဖြစ်ပါသည်။

ထိုအခါ သစ္စကပရိဗိုဇ်သည် မလွဲမရှောင်သာတော့သည်ဖြစ်၍ အရှင်ဂေါတမ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခြောက်ပါးတို့သည် ငါ၏ကိုယ်(အတ္တ)ဖြစ်ပါသည်ဟု ကျွန်ုပ် ဤသို့ပြောဆိုပါ၏-ဟူ၍ ဖြောင့်ဖြောင့် ဝန်ခံလေသည်။

"သစ္စကပရိဗိုဇ်. . . ထိုသို့ သင် ခန္ဓာငါးပါးကို အတ္တဟု ဝန်ခံသောကြောင့် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးပါဦးအံ့။ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို သင်ဖြေဆိုပါ"

"ကောင်းပါပြီ. . . အရှင်ဂေါတမ"

"သစ္စကပရိဗိုဇ်. . . ယခု ငါမေးမည့်အချက်ကို သင် အဘယ်သို့ ထင်မှတ်သဘောကျပါသနည်း။ ပသေနဒီ ကောသလမင်းကဲ့သို့- သို့မဟုတ်- မာဂဓတိုင်းကို အစိုးရသော အဇာတသတ်မင်းကဲ့သို့ အဘိသိက်သွန်းပြီးသော ရေမြေရှင် မင်းအဖို့ရာ မိမိနိုင်ငံ၌ သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ် ညှဉ်းဆဲစေရန်သော်လည်းကောင်း၊ ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာဆုံး ရှုံးစေရန်လည်းကောင်း၊ တိုင်းပြည်မှ နှင်ထုတ် စေထိုက်သူကို နှင်ထုတ်စေရန်လည်းကောင်း အာဏာဖြစ်နိုင် ရာ၏လော"

"အရှင်ဂေါတမ. . . ဖြစ်နိုင်ပါ၏။ ဤအစည်းအရုံး အဖွဲ့ကြီးတစ်ခုဖြစ်ကြသည့် ဝဇ္ဇီတိုင်းအစိုးရ, မလ္လတိုင်းအစိုးရတို့ ၏သော်မှ မိမိနိုင်ငံ၌ သတ်ဖြတ်ညှဉ်းဆဲထိုက်သူတို့ကို သတ် ဖြတ်ညှဉ်းဆဲစေရန်သော်လည်းကောင်း၊ ဥစ္စာဆုံးရှုံးထိုက်သူ တို့ကို ဥစ္စာဆုံးရှုံးစေရန်လည်းကောင်း၊ တိုင်းပြည်မှ နှင်ထုတ် ထိုက်သူကို နှင်ထုတ်စေရန်လည်းကောင်း အာဏာသည် ဖြစ်နိုင်တုံသေး၏။ ပသေနဒီကောသလမင်း၊ အဇာတသတ် မင်းကဲ့သို့ အဘိသိက်သွန်းပြီးသော ရေမြေ့ရှင်မင်းအဖို့၌

အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း- အာဏာသည် ဖြစ်နိုင်ရာပါ၏။ အာဏာဖြစ်ရန်လည်း ထိုက်တန်ပါ၏။

ဗုဒ္ဓက သစ္စ၏ အတ္တအယူဝါဒကို ပြင်းထန်စွာနှိမ်နင်းရန် ဤအကြောင်းကို စကားပလ္လင်ခံ, ထုတ်ဆောင်ခြင်းဖြစ်ပါသည်။

သစ္စကပရိဗိုဇ်ကား မကျွမ်းကျင်မလိမ္မာသူဖြစ်သည့်အတွက် မိမိ၏ ဝါဒဖြိုဖျက်၍ ထုတ်ဆောင်အပ်သော အကြောင်းကိုပင် "မိမိကိုသတ်ဖို့ရန် စီမံအပ်သည့်လက်နက်ကို ထက်မြက်အောင်သွေးသောသူကဲ့သို့ ဝဇ္ဇီတိုင်းအစိုးရ မလ္လာတိုင်းအစိုးရများနှင့် ထောက်ထားသက်သေထူကာ အာဏာဖြစ်၍ ထိုက်တန်ပါ၏ဟူ၍ အထူးပြု၍ ပြဆိုလိုက်ပါသေးသည်။

"သစ္စကပရိဗိုဇ် ယခု ငါဘုရားမေးမည့်အချက်ကို အသင် အဘယ်သို့ မှတ်ထင်သဘောကျပါသနည်း- အကြင်ရုပ်ကို ရုပ်သည် ငါ၏ကိုယ်(အတ္တ)တည်းဟု သင် ဤသို့ဆို၏။ ထိုရုပ်၌ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်ဟု သင့်၏အဖို့ရာ အာဏာထားနိုင်ပါသလော-ဟု ဗုဒ္ဓက အချက်ပိုင်ပိုင် မေးမြန်းလိုက်ပါသည်။

သစ္စကပရိဗိုဇ်သည် ဗုဒ္ဓ၏ ဤအမေးကို ရုတ်တရက် အဖြေမပေးဘဲ ဆိတ်ဆိတ်နေ၍ မိမိကိုယ်ကိုမိမိ ပြန်လည်ဆန်းစစ် သုံးသပ်နေမိသည်။

မိမိဤနေရာ၌ မှားယွင်းကြောင်းကိုသိ၍- ရဟန်းဂေါတမသည် ငါ၏ဝါဒကို ချိုးဖြတ်ရန်အကြောင်းကို ဆောင်ခဲ့လေသည်။ ငါကား မသိမှုသူဖြစ်သည့်အတွက် ထိုရဟန်းဂေါတမထုတ်ဆောင်အပ်သော အကြောင်းကိုပင် အတူးပြုကာပြဆိုမိလေပြီ။

ယခုငါမူကား ပျက်စီးခြင်းမလှ ပျက်စီးခဲ့လေပြီ- အကယ်၍ ငါသည် ရုပ်အပေါ်မှာ အာဏာထားနိုင်သည်ဟု ဖြေကြားခဲ့ပါလျှင် ဤလိစ္ဆဝီမင်းများသည်ထ,၍- အိုသစ္စကပရိဗိုဇ်သင်သည် ရုပ်အပေါ်မှာ အာဏာပေးထားနိုင်ပါ၏ဟု ဖြေဆို၏။ အကယ်၍ သင့်အဖို့မှာ မိမိရုပ်ပေါ်မှာ အာဏာထားနိုင်ခဲ့ပါလျှင် ဤလိစ္ဆဝီမင်းတို့သည် တာဝတိံသာနတ်နှင့်တူသော ကိုယ်ခန္ဓာအတွေ့တောတို့ဖြင့် အဆင်းလည်းလှကြ၊ ကြည်ညိုဖွယ် လည်းရှိကြကာ လွန်စွာ တင့်တယ်ကုန်သကဲ့သို့ ဤအတူပင် သင်သည် အဘယ့်ကြောင့် မတင့်တယ်ပါသနည်းဟူ၍ အပြစ်တင်စကား ပြောကြားကြပေလိမ့်မည်။

အကယ်၍ငါသည် ရုပ်ပေါ်မှာ အာဏာမထားနိုင်ပါဟု ဖြေကြားလျှင် ရဟန်းဂေါတမ ထ,၍- အိုသစ္စကပရိဗိုဇ်သင်သည် ရှေးအခါက ငါ၏အဖို့ရာ ရုပ်ပေါ်မှာ အာဏာထားနိုင်ပါ၏-ဟု ပြောဆိုပြီးမှ ယခုအခါ ပယ်ရှားဘိ၏-ဟု ပြောဆိုကာ အပြစ်တင်ချေတော့မည်။

ဤသို့လျှင် အာဏာထားနိုင်၏ဟု ပြောဆိုလျှင်လည်း အပြစ်တစ်ခုရောက်ချေမည်။ အာဏာမထားနိုင်ပါဟု ပြောဆိုလျှင်လည်း အပြစ်တစ်ခုရောက်ချေမည်-ဟူ၍ ကြံစည်စဉ်းစားနေကာ အဖြေမပေးဘဲ တိတ်ဆိတ်၍သာ နေလေသည်။

"သစ္စကပရိဗိုဇ်- ယခုငါဘုရားမေးမည့်အချက်ကို အသင် အဘယ်သို့ ထင်မှတ်သဘောကျပါသနည်း။ အကြင်ရုပ်ကို ရုပ်သည် ငါ၏ကိုယ်(အတ္တ)ဟု သင် ဤသို့ဆို၏။ ထိုရုပ်၌ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့်- ဟု သင့်အဖို့ရာ အာဏာထားနိုင်ပါသလော" ဟု ဗုဒ္ဓက ဒုတိယအကြိမ် ထပ်မေးသည်။ သစ္စကသည် အဖြေမပေးဘဲ ဆိတ်ဆိတ်သာနေလေသည်။

အထူးအားဖြင့် ဗုဒ္ဓက သုံးကြိမ်တိုင်တိုင် မေးမြန်းအပ်ပါလျက် မဖြေကြားခဲ့လျှင် အကြောင်းနှင့်တကွ မေးမြန်းအပ်ပါလျက် မဖြေကြားခြင်းပြုပါက ဗုဒ္ဓအား ညှဉ်းပန်းနှိပ်စက်အပ်သည်မည်သောကြောင့် ဓမ္မနိယာမအစွမ်းဖြင့် မဖြေကြားသူ ညှဉ်းပန်းသူ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲနိုင်၏။

ဘုရားတို့မည်သည်လည်း သတ္တဝါတို့အကျိုးရှိရန်သာလျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူအပ်ပြီးဖြစ်သောကြောင့် သတ္တဝါတို့အပေါ်၌ အလွန်အမင်းအားကြီးသော ကရုဏာရှင်ကြီးများဖြစ်တော်မူကြကုန်သည်။

ထို့ကြောင့် ဗုဒ္ဓက သုံးကြိမ်မြောက်အောင် မေးတော်မမူဘဲ စကားအကြောင်းအရာတစ်မျိုးပြောင်းလဲ၍-

"သစ္စကပရိဗိုဇ် သင်သည် ယခုပင်ဖြေကြားပါလော့ သင့်အဖို့ရာ ယခုဆိတ်ဆိတ်နေရမည့်အချိန်အခါမဟုတ်ပါ။ သစ္စက ဗုဒ္ဓကသုံးကြိမ်တိုင်တိုင် အကြောင်းအားလျော်ကန်သောပြဿနာကို မေးအပ်ပါလျက် အကြင်တစ်စုံတစ်ယောက်သော သူသည် အဖြေကြားငြားပါအံ့။ ထိုသူ၏ ဦးခေါင်းသည် ဤနေ ရာ၌ပင် ခုနစ်စိတ် ကွဲနိုင်ပါ၏"

ဟူ၍ ပြောဆိုမိန့်ကြားလေသည်။

ထိုခဏမှာပင် သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးအလျှံရှိသောသံဝရဇိန်လက်နက်ကိုစွဲကိုင်ကာ "ဤသစ္စကသည် သုံးကြိမ်တိုင်တိုင် အကြောင်းအားလျော်ကန်သော ပြဿနာကို ဗုဒ္ဓကမေးအပ်ပါလျက် အကယ်၍ မဖြေကြားဘဲ နေခဲ့လျှင် ဤနေရာ၌ပင် သင်သစ္စက၏ ဦးခေါင်းကို ခုနစ်စိတ်ခွဲအံ့"

ဟု ပြောဆိုခြိမ်းခြောက်သည့်ပမာ သစ္စကပရိဗိုဇ်၏ အထက်ကောင်းကင်၌ ရပ်တည်လျက်နေလေ၏။

ဤ ဘီလူးအသွင်ရှိ ဝရဇိန်လက်နက်စွဲကိုင်ထားသော သိကြားမင်းကို ဗုဒ္ဓနှင့် သစ္စကပရိဗိုဇ်တို့သာ မြင်ကြရသည်။ အခြားပရိသတ်တစ်ဦးတစ်ယောက်မျှ မမြင်ကြပါချေ။

သိကြားမင်းသည် ဝရိဇိန်လက်နက်ကိုစွဲကာ ပြရသည်မှာ ဤသစ္စကပရိဗိုဇ်၏ မိစ္ဆာအယူကို စွန့်စေအံ့-ဟု ကြံစည်၍ သစ္စက၏ ရှေ့တည့်တည့်ကောင်းကင်၌ ရပ်တည်လာသည်။ ဦးခေါင်းကို ခွဲစိတ်လို၍ ရပ်တည်လာခြင်းမဟုတ်- ဗုဒ္ဓ၏ မျက်မှောက်ရှေ့တော်၌ တစ်စုံတစ်ယောက်သောသူ၏မျှ အကျိုးမဲ့မည်သည် ဖြစ်ရိုးမရှိပါ။ (မ-ဋ္ဌ ၂-၂၀၆)

သိကြားမင်းသည် ဘီလူးအသွင်ဖြင့် အဘယ့်ကြောင့် လာသနည်းဆိုသော်- ဘုရားရှင်ပွင့်စက ဗုဒ္ဓက "ဤလောကရှိ လူသားတို့သည် အမိုက်တိုက်ချည်းသာ၊ တရားဟော၍ ဖြစ်မည်မဟုတ်"

ဟူ၍ စဉ်းစားသောအခါ သဟမ္ပတိဗြဟ္မာက တရားဟောရန် တောင်းပန်ဖို့လာသည်တွင် သိကြားမင်းသည် သဟမ္ပတိဗြဟ္မာနှင့် အတူတကွ လိုက်ပါလာ၍-

"မြတ်စွာဘုရား. . . အရှင်ဘုရားတို့သည် တရားကို ဟော တော်မူကြပါကုန်လော အရှင်ဘုရားတို့အာဏာ၌ မလိုက်ပါမနာ ယူသူတို့ကို တပည့်တော်တိုက် လိုက်ပါနာယူ စေကြပါမည်။ အရှင်ဘုရားတို့၏ဖက်မှ ဓမ္မစက်သည်ဖြစ်ပါစေ။ တပည့်တော်တို့၏ဖက်မှ အာဏာစက်ဖြစ်ပါစေမည်" ဟူ၍ ပြဿနာကို ဖြေစေအံ့ဟု ကြံစည်ကာ လာရောက်ခြင်း ဖြစ်ပါသည်။

ဘီလူးအသွင် ဖန်ဆင်းအပ်သော သိကြားမင်းကို မြင်ရလေလျှင် သစ္စကပရိဗိုဇ်၏ တစ်ကိုယ်လုံးမှ ချွေးသီးချွေး

ပေါက်ကြီးများ ထွက်၍လာကုန်သည်။ ဝမ်းဗိုက်အတွင်း တစ်ခု လုံးသည် ပတ်ပတ်လည်လျက် ကြီးစွာသောအသံကို မြည်လေ သည်။

သစ္စကသည် ဤဘီလူးကို အခြားသူများရောမြင်ကြ လေသလောဟု ကြည့်ရှုလတ်သော် တစ်ဦးတစ်ယောက်မျှ ကြက်သီးမွေးညင်းထခြင်းကိုမျှ မမြင်ရချေ။

"ဤလူများအပေါင်းသည် ဘီလူးကို မမြင်ကြရချေ။ ဤကြောက်လန့်ဖွယ်သည် ငါတစ်ဦးတည်း၏ သန္တာန်မှာသာ ဖြစ်ချေသည်။ အကယ်၍ငါသည် ဘီလူးကြီးဟုပြောချေက သင့်အားသာလျှင် မျက်လုံးတို့ရှိကြသလော၊ သင်သာလျှင် ဘီလူးကို မြင်ဘိ၏၊ အစက ဘီလူးကို မမြင်ရဘဲ ယခု ရဟန်း ဂေါတမနှင့် ဝါဒပြိုင်ပွဲဆင်နွှဲမှသာလျှင် ဘီလူးကိုမြင်ဘိ၏" ဟု ပြောကြားကြကုန်ပေလိမ့်မည်။

ဤသို့ စဉ်းစားဆင်ခြင်ပြီးလျှင်-

"ဤနေရာ၌ ယခုအခါ ငါ့ဘဝအတွက် ရဟန်း ဂေါတမကိုထား၍ အခြားကိုးကွယ်ရာ မရှိတော့ပြီ"

ဟု ဩံစည် အောက်မေ့ကာ သစ္စကပရိဗိုဇ်သည် ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်းထ,လျက် ဗုဒ္ဓကိုသာ လျှင် မှီခိုအားထားပုန်းအောင်းရာ ကိုးကွယ်ရာဟု ရှာမှီးလျက်-

"အရှင်ဂေါတမ. . . ကျွန်ုပ်ကို ပြန်မေးပါလော၊ ကျွန်ုပ် ဖြေပါအံ့"

ဟူ၍ လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓက ယခင်က မေးထားသောမေးခွန်းကို တတိယအကြိမ် ပြန်မေးသည်။ သစ္စကပရိဗိုဇ် ယခုအချိန်တွင်မူ ဆုတ်ဆိုင်းမှုမရှိဘဲ-

"အရှင်ဂေါတမ. . . အာဏာမထားနိုင်ပါ"

ဟူ၍ လျှောက်ထားလေသည်။

"သစ္စကပရိဗိုဇ်. . . ဆင်ခြင်စဉ်းစား၍ဖြေပါလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်လည်းကောင်း၊ နောက်စကားနှင့် ရှေ့စကားသည်လည်းကောင်း အချင်းချင်း မဆက်စပ်ပါတကား"

ထို့နောက် ဗုဒ္ဓက ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ခြောက်ပါးတို့အပေါ်၌ အာဏာထားနိုင်မထားနိုင် ဆက်လက်မေးမြန်းရာ သစ္စကပရိဗိုဇ်သည်- အရှင်ဂေါတမ အာဏာမထားနိုင်ပါ-ဟူ၍သာ အဖြေပေးနေရတော့သည်။

ထို့နောက် ဗုဒ္ဓဂေါတမက တရားတစ်ခုတစ်ခုအတွက် သုံးပြန်ကျော့၍ မေးမြန်းဖြေကြား- ဟောကြားအပ်သော တရားဒေသနာဖြင့် သစ္စကပရိဗိုဇ်ကို ဆုံးမတော်မူလိုသဖြင့်-

"သစ္စကပရိဗိုဇ်. . . ယခု ငါဘုရားမေးမည့်အချက်ကို သင် မည်သို့ သဘောကျသနည်း- ရုပ်သည် မြဲသလော၊ မမြဲသလော"

"အရှင်ဂေါတမ. . . မမြဲပါ"

"မမြဲသောတရားသည် ဆင်းရဲမှု ဖြစ်လေသလော၊ ချမ်းသာမှုဖြစ်လေသလော"

"အရှင်ဂေါတမ. . . ဆင်းရဲမှုဖြစ်ပါ၏"

"သစ္စကပရိဗိုဇ်. . . မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်ကို- ကျွန်ုပ်သည် ငါ၏ဥစ္စာဖြစ်၏- ဟု တဏှာဖြင့်လည်းကောင်း၊ ရုပ်သည် ငါဖြစ်၏ဟု မာနဖြင့်လည်းကောင်း၊ ဤရုပ်သည် ငါ၏ ကိုယ်(အတ္တ)ဖြစ်၏ဟု ဒိဋ္ဌိဖြင့်လည်းကောင်း အလွဲလွဲအမှားမှားရှုခြင်း လျှော်ကန်သင့်မြတ်မည်လော"

"အရှင်ဂေါတမ. . . မလျှော်ကန် မသင့်မြတ်ပါ"

ထို့နောက် ဗုဒ္ဓက ခံစားမှု(ဝေဒနာ)၊ မှတ်သားမှု (သညာ)၊ ပြုပြင်မှု(သင်္ခါရ)၊ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိတွေ့မှု၊ သိမှုဟူသော ဝိညာဏ်ခြောက်ပါးတို့ကို အထက်ပါ ရုပ်အတိုင်း ဆက်လက်မေးမြန်းသည်။

သစ္စကပရိဗိုဇ်သည် မေးတိုင်းမေးတိုင်း မလျှော်ကန် မသင့်မြတ်ကြောင်းသာ ပြန်လည်လျှောက်ထား အဖြေပေးလေသည်။

ဤသို့လျှင် ဗုဒ္ဓဂေါတမသည် ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်သော- မြွေဆေးကုဆရာသည် ထိုထိုမြွေကိုက်ခံရသူတို့၏ မြွေကိုက်ခံရာ ခန္ဓာအစိတ်အပိုင်း၌ ကျရောက်တည်ရှိနေသော မြွေဆိပ်ကို ထိုကိုက်သောမြွေကို တစ်ဖန်စုပ်ယူစေသကဲ့သို့ ဤအတူ လိစ္ဆဝီပရိသတ်အလယ်၌ပင် သစ္စကပရိဗိုဇ်ကို-

"ခန္ဓာငါးပါးတို့သည် နိစ္စ၊ သုခ၊ အတ္တတည်း"
ဟူ၍ ပြောဆိုခဲ့သော သူ၏ ခံဘွင်းဖြင့်ပင်-

"ခန္ဓာငါးပါးတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ကုန်၏
ဟူ၍ ဝန်ခံစေတော်မူသည်။

"သစ္စကပရဗိုဇ်. . . ယခု ငါဘုရားမေးမည်ကို သင်
မည်ကဲ့သို့ မှတ်ထင်သဘောကျပါသနည်း။ အကြင်သူသည်
ဆင်းရဲကို တွယ်တာလျက်၊ ကပ်ရောက်လျက်၊ သက်ဝင်လျက်
ခန္ဓာငါးပါးဆင်းရဲတို့ကိုပင် ဤဆင်းရဲသည် ငါဖြစ်၏ဟု မာန
ဖြင့်လည်းကောင်း၊ ဤဆင်းရဲသည် ငါ၏ကိုယ်(အတ္တ)ဖြစ်သည်
ဟု ဒိဋ္ဌိဖြင့်လည်းကောင်း အလွဲလွဲရှု၏။"

"စင်စစ်သော်ကား ထိုသူသည် ကိုယ်တိုင်ဆင်းရဲကို
ပိုင်းခြား၍ သိပါမည်လော၊ ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ
ကို ကုန်ခမ်းစေ၍သော်မူလည်း နေနိုင်ပါမည်လော။"

"အရှင်ဂေါတမ. . . ဤအချက်သည် အဘယ်မှာ ဖြစ်
နိုင်ရာပါအံ့နည်း။ မဖြစ်နိုင်ရာသည်သာတည်း။"

"သစ္စကပရဗိုဇ်. . . ခန္ဓငါးပါးတည်းဟူသော ဆင်းရဲ
ကို တွယ်တာနေသူ၊ ကပ်ရောက်နေသူ၊ သက်ဝင်နေသူဖြစ်၍
ထိုခန္ဓာငါးပါးဆင်းရဲကိုပင် ဤဆင်းရဲသည် ငါ့ဥစ္စာဖြစ်၏ဟု
တဏှာဖြင့်လည်းကောင်း၊ ဤဆင်းရဲသည် ငါ၏ကိုယ်(အတ္တ)
ဖြစ်၏ဟု ဒိဋ္ဌိဖြင့်လည်းကောင်း အလွဲလွဲအမှားမှား ရှုရောက်
နေသည်မဟုတ်ပါလော။"

"အရှင်ဂေါတမ. . . ရှုရာရောက်ပါ၏။"

"သစ္စကပရိဗိုဇ်. . . ဥပမာအားဖြင့် အနှစ်ကိုအလိုရှိရာ အနှစ်ကိုရှာပြီးသော ယောက်ျားသည် အနှစ်ကိုရှာရန် လှည့်လည်လတ်သော် ထက်စွာသောဓားကိုယူ၍ တောသို့ ဝင်ရာ၏။"

ထိုယောက်ျားသည် ထိုတော၌ နေ၍ အတွင်း၌ ဖူးတံမရှိသော ဖြောင့်ဖြူးသော ငှက်ပျောတုံးကို တွေ့မြင်လေရာ ထိုငှက်ပျောတုံးကို အရင်းအဖျားဖြတ်ပြီးသော် ငှက်ပျောပင် ရစ်ကို ခွာလေရာ၏။ ထိုသို့ ခွာသည်ရှိသော် အကာကိုသော်မှ လည်းမရနိုင်လေရာ အနှစ်ကိုမူ အဘယ်မှာ ရနိုင်အံ့နည်း။

သစ္စကပရိဗိုဇ် ဤအတူပင် သင့်ကို မိမိဝါဒ၌ ငါဘုရားက စီစစ်အပ်သည်ရှိသော်၊ မေးမြန်းအပ်သည်ရှိသော်၊ အပြန်အလှန် ဆွေးနွေးမေးမြန်းသည်ရှိသော် သင်သည် အနှစ်တုံး၍ အသုံးမကျတော့ဘဲ အကြီးအကျယ် ကျဆုံးမှုဖြစ်လေပြီ။

သစ္စကပရိဗိုဇ်. . . သင်သည် ဝေသာလီပြည် ပရိသတ်အလယ်၌ ဝါဒလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုလျှင် မတုန်မလှုပ် ချိုင်းကြားတို့မှ ချွေးမထွက်မည့် ရဟန်းအသောင်းရှိသူ၊ ဂိုဏ်း ရှိသူ၊ ဂိုဏ်းဆရာဖြစ်သူ၊ သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံသူ ကိုလည်းကောင်း၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဟု ဝန်ခံသူဘုရားကိုသော်လည်းကောင်း ငါမတွေ့မြင်ချေ။ စိတ်စေတနာမရှိသော တုံးတိုင်ကိုသော်လည်း ဝါဒလမ်းစဉ်ဖြင့် ငါက

အပြစ် တင်ဆိုလျှင် ထိုတုံးတိုင်သော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေရာ၏။ လူဖြစ်သောသူများကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟု ဆိုခဲ့၏။

"သစ္စကပရဗိုဇ်. . . ယခုမူ သင့်မှာသာလျှင် နဖူးမှကျကုန်သော ချွေးသီးချွေးပေါက်အချို့တို့သည် အပေါ်ရုံကိုဖောက်၍ မြေကြီး၌ တည်ကုန်၏။ ငါ့မှာမူကား ယခုကိုယ်၌ချွေးမရှိ"

ဟူ၍ မိန့်တော်မူပြီးလျှင် ဗုဒ္ဓသည် ထိုပရိသတ်အလယ်၌ ရွှေအဆင်းရှိသော ကိုယ်ကို ဖွင့်လှစ်၍ ပြသတော်မူသည်။

ဤသို့ ပြသရာ၌ ဗုဒ္ဓသည် တစ်ကိုယ်လုံးဖွင့်၍ ပြသတော်မူသည်မဟုတ်။ ဘုရားရှင်တို့မည်သည် ကမ္ဗတ်သီးကို ကမ္ဗက်တွင်း၌ တပ်ဆင်၍ ဖုံးလွှမ်းအပ်သောကိုယ်တော်ရှိကုန်လျက် ပရိသတ်၌ တရားဟောတော်မူမြဲဖြစ်ကြ၏။

ထိုအချိန်၌ကား ဗုဒ္ဓသည် ရှေ့တည့်တည့် အရပ်၌ သင်္ကန်းတော်ကို ကိုင်တော်မူ၍ လက်လေးသစ်ခန့်ဖွင့် လှစ်၍ အောက်သို့ချလိုက်လေသည်။

သင်္ကန်းတော်ကို လက်လေးသစ်ခန့် အောက်သို့ ချလိုက်လျှင်ပင် ရွှေရောင်အဆင်းရှိသော ပိတရောင်ခြည်တော်တို့သည် အစုလိုက်အစုလိုက်ဖြစ်ကြကာ ရွှေအိုးမှထွက်လာသော ရွှေနီဖလံရည်အယဉ်ကဲ့သို့လည်းကောင်း၊ နီမြန်းသောတိမ်တိုက်မှ ထွက်ကုန်သော လျှပ်စစ်နွယ်ကဲ့သို့

လည်းကောင်း ထွက်ကြကွန့် မြူးတော်မူကြ၍ ရွှေမုရိုးစည်နှင့် တူသော ဦးခေါင်းတော်မြတ် လက်ျာရစ် လည်ကြကုန်၍ ကောင်းကင်သို့ ပျံတက်၍ သွားကြလေကုန်သည်။

ဗုဒ္ဓသည် အဘယ့်ကြောင့် ဤသို့ပြုပါသနည်းဆိုသော် လူများအပေါင်း၏ ယုံမှားသံသယကို ဖယ်ဖျောက်ရန်အတွက် ဤသို့ ဖွင့်လှစ်ပြခြင်းဖြစ်ပါသည်။

လူအပေါင်းသည် အကယ်၍ ဗုဒ္ဓက ထိုကဲ့သို့ ဖွင့်လှစ် မပြလျှင် ရဟန်းဂေါတမသည် ငါ့မှာချွေးမရှိဟုဆို၏။ သစ္စက ပရိဗိုဇ်ကိုယ်မှ ချွေးသီးချွေးပေါက်များ ထွက်ကြသည်ဆိုကာ ငါတို့မျက်မြင်ပင်ဖြစ်၏။ ရဟန်းဂေါတမသည်ကား ထူးကဲ သော နှစ်ထပ်သင်္ကန်းကြီးကို ရုံလျက်နေပေ၏။ သင်္ကန်း အတွင်း၌ ချွေးရှိသည် မရှိသည်ကို အဘယ်နည်းဖြင့် သိနိုင် ပါအံ့နည်း-ဟူ၍ ယုံမှားသံသယဝင်ဖွယ်ရှိ၍ ထိုသူများ အပေါင်း၏ ယုံမှားသံသယကို ပယ်ရန် ဤသို့ကိုယ်တော်ကို ဖွင့်လှစ်ပြခြင်းဖြစ်ပါသည်။

ဗုဒ္ဓက သစ္စကပရိဗိုဇ်စကားကိုပြန်လည်ပြောပြ၍ ထိုသို့ ကိုယ်တော်ကို ချွေးမထွက်ကြောင်းပြသောအခါ သစ္စကပရိဗိုဇ် သည် နှုတ်ဆိတ်၍ မျက်နှာမသာမယာဖြစ်ကာ လည်ပင်းငိုက် စိုက်ကျကာ မျက်နှာကို အောက်ချပြီး မှိုင်တွေချလျက် ကြံရာမရ ဖြစ်နေတော့သည်။

ထိုအခါ လိစ္ဆဝီပရိသတ်ထဲမှ- ဒုမ္မုခမည်သော လိစ္ဆဝီ မင်းသားသည် သစ္စကပရိဗိုဇ် ဤကဲ့သို့ မျက်နှာငိုက်စိုက်ကျနေ

သောအသွင်ကိုမြင်ရပြီး-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော်၏ဉာဏ်မှာ ဥပမာတစ်ခု ထင်လာပါသည်"

ဟူ၍ လျှောက်ထားလေသည်။

"ဒုမ္မုခ. . . ထိုဥပမာကို သင်၏ဉာဏ်၌ ထင်ရှားစေပါသလော"

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား. . . ဥပမာအားဖြင့် ရွာ၏အနီး၌ဖြစ်စေ၊ နိဂုံးအနီး၌ဖြစ်စေ ရေကန်သည် ရှိပါ၏။ ထိုရေကန်၌ ပုဇွန်လုံးသည် ရှိပါ၏။ ထိုအခါ များစွာသောသူငယ်၊ သူငယ်မတို့သည် ထိုရွာနိဂုံးမှထွက်ပြီး ထိုရေကန်သို့လာကာ ပုဇွန်လုံးကို ရေကန်မှ ဖမ်းယူထုတ်ကာ ကုန်းပေါ်၌ တည်စေရာ၏။

ထွက်လာတိုင်းသော ထိုပုဇွန်လုံး၏ ခြေချောင်းလက်ချောင်းဟူသမျှတို့ကို ထိုသူငယ် သူငယ်မတို့က ထင်းချောင်းဖြင့်ဖြစ်စေ၊ အိုးခြမ်းကွဲဖြင့်ဖြစ်စေ ဖြတ်ချိုးကုန်ရာ၏။

မြတ်စွာဘုရား ထိုသို့ဆိုလျှင် ထိုပုဇွန်လုံးသည် လက်ချောင်းခြေချောင်း အကုန်ချိုးခံရသဖြင့် ထိုရေကန်သို့ ရှေးကကဲ့သို့ ပြန်လည်သက်ဆင်းရန် မဖြစ်နိုင်တော့သကဲ့သို့ ဤအတူ သစ္စကပရိဗိုဇ်၏ ထောင်-ထ-လှုပ်ရှားနေသော အယူဝါဒ ခြေချောင်းလက်ချောင်းအားလုံးတို့ကို မြတ်စွာဘုရားသည် ဖြတ်ထား ချိုးထားအပ်ပါပြီ။ ထက်ဝန်းကျင်ချိုးထားအပ်ကုန်ပါပြီ။ ယခု အခါ သစ္စကသည် မြတ်စွာဘုရားထံသို့ အယူဝါဒ

ယှဉ်ပြိုင်လိုသည်ဖြစ်၍ ပြန်လည်ချဉ်းကပ်ရန် မဖြစ်နိုင်တော့ပါ” ဟူ၍ လျှောက်ထားသည်။

ဒုမ္မုခလိစ္ဆဝီမင်းသားက ဤဥပမာကိုထုတ်ဆောင်ကာ ဗုဒ္ဓအား လျှောက်ထားနေစဉ်အခါ ကြွင်းကျန်သော လိစ္ဆဝီမင်းတို့သည်လည်း-

“ဤတက္ကတွန်းကြီးသည် အတတ်ပညာသင်ကြားနေသောအခါ၌ ငါတို့အပေါ် မထီမဲ့မြင်ပြုခဲ့သည်မှာ ကြာလှပေပြီ။ ယခုအချိန်မှာကား ရန်သူ၏ကျောက်ကုန်းကို ကြည့်ရှုရအံ့သောအခါတည်း။ ငါတို့သည် တစ်ယောက်လျှင် ဥပမာ တစ်ခုစီဆောင်ကြ၍ လက်သီးဖြင့်ထိုးသဖြင့် လဲကျနေသောသူကို ကျည်ပွေ့ဖြင့် ထပ်၍ ရိုက်ဘိသကဲ့သို့ နောက်ထပ်တစ်ဖန် ပရိသတ်အလယ်၌ ဦးခေါင်းမထောင်ဝံ့အောင် ထိုသစ္စက ပရဗိုဇ်ကို ငါတို့ပြုကြ ကုန်အံ့”

ဟု ကိုယ်စီ ကိုယ်စီ ကြံစည်ကြပြီးလျှင် ဥပမာတို့ကို အသီးသီး စဉ်းစားထားကြသည်။ ဒုမ္မုခလိစ္ဆဝီမင်းသား စကားဆုံးချိန်ကို စောင့်ဆိုင်းငံ့လင့်၍ နေထိုင်ကြသည်။

သစ္စကပရိဗိုဇ်သည် ထိုမင်းသားတို့၏ အလိုဆန္ဒကို ရိပ်မိသိရှိ၍-

“ဤလိစ္ဆဝီမင်းသားအားလုံးတို့သည် ငါ့ကိုနှိမ်ရန် ဦးခေါင်းတထောင်ထောင် နှုတ်ခမ်းတစ်လှုပ်လှုပ်ဖြင့် အခွင့်ကို စောင့်မျှော်တည်နေကြကုန်၏။ အကယ်၍ ဤမင်းသားများ ကိုယ်စီကိုယ်ငှ ဥပမာတို့ကို ထုတ်ဆောင်ပြောကြားခွင့် ရကြကုန်

လျှင် ငါသည် နောက်ထပ်တစ်ဖန် ပရိသတ်အလယ်၌ ခေါင်းထောင်နိုင်စရာအကြောင်းမရှိတော့ပါချေ။ ငါသည် ယခုပင် ဒုမ္မုခလိစ္ဆဝီမင်းသားကို မောင်းမဲပြောဆိုပြီးလျှင် အခြားသူတစ်ပါး စကားပြောခွင့်မရအောင် စကားဆက်ကိုဖြတ်၍ ရဟန်းဂေါတမကိုသာ ပြဿနာမေးလျှောက်အံ့-ဟု စဉ်းစား မေးလျှောက်ပြီး-

"ဟဲ့-ဒုမ္မုခ. . . သင်သည် ရပ်လော့ သင်သည် နှုတ်ကြမ်းသူတစ်ယောက်ဖြစ်ချေသည်။ ငါတို့သည် သင်နှင့် စကားမပြောဆို မတိုင်ပင်ပါ။ ရဟန်းဂေါတမနှင့်သာ အတူတကွ ပြောဆိုတိုင်ပင်နေကြပါသည်"

ဟု သစ္စကပရိဗိုဇ်က ဒုမ္မုခကို မျက်စောင်းထိုးကြည့်ပြီး မောင်းမဲစကားပြောကာ တားမြစ်လေသည်။

ထို့နောက် အခြားသူတို့ ကြားစကားမဝင်နိုင်အောင် စကားဆက်ကိုဖြတ်၍-

"အရှင်ဂေါတမ. . . ကျွန်ုပ်တို့နှင့် အခြားများစွာသော ပြဟ္မဏတို့၏ စကားကိုထားလိုက်ပါ။ ထိုစကားအားလုံးသည် ဆိုမြည်ယောင်ယမ်းသကဲ့သို့ ပြောမိပြောရာ ပြောဆိုကြသော စကားများသာ ဖြစ်ပါသည်။ အဘယ်မျှလောက်သော အသိဉာဏ်အတိုင်းအရှည်ဖြင့် အရှင်ဂေါတမ၏ တပည့်သာဝကသည် အဆုံးအမကိုလိုက်နာသူ၊ ညွှန်ကြားချက်ကိုလိုက်နာသူ ဖြစ်ပါသနည်း။' ယုံမှားခြင်းကိုလွန်မြောက်လျက် သို့လော

သို့လော တွေးတောခြင်းကင်းလျက် ရဲရင့်ခြင်းဉာဏ်အဖြစ်သို့ ရောက်လျက် သူတစ်ပါးကိုယုံကြည်ရန်မလိုတော့သည်ဖြစ်၍ မြတ်စွာ ဘုရားသာသနာတော်၌ နေပါသနည်း”
ဟု၍ ဆက်လက်မေးမြန်းလျှောက်ထားလိုက်လေသည်။

“သစ္စကပရိဗိုဇ် ဤသာသနာတော်၌ ငါ၏တပည့် သား သာဝကသည်ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ, အတွင်း, အပ, အကြမ်း, အနု, အညံ့, အကောင်း, အဝေး, အနီး- ဤသို့ အားဖြင့် တစ်ဆယ့်တစ်မျိုးပြားသော ရုပ်တရားအားလုံးကို ဤ ရုပ်အစုသည် ငါ၏ ဥစ္စာမဟုတ်။ ဤရုပ်အစုသည် ငါမဟုတ်။ ဤရုပ်အစုသည် ငါ၏ကိုယ်(အတ္တ)မဟုတ်ဟု ဤသို့ ဤရုပ်ကို အမှန်အတိုင်း ကောင်းသော ဝိပဿနာဉာဏ်ပညာ, မဂ်ပညာ ဖြင့် ရှုမြင်၏။ ခံစားခြင်း(ဝေဒနာ)၊ မှတ်သားခြင်း(သညာ)၊ ပြုပြင် စီရင်ခြင်း(သင်္ခါရ)၊ ဝိညာဏ်ခြောက်ပါး ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲ အတွင်း, အပ, အကြမ်း, အနု, အညံ့, အကောင်း, အဝေး, အနီး ဤတစ်ဆယ့်တစ်မျိုးပြားသော တရားအားလုံးတို့ကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်(အတ္တ)မဟုတ်ဟု ဤသို့သောတရားအစုကို အမှန်အတိုင်း ဝိပဿနာဉာဏ်ပညာ မဂ်ပညာဖြင့် ရှုမြင်၏။

သစ္စကပရိဗိုဇ်. . . ဤမျှသောအသိဉာဏ်, အတိုင်း အရှည်ဖြင့် ငါဘုရား၏ တပည့်သာဝကသည် အဆုံးအမကို လိုက်နာသူ ညွှန်ကြားချက်ကို လိုက်နာသူဖြစ်၏။ ယုံမှားခြင်းကို

လွှတ်မြောက်လျက် သူတစ်ပါးကို ယုံကြည်ရန် မလိုတော့သည် ဖြစ်၍ ငါဘုရားသာသနာအဆုံးအမ၌ နေပါ၏။

ဂေါတမဗုဒ္ဓသာသနာတော်ဝယ် သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ဟူသော အောက်ဖိုလ်သုံးပါးကို ကျင့်ဆဲ(သေက္ခ)အရိယာပုဂ္ဂိုလ်တို့၏ ဖြစ်ပွားနေထိုင်ရာဟူ၍ ခေါ်ပါသည်။ အရဟတ္တဖိုလ်ရောက်သူကို ထပ်မံရှုရန် တရားရှုရန် မလိုတော့သော(အသေက္ခ)ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဖြစ်ပွားနေထိုင်ရာဟူ၍ ခေါ်ပါသည်။

ဗုဒ္ဓအဖြေ၌- ရှုမြင်မှုဟု ခေါ်ဝေါ်သုံးစွဲသည်မှာ ရှုမြင်မှုကိစ္စ မပြီးဆုံးသေး ရဟန္တာမဖြစ်သေးဟု သိစေလို၍ ဤသို့အဖြေပေးထားသည်။ သစ္စကပရိဗိုဇ်သည် သေက္ခဘူမိ အသေက္ခဘူမိဟူသော ဗုဒ္ဓသာသနာ၏ ဝေါဟာရကို မသိနားမလည်ချေ။

ဗုဒ္ဓ၏ ရှုမြင်၏- ရှုမြင်ဆဲ-ဟု ရှုမြင်ခြင်းကြိယာမပြီးဆုံးသေးသည်ကို ဟောဆိုအပ်သောကြောင့် ဤမျှသောအသိဉာဏ်အတိုင်းအရှည်အဖြစ်မျှဖြင့် ရဟန်းတိုင်းအလုပ်ကိစ္စ မပြီးဆုံးသေးဟု သစ္စကပရဗိုဇ်ရိပ်မိလေသည်။

သို့အတွက် သစ္စကပရိဗိုဇ်သည် ဗုဒ္ဓအား-

"အရှင်ဂေါတမ. . . အဘယ်မျှသောအသိဉာဏ် အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသူ၊ မဂ်အကျင့်ကို ကျင့်သုံးပြီးသူ၊ ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသူ၊ ခန္ဓာ

ကိလေသာ အဘိသင်္ခါရတည်းဟူသော ဝန်ထုပ်သုံးမျိုးကို ချထားပြီးသူ မိမိ၏ အရဟတ္တဖိုလ်အကျိုးစီးပွားသို့ ရောက်ပြီးသူ၊ ဘဝအနှောင်အဖွဲ့ သံယောဇဉ်ကုန်ခမ်းပြီးသူ၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါသနည်း” ဟူ၍ ထပ်မံလျှောက်ထား မေးသည်။

“သစ္စကပရိဗိုဇ်. . . ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီး၊ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ အတွင်း၊ အပ၊ အကြမ်း၊ အနု၊ အညံ့၊ အကောင်း၊ အဝေး၊ အနီး ဤဆယ့်တစ်မျိုးသော ရုပ်တရားအား လုံးကိုသော်လည်းကောင်း၊ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်စီရင်မှု၊ ဝိညာဏ်ခြောက်ပါးတရားအားလုံးတို့ကို ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်(အတ္တ)မဟုတ်ဟူ၍ ဝိပဿနာဉာဏ်ပညာ၊ မဂ်ပညာဖြင့် ရှုမြင်ပြီး၍ မစွဲလမ်းတော့ပါ။ လွတ်မြောက် ပြီးဖြစ်ပါသည်။

သစ္စကပရိဗိုဇ်. . . ဤမျှသော အသိဉာဏ် အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသူ၊ မဂ်အကျင့်ကို ကျင့်သုံးပြီးသူ၊ ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသူ၊ ခန္ဓာ၊ ကိလေသာ၊ အဘိသင်္ခါရ တည်းဟူသော ဝန်ထုပ်သုံးမျိုးကို ချထားပြီးသူ၊ မိမိ၏ အရဟတ္တ ဖိုဇ်အကျိုးစီးပွားသို့ရောက်ပြီးသူ၊ ဘဝ အနှောင်အဖွဲ့သံယောဇဉ် ကုန်ခမ်းပြီးသူ၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပေ၏”

ဟူ၍ အဖြေပေးပြီးနောက် ဗုဒ္ဓဂေါတမက ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ဆက်လက်ဟောပြသည်။

သစ္စကပရဗိုဇ်. . . ဤသို့လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန်းသည် အသိဉာဏ်အမြင်ထူးခြားခြင်း , အကျင့်ထူးခြားခြင်း, လွတ်မြောက်မှုထူးခြားခြင်းဟူသော ထူးခြားခြင်းသုံးမျိုးတို့နှင့်ပြည့်စုံ၏။

သစ္စကပရိဗိုဇ်. . . ဤသို့ လွတ်မြောက်ပြီးသောအခါ စိတ်ရှိ သောရဟန္တာသည် ထိုငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူပြီးဖြစ်ရာ ဝေနေယျသတ္တဝါတို့အားလည်း သစ္စာလေးပါးတရားကို သိစေခြင်းငှာ တရားကို ဟောကြားတော်မူ၏။

ထိုငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍ ဝေနေယျသတ္တဝါတို့အားလည်း ယဉ်ကျေးစေခြင်းငှာ တရားကို ဟောကြားတော်မူ၏။

ထိုငါတို့ဆရာ မြတ်စွာဘုရားသည် ကိလေသာ ခပ်သိမ်း ငြိမ်းတော်မူပြီးဖြစ်၍ ဝေနေယျသတ္တဝါတို့အားလည်း ကိလေသာခပ်သိမ်း ငြိမ်းအေးစေခြင်းငှာ တရားကို ဟောကြားတော်မူ၏။

ထိုငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဩဃလေးပါးကို ကူးမြောက်တော်မူပြီးဖြစ်၍ ဝေနေယျသတ္တဝါတို့အားလည်း ဩဃလေးပါးကို ကူးမြောက်နိုင်ကြစေရန် တရားတော်ကို ဟောကြားတော်မူ၏။

ထိုငါတို့ဆရာမြတ်စွာဘုရားသည် ကိုယ်တော်တိုင်က ကိလေသာပရိဋ္ဌာန် ဝင်စံအေးငြိမ်းတော်မူပြီးဖြစ်၍ ဝေနေယျ ကြာ-သတ္တဝါတို့အားလည်း ကိလေသာပရိနိဗ္ဗာန်ဝင်စံ အေးငြိမ်းကြစေရန် တရားကို ဟောကြားတော်မူ၏- ဟု ဗုဒ္ဓကိုသာလျှင် ရိုသေလေးစားမြတ်နိုးပူဇော်မှုကို ပြုကြလေ ရှိသည်။

ဗုဒ္ဓက ဤသို့ အရဟတ္တဖိုလ်အထွတ်တပ်၍ ဟောကြား သော် သစ္စကပရိဗိုဇ်သည် ဗုဒ္ဓကို-

"အို- အရှင်ဂေါတမ. . . အကျွန်ုပ်တို့သည် အရှင်ဂေါတမ ကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ဟု ထင်မှား မိခဲ့ပါသည်။ သို့ဖြစ်ရကား အကျွန်ုပ်တို့သည်သာလျှင် ဂုဏ်သိက္ခာ ချေဖျက်သူများ ဖြစ်ကြပါကုန်၏။ အကျွန်ုပ်တို့သည် နှုတ်ထွက် ကြမ်းကာ စကားမောက်မာသူများ ဖြစ်ကြပါကုန်၏။

အရှင်ဂေါတမ. . . ဥပမာဆောင်ပြရသော် အမှန်ရစ် သောဆင်ကို ပုတ်ခတ်ထိပါးသောယောကျ်ားမှာ ချမ်းသာခြင်း ဖြစ် ဆော်မူရပါသေး၏။ အရှင်ဂေါတမကို ပုတ်ခတ်ထိပါးမှု ပြုသော ယောကျ်ားမှာကား ချမ်းသာခြင်းသည် အလျဉ်းပင် မဖြစ်နိုင် သည်သာဖြစ်ပါ၏။

အို- အရှင်ဂေါတမ. . . အလျှံတပြောင်ပြောင် တောက်လောင်၍နေသော မီးပုံကြီးကို ပုတ်ခတ်ထိပါးသော ယောကျ်ားမှာ ချမ်းသာခြင်း ဖြစ်တော်မူရာပါသေး၏။ အရှင်

ဂေါတမကို ပုတ်ခတ်ထိပါးသူမှာကား ချမ်းသာခြင်းသည် အလျဉ်းပင် မဖြစ်နိုင်သည်သာတည်း။

အို- အရှင်ဂေါတမ. . . လျှင်သောအဆိပ်ရှိသော မြွေ၊ ကြမ်းသောအဆိပ်ရှိသော မြွေကို ပုတ်ခတ်ထိပါးသော ယောကျ်ားမှာ ချမ်းသာခြင်းဖြစ်တော်မူရာပါသေး၏။ အရှင်ဂေါတမကို ပုတ် ခတ်ထိပါးသူမှာ ချမ်းသာခြင်းသည် အလျဉ်းပင် မဖြစ်နိုင်သည်သာတည်း။

အရှင်ဂေါတမ. . . ကျွန်ုပ်တို့သည် ယခု နှုတ်ထွက်ကြမ်းကာ စကားမောက်မာသူ ဖြစ်ခဲ့ရပါပြီ"

ဟူ၍ သစ္စကပရိဗိုဇ်က တောင်းပန်လျှောက်ထားလေသည်။

သစ္စကပရိဗိုဇ်ပြောကြားသော အရှင်ဂေါတမကို ပုတ်ခတ်ထိပါးသော ယောကျ်ားမှာ ချမ်းသာခြင်း အလျဉ်းပင် မဖြစ်နိုင်သည်သာတည်းဟူသောစကားသည် မှန်ပေသည်။ ဗုဒ္ဓကို ဝါဒပြိုင်ဆိုင် ပုတ်ခတ်ထိပါးဝန့်သူဟူသမျှမှာ ဖရိုဖရဲ မကြသော မိမိ၏ ဝါဒကို မူလအရင်းအတိုင်း အပြည့်အစုံယူ၍ ဖဲခွာသွားနိုင်စွမ်းမည်သည်မရှိသည်သာတည်း။ မိမိတို့ဝါဒ ဖရိုဖရဲ ကြပြန့်ပျက်စီး၍သာ ပြန်သွားကြရသည်က များပါသည်။

သို့သော် ဗုဒ္ဓသည် ဆင်ပြောင်ကြီး, မီးပုံကြီး, မြွေဆိုးကြီးများကဲ့သို့ တစ်ဦးတစ်ယောက်သောသူကိုမျှ အသက်အန္တရာယ် မပြုခဲ့ပေ။ အမှန်တရားရောက်ရှိရေး မဟာကရုဏာသာ ထားသည်။

သစ္စကပရိဗိုဇ်သည် ဗုဒ္ဓကို ချီးပင့်လို၍ ဤဥပမာသုံးရပ်ကို ဆောင်သည်မဟုတ်ပါ။ မိမိကိုယ်ကို ချီးပင့်လို၍သာလျှင် ထုတ်ဆောင်ခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် "မင်းသည် ရန်သူတစ်ယောက်ကို ညှင်းပန်းနှိပ်စက် သတ်ဖြတ်ပြီးလျှင် ထိုသတ်ဖြတ်အပ်သော ရန်သူကို ထိုယောကျ်ားကား ဤသို့စည်ရဲရင်သူ, ဤသို့စည်အစွမ်းသတ္တိနှင့်ပြည့်စုံသူဖြစ်ဘိ၏"ဟု ရန်သူကို ချီးမွမ်းသော်လည်း တစ်ဘက်လှည့်အားဖြင့် မိမိကိုယ်ကိုသာလျှင် ချီးမွမ်းသကဲ့သို့ ဤအတူပင် သစ္စကပရိဗိုဇ်သည်လည်း ဥပမာသုံးရပ်ဖြင့် ဗုဒ္ဓကို ချီးပင့်သော်လည်း ဤသို့စင် အမုန်ယစ်သော ဆင်ပြောင်ကြီးကဲ့သို့လည်းကောင်း ရဲရဲပြောင်ပြောင်တောက်လောင်သော မီးပုံကြီးကဲ့သို့လည်းကောင်း၊ ပါးပျဉ်းထောင်လျက်ရှိသော အဆိပ်ပြင်းသည့် မြွေကြီးကဲ့သို့လည်းကောင်း လူသာမန်တို့ ချဉ်းကပ်ရန် ခဲယဉ်းသော ဗုဒ္ဓကို ငါသည် အယူဝါဒပြိုင်ဆိုင်လိုသည်ဖြစ်၍ ချဉ်းကပ်ခဲ့ကြကုန်ပြီဖြစ်၍ လောက၌ ငါသည်သာလျှင် ရဲရင့်သူများ ပညာရှိသူများ အကြားအမြင်များသူများ ဖြစ်ကြကုန်၏-ဟူ၍ တစ်ဖက်လှည့်အားဖြင့် မိမိကိုယ်ကိုသာလျှင် ချီးပင့်ခြင်း ဖြစ်လေသည်။

သစ္စကသည် ဤသို့လျှင် တစ်ဖက်လှည့်အားဖြင့် မိမိကိုယ်ကို ချီးပင့်ပြီးလျှင် ဗုဒ္ဓကို-

"အရှင်ဂေါတမသည် နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှာ ကျွန်ုပ်၏ ပင့်ဖိတ်အပ်သော ဆွမ်းကို ရဟန်းသံဃာနှင့်အတူ ခံယူတော်မူပါဘုရား"
ဟု ပင့်ဖိတ်လျှောက်ထားသည်။ ဗုဒ္ဓက ဆိတ်ဆိတ်နေသဖြင့် သစ္စကပရိဗိုဇ်၏ ဆွမ်းဖိတ်ကြားချက်ကို လက်ခံတော်မူသည်။

သစ္စကပရိဗိုဇ်သည် ဗုဒ္ဓလက်ခံခြင်းကိုသိ၍ လိစ္ဆဝီမင်းတို့ကို-

"အမောင် လိစ္ဆဝီမင်းတို့ . . ငါ၏စကားကို နားထောင်ကြကုန်လော့ ငါသည် ရဟန်းဂေါတမနှင့် သံဃာကို နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှာ ဆွမ်းပင့်ဖိတ်အပ်ပြီးပြီ၊ ရဟန်းဂေါတမအား လျှောက်ပတ်၏ဟု အမောင်တို့ထင်မှတ်ကြသော ဝတ္ထုကို ငါ့ထံသို့ ဆောင်ယူခဲ့ပေးကြပါ"
ဟု ပြောဆိုလေသည်။

လိစ္ဆဝီမင်းတို့သည် ထိုညလွန်သော် သစ္စကပရိဗိုဇ်ထံသို့ ဆွမ်းဖိုးငါးရာမျှကို အသီးသီး ပို့ပေးကြသည်။

သစ္စကပရိဗိုဇ်သည် မိမိ၏အရံ၌ မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ကို စီရင်စေ၍ ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို ကိုယ်တိုင်ပြုစုလုပ်ကျွေးလေသည်။

ဗုဒ္ဓဆွမ်းစားပြီးသော် သစ္စကပရိဗိုဇ်သည် သင့်တင့်လျှောက်ပတ်သောအရပ်၌ ထိုင်နေပြီးလျှင်-

"အရှင်ဂေါတမ ဤအလှူ၌ ကောင်းမှု၏ အကျိုးရင်းနှင့် ကြီးမြတ်သော ကောင်းမှု၏ အကျိုးဆက်အကျိုးများသည်

လိစ္ဆဝီမင်းတို့၏ ချမ်းသာခြင်းငှာ ဖြစ်ပါစေ”
ဟု လျှောက်ထားသည်။

ဤသည်မှာ သစ္စကပရိဗိုဇ်သည် ငါကား လိစ္ဆဝီမင်းများ ပို့သအပ်သော ခဲဘွယ်စားဖွယ်ဖြင့် ရဟန်းဂေါတမနှင့် တပည့်သံဃာများကို ပြုစုလုပ်ကျွေးအပ်ပြီး ထို့ကြောင့် ထိုကောင်းမှုသည် လိစ္ဆဝီမင်းတို့၏ ကောင်းမှုသာလျှင် ဖြစ်၏-ဟု စဉ်းစားဆင်ခြင်ပြီး လျှောက်ဆိုခြင်းဖြစ်ပါသည်။

သို့သော်လည်း ဗုဒ္ဓနှင့် သံဃာတော်များကို သစ္စကပရိဗိုဇ်က ဆွမ်းအလှူကို ပေးလှူခြင်းဖြစ်သည်။ လိစ္ဆဝီမင်းတို့က ပေးလှူခြင်းမဟုတ်၊ လိစ္ဆဝီမင်းတို့က သစ္စကပရိဗိုဇ်အား ပေးအပ်သော ဆွမ်းသာဖြစ်သည်။ သစ္စကပရိဗိုဇ်မှတဆင့် ဘုရားအမှူးရှိသော သံဃာတော်အား ပေးလှူအပ်သောဆွမ်းဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓသည် သစ္စကပရိဗိုဇ်၏ အယူအဆအားဆင်ခြင်ချက်ကို အမှန်သို့ရောက်အောင် ပြောင်းလဲပေးလို၍-

“သစ္စကပရိဗိုဇ်. . . သင်ကဲ့သို့ ရာဂ, ဒေါသ, မောဟ မကင်းသေးသူ အလှူခံပုဂ္ဂိုလ်ကိုခွဲ၍ လိစ္ဆဝီမင်းတို့ပေးလှူသော အလှူသည် ပေးလှူသူလိစ္ဆဝီမင်းတို့အတွက် ဖြစ်ပေလိမ့်မည်။ ငါဘုရားကဲ့သို့ ရာဂ, ဒေါသ, မောဟကင်းပြီးသူ အလှူခံပုဂ္ဂိုလ်ကိုစွဲ၍ သင်ကပေးလှူသော အလှူသည်ကား ပေးလှူသူ သင်၏ အတွက်ဖြစ်ပေလိမ့်မည်”

ဟု သစ္စကပရိဗိုဇ် အနာဂါတ်ကောင်းမှုကုသိုလ်ဝါသနာ အထုံရစေရန် မိန့်ဆိုတော်မူသည်။

နောက်ပိုင်းအချိန်ကာလတွင် ဗုဒ္ဓသည် သစ္စကပရိဗိုဇ်က လာရောက်မေးမြန်း၍ စူဠသစ္စသုတ်နှင့် ကာယဘာဝနာ၊ စိတ္တဘာဝနာနှစ်ပါး အကျယ်ဟောပြခဲ့ပါသည်။

ဤသို့ များစွာသော တရားတို့ကိုလည်း ဗုဒ္ဓကဟောကြားပေးခဲ့သော်လည်း သစ္စကပရဗိုဇ်သည် မဂ်ဖိုလ်သို့မရောက်၊ ရဟန်းလည်းမပြု အယုတ်သဖြင့် သရဏဂုံတို့၌သော်မှလည်း မတည်ချေ။

သို့သော် ဗုဒ္ဓသည် သစ္စကပရိဗိုဇ်၏ နောင်အနာဂါတ်၌ ကာဠုဗုဒ္ဓရက္ခိတအမည်ရှိသော ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုမည်ကို အနာဂတံသဉာဏ်တော်ဖြင့် မြင်ထား၍ အနာဂါတ်ကာလများ၌ တရားအထုံဝါသနာရစိမ့်သောငှာ ဤသို့သော တရားတော်များကို ဗုဒ္ဓက သစ္စကပရဗိုဇ်အား ဟောကြားပေးခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓသည် ဤသို့လျှင် လူသားတို့၏ အမြင်မရှင်းလင်းမှုသဘာဝများကို တင်းလင်းစွာသိအောင် ဖြေရှင်းပေးတော်မူခဲ့ပါသည်။

မူလပဏ္ဏာသ၊ စူဠသစ္စကသုတ် မဟာသစ္စကသုတ်

# ငယ်သော်လည်း မထေမဲ့မြင်မပြုရာ

ဗုဒ္ဓဂေါတမသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ တစ်နေ့တွင် ပသေနဒီကောသလမင်းသည် ဘုရားရှင်ထံသို့ လာရောက်ချဉ်းကပ်၍ ဝမ်းမြောက် ဝမ်းသာနှုတ်ဆက်ပြီးလျှင် အပြစ်လွတ်သောနေရာ၌ ထိုင်ပြီးလျှင်-

"အရှင်ဂေါတမသည်လည်း အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏-ဟူ၍ ဝန်ခံပါသလော"

ဟု မေးလျှောက်သည်။

"မင်းကြီး. . . အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍သိ၏-ဟူသော စကားကို ကောင်းစွာဆိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုသည်ဖြစ်ရာ၏။ မင်းကြီး- မှန်၏။ ငါဘုရားသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏။"

"အရှင်ဂေါတမ. . . အကြင် သမဏဗြာဟ္မဏတို့သည် သံဃာနှင့်ပြည့်စုံ၏။ ဂိုဏ်းနှင့်ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်ကုန်၏။ ထင်ရှားကုန်၏။ များသောအခြံအရံရှိကုန်၏။ အယူ ဝါဒကို တီထွင်ကုန်၏။ လူအများက သူတော်ကောင်းဟု သမုတ် အပ်ကုန်၏။"

ဤသမဏ ဗြာဟ္မဏတို့ကား မက္ခလိဂေါသာလ၊ ပူရဏကဿပ၊ နိဂဏ္ဌနာဋပုတ္တ၊ ဗေလဋ္ဌ၏သားသိဉ္စည်း၊ ပကုဓကစ္စာယန လူတို့၏ဆံပင်ဖြင့်ရက်သော ကမ္ဗလာကိုဆောင်းသော အဇိတတို့ ဖြစ်ကြပါ၏။ ထို သမဏဗြာဟ္မဏတို့သော်မှလည်း- ငါသည် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိအပ်၏-ဟု ဝန်ခံကြကုန်သလော-ဟု မေးအပ်သည်ရှိသော်- အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို သိ၏ဟု ဝန်မခံကုန်- အရှင်ဂေါတမသည် ဇာတ်အနွယ်အားဖြင့်လည်း ငယ်၏။ ရဟန်းပြုသစ်စလည်းဖြစ်၏။ သို့ဖြစ်လျက် အဘယ့်ကြောင့် ဝန်ခံသနည်း။

"မင်းကြီး ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ် ပြက်ရယ် မပြုအပ်သောအရာ လေးမျိုးရှိပါ၏"

- မင်းသားငယ်ကို ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ပြက်ရယ်မပြုအပ်၊
- မီးကို သေးငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ပြက်ရယ်မပြုအပ်၊
- ရဟန်းကို ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ပြက်ရယ်မပြုအပ်၊
- မြွေကို ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ပြက်ရယ်မပြုအပ်၊

မင်းကြီး . . ဇာတ်အမျိုးနှင့်ပြည့်စုံသော ဇာတ်သုံးမျိုးကို လွန်၍ဖြစ်သော များသောအခြံအရံရှိသော မင်းသားကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုရာ၊ ပြက်ရယ်မပြုရာ။ အကြောင်းသော်ကား- လူသာမန်တို့ထက် မြတ်သော ထိုမင်းသားငယ်သည် မင်းအဖြစ်ကို ရသည်ရှိသော် အမျက်ထွက်၍ ရာဇဒါဏ်ဖြင့် ထိုသူအား ပြင်းစွာ လုံ့လပြုတတ်၏။ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသူသည် ထိုသို့မထေမဲ့မြင်ပြုခြင်းကို မပြုရာ။

မင်းကြီး . . လူသည် များသောလောင်စာရှိသော အလျှံရှိသော မည်းနက်သောသွားရာလမ်းရှိသော ထိုမီးကို သေးငယ်သည်ဟူ၍ မထေမဲ့မြင်မပြုရာ၊ ပြက်ရယ်မပြုရာ။ ထိုမီးသည် လောင်စာကိုရသော် ကြီးမားသည်ဖြစ်၍ တစ်ရံတစ်ခါ မိမိအနီးသို့ ရောက်လာသော မလိမ္မာသော လူယောကျ်ား- မိန်းမတို့ကို လောင်ရာ၏။ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသောသူသည် မီးကိုမထေမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

လောင်သည်၏ အစွမ်းဖြင့် သုတ်သင်တတ်သော မည်း နက်သောသွားရာလမ်းရှိသော မီးသည် အကြင်တောကို လောင်၏။ ထိုတော၌ မြက်သစ်ပင်စသည်တို့သည် နေ့ညဉ့်များစွာ လွန်ကုန်သော်မှသာ ပေါက်ရောက်နိုင်၏။

လူသည်ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ အကြင်အရပ်၌ မြွေကိုမြင်ရာ၏။ ထိုအရပ်၌ ထိုမြွေသည် ငယ်၏ဟူ၍ မထေမဲ့မြင်မပြုရာ။

တန်ခိုးရှိသော မြွေသည် အထူးထူးအပြားပြားရှိသော အဆင်းသဏ္ဌာန်တို့ဖြင့် လှည့်လည်တတ်၏။ ထိုမြွေသည် တရံတခါ မိမိအဦးသို့ရောက်၍ မလိမ္မာသော ယောကျ်ားမိန်းမတို့ကို ကိုက်ရာ၏။ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသောသူသည် ထိုသို့ မထေမဲ့မြင်ပြုခြင်းကို ရှောင်ကြဉ်ရာ၏။

မင်းကြီး. . . သီလနှင့် ပြည့်စုံသောရဟန်းသည် သီလတည်းဟူသောတန်ခိုးဖြင့် အကြင်မထေမဲ့မြင်ပြုအပ်သောသူကို လောင်တတ်၏။ ထိုသူအား သားသမီးတို့သည်လည်းကောင်း၊ ကျွဲနွားတို့သည်လည်းကောင်း မဖြစ်ထွန်းကုန်၊ အမွေခံတို့သည်လည်း ဥစ္စာတို့သည်လည်းမရကုန်၊ ထိုသူတို့သည် သားသမီးမရှိကုန် သည်၊ အမွေခံမရှိကုန်သည်ဖြစ်၍ ထန်းပင်ငုတ်နှင့် တူကုန်၏။

ထို့ကြောင့်သာလျှင် မိမိ၏အကျိုးစီးပွားကို ကောင်းစွာသိမြင်သော သညာရှိသောပုဂ္ဂိုလ်သည်- မီး, မြွေ, အခြံအရံရှိသော မင်း, သီလနှင့်ပြည့်စုံသော ရဟန်းတို့အပေါ်၌ ကောင်းစွာသာလျှင် ကျင့်ရာ၏။

"အရှင်ဘုရား. . . တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ ဥပမာသော်ကား- မှောက်ထားသောဝတ္ထုကို

လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသော ဝတ္ထုကို လှစ်သကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြသကဲ့သို့လည်းကောင်း ဤအတူသာလျှင် ဘုရားရှင်သည် အကြောင်းအမျိုးမျိုးတို့ဖြင့် တရားကို ပြတော်မူ ပါ၏။

အရှင်ဘုရား ကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကေင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် ယနေ့မှစ၍ အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား။

## သဂါထာဝဂ္ဂသံယုတ်၊ ကောသလသံယုတ်

## ရဟန်းဂေါတမသည် လူတကာ မနှစ်သက်သောစကားကို ပြောသည်

အခါတစ်ပါး၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ရှင်နက်တို့၏ အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

နိဂဏ္ဌနာဋပုတ္တ၏ တပည့် အဘယမင်းသားသည် နိဂဏ္ဌထံ ချဉ်းကပ်ပြီး ရိုသေစွာ ရှိခိုးပြီး တစ်နေရာ၌ထိုင်သည်။

"မင်းသား. . . လာလော့ သင်သည် ရဟန်းဂေါတမကို အပြစ်တင်စွပ်စွဲလော့။ ဤသို့ အပြစ်တင်စွပ်စွဲသော် အဘယမင်း သားသည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေ၏-ဟု သင့်အား ကောင်းသော ကျော်ဇောသတင်းသည် ပျံ့နှံ့၍ထွက်လတ္တံ့။

"အရှင်. . . ကျွန်ုပ်သည် ဤသို့ တန်ခိုးအာနုဘော် ကြီးသော ရဟန်းဂေါတမကို အဘယ်သို့ အပြစ်တင်ရပါမည်နည်း။"

"မင်းသား. . . သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍- အရှင်ဘုရားသည် မနှစ်သက်ဖွယ်၊ မနှစ်ခြိုက်ဖွယ်သော စကားမျိုးကိုပြောဆိုရာ၏-ဟု ဤသို့ပြောဆိုပါ။ သင်က ဤသို့

မေးသော် ရဟန်းဂေါတမက- မင်းသား- ငါဘုရားသည် သူတစ်ပါးမနှစ်သက်ဖွယ်၊ မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏-ဟု အကယ်၍ ပြောဆိုလာငြားအံ့။ သင်က ရဟန်းဂေါတမကို- အရှင်ဘုရား ထိုသို့ဖြစ်လျှင် ပုထုဇဉ်နှင့် အရှင်ဘုရား၏ ခြားနားမှုသည် အဘယ်မှာရှိပါအံ့နည်း။ မှန်၏။ ပုထုဇဉ်သည်လည်း သူတစ်ပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်သောစကားကို ပြောဆိုပါ၏-ဟု သင်က စွပ်စွဲပြောပါလော။ သင်က ဤသို့မေး၍ ရဟန်းဂေါတမက မင်းသားငါဘုရားသည် သူတစ်ပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်သော စကားမျိုးကိုမပြောဆိုရာ-ဟု အကယ်၍ ဖြေငြားအံ့- သင်က ရဟန်းဂေါတမကို- အရှင်ဘုရား ထိုသို့ဖြစ်လျှင် အဘယ့်ကြောင့်အရှင်ဘုရားသည် ဒေဝဒတ်ရဟန်းကို-

ဒေဝဒတ်သည် အပါယ်သို့လားမည့်သူတည်း။ ဒေဝဒတ်သည် ငရဲသို့ကျမည့်သူတည်း။ ဒေဝဒတ်သည် ငရဲ၌ တစ်ကမ္ဘာလုံး တည်မည့်သူတည်း။ ဒေဝဒတ်သည် ကုစား၍မရနိုင်သောသူတည်း-ဟု ဆိုရပါသနည်း။ အရှင်ဘုရား၏ ထိုစကားကြောင့် ဒေဝဒတ်သည် အမျက်ထွက်ခြင်း နှလုံးမသာယာခြင်းသို့ ရရှိခံစားနေရပါ၏-ဟု သင်က စွပ်စွဲပြောပါလော့။

"မင်းသား. . . ရဟန်းဂေါတမသည် နှစ်ဖက်သော အစွန်းရှိသော ဤပြဿနာကို သင်မေးသည်ရှိသော် နှစ်ဖက်အစွန်းလွတ်အောင် မဖြေဆိုနိုင်ရာ၊ အပြစ်ကင်းအောင် မပြောနိုင်ရာ၊ ဥပမာသော်ကား ယောကျ်ားတစ်ယောက်၏ လည်မျို၌

ကပ်ငြိနေသော သံဆူးခွကို ထိုယောက်ျားသည် ထွေးအံခြင်းငှာလည်း မတတ်နိုင်၊ မျိုချခြင်းငှာလည်းမတတ်နိုင်သကဲ့သို့ မင်းသား ဤအတူသာလျှင် နှစ်ဖက်သောအစွန်းရှိသော ဤပြဿနာကို သင်မေးပါ။ ရဟန်းဂေါတမသည် နှစ်ဖက်အစွန်းလွတ်အောင် မဖြေဆိုနိုင်ရာ။ အပြစ်ကင်းအောင် မပြောပြနိုင်ရာ။

"အရှင်ဘုရား . . . ကောင်းပါပြီ"

အဘယရာဇကုမာရသည် နိဂဏ္ဍနာဋပုတ္တထံမှ ဤသို့သော အဆုံးအမကို ခံယူပြီး ဝန်ခံကာ ဗုဒ္ဓထံသို့ လာခဲ့လေသည်။ ဗုဒ္ဓထံသို့ရောက်သော် ဗုဒ္ဓကို ရှိခိုးပြီးလျှင် တစ်နေရာ၌ ထိုင်နေလေသည်။

မင်းသားသည် ထိုင်ရင်း- နေကို မော်ကြည့်မိသည်။ "ယနေ့ ဗုဒ္ဓကို အပြစ်တင်စွပ်စွဲခြင်းငှာ အခါမဟုတ်တော့ပြီ၊ နက်ဖြန်မိမိအိမ်၌သာ ငါသည် ဗုဒ္ဓကို အပြစ်တင်တော့အံ့" ဟု အကြံဖြစ်မိလေသည်။

"အရှင်ဘုရား . . . မြတ်စွာဘုရားသည် နက်ဖြန်နံနက်ဆွမ်းအတွက် တပည့်တော်၏ ဆွမ်းကို အရှင်ဘုရားအပါအဝင် ငါးပါးလက်ခံတော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ဗုဒ္ဓသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူသည်။ မင်းသားသည် ဗုဒ္ဓ၏ လက်ခံခြင်းကိုသိ၍ နေရာမှထ,ကာ ဗုဒ္ဓကို ရိုသေစွာရှိခိုး၍ ပြန်လာခဲ့သည်။

ထို့နောက် ဗုဒ္ဓသည် ထိုညလွန်သော် နံနက်အချိန် သပိတ် သင်္ကန်း ပြင်ဆင်ယူပြီး သံဃာလေးပါးနှင့်အတူ အဘယ ရာဇကုမာရအိမ်သို့ ဆွမ်းစားကြွတော်မူသည်။

အဘယရာဇကုမာရမင်းသားသည် ဗုဒ္ဓအမှူးရှိသော သံဃာကို မွန်မြတ်သော ခဲဘွယ်၊ ဘောဇဉ်ဖြင့် ရောင့်ရဲသည့် တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး သည်။

ဗုဒ္ဓ၏ ဆွမ်းတော်ကိစ္စပြီးသောအခါ မင်းသားသည် သင့်ရာနေရာ၌ ထိုင်နေပြီးလျှင်-

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်သောစကားမျိုးကို ပြောဆိုပါသ လော"

ဟုမေးလျှောက်သည်။

"မင်းသား ဤစကားမျိုးတို့၌ တစ်ထစ်ချအားဖြင့် မဖြေ ကြားနိုင်ပါ။"

"အရှင်ဘုရား. . . ဤပြဿနာမေးမှု၌ နိဂဏ္ဌာတို့သည် ပျက်စီးကြကုန်လေပြီ"

"မင်းသား. . . သင်သည် အဘယ့်ကြောင့် ဤပြဿနာ မေးမှု၌ နိဂဏ္ဌာတို့သည် ပျက်စီးကြကုန်လေပြီ-ဟု ဆိုရပါသနည်း"

ဗုဒ္ဓက ဤသို့ မေးမြန်းလေသော် မင်းသားသည် နိဂဏ္ဌာ နာဋပုတ္တက မိမိကို ဗုဒ္ဓထံ စွပ်စွဲပြောဆိုရန် သင်ကြားပေးပုံ အလုံးစုံကို ပြန်လည်လျှောက်ထားပြလေသည်။

ထိုအချိန်ဝယ် ပက်လက်အိပ်အရွယ်ကလေးငယ် လူမ မယ်လေးသည် အဘယမင်းသား၏ ပေါင်ပေါ်၌ နေလေသည်။

"မင်းသား. . . ထိုစကားကို သင် မည်သို့မှတ်ထင်ပါ သနည်း။ ဤကလေးငယ်သည် သင်၏မေ့လျော့ခြင်းကို အစွဲ ပြု၍ လည်းကောင်း၊ အထိန်း၏မေ့လျော့ခြင်းကို အစွဲပြု၍လည်း ကောင်း၊ သစ်သားတိုသစ်သားစကိုဖြစ်စေ၊ ကျောက်စရစ် အိုး ခြမ်းကွဲကိုဖြစ်စေ အကယ်၍ ခံတွင်း၌ ထည့်သွင်းလေငြားအံ့။ ထိုကလေးသူငယ်ကို အဘယ်သို့လျှင် ပြုလုပ်ရပါသနည်း။

"အရှင်ဘုရား. . . ထိုကလေးငယ်၏ ပါးစပ်အတွင်းရှိ အရာကို ကျွန်ုပ်သည် ထုတ်ဆောင်ရာပါ၏။ အရှင်ဘုရား- အကယ်၍ အစကပင်ထုတ်ဆောင်ခြင်းငှာ မတတ်နိုင်ငြားအံ့၊ လက်ဝဲလက်ဖြင့် ဦးခေါင်းကို သိမ်းပိုက်၍ လက်ျာလက်ဖြင့် လက်ချောင်းကို ကောက်ကွေး၍ သွေးထွက်ငြားသော်လည်း တပည့်တော်သည် သူငယ်အား အစဉ်သနားခြင်းရှိသော ကြောင့် ထုတ်ရပါတော့အံ့"

"မင်းသား. . . ဤအတူပင် မဟုတ်မမှန် အကျိုးစီးပွား နှင့်လည်းမစပ်၊ သူတစ်ပါးတို့လည်းမနှစ်သက်၊ မနှစ်ခြိုက်သော စကားမျိုးကို ငါဘုရားသည် မပြောမဆို-(၁)

- ဟုတ်မှန်၏ အကျိုးစီးပွားနှင့်ကား မစပ်၊ သူတစ်ပါး တို့လည်းမနှစ်သက်မနှစ်ခြိုက် ထိုစကားမျိုးကို ငါ ဘုရားသည် မပြောမဆို -(၂)

- ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်လည်းစပ်၏။ သူတစ်ပါးတို့ကမနှစ်သက် မနှစ်ခြိုက် ထိုစကားမျိုး၌ ငါဘုရားသည် အခါအားလျော်စွာ ပြောဆိုပါ၏။(၃)
- မဟုတ်မမှန် အကျိုးစီးပွားနှင့်မစပ် သူတစ်ပါးတို့က နှစ်သက်၏။ နှစ်ခြိုက်၏။ ထိုစကားမျိုးကို ငါဘုရားသည် မပြောမဆို(၄)
- ဟုတ်မှန်၏ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကနှစ်သက် နှစ်ခြိုက်၏ ထိုစကားမျိုးကိုလည်း ငါဘုရားသည် မပြောမဆို (၅)
- ဟုတ်မှန်၏ အကျိုးစီးပွားနှင့်စပ်၏။ သူတစ်ပါးတို့သည်လည်း နှစ်သက်၏။ နှစ်ခြိုက်၏။ ထိုစကားမျိုးကို ငါဘုရားသည် အခါအားလျော်စွာ ပြောဆို၏။(၆)

ထိုသို့ပြောခြင်းသည် ငါဘုရားက သတ္တဝါတို့ကို အစဉ်သနားခြင်းရှိသောကြောင့် ဖြစ်ပေ၏။

"မြတ်စွာဘုရား . . . ပညာရှိကြကုန်သော မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းတို့သည် ပြဿနာကို စီစဉ်ကုန်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကာ မေးမြန်းကြကုန်၏။"

အရှင်ဘုရား . . . အကြင်သူတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ဤသို့မေးကုန်လတ့်။ ငါသည် ထိုသူတို့အား ဤသို့မေးသော် ဤသို့ဖြေကြားအံ့ဟု မြတ်စွာဘုရားက ရှေးဦးစွာကပင် စိတ်ကူးကြံစည်ထားခြင်း ရှိပါသလော- သို့မဟုတ် တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာ ထင်မြင်၍ လာပါသလော"

"မင်းသား. . . ထိုသို့ဖြစ်လျှင် ဤအရာ၌ သင်မင်းသားကိုသာလျှင် ပြန်မေးအံ့။ သင်မင်းသားနှစ်သက်သလို ဖြေပါလေ"

"မင်းသား. . . ဤစကားကို သင်အဘယ်သို့ ထင်မှတ်ပါသနည်း။ သင်သည် ရထား၏ အစိတ်အပိုင်း အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်ပါ၏လော"

"အရှင်ဘုရား. . . ကျွမ်းကျင်ပါ၏"

"မင်းသား. . . ထိုစကားကို သင်မည်သို့ ထင်မှတ်ပါသ နည်း။ အကြင်သူတို့သည် အသင်မင်းသားသို့ ချဉ်းကပ်ကြကုန်၍ ရထား၏ ဤအင်္ဂါကြီးငယ်အစိတ်အပိုင်းသည် အဘယ်အမည်ရှိသနည်း--ဟု မေးမြန်းရာ၏။ အကြင်သူတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ဤသို့ မေးကုန်လတံ့။ ငါသည် ထိုသူတို့အား ဤသို့မေးသော် ဤသို့ဖြေလတံ့ဟု သင့်မှာ ရှေးဦးစွာကပင်လျှင် စိတ်ကူးကြံစည်ထားတာ ရှိပါသလော-သို့မဟုတ် တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် သင်၏ဉာဏ်ထဲမှာ ထင်ကျန်၍လာပါသလော"

"အရှင်ဘုရား. . . ကျွန်ုပ်သည် ရထားအတတ် တတ်ပါ၏။ နားလည်ပါ၏။ ရထား၏ အင်္ဂါကြီးငယ်အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါ၏။ ကျွန်ုပ်သည် ရထား၏အလုံးစုံသော အင်္ဂါကြီး ငယ်အစိတ်အပိုင်းတို့ကို ကောင်းစွာသိထားပါ၏။ တခဏချင်းဖြင့်ပင် ထိုပြဿနာ၏အဖြေသည် ကျွန်ုပ်၏ ဉာဏ်ထဲမှာ ထင်မြင်၍လာပါ၏။"

"မင်းသား. . . ဤအတူပင် ပညာရှိမင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းတို့က ပြဿနာကို စီစဉ်ကုန်၍ ငါဘုရားထံသို့ ချဉ်းကပ်ကာ မေးမြန်းကြသည်ရှိသော် ငါဘုရားသည် သဗ္ဗညု တဉာဏ်ဟူသော ဓမ္မဓာတ်ကို ထိုးထွင်း၍သိထားသူဖြစ်သော ကြောင့် တခဏချင်းဖြင့်ပင် ဉာဏ်ထဲမှာ ထင်မြင်၍လာပါ၏။

"မြတ်စွာဘုရား. . . အရှင်ဘုရား၏ တရားတော် သည် အလွန်နှစ်သက်ဖွယ်ရှိပေစွ အလွန်နှစ်သက်ဖွယ်ရှိပေစွ- ကျွန်ုပ်သည် ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူ ပါဘုရား"

ဟု အဘယရာဇကုမာရမင်းသားသည် ဘုရားရှင်ကို မိမိဆရာ ၏ စကားဖြင့် စွပ်စွဲရန်ကြိုးစား၍ ပြဿနာသင်ခဲ့သော်လည်း အဆင့်အတန်းရှိသော မင်းမျိုးမင်းနွယ်နှင့် အတွေးအခေါ်ရှိသူ ပီပီ ဗုဒ္ဓ၏ဖြေရှင်းချက်ကို ခဏချက်ချင်းပင် သဘောပေါက်ကာ ရတနာသုံးပါးကို ကိုးကွယ်သူ ဥပါသကာအဖြစ်သို့ ရောက်ရှိ သွားရလေတော့သည်။

ဗုဒ္ဓသည် မိမိအား စွပ်စွဲလာသူများအား ဤသို့လျှင် တစ်ဖက်သား ကျေနပ်နှစ်သက်သွားအောင် အကြောင်းနှင့် အကျိုးကိုယှဉ်ကာ ပြဿနာကို ဖြေရှင်းပေးတတ်သော သဗ္ဗညုတ ဉာဏ်ရှင်ဖြစ်ပါတော့သည်။

**မဇ္ဈိမပဏ္ဏာသ ဂဟပတိဝဂ်၊ အဘယရာဇကုမာရသုတ်**

## လှပတင့်တယ်သော မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်သည်

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တောဒေယျပုဏ္ဏား၏ သားဖြစ်သော သုဘလုလင်သည် ကိစ္စတစ်ခုဖြင့် သာဝတ္ထိပြည် သူကြွယ်တစ်ဦး၏အိမ်တည်းခို လျက်ရှိသည်။

သုဘလုလင်က အိမ်ရှင်သူကြွယ်ကို-

"သင့်တို့ သာဝတ္ထိပြည်၌ ဘုရား, ရဟန္တာ, ပုဏ္ဏား များပေါလှသည်ဟု ကျော်ကြားနေပါသည်။ ကျွန်ုပ်သည် အဘယ်ဘုရား, ရဟန္တာ, ပုဏ္ဏားများကို ဆည်းကပ်ရန် သင့်ပါသနည်း" ဟု မေးမြန်းစုံစမ်းသည်။

"ရဟန်းဂေါတမကို ဆည်းကပ်ရန် သင့်မည်ထင်ပါသည်။"

ဟု သူကြွယ်က အကြံပေးသည်။

သို့အတွက် သုဘလုလင်ပုဏ္ဏားသည် ဗုဒ္ဓထံသို့ သွားရောက်ကာ ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားပြီး သင့်ရာတစ်နေရာ၌ ထိုင်သည်။

"အရှင်ဂေါတမ. . . လူဝတ်ကြောင်သည်သာလျှင် မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်၏။ ရဟန်းသည် မှန်ကန်သော ကုသိုလ်တရားကို မပြီးမြောက်စေနိုင်ဟု ပုဏ္ဏားတို့က ပြောဆိုပါသည်။ ဤအရာ၌ အရှင်ဂေါတမသည် မည်သို့ ပြောဆိုလိုပါသနည်း"

"လုလင်ပုဏ္ဏား. . . ဤအရာ၌ ငါသည် ခွဲခြားဝေဖန် ပြောဆိုလေ့ရှိပါ၏။ တစ်ဘက်သတ် ပြောဆိုလေ့မရှိပါ။ ငါသည် လူဝတ်ကြောင်ဖြစ်စေ၊ ရဟန်းဖြစ်စေ မှားသောအကျင့်ကို ကျင့်လေ့ရှိသူကို မချီးကျူး၊ မှန်သောအကျင့်ကို ကျင့်သူသာ ချီးကျူးပါ၏။

လူဝတ်ကြောင်ဖြစ်စေ ရဟန်းဖြစ်စေ မှားသော အကျင့်ကို ကျင့်ခဲ့သော် မှန်ကန်သောကုသိုလ်တရားကို ပြီးမြောက်စေ နိုင်မည်မဟုတ်။ မှန်ကန်သော အကျင့်ကို ကျင့်မှသာ မှန်ကန်သောကုသိုလ်တရားကို ပြီးမြောက်စေနိုင်မည် ဖြစ်ပါသည်။

"အရှင်ဂေါတမ. . . ကျယ်ဝန်းများပြားသော ပြုဘွယ်ကိစ္စ၊ များပြားသောကြောင့်ကြမှု၊ များပြားသောအားထုတ်ခြင်း ရှိသော လူဝတ်ကြောင်တို့၏ အလုပ်သည် အကျိုးကြီးမား၏။ နည်းသောပြုဘွယ်ကိစ္စ၊ နည်းသောကြောင့်ကြမှု၊ နည်းသော အားထုတ်မှုရခြင်းရှိသော ရဟန်းတို့၏အလုပ်သည် အကျိုးနည်း၏-ဟု ပုဏ္ဏားတို့က ပြောဆိုကြသည်ကို- အရှင်ဘုရား မည်သို့ ပြောဆိုလိုပါသနည်း။"

"ယုလင်ပုဏ္ဏား. . . ဤအရာ၌လည်း ငါသည် ခွဲခြား ဝေဖန်၍ ပြောဆိုလေ့ရှိပါ၏။ တစ်ဘက်သတ်ပြောဆိုလေ့မရှိ။ အလုပ်နှစ်မျိုးတွင် မည်သည့်အလုပ်ပင်ဖြစ်စေ ချွတ်ယွင်းလွဲမှား သည်ရှိသော် အကျိုးနည်း၏။ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုး ကြီးမား၏။"

"လုလင်ပုဏ္ဏား. . . ဥပမာအားဖြင့် လယ်ယာလုပ်ငန်း သည် များပြားသောပြုဘွယ်ကိစ္စ၊ များပြားသော ကြောင့်ကြမှု၊ များပြားသော အားထုတ်ရခြင်းရှိကြ၏။ သို့သော် ချွတ်ယွင်း လွဲမှားစွာလုပ်မိသော် အကျိုးနည်း၏။ မှန်ကန်ပြည့်စုံသည် ရှိသော် အကျိုးရှိ၏။

လုလင်ပုဏ္ဏား. . . ထိုနည်းပင် ပြုဘွယ်ကိစ္စများသော လူတို့၏အလုပ်သည် ချွတ်ယွင်းလွဲမှားသည်ရှိသော် အကျိုး နည်း၏။ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုးကြီး၏။

ပြုဘွယ်ကိစ္စနည်းသော ရဟန်းတို့၏ အလုပ်သည် လည်း ချွတ်ယွင်းလွဲမှားသည်ရှိသော် အကျိုးနည်း၏။ မှန်ကန် ပြည့်စုံသည်ရှိသော် အကျိုးကြီး၏။"

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်း၊ ကုသိုလ်ကို ပြည့်စုံစေခြင်းငှာ အမှန်ကိုဆိုခြင်း၊ ခြိုးခြံသော အကျင့် ကိုကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ သင်အံ လေ့ကျက်ခြင်း၊ စွန့်ကြဲခြင်းဟူ၍ တရားငါးပါးကို သတ်မှတ်ကြ ရာ ဤအရာ၌ အရှင်ဂေါတမသည် မည်သို့ ပြောဆိုလိုပါ သနည်း။"

"လုလင်ပုဏ္ဏား. . . ပုဏ္ဏားတို့တွင် ဤတရားငါးပါး၏ အကျိုးကို ကိုယ်ပိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍ ငါဟော ကြား၏-ဟု ဆိုဝံ့သူတစ်စုံတစ်ယောက်သည် ရှိခဲ့ပါသလော"

"အရှင်ဂေါတမ. . . မရှိခဲ့ပါ"

"လုလင်ပုဏ္ဏား. . . ပုဏ္ဏားတို့သည် ခုနစ်ဆက်တိုင် အောင်သော ဆရာအဆက်ဆက်တို့တွင်လည်း ဤကဲ့သို့ ဆိုဝံ့သူ တစ်စုံတစ်ယောက် ရှိခဲ့သလော"

"အရှင်ဂေါတမ. . . မရှိခဲ့ပါ"

"လုလင်ပုဏ္ဏား. . . ဗေဒင်ကျမ်းများကို စီရင်ခဲ့သော ရသေ့ရှစ်ယောက်တို့တွင်လည်း ဤကဲ့သို့ ဆိုဝံ့သူ တစ်စုံတစ် ယောက် ရှိခဲ့ပါသလော"

"အရှင်ဂေါတမ. . . မရှိခဲ့ပါ"

"လုလင်ပုဏ္ဏား. . . ယင်းကဲ့သို့ မရှိခဲ့သော် ပုဏ္ဏားတို့၏ စကားအစဉ်သည် သူကန်းတို့၏ အစဉ်သဖွယ် ရှေးလူလည်းမ မြင်၊ အလယ်လူလည်းမမြင်၊ နောက်လူလည်းမမြင် သူကန်းတို့ ၏ အစဉ်အတိုင်းသဖွယ် ဖြစ်ချေ၏။"

ဤကဲ့သို့ ဗုဒ္ဓက ပုဏ္ဏားများကို သူကန်းနှင့် ပုဏ္ဏားနှင့် ဥပမာပြု၍ မိန့်ကြားသောအခါ သုဘလုလင်သည် စိတ်ဆိုး၍ ဗုဒ္ဓအပေါ်၌ ပြစ်တင်ရှုံ့ချလိုသဖြင့်-

"ဗျာန်မဂ်ဖိုလ်တရားထူးကို ရပြီးဟု ဝန်ခံသောရဟန်း ပုဏ္ဏားတို့၏ စကားမှာ ရယ်ဖွယ်သာဖြစ်သည်။ စကားမျှသာ

ဖြစ်၏။ အကျိုးမရှိ အချည်းနှီးသာလျှင်ဖြစ်၏။ လူသား ဖြစ်သောသူသည် လူတို့၏တရားထက်လွန်သော အရိယာဖြစ် စွမ်းနိုင်သော ဉာဏ်မြင်အထူးကို အဘယ်မှာရနိုင်မည်နည်းဟု သုဘဂတောကို အစိုးရသော ပေါက္ခရ သာတိပုဏ္ဏားက ပြော ဆိုခဲ့ပါသည်”

ဟု သုဘလုလင်က လျှောက်ထားသည်။

“လုလင်ပုဏ္ဏား. . . ဩပပညာအနွယ်ဖြစ်သော သုဘဂတောကို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် ရဟန်း ပုဏ္ဏားအားလုံးတို့၏စိတ်ကို မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ သိနိုင်ပါသလော”

“အရှင်ဂေါတမ. . . ပေါက္ခရသာတိပုဏ္ဏားသည် မိမိ၏ ကျွန်မဖြစ်သောပုဏ္ဏိက၏စိတ်ကိုသော်မျှ မိမိစိတ်ဖြင့် ပိုင်းခြား၍ မသိနိုင်ဘဲ အလုံးစုံ ထိုပုဂ္ဂိုလ်များ၏စိတ်ကို ပိုင်းခြား၍ အဘယ်မှာသိနိုင်ပါအံ့နည်း”

“လုလင်ပုဏ္ဏား. . . မိခင်ဝမ်းမှ မွေးဖွားစဉ်ကပင် မျက်စိ မမြင်သောသူကန်းက-

လောက၌ အမဲ, အဖြူ, အနီ, အဝါ, အရွှေ အရောင် အဝင်းအမျိုးမျိုးသည်လည်းကောင်း၊ လ, နေ, ကြယ်တာယာ တို့သည်လည်းကောင်း ထိုသူသည် သူမမြင်ဖူးသောကြောင့် ထိုအရာများမရှိ အာရုံကို ငါမသိ ငါမမြင်ဟု ပြောဆိုခဲ့သော် ထိုသူကန်း၏စကားသည် ကောင်းစွာပြောဆိုအပ်သော စကား ဖြစ်နိုင်ပါမည်လော”

"အရှင်ဂေါတမ. . . သူကန်း၏ စကားသည် ကောင်းစွာ ပြောဆိုအပ်သောစကား မဖြစ်နိုင်ပါ"

"လုလင်ပုဏ္ဏား. . . ဤဥပမာအတိုင်းပင် ဉာဏ်မျက်စိ မရှိသော ပေါက္ခရသာတိပုဏ္ဏားသည် ပကတိလူတို့ တစ်ရာ ထက်သာလွန်သောဉာဏ်မြင်အထူးကို မျက်မှောက်ပြုနိုင်ဖွယ် အကြောင်းမရှိပေ။"

သုဘလုလင်. . . သင်၏ဘခင် တောဒေယျပုဏ္ဏား နှင့်တကွ စင်္ကီပုဏ္ဏား၊ တာရုက္ခပုဏ္ဏားစသော ကောသလတိုင်း သားပုဏ္ဏားတို့၏ လောကဝေါဟာရစကားဖြင့် ပြောဆို အပ်သောစကား၊ လောကဝေါဟာရအားဖြင့်မဟုတ်ဘဲ ပြော ဆိုသောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်ပါ သနည်း။"

"အရှင်ဂေါတမ. . . လောကဝေါဟာရအားဖြင့် ပြောဆိုအပ်သောစကားသည် ချီးမွမ်းအပ်ပါသည်။"

"သုဘလုလင်. . . ထိုပုဏ္ဏားတို့၏ နှိုင်းချိန်၍ ပြောအပ်သောစကား၊ မနှိုင်းချိန်ဘဲ ပြောသောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်ပါသနည်း။"

"အရှင်ဂေါတမ. . . နှိုင်းချိန်၍ပြောသော စကား သည် ချီးမွမ်းအပ်ပါ၏။"

"သုဘလုလင်. . . ထိုပုဏ္ဏားတို့၏ အကျိုးနှင့်စပ် သောစကား အကျိုးနှင့်မစပ်သောစကားတို့တွင် အဘယ် စကားသည် ချီးမွမ်းအပ်ပါသနည်း။"

"အရှင်ဂေါတမ. . . အကျိုးနှင့်စပ်သော စကားသည် ချီးမွမ်းအပ်ပါ၏။"

"သုဘလုလင်. . . ထိုသို့ဆိုသော် ပေါက္ခရသာတိပုဏ္ဏားသည် ထိုစကားကို လောကဝေါဟာရအားဖြင့် ပြောဆိုသလော လောကဝေါဟာရမဟုတ်ဘဲ ပြောဆိုသလော။"

"အရှင်ဂေါတမ. . . လောကဝေါဟာရမဟုတ်ဘဲ ပြောဆိုရာရောက်နေပါ၏။"

"သုဘလုလင်. . . ပေါက္ခရသာတိပုဏ္ဏားသည် နှိုင်းချိန်၍ ပြောသလော- မနှိုင်းချိန်ဘဲပြောသလော"

"အရှင်ဘုရား. . . မနှိုင်းချိန်ဘဲ ပြောဆိုရာရောက်ပါသည်။"

"သုဘလုလင်. . . ပေါက္ခရသာတိပုဏ္ဏားသည် ဆင်ခြင်၍ ပြောဆိုသလော၊ မဆင်ခြင်ဘဲပြောဆိုသလော"

"အရှင်ဂေါတမ. . . မဆင်ခြင်ဘဲ ပြောဆိုပါသည်။"

"သုဘလုလင်. . . ပေါက္ခရသာတိပုဏ္ဏားသည် အကျိုးနှင့် စပ်သောစကားဖြစ်သလော၊ အကျိုးနှင့်မစပ်သော စကားဖြစ်သလော"

"အရှင်ဂေါတမ. . . အကျိုးနှင့်မစပ်သောစကားဖြစ်ပါသည်။"

"သုဘလုလင်. . . ကာမဆန္ဒစသော နီဝရဏတရားငါးပါးဖြင့် ဖုံးလွှမ်း၍ ပျက်စီးရာစသည်တို့ဖြင့်မြင်, ကြားအပ်သော အဆင်း, အသံစသော ကာမဂုဏ်အာရုံငါးပါးဖြင့် တပ်

မက်ပြီး မိန်းမောတွေဝေ၍နေသော ပေါက္ခရသာတိပုဏ္ဏား သည် ပကတိ လူတို့တရားထက် သာလွန်သော ဉာဏ်အမြင် ထူးကို မျက်မှောက် ပြုနိုင်ဖွယ်အကြောင်းမရှိပါပေ။"

"သုဘလုလင်. . . ဤတရားကို မည်သို့ထင်ပါ သနည်း။ မြက်၊ ထင်းကို စွဲလောင်သောမီးနှင့် မြက်၊ ထင်းလောင်စာမပါ ဘဲဖြစ်သော မီးတို့တွင် အဘယ်မီးသည် ပို၍အရောင်အဆင်းရှိ၍ ပို၍တောက်ပါမည်နည်း။"

"အရှင်ဂေါတမ. . . မြက်၊ ထင်းမပါဘဲဖြစ်သောမီး သည်ရှိခဲ့သော် ထိုမီးသည် ပို၍အရောင်အဆင်းရှိ၍ ပို၍ တောက်ပရာ၏။"

"သုဘလုလင်. . . တန်ခိုးရှိသူမှတစ်ပါး မြက်ထင်းဟူ သော လောင်စာမပါဘဲ မီးကို ဖြစ်စေနိုင်ဘွယ် အကြောင်းမရှိ"

သုဘလုလင်. . . မြက်၊ ထင်းဟူသော လောင်စာကို စွဲ၍ ဖြစ်သောမီးကဲ့သို့ ကာမဂုဏ်ငါးပါးကို စွဲ၍ဖြစ်သော နှစ်သိမ့်မှုကို ငါဆိုပါ၏။ မြက်၊ ထင်းလောင်စာ မပါဘဲဖြစ်သော မီးကဲ့သို့ ကာမဂုဏ်အကုသိုလ်တို့မှ ကင်း၍ဖြစ်သော နှစ်သိမ့်မှု ကို ငါဆို၏။

သုဘလုလင်. . . ကာမဂုဏ်အကုသိုလ်တို့မှ ကင်း၍ ဖြစ်သော နှစ်သိမ့်မှုဟူသည် ပထမဈာန်၊ ဒုတိယဈာန်တို့နှင့် ယှဉ် သောနှစ်သိမ့်မှုပင်ဖြစ်ပါသည်။

"သုဘလုလင်. . . ကောင်းမှုပြုခြင်း ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှာ ပုဏ္ဏားတို့သည် မှတ်ထားသော တရားငါးပါး

တို့တွင် အဘယ်တရားကို အကျိုးအကြီးဆုံးဟူ၍ သတ်မှတ်ကြပါသနည်း။"

"အရှင်ဂေါတမ. . . စွန့်ကြဲခြင်းကို အကြီးအဆုံးဟူ၍ သတ်မှတ်ကြပါသည်။"

"သုဘလုလင်. . . ကြီးကျယ်ခမ်းနားစွာ ကျင်းပသော ယစ်ပူဇော်ပွဲ၌ ပုဏ္ဏားတစ်ယောက်သည် အကောင်းဆုံးဖြစ်သော နေရာထိုင်ခင်းနှင့် စားသောက်ဖွယ်တို့ကို ရလို၏။ သို့သော် မရ၍ စိတ်ဆိုးခြင်း၊ နှလုံးမသာယာခြင်းဖြစ်ရာ၏။ ယစ်ပူဇော်ခြင်း၏ အကျိုးကို ပုဏ္ဏားတို့က မည်သို့ သတ်မှတ်ကြပါသနည်း။"

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့သည် မိမိအလှူဖြင့် တစ်ပါးသူများစိတ်ဆိုးခြင်း၊ နှလုံးမသာယာခြင်းကို အလိုမရှိကြပါ။ သနားငဲ့ညှာခြင်း ရှိကြကုန်သည်ဖြစ်၍သာလျှင် အလှူဒါနကို ပေးလှူကြပါသည်။"

"သုဘလုလင်. . . ဤသို့ဖြစ်သော် ပုဏ္ဏားတို့အား သနားငဲ့ညှာခြင်းဟူသော ချောက်ခုမြောက်ကောင်းမှုပြုခြင်း၏ အကြောင်းတရားသည် ရှိသည်မဟုတ်ပါလော။"

"သုဘလုလင်. . . ဤသို့ဖြစ်သော် ပုဏ္ဏားတို့အား သနားငဲ့ညှာခြင်းဟူသော ချောက်ခုမြောက်ကောင်းမှုပြုခြင်း၏ အကြောင်းတရားသည် ရှိပါ၏။"

"သုဘလုလင်. . . ကောင်းမှုပြုခြင်း ကုသိုလ်တရားတို့ ပြည့်စုံစေခြင်းငှာ ပုဏ္ဏားတို့သတ်မှတ်ထားသော တရားငါးပါး

ကို လူနှင့်ရဟန်းနှစ်မျိုးတို့တွင် အဘယ်သူ၌ များစွာတွေ့မြင်ရပါသနည်း။"

"အရှင်ဂေါတမ. . . ထိုတရားငါးပါးကို ရဟန်းတို့၌ များစွာတွေ့မြင်ရပါသည်။ လူတို့၌ကား အနည်းငယ်သာ တွေ့မြင်ရပါသည်။ အကြောင်းမူ လူတို့သည် ပြုဘွယ်ကိစ္စများ၍ ရဟန်းတို့ က ပြုဘွယ်ကိစ္စနည်းသောကြောင့် ဖြစ်ပါသည်။"

"သုဘလုလင်. . . ကောင်းမှုပြုခြင်း ကုသိုလ်တရား ပြီး မြောက်စေခြင်းငှာ ပုဏ္ဏားတို့ သတ်မှတ်ထားသော တရား ငါးပါးကို စိတ်၏အခြံအရံ-ဟူ၍ငါဆို၏။"

ထိုတရားငါးပါးသည် ရန်လိုခြင်း၊ နှောက်ယှက်ဖျက် ဆီးခြင်းကင်းသောစိတ်ကို ပွားများရေးအတွက် အခြံအရံ ဖြစ်၏။

အခြံအရံဖြစ်ပုံကား အမုန်းကို ဆိုလေ့ရှိသော ရဟန်း သည် ငါကား- အမုန်းကို ဆိုသူဖြစ်၏-ဟူ၍ နှစ်သက်ဝမ်း မြောက်မှုကို ရ၏။ ထိုနှစ်သက်ဝမ်းမြောက်မှုသည် စိတ်၏ အခြံ အရံပင်ဖြစ်၏။

ခြိုးခြံသောအကျင့်၊ မြင့်မြတ်သောအကျင့်၊ မြတ်သော အကျင့် သင်အံလေ့ကျင့်ခြင်း၊ စွန့်ကြဲခြင်းရှိသော ရဟန်းတို့အား လည်း ထိုနည်းတူပင် နှစ်သက်ဝမ်းမြောက်မှုဖြစ်ပေါ်၍- ထိုနှစ် သက်ဝမ်းမြောက်မှုသည် စိတ်၏ အခြံအရံဖြစ်လေသည်။

"အရှင်ဂေါတမသည် ဗြဟ္မာတို့၏ အပေါင်းအဖော်ဖြစ်ရေးလမ်းစဉ်ကို သိပါသလော"

"သုဘလုလင်. . . ကျူထရံသည်တို့ရွာတွင် မွေးဖွားနေထိုင်ပြီး ထိုရွာမှထွက်လာသော ရွာသားတစ်ဦးကို ထိုရွာသို့သွား သောလမ်းခရီးကို အခြားတစ်ဦးကမေးခဲ့သော် နှုန်နှေးဖင့်နွဲ့ခြင်း ရှိရာပါသလော။"

"အရှင်ဂေါတမ. . . ကျူထရံရွာ၌ မွေးဖွားခဲ့သူဖြစ်၍ နှုန်နှေးဖင့်နွဲ့ခြင်း မရှိနိုင်ပါ။"

"သုဘလုလင်. . . ကျူထရံရွာ၌မွေးဖွားသူကို ရွာသွားလမ်းခရီးကိုမေးက နှုန်နှေးဖင့်နွဲ့ကောင်း ဖင့်နွဲ့ပါမည်။ ငါဘုရားသည်ကား ဗြဟ္မာကိုလည်းသိ၏။ ဗြဟ္မာပြည်လောကကိုလည်းသိ၏။ ဗြဟ္မာပြည်ရောက်ကြောင်းအကျင့်ကိုလည်းသိ၏။ ထိုအကျင့်ကို ကျင့်ပုံကိုလည်းသိ၏။"

"အရှင်ဂေါတမ. . . ဤသို့ဆိုက ကျွန်ုပ်အား ဗြဟ္မာအပေါင်းအဖော်ဖြစ်ခြင်းငှာ ဗြဟ္မာပြည်ရောက်ကြောင်းအကျင့်ကို ဟောကြားပေးပါ။"

သုတလုလင်. . . ထိုသို့ဖြစ်က နားထောင်လေလော့ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ကြောင်းအကျင့်ဟူသည် ဤသာသနာတော်၌ မေတ္တာကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မာဝိဟာရတရားနှင့် ယှဉ်သောစိတ်ဖြင့် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့စေ၍နေသည်။ ထိုဗြဟ္မာဝိဟာရတရားများကို ပွားများသည်ရှိသော် အနှိုင်းယှဉ်ခံရသော

ကာမာဝစရကံသည် ထိုမေတ္တာ၊ ကရုဏာ၊ ဥပေက္ခာများတို့၌ မတည် ဥပမာအားဖြင့် အားရှိသော ခရုသင်းမှုတ်သမားသည် အနည်းငယ်အပင်ပန်းခံ မှုတ်ကာမျှဖြင့်သာလျှင် အရပ်လေးမျက်နှာတို့ကို သိနိုင်စေရာသကဲ့သို့ ထိုမေတ္တာစသော ဈာန်စိတ်တို့ကို ပွားများသည်ရှိသော် အနှိုင်းယှဉ်ခံရ ထိုကာမာဝစရကံသည် ထိုမေတ္တာစသောဈာန်၌ မကြွင်းကျန် မေတ္တာဈာန်၌မတည်၊ ဤတရားများသည် ဗြဟ္မာ တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ခြင်းငှာ ခရီးလမ်းကြောင်း အကျင့်တည်း။"

"အရှင်ဂေါတမ. . . အရှင်၏ တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏"

စသည်ဖြင့် လျှောက်ကာ ပြန်ခွင့်တောင်းသည်"

ဗုဒ္ဓက သင်၏ သွားရန်အချိန်ကို သင်သာသိသည်ဟု မိန့်ကြားပြီး ပြန်ခွင့်ပြုသည်။ သုဘလုလင်သည် ဗုဒ္ဓကို ရိုသေစွာရှိခိုး၍ ပြန်လည်ထွက်ခွာရာလမ်းတွင် အလုံးစုံဖြူသော မြင်းက,သောရထားကိုစီး၍ ထွက်လာသော ဇာဏုသောဏိပုဏ္ဏားနှင့် တွေ့ဆုံမိလေသည်။

"အရှင်ဘာရဒွါဇသည် ယခုကဲ့သို့ နေ့မွန်းတည့်အခါ၌ အဘယ်အရပ်မှ လာပါသနည်း။"

"ငါသည် အမှန်ပြောရလျှင် ရဟန်းဂေါတမထံမှ လာခဲ့ပါ၏။"

"အရှင်ဘာရဒွါဇ. . . ငါမေးအံ့သောအကြောင်းကို မည်သို့ထင်ပါသနည်း။ ရဟန်းဂေါတမ၏ ပညာဉာဏ်ပြန့်ပြော သော အဖြစ်သည် ပညာရှိလက္ခဏာနှင့် ညီညွတ်ပါ၏လော"

"အရှင်. . . ကျွန်ုပ်သည် အဘယ်သို့ သဘောရှိသော သူပါနည်း။ ရဟန်းဂေါတမ၏ ပညာရှိသောအဖြစ်ကို အဘယ် မှာ မသိဘဲနေပါအံ့နည်း။ အကြင်သူသည် ရဟန်းဂေါတမ၏ ပညာရှိသောအဖြစ်ကို သိရာ၏။ ထိုသူသည်လည်း ထို အရှင်ဂေါတမကဲ့သို့ သဘောရှိသည်ဖြစ်ရာသည် မဟုတ်ပါ လော။"

"အရှင်ဘာရဒွါဇသည် အရှင်ဂေါတမကို လွန်ကဲ သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းလေဘိတကား"

"အရှင်ရဟန်းဂေါတမသည်ကား ချီးကျူးအပ်၊ ချီးကျူး သင့်သောသူတို့ထက် အထူးသဖြင့် ချီးကျူးအပ် ချီးကျူးထိုက် သူလည်းဖြစ်ပါ၏။ နတ်လူတို့ထက် ဆထက်လွန်ကျူး အထူး မြတ်သူဖြစ်ပါ၏။"

အရှင် ဤပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်းငှာ ကုသိုလ် တရားတို့ ပြည့်စုံစေခြင်းငှာ ငါးပါးသောတရားတို့ကို ပညတ် ကြပါကုန်၏။ ထိုငါးပါးသောတရားတို့ကို ရဟန်းဂေါတမသည် ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသော မေတ္တာစိတ်ကို ပွားများခြင်းငှာ ထိုမေတ္တာစိတ်၏ အခြံအရံတို့ဟူ၍ ပြောကြား ပါ၏။

ထိုသို့ သုဘလုလင်ကပြောကြားသောအခါ ဇာဏု သောဏိပုဏ္ဏားသည် ရထားမှဆင်းသက်၍ လက်ဝဲတံဘက် ပုခုံးထက်၌ ကိုယ်ဝတ်ကိုစံပါယ်တင်သည်ကို ပြု၍ ဗုဒ္ဓရှိရာ ဘက်သို့ လက်အုပ်ချီကာ-

"ကောသလမင်းကြီးကား အရတော်လေစွ၊ ကောသ လမင်းကြီးကား အရတော်လေစွ၊ ကောသလမင်းကြီး၏ တိုင်း နိုင်ငံ၌ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူ သော ဟုတ်မှန်သောအကျင့်ရှိသော ဘုရားရှင်သည် သီတင်း သုံးတော်မူဘိ၏"

ဟု ဥဒါန်းစကားကို မြွက်ဆိုကျူးရင့်လေသည်။

**မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မဏဝဂ်၊ သုဘသုတ်**

## ဝိညာဉ်သည် ဘဝတစ်ခုမှ တစ်ခုသို့ပြောင်းနေသည်

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ တံငါသည်၏ သားဖြစ်ခဲ့သော သာတိအမည်ရှိသော ရဟန်းအား-

"ဤဝိညာဉ်သည်ပင် ဘဝတစ်ခုမှ အခြားဘဝတစ်ခုသို့ ပြေးလွှားကျင်လည်၏။ ဤဝိညာဉ်မှတစ်ပါး အခြားသော အရာမရှိဟု ဘုရားရှင်ဟောကြားသည်ကိုငါသိ၏"

ဟူသော အတွေးအခေါ်အယူ ဖြစ်ပေါ်နေသည်။

ထိုအကြောင်းကို ကြားသိကြသော ရဟန်းတို့သည် ရှင်သာတိထံသို့ ချဉ်းကပ်ကာ ထိုအယူဝါဒဆိုးကိုစွန့်လွှတ်ရန် ဤအယူဝါဒမျိုး ဘုရားမဟောကြောင်း ပြောဆိုဖျောင်းဖြနားချကြသည်။

သာတိရဟန်းက မိမိအယူကို မည်သို့ပြောဆိုနားချစေကာမူ မစွန့်လွှတ် ယူမြဲအတိုင်းသာယူသည်။ သို့အတွက် ရဟန်းတို့သည် ဗုဒ္ဓထံသို့ သွား၍ ထိုအကြောင်းကို လျှောက်ထားပြကြသည်။

ထိုအခါ ဗုဒ္ဓက မိမိ၏အမိန့်ဖြင့် သာတိရဟန်းကို ရှေ့တော်မှောက်သို့ ခေါ်စေပြီး ကိုယ်တိုင်စစ်ဆေးမေးသည်။

အချင်းသာတိ. . . ဤဝိညာဉ်သည်ပင် ဘဝတစ်ခုမှ အခြား ဘဝတစ်ခုသို့ ပြေးသွားကျင်လည်၏၊ ဤဝိညာဉ်မှ တစ်ပါး အခြားအရာမရှိဟူ၍ ဘုရားရှင်ဟောကြားသည်ကို ငါသိ၏-ဟူ၍ သင့်အား အယူဝါဒဆိုးဖြစ်ပေါ်နေကြောင်း ငါကြားသိရသည် မှာ- မှန်ပါသလော”

ဟု ဗုဒ္ဓကမေးသည်။

“အရှင်ဘုရား. . . ဤကဲ့သို့ပင် ဘုရားရှင်ဟောကြားတော်မူသည်ဟု တပည့်တော်နားလည်ထားပါ၏”

“အရှင်သာတိ. . . သင်ဆိုလိုသော ဝိညာဉ်ဟူသည် မည်သို့ သောဝိညာဉ် ဖြစ်လေသနည်း။”

“အရှင်ဘုရား. . . ပြောဆိုတတ် သိမြင်တတ်၍ ထိုထို ဘဝ၌ ကောင်းမှုမကောင်းမှုတို့၏ အကျိုးကိုခံစားတတ်သော တရားဖြစ်ပါသည်”

“အချည်းနှီးသောယောက်ျား. . . အဘယ်မည် သောသူအား ဤကဲ့သို့ ငါဟောကြားသည်ကို သင်သိပါ သနည်း။ ငါသည် ဝိညာဉ်သည် အကြောင်းကို စွဲ၍ဖြစ်၏။ အကြောင်းကို ကြဉ်၍ ဝိညာဉ်၏ ဖြစ်ခြင်းသည်မရှိ-ဟု များစွာ သော အကြောင်းဖြင့် ဟောကြားခဲ့သည်မဟုတ်လော။ ထိုသို့ ဟောထားပါလျက် သင်သည် မိမိအမှားကိုယူဆခြင်းဖြင့် ငါတို့ ကိုလည်း စွပ်စွဲ၏ မိမိကိုယ်ကိုလည်း ဖျက်ဆီး၏။ များစွာသော မကောင်းမှုကို လည်း ဖြစ်ပွားစေ၏။

အချည်းနှီးသောယောကျ်ား. . . ထိုအမှားကို ယူဆခြင်းသည် သင့်အား ရှည်စွာသောကာလပတ်လုံး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လတ့်-
ဟု မိန့်ကြားပြီး ရဟန်းတို့ကို-

"ရဟန်းတို့. . . ထိုတရားကို အဘယ်သို့ မှတ်ထင်ကုန်သနည်း-ဤတံငါသည်သား သာတိရဟန်းသည် ဤသာသနာတော်၌ ဉာဏ်အငွေ့အသက်မျှ ရှိပါသေးသလော"
ဟုမေးတော်မူသည်။

"အရှင်ဘုရား. . . အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊ မရှိနိုင်ပါဘုရား"

ရဟန်းတို့က ထိုသို့လျှောက်သော် သာတိရဟန်းသည် နှုတ်ဆိတ်၍ မျက်နှာမသာမယာဘဲ လည်ပင်းငိုက်စိုက်ဖြစ်ကာ- မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရဘဲ ထိုင်နေသည်။

ဗုဒ္ဓသည် သာတိရဟန်း၏ အဖြစ်ကိုမြင်၍-

"အချီးနှီးဖြစ်သောယောကျ်ား- သင်သည် မိမိ၏ ယုတ်ညံ့သောအယူဖြင့် ထင်ရှားလတ့်၊ ငါသည် ရဟန်းတို့ကို တစ်ဖန်မေးဦးအံ့"
ဟု မိန့်ကြားပြီး ဆက်လက်၍ ရဟန်းတို့ကို မေးသည်။

"ရဟန်းတို့ တံငါသည်သား သာတိရဟန်းသည် မိမိအမှားကို ယူဆခြင်းဖြင့်လည်း ငါဘုရားကိုလည်း စွပ်စွဲလျက်

မိမိကိုယ်ကိုလည်း ဖြိုဖျက်ကာ များစွာသော မကောင်းမှုကို လည်း ဖြစ်ပွားစေသကဲ့သို့ သင်တို့သည်လည်း ငါဘုရား၍ကဲ့ သို့ ဟောထားဖူးသည်ကို သိကြကုန်သလော"

"အရှင်ဘုရား. . . ၍ကဲ့သို့ ဟောထားဖူးသည်ကို မသိပါဘုရား၊ ဝိညာဉ်သည် အကြောင်းကိုစွဲ၍ ဖြစ်၏။ အ ကြောင်းကိုကြဉ်၍ ဝိညာဉ်ဖြစ်ခြင်းသည် မရှိ-ဟု များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားသည် တပည့်တော်တို့အား ဟော ကြားပါ၏။"

"ရဟန်းတို့. . . ကောင်းပေစွ- ကောင်းပေစွ၊ သင်တို့ သည် ငါဟောထားသောတရားကို ကောင်းစွာသာလျှင် သိကြ ကုန်၏။"

"ရဟန်းတို့. . . အကြင်အကြင်အကြောင်းကိုသာ လျှင် စွဲ၍ သိမှု(ဝိညာဉ်) ဖြစ်ပေါ်လာ၏။ ထိုထိုအကြောင်းဖြင့် သာလျှင် သိမှု(ဝိညာဉ်)ဟု ခေါ်ဆိုခြင်းသို့ရောက်၏။

-မျက်စိနှင့် အဆင်းကိုစွဲ၍ သိမှုဖြစ်ပေါ်လာမှုကို မျက်စိသိ၊

-နားနှင့် အသံကိုစွဲ၍ သိမှုဖြစ်ပေါ်လာမှုကို နားအသိ၊

-နှာခေါင်းနှင့် အနံ့ကိုစွဲ၍ သိမှုဖြစ်ပေါ်လာမှုကို နှာခေါင်း အသိ၊

-လျှာနှင့် အရသာကိုစွဲ၍ သိမှုဖြစ်ပေါ်လာမှုကို လျှာ အသိ၊

-ကိုယ်နှင့် အတွေ့အထိကိုစွဲ၍ သိမှုဖြစ်ပေါ်လာမှုကို ကိုယ်အသိ၊

မနောဒွါရနှင့် ဓမ္မာရုံကိုစွဲ၍ သိမှုဖြစ်ပေါ်လာမှုကို စိတ်သိ-ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဥပမာအားဖြင့် သစ်သားထင်းကို စွဲလောင်သောမီးကို သစ်သားထင်းမီး၊ ဝါးခြမ်းကို စွဲလောင်သောမီးကို ဝါးခြမ်းမီး၊ မြက်ကို စွဲလောင်သောမီးကို မြက်မီး၊ နွားချေးကို စွဲလောင်သော မီးကို နွားချေးမီး၊ ဖွဲကိုစွဲလောင်သောမီးကို ဖွဲမီး၊ အမှိုက်ကိုစွဲလောင်သော မီးကို အမှိုက်မီးဟု ခေါ်ဝေါ်သကဲ့သို့ပင် ဖြစ်၏။

"ရဟန်းတို့. . . ဤခန္ဓာသည် ဖြစ်ပေါ်လာ၏ဟု ရှုမြင်ကြကုန်သလော"

"အရှင်ဘုရား. . . ရှုမြင်ကြပါကုန်၏။"

"ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာရ၏-ဟု ရှုမြင်ကြကုန်သလော"

"အရှင်ဘုရား. . . ရှုမြင်ကြပါကုန်၏"

"ဤခန္ဓာသည် ဖြစ်ပေါ်လာသလော- မဖြစ်ပေါ်လာသလော-ဟု ယုံမှားသူကား မဆုံးဖြတ်နိုင်ခြင်း ဖြစ်ပါသလော"

"အရှင်ဘုရား. . . ဖြစ်ပါ၏။"

"ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာသလော၊ မဖြစ်ပေါ်လာသလော-ဟု ယုံမှားသောသူအား မဆုံးဖြတ်နိုင်ခြင်း ဖြစ်ပါသလော"

"အရှင်ဘုရား. . . ဖြစ်ပါ၏။"

"ဤခန္ဓာသည် ဖြစ်ပေါ်လာ၏-ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာရှုမြင်သူအား မဆုံးဖြတ်နိုင်ခြင်း ကင်းပျောက်လေသလော"

"အရှင်ဘုရား. . . ကင်းပျောက်ပါ၏"

"ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘောရှိ၏-ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာ ရှုမြင်သူအား မဆုံးဖြတ်နိုင်ခြင်း ကင်းပျောက်ပါသလော"

"အရှင်ဘုရား. . . ကင်းပျောက်ပါ၏"

"ဤခန္ဓာသည် ဖြစ်ပေါ်လာ၏-ဟု ဤသို့လည်း သင်တို့အား ဤခန္ဓာ၌ မဆုံးဖြတ်နိုင်ခြင်း ကင်းပျောက်ကုန်သလော"

"အရှင်ဘုရား. . . ကင်းပျောက်ပါ၏"

"ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာ၏-ဟု ဤသို့လည်း သင်တို့အား ဤခန္ဓာ၌ မဆုံးဖြတ်နိုင်ခြင်း ကင်းကုန်သလော"

"အရှင်ဘုရား. . . ကင်းပါကုန်၏"

"ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ငြိမ်းခြင်းသဘောရှိ၏-ဟု ဤသို့လည်း သင်တို့အား ဤခန္ဓာ၌ မဆုံးဖြတ်နိုင်ခြင်း ကင်းကုန်သလော"

"အရှင်ဘုရား. . . ကင်းပါကုန်၏"

"ဤခန္ဓာသည် ဖြစ်ပေါ်လာ၏-ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာရှုမြင်သလော"

"အရှင်ဘုရား. . . ကောင်းစွာရှုမြင်ပါ၏"

"ထိုအကြောင်းချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘောရှိ၏-ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာ ရှုမြင်သလော"

"အရှင်ဘုရား. . . ကောင်းစွာ ရှုမြင်ပါ၏"

"ရဟန်းတို့. . . အကယ်၍ သင်တို့သည် ဤသို့ စင်ကြယ်ဖြူဖွေးသော ဤအယူကို တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ငြိကုန်ငြားအံ့၊ တွယ်တာကုန်ငြားအံ့၊ ဥစ္စာကဲ့သို့ လိုလားမက်မောကုန်ငြားအံ့၊ ငါ့ဥစ္စာဟု မြတ်နိုးကုန်ငြားအံ့-

ရဟန်းတို့. . . စင်စစ် သင်တို့သည် သိမ်းပိုက်ထားရန် မဟုတ်ဘဲ ကူးမြောက်ဖို့ရန်အကျိုးငှာ ငါဘုရားဟောထားသော ဖောင်ဥပမာရှိသော တရားကိုသိကုန်သည် မည်သလော-

"အရှင်ဘုရား. . . သိကုန်သည်မည်ပါ၏"

"ရဟန်းတို့. . . ဖြစ်ပြီးသောသတ္တဝါတို့၏ တည်တံ့ခြင်းငှာလည်းကောင်း၊ ဖြစ်ဆဲသတ္တဝါတို့ကို ထောက်ပံ့ခြင်းငှာလည်းကောင်း အာဟာရတို့သည်-

- ကြမ်းတမ်းသည်လည်းဖြစ်သော၊ နူးညံ့သည်လည်းဖြစ်သောအလုံးအခဲပြုအပ်သော၊ အာဟာရဟူသောကဗဠီကာရအာဟာရ၊

- အတွေ့အထိဟူသော ဖဿာဟာရ၊
- စိတ်၏ စေ့ဆော်မှုဟူသော မနောသဥ္စေတနာဟာရ၊
- သိမှုဟူသော ဝိညာဏာဟာရ-တို့ဟူ၍ လေးမျိုးရှိကုန်၏။

ရဟန်းတို့ . . ဤအာဟာရလေးပါးတို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း။ အဘယ့်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ အဘယ်လျှင် ဇစ်မြစ်ရှိကုန်သနည်း။ အဘယ်လျှင် အမွန်အစရှိကုန်သနည်း။

ဤအာဟာရလေးပါးတို့သည် တဏှာလျှင် ဖြစ်ကြောင်းရှိကုန်၏။ တဏှာဟူသောအကြောင်းကြောင့် ဖြစ်ကုန်၏။ တဏှာလျှင် ဇစ်မြစ်အမွန်အစရှိကုန်၏။

- ဤတဏှာသည်လည်း ဝေဒနာလျှင်ဖြစ်ကြောင်း၊
- ဤဝေဒနာသည်လည်း တွေ့ထိမှု ဖဿလျှင်ဖြစ်ကြောင်း၊
- ဤဖဿသည်လည်း သဠာယတနလျှင်ဖြစ်ကြောင်း၊
- ဤသဠာယတနသည်လည်း နာမ်ရုပ်လျှင်ဖြစ်ကြောင်း၊
- ဤနာမ်ရုပ်သည်လည်း ဝိညာဏ်လျှင်ဖြစ်ကြောင်း၊
- ဤဝိညာဏ်သည်လည်း ပြုစီရင်မှု သင်္ခါရလျှင်ဖြစ်ကြောင်း၊
- ဤသင်္ခါရသည်လည်း အဝိဇ္ဇာလျှင်ဖြစ်ကြောင်း ဇစ်မြစ်အမွန်အစရှိ၏။

ရဟန်းတို့ . . ဤသို့လျှင် -

- အဝိဇ္ဇာဟူသောအကြောင်းကြောင့်- ပြုစီရင်မှု သင်္ခါရ
- သင်္ခါရဟူသောအကြောင်းကြောင့်- ဝိညာဏ်
- ဝိညာဏ်ဟူသောအကြောင်းကြောင့်- နာမ်ရုပ်
- နာမ်ရုပ်ဟူသောအကြောင်းကြောင့်- သဠာယတန
- သဠာယတနဟူသောအကြောင်းကြောင့်- ဖဿ
- ဖဿဟူသောအကြောင်းကြောင့်- ဝေဒနာ
- ဝေဒနာဟူသောအကြောင်းကြောင့်- တဏှာ
- တဏှာဟူသောအကြောင်းကြောင့်- ဥပါဒါန်
- ဥပါဒါန်ဟူသောအကြောင်းကြောင့်- ဘဝ
- ဘဝဟူသောအကြောင်းကြောင့်- ဖြစ်ခြင်းဇာတိ
- ဇာတိဟူသောအကြောင်းကြောင့်- ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့

ဖြစ်၏။

ဤသို့ ဤချမ်းသာမဖက်သော ဆင်းရဲအစု၏ ဖြစ်ပွားခြင်းသည် ဖြစ်၏။

- ဖြစ်ပွားခြင်းဇာတိအကြောင်းကြောင့် အိုခြင်း(ဇရာ) သေခြင်း(မရဏ)ဖြစ်၏-ဟု ဤစကားကို ငါဟော ကြား၏။

ရဟန်းတို့ . .

- ဇာတိအကြောင်းကြောင့် ဇရာမရဏသည် ဖြစ်မဖြစ်၊
- ဘဝအကြောင်းကြောင့် ဇာတိဖြစ် မဖြစ်၊

- ဥပါဒါန်ကြောင့် ဘဝဖြစ် မဖြစ်၊
- တဏှာကြောင့် ဥပါဒါန်ဖြစ် မဖြစ်၊
- ဖဿကြောင့် ဝေဒနာဖြစ် မဖြစ်၊
- သဠာယတနကြောင့် ဖဿဖြစ် မဖြစ်၊
- နာမ်ရုပ်ကြောင့် သဠာယတနဖြစ် မဖြစ်၊
- ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ် မဖြစ်၊
- သင်္ခါရကြောင့် ဝိညာဏ်ဖြစ် မဖြစ်၊
- အဝိဇ္ဇာကြောင့် သင်္ခါရဖြစ် မဖြစ်၊

"ရဟန်းတို့. . . သင်တို့ အဘယ်သို့ မှတ်ထင်ကြပါသနည်း။"

"အရှင်ဘုရား. . . ဇာတိကြောင့် ဘဝစသည် အစဉ်အတိုင်းဖြစ်သည်ဟု မှတ်ထင်ကြပါ၏ဘုရား"

"ရဟန်းတို့. . . ကောင်းပေ၏၊ သင်တို့သည် ဤသို့ပြောကုန်၏။ ငါသည်လည်း ဤသို့ပင် ဟောကြားထားပါ၏။ ဤအကြောင်းရှိသော် ဤအကျိုးရှိ၏။ ဤအကြောင်းဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးဖြစ်ပေါ်၏။"

ရဟန်းတို့. . . မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရစသည်တို့ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။ သဠာယတနကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။

ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် အိုခြင်း(ဇရာ)၊ သေခြင်း(မရဏ)၊ ပူဆွေးခြင်း(သောက)၊ ငိုကြွေးခြင်း(ပရိဒေဝ) ကိုယ်ဆင်းရဲခြင်း(ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း(ဒေါမနဿ)၊ ပြင်းစွာပူပန်ခြင်း(ဥပါယာသ)တို့သည် ဖြစ်ကြကုန်ပြီး ဤသို့ ချမ်းသာမဖက်သော ဆင်းရဲအစု၏ ဖြစ်ပွားခြင်းသည် ဖြစ်၏။

ရဟန်းတို့. . . မသိမှုအဝိဇ္ဇာလျှင် တပ်ခြင်းကင်းပြီး အကြွင်း မဲ့ချုပ်က ပြုစီရင်မှုချုပ်၏။ ပြုစီရင်မှုချုပ်က ဝိညာဏ်ချုပ်၏။ ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်၏။ နာမ်ရုပ်ချုပ်က သဠာယတနချုပ်၏။ သဠာယတနချုပ်က ဖဿချုပ်၏။ ဖဿချုပ်က ဝေဒနာချုပ်၏။ ဝေဒနာချုပ်က တဏှာချုပ်၏။ တဏှာချုပ်က ဥပါဒါန်ချုပ်၏။ ဥပါဒါန်ချုပ်က ဘဝချုပ်၏။ ဘဝချုပ်က ဇာတိချုပ်၏။ ဇာတိချုပ်က ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယသတို့ချုပ်ပြီး ဤသို့ ချမ်းသာမဖက်သော ဆင်းရဲအစုချုပ်ခြင်းသည် ဖြစ်၏။

"ရဟန်းတို့ . . ဤသို့ အဆင့်ဆင့် ဇာတိချုပ်ခြင်းကြောင့် ဇရာ, မရဏချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်၏။ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏။ သဠာယတနချုပ်ခြင်းကြောင့် ဖဿချုပ်၏။ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ သင်္ခါရချုပ်ခြင်း

ကြောင့် ဝိညာဏ်ချုပ်၏။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏ ဟုဤစကားကို ဟောထားပါ၏။ ဤအရာ၌ သင်တို့ အဘယ်သို့ မှတ်ထင်ပါသနည်း။"

"အရှင်ဘုရား . . ဤသို့ အဆင့်ဆင့်ချုပ်ခြင်းကြောင့် အဆင့်ဆင့်ချုပ်ခြင်းမဖြစ်ခြင်းကို တပည့်တော်တို့ မှတ်ထင်ပါ၏"

"ရဟန်းတို့ . . ကောင်းပေ၏။ သင်တို့သည် ဤသို့ ပြောဆိုကုန်၏။ ငါသည်လည်း ဤသို့ ဟောကြားပါ၏။ ဤ အကြောင်းမရှိသော် အကျိုးမရှိနိုင်၊ ဤ အကြောင်းချုပ်ခြင်း ကြောင့် အကျိုးချုပ်ရ၏။"

ရဟန်းတို့ . . စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် မြင်ကုန်သော် ငါတို့သည် အတိတ်ကာလ၌ ဖြစ်ခဲ့လေကုန်သလော။ မဖြစ်ခဲ့လေကုန်သလော။ အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ခဲ့ကုန်သနည်း။ အတိတ်ကာလ၌ အဘယ်ပုံပန်း ဖြစ်ခဲ့ကုန်သနည်း။ ငါတို့သည် အတိတ်ကာလ၌ အဘယ်သို့သော သူဖြစ်ပြီး၍ အဘယ်သို့သောသူ ဖြစ်ခဲ့ကုန်သနည်း-ဟု ရှေ့အဖို့ ခန္ဓာကိုသော်လည်း တစ်ဖန်ပြေးသွားကုန်သလော"

"အရှင်ဘုရား . . တစ်ဖန်ပြေးသွားခြင်းမဖြစ်ပါ"

"ရဟန်းတို့ . . သင်တို့သည် ဤသို့ သိကုန်မြင်ကုန်သော် ငါတို့သည် အနာဂါတ်ကာလ၌ ဖြစ်ကုန်လတ့်သော မဖြစ်ကုန်လတ့်လော။ အနာဂါတ်ကာလ၌ အဘယ်သို့သော သူ ဖြစ်ကုန်လတ့်နည်း။ အနာဂါတ်ကာလ၌ အဘယ်ပုံပန်း

ဖြစ်မိရလတံ့နည်း။ ငါတို့သည် အနာဂတ်ကာလ၌ အဘယ် သို့သောသူဖြစ်၍ အဘယ်သို့သောသူ ဖြစ်ကုန်လတံ့နည်းဟု နောက်အဖို့ ခန္ဓာကို သော်လည်း တစ်ဖန်ပြေးသွားရာကုန် သလော"

"အရှင်ဘုရား. . . တစ်ဖန် ပြေးသွားခြင်းမဖြစ်တော့ပါ"

"ရဟန်းတို့. . . သင်တို့သည် ဤသို့ သိကုန်မြင်ကုန် သော် ငါသည် ဖြစ်လေသလော၊ မဖြစ်လေသလော။ အဘယ် သို့သောသူဖြစ်သနည်း။ အဘယ်ပုံဖြစ်သနည်း။ ဤသတ္တဝါ သည် အဘယ်မှလာသနည်း။ ထိုသတ္တဝါသည် အဘယ်သို့ သွားလေတံ့နည်း-ဟု ယခုပစ္စုပ္ပန်ကာလ ကိုယ်တွင်းသန္တာန်၌ လည်း သို့လောသို့လော ယုံမှားမှုဖြစ်ကြရာသလော။"

"အရှင်ဘုရား. . . သို့လောသို့လော တွေးတောယုံမှား မှု မဖြစ်ရာပါ။"

ရဟန်းတို့. . . ဤသို့ သိကုန်မြင်ကုန်သော် ဆရာဗုဒ္ဓ သည် ငါတို့ အလေးပြုသင့်သူတည်း။ ဆရာဗုဒ္ဓအား ရိုသေခြင်း ဖြင့် ငါတို့သည် ဤအတိုင်း ဆိုကုန်၏-ဟု ဤသို့ဆိုကုန်ရာ သလော။

"အရှင်ဘုရား. . . ဤသို့ပြောဆိုခြင်းဖြင့် မဟုတ်ပါ"

"ရဟန်းတို့. . . သင်တို့သည် ဤသို့ သိကုန်မြင်ကုန် သော် သမဏဖြစ်သော ဗုဒ္ဓသည် ဤသို့ဟောကြားတော်မူ၏။ သမဏ မည်သော ငါတို့သည်လည်း ဤအတိုင်းပင် ဆိုကုန်၏ ဟု ဤသို့ ဆိုကုန်ရာသလော"

"အရှင်ဘုရား. . . ဤသို့ ပြောဆိုခြင်း မဟုတ်ပါ"

"ရဟန်းတို့. . . သင်တို့သည် ဤသို့ သိကုန်မြင်ကုန်သော် တစ်ပါးသောကို ညွှန်ပြကုန်ရာသလော"

"အရှင်ဘုရား. . . ဤသို့ ညွှန်ပြခြင်းမဟုတ်ပါ"

"ရဟန်းတို့. . . သင်တို့ ဤသို့ သိကုန်မြင်ကုန်သော် များစွာသောရဟန်း, ပုဏ္ဏားတို့၏ ဝတ်အကျင့်နှင့် ကောတုဟလမင်္ဂလာတို့ကို အနှစ်သာရအားဖြင့် တစ်ဖန်ယူကုန်ရသလော"

"အရှင်ဘုရား. . . ဤသို့ တစ်ဖန်ယူခြင်းသည် မဖြစ်ရာပါ"

"ရဟန်းတို့. . . သင်တို့ကိုယ်တိုင် သိမြင်သည်ကိုသာလျှင်၊ ကိုယ်တိုင် ထင်ထင်ရှားရှားသိသည်ကိုသာလျှင် ဆိုကုန်သည် မဟုတ်ကုန်လော။"

"အရှင်ဘုရား. . . မှန်ပါ၏။"

"ရဟန်းတို့. . . ကောင်းပေ၏။ ငါသည် ကိုယ်တိုင် သိမြင်နိုင်သော၊ အခါမလင့် အကျိုးပေးတတ်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိကိုယ်ထည်းစိတ်ထည်း၌ ဆောင်ယူထားထိုက်သော ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော ဤတရားဖြင့် သင်တို့ကို နိဗ္ဗာန်သို့ ပို့ခဲ့ပြီ"

"ရဟန်းတို့. . . ဤဆိုအပ်သောတရားတို့ကို ကိုယ်တိုင် သိမြင် ထင်ထင်ရှားရှားသိသည့်အဖြစ်ကိုစွဲ၍ ဤစကားကို ဟောတော်မူပါ၏။"

ရဟန်းတို့ . . အကြောင်းသုံးရပ်တို့၏ ပေါင်းဆုံခြင်းကြောင့် ကိုယ်၏ တည်ခြင်းသည် ဖြစ်၏။ အမိအဖတို့သည်လည်း ပေါင်းဖော်ကုန်၏။ အမိသည်လည်း ဥတုလာ၏။ အမိဝမ်းတွင်းသို့ ရောက်ထိုက်သော သတ္တဝါသည်လည်း အဆင်သင့်ရှိနေ၏။ ဤအကြောင်းသုံးရပ် ပေါင်းဆုံညီညွတ်ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်နိုင်၏။ တစ်ကြောင်းကြောင့် ချွတ်ယွင်းနေပါက ကိုယ်ဝန်မတည်နိုင်ပါ။"

"ရဟန်းတို့ . . မိခင်သည် ထိုကိုယ်ဝန်ကို အမိသည် ကြီးစွာသော ယုံမှားခြင်းဖြင့် လေးလံသောဝန်ကိုလွယ်ပြီး ကိုးလအလွန် ဆယ်လတွင် မွေးဖွား၏။"

မွေးဖွားပြီးသော ထိုသူငယ်ကို မိမိ၏သွေးဖြင့် မွေးသည်မည်၏၊ ထိုနို့ရည်သာ ဗုဒ္ဓ၏သာသနာ၌ သွေးမည်၏။ ထိုသူငယ်သည် ကြီးထွားခြင်း၊ ဣန္ဒြေရင့်ကျက်ခြင်းကို စွဲ၍ ထွန်ငယ်ဖြင့် ကစားခြင်း၊ ကျည်းသားစိုက်ကစားခြင်း၊ ဂွမ်းထိုးကစားခြင်း၊ စကြာဖြင့်ကစားခြင်း၊ ခွက်ငယ်ဖြင့်ကစားခြင်း၊ ရထားငယ်ဖြင့် ကစားခြင်း၊ လေးငယ်ခြင့်ကစားခြင်းဟူသော ထိုထို၌ဤကလေးငယ်ကစားနည်းဖြင့် ကစား၏။

ရဟန်းတို့ . . . ထိုသူငယ်သည် နောက်တစ်ဆင့် ကြီးထွားခြင်း ရင့်ကျက်ခြင်းကိုစွဲ၍ နှစ်လိုဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်သော ချစ်အပ်သော ကာမရာဂနှင့် စပ်သွယ်သော တပ်မက်ဖွယ်ဖြစ်သော မျက်စိအသိဖြင့် သိရသော အဆင်း၊ နားအသိဖြင့် သိရသော အသံ၊ နှာခေါင်းအသိဖြင့်

သိရသော အနံ့၊ လျှာအသိဖြင့် သိရသော အရသာ၊ အတွေ့
အထိဖြင့်သိရသော ထိတွေ့မှု ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံ
သည်ဖြစ်၍ ပျော်ပါးလျက်နေ၏။

ထိုလုလင်သည် မျက်စိဖြင့် အဆင်းကိုမြင်၍၊ နားဖြင့်
အသံကြား၍၊ နှာခေါင်းဖြင့် အနံ့ကိုနံ၍၊ လျှာဖြင့် အရသာကို
လျက်၍၊ ကိုယ်ဖြင့်အတွေ့အထိကို တွေ့ထိ၍ ထိုထိုအဆင်း၊
အသံ၊ အနံ့၊ အရသာ အတွေ့အထိတို့၌ တပ်စွန်း၏။

မချစ်မနှစ်သက်ဖွယ်သော အဆင်းစသည်၌ ဒေါသ
စိတ်ဖြစ်၏။ ကာယဂတာသတိမထင်ဘဲ သေးသိမ်သောစိတ်ရှိ
လျက်လည်း နေ၏။ ယုတ်ညံ့သော အကုသိုလ်တရားများ အ
ကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်သော လွတ်မြောက်သော စိတ်နှင့်
လွတ်မြောက်သော ပညာကိုလည်း အမှန်အတိုင်း ခွဲခြားမသိ။

ထိုသူသည် ဤသို့ လိုက်လျောခြင်း၊ ဆန့်ကျင်ခြင်းသို့
ရောက်လျက်၊ ချမ်းသာကိုဖြစ်စေ၊ ဆင်းရဲကိုဖြစ်စေ၊ ချမ်းသာမ
ဟုတ် ဆင်းရဲမဟုတ်သည်ကိုဖြစ်စေ တစ်စုံတစ်ခုသော ဝေဒနာ
ကို ခံစား၏။

ထိုသူသည် ထိုခံစားခြင်းကို နှစ်သက်၏။ အားရပါးရ
ပြောဆို၏။ သက်ဝင်စွဲလမ်း၍တည်၏။ ထိုခံစားမှုကို နှစ်သက်
ခြင်း၊ အားရပါးရပြောဆိုခြင်း၊ သက်ဝင်စွဲလမ်း၍ တည်ခြင်း
ကြောင့် ထိုသူအား နှစ်သက်ခြင်းဖြစ်၏။ ခံစားမှုတို့၌ နှစ်သက်
ခြင်းသည် စွဲလမ်းမှုတည်း။

ထိုသူအား စွဲလမ်းမှုဟူသော အကြောင်းကြောင့် ဘဝ၊ ဘဝဟူသော အကြောင်းကြောင့် ဖြစ်ပွားခြင်း ဇာတိ, ဇာတိဟူသော အကြောင်းကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် ဤချမ်းသာမဟုတ်သော ဆင်းရဲအစု၏ ဖြစ် ပွားခြင်းသည် ဖြစ်၏။

"ရဟန်းတို့ . . ဤလောက၌ အရဟံအစ ဘဂဝါဂုဏ်တော်အထူးရှိသော ဘုရားရှင်သည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ်, မာရ်နတ်, ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် ရဟန်း, ပုဏ္ဏား, မင်းများ လူများနှင့်တကွသော လူလောကကို ကိုယ်ပိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက် သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံစင်ကြယ်သော တရားကို ဟောတော်မူ၏။ မြတ်သောအကျင့်ကို ပြတော်မူ၏။

ထိုတရားတော်ကို သူကြွယ်၊ သူကြွယ်သား၊ ဇာတ်အမျိုးမျိုး၌ဖြစ်သောသူတို့သည် နားကြားရ၏။ ထိုသူသည် ထိုတရားကို ကြားနာရသောကြောင့် ဗုဒ္ဓ၌ ယုံကြည်မှုကို ရ၏။

ထိုသူသည် ထိုသို့ ယုံကြည်မှုကိုရ၍-

"အိမ်ရာတည်ထောင်သောဘဝ၌ နေခြင်းသည် ကျဉ်းမြောင်း၏။ ကိလေသာမြူထရာခရီးနှင့် တူ၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ အိမ်ရာထောင်သောဘဝ၌ နေသူ

သည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ စင်ကြယ်စွာ ခရုသင်းပွတ် သစ်နှင့်တူစွာကျင့်ခြင်းငှာ မလွယ် ငါသည် ဆံမုတ်ဆိတ် ကိုပယ်၍ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ပြီး လျှင် လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”

ဟု ဆင်ခြင်မိသည်။

ထိုသူသည် နောင်တွင် ဥစ္စာအနည်း-အများ၊ ဆွေမျိုး အနည်း-အများတို့ကိုပင် ပယ်စွန့်၍ ဆံမုတ်ဆိတ်ပယ်ကာ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏။

ထိုသူသည် ဤသို့ရဟန်းဘဝ ဝင်ရောက်ပြီး ရဟန်း တို့၏ သီလ, သိက္ခာနှင့် ကျင့်ဝတ်တို့ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ကျင့်၏။

သူ့အသက်သတ်ခြင်းကို ပယ်၍-ရှောင်ကြဉ်၏။ တုတ်, လက်နက်ချထားပြီဖြစ်၏။ အရှက်ရှိ၏။ သနားတတ်၏။ ခပ် သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏။

မပေးသည်ကို ယူခြင်းကိုပယ်၍- ရှောင်ကြဉ်၏။ ပေး သည်ကိုသာ ယူ၏။ ပေးသည်ကိုသာ နှစ်လို၏။ မသိုမရှက် စင်ကြယ်သောကိုယ်ဖြင့်သာ နေ၏။

မမြတ်သောအကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏။ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ။ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။

မဟုတ်မမှန်ပြောခြင်းကို ရှောင်ကြဉ်၏။ အမှန်ကိုသာ ဆိုလေ့ရှိ၏။ မှန်သောစကားခြင်း ဆက်စပ်တတ်၏။ တည်သောစကားရှိ၏။ ယုံကြည်ထိုက်သောစကားရှိ၏။ လောကကို လှည့် စားတတ်သူမဟုတ်။

ကုန်းစကားကို ပယ်၍ ရှောင်ကြဉ်၏။ ဤသို့ ထိုသူတို့ ကွဲပြားခြင်းငှာ ဤသူထံမှ နားထောင်၍ ထိုသူထံသို့ မပြော တတ်၊ ထိုသူထံမှ နားထောင်၍ ဤသူ့ထံသို့ မပြောတတ်။ ကွဲပြားသည်တို့ကိုလည်း စေ့စပ်တတ်၏။ ညီညွတ်သူတို့ကို အားပေးတတ်၏။ ညီညွတ်ခြင်း၌ မွေ့လျော်တတ်၏။ ပျော် ပိုက်၏။ နှစ်သက်၏။ ညီညွတ်ခြင်းကိုပြုသောစကားကို ဆိုလေ့ ရှိ၏။

ကြမ်းသောစကားကိုပယ်၍ ရှောင်ကြဉ်၏။ အကြင်စ ကားသည် အပြစ်ကင်း၏။ နားချမ်းသာ၏။ နှစ်လိုဖွယ်ဖြစ်၏။ နှလုံးသို့သက်၏။ ယဉ်ကျေး၏။ လူအများနှစ်သက်၏။ နှစ်ခြိုက် ၏။ ထိုသို့သဘောရှိသောစကားကိုသာ ဆို၏။

ပြိန်းဖျင်းသောစကားကိုပယ်၍ ရှောင်ကြဉ်၏။ သင့် သောစကား၌သာ ဆိုလေ့ရှိ၏။ ဟုတ်သည်ကိုသာ ဆိုလေ့ ရှိ၏။ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ သင့်သောအခါ၌ အကြောင်းနှင့်တကွသော အပိုင်း အခြားရှိသော အနက်နှင့်ပြည့်စုံသော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုရဟန်းသည်-

- မျိုးစေ့အပေါင်း, အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။
- ဆွမ်းတစ်ခုပ်သာ စားလေ့ရှိ၏။ နေ့လွဲ ညစာစားခြင်းမှ ရှောင်ကြဉ်၏။
- ပန်းပန်ခြင်း၊ နံ့သာချယ် ခြင်း၊ နံ့သာပျောင်း လိမ်းခြင်းမှ ရှောင်ကြဉ်၏။
- မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။
- ရွှေငွေခံယူခြင်းမှ ရှောင်ကြဉ်၏။
- ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။
- အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။
- မိန်းမအို မိန်းမပျို ခံယူခြင်းမှ ရှောင်ကြဉ်၏။
- ကျွန်မိန်းမ ကျွန်ယောကျ်ား ခံယူခြင်းမှ ရှောင်ကြဉ်၏။
- ဆိတ်နှင့်သိုး၊ ကြက်၊ ဝက်၊ ဆင်၊ မြင်း၊ နွား၊ မြည်းတို့ ခံယူခြင်းမှ ရှောင်ကြဉ်၏။
- လယ်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။
- တမန်အမှု၊ အစေအပါးအမှု ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။
- ဝယ်မှု၊ ရောင်းမှုမှ ရှောင်ကြဉ်၏။
- ချိန်းစဉ်းလဲ၊ အသပြာစဉ်းလဲခြင်တွယ်ခြင်းမှ တိုင်းတာစဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။

- ဖြတ်ခြင်း၊ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်းတို့မှ ရှောင်ကြဉ်၏။

ထိုရဟန်းသည် ကိုယ်ကိုမျှ တစုံသောသင်္ကန်း၊ ဝမ်းဝ ရုံမျှသောဆွမ်းဖြင့် ရောင့်ရဲ၏။

အကြင်အကြင်အရပ်သို့ သွားသော် ပရိက္ခရာရှစ်ပါးမျှ ကိုကောင်းစွာယူဆောင်၍သွား၏။

ဉပမာသော်ကား- အတောင်ရှိသောငှက်သည် အကြင် အကြင်အရပ်သို့ ပျံသော် မိမိအတောင်သာ ဝန်ရှိသည် ဖြစ်၍ ပျံသကဲ့သို့ ရဟန်းသည် ကိုယ်ကိုမျှတရုံသော သင်္ကန်း, ဝမ်းကိုမျှတရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏။ ပရိက္ခရာရှစ်ပါးမျှကို ကောင်းစွာ ဆောင်ယူသွား၏။

ထိုရဟန်းသည် မြတ်သော သီလအစုနှင့် ပြည့်စုံသည် ဖြစ်၍ မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစား၏။

ထိုရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော်၊ နားဖြင့် အသံကိုကြားသော်၊ နှာခေါင်းဖြင့် အနံ့ကိုနံသော်၊ လျှာဖြင့် အရသာကို လျက်သော်၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်၊ စိတ်ဖြင့် သဘာဝဓမ္မကို တွေ့ထိသော် ယောကျ်ားမိန်းမ ဟူသော အမှတ်နိမိတ်ကို ဆွဲယူလေ့မရှိ။ လက် ခြေစသော အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ။

အကြင်အကြောင်းကြောင့် စက္ခုန္ဒြေ စသည်များကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း(အဘိဇ္ဈာ)

နှလုံးမသာယာခြင်း(ဒေါမနဿ)ဟု ဆိုအပ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်၏။ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်၏။ စောင့်ရှောက်၏။ စောင့်စည်းခြင်းသို့ ရောက်၏။

ထိုရဟန်းသည် ဤဣန္ဒြေတို့ကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ရှိသော် မိမိသန္တာန်၌ ဆင်းရဲနှင့်မရောသော ချမ်းသာကို ခံစားရ၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်ဉာဏ်နှင့် ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ တူရူကြည့်ရာ၊ တစောင်းကြည့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်ဉာဏ်နှင့် ပြုလေ့ရှိ၏။ ဒုကုဋ်, သပိတ်, သင်္ကန်းဆောင်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

စားရာ, သောက်ရာ, ခဲရာ, လျက်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ သွားရာ, ထိုင်ရာ, ရပ်ရာ, အိပ်ရာ, နိုးရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

ဤ မြတ်သောသီလ ဣန္ဒြေစောင့်စည်းမှု၊ သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံမှု၊ မြတ်သောရောင့်ရဲမှုနှင့် ပြည့်စုံသော ထိုရဟန်းသည် ဆိတ်ငြိမ်သော အိပ်ရာနေရာကိုမှီဝဲ၏။

တော, သစ်ပင်ရင်း, တောင်, ချောက်, ဟောင်စောင်း သုသာန်, တောအုပ်, လွင်ပြင်, ကောက်ရိုးပုံကို မှီဝဲ၏။

ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝက်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားပြီးလျှင် ကမ္မဋ္ဌာန်းကို ရှေ့ရှုကာ သတိကို ဖြစ်စေလျက်ထိုင်၏။

ထိုရဟန်းသည် ခန္ဓာငါးပါးတည်းဟူသော လောက၌ မက်မောခြင်းကိုပယ်၍ ကင်းသောစိတ်ဖြင့် နေ၏။ မက်မောခြင်းစိတ်မှ စင်ကြယ်စေ၏။ ပျက်စီးစေလိုသောစိတ်ကို ပယ်၍ မပျက်စီးစေလိုသောစိတ် ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏။ ပျက်ဆီးစေလိုသောစိတ် ပြစ်မှားမှုမှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်းကို ပယ်၍ ကင်းသောစိတ်ရှိ၍ အလင်းရောင်ကို မှတ်မိခြင်းရှိသည်ဖြစ်၏။

သတိနှင့် စဉ်ခြင်ဉာဏ်ရှိသည်ဖြစ်၍နေ၏။ လေးလံထိုင်းမှိုင်းခြင်းစိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း နောင်တရခြင်းကို ပယ်၍ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သောစိတ် ရှိ၍နေ၏။ ပျံ့လွင့်ခြင်း နောင်တရခြင်းစိတ်ကို စင်ကြယ်စေ၏။ မဝေခွဲနိုင်ခြင်းကို ပယ်၍ ထိုမဝေခွဲနိုင်ခြင်းကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော, သို့လောမရှိသည်ဖြစ်၍နေ၏။ ထိုမဝေခွဲနိုင်ခြင်းမှ စိတ်ကို စင်ကြယ်စေ၏။

ထိုရဟန်းသည် စိတ်၏ညစ်နွမ်းကြောင်း ပညာ၏အားနည်းကြောင်းကို ပြုတတ်သော ဤအပိတ်အပင်ငါးပါးတို့ကို

ပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရား တို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း၊ သုံးသပ်ခြင်းနှင့်တကွ ဖြစ်သော ပိတ်ပင်ခြင်းမှ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက် ခြင်း၊ ချမ်း သာခြင်းရှိသော ပထမစျာန်သို့ ရောက်ရှိနေ၏။

ထိုရဟန်းသည် ကြံစည်ခြင်း၊ သုံးသပ်ခြင်းငြိမ်းခြင်း ကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည် ကြည်ခြင်းကို ပွားစေတတ်သော ကြံစည်ခြင်း၊ သုံးသပ်ခြင်း မရှိသော တည်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်းချမ်းသာ ခြင်းရှိသော ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် အဆင့် ဆင့်သို့ ရောက်ရှိနေ၏။

ထိုရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်၍၊ နားဖြင့် အသံကိုကြား၍၊ နှခေါင်းဖြင့် အနံ့ကိုနမ်း၍၊ လျှာဖြင့် အရသာ ကို လျက်၍၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍ စိတ်ဖြင့် သဘာဝဓမ္မကိုသိ၍ ချစ်ခင်နှစ်သက်ဘွယ်ရှိသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘာဝဓမ္မတို့၌ မတပ် စွန်း၊ မချစ်မနှစ်သက်ဖွယ်ရှိသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘာဝဓမ္မတို့၌ ဒေါသစိတ်မဖြစ်၊ ကာယာဂတာသတိယင်နေ သည်ဖြစ်၍ အတိုင်းအရှည်မရှိ သောစိတ်ရှိလျက်လည်းနေ၏။ ယုတ်ညံ့သော အကုသိုလ် တရားများ အကြွင်းမဲ့ချုပ်ငြိမ်းရာဖြစ်သော လွတ်မြောက်သော စိတ်နှင့်ပညာကိုလည်း အမှန်အတိုင်း သိ၏။

ထိုရဟန်းသည် ဤသို့လိုက်လျှောခြင်း၊ ဆန့်ကျင်ခြင်းကို ပယ်၍ ချမ်းသာကိုဖြစ်စေ၊ ဆင်းရဲကိုဖြစ်စေ၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုဖြစ်စေ တစ်စုံတစ်ခုသော ဝေဒနာကို ခံစား၏။

ထိုရဟန်းသည် ထိုခံစားခြင်းကို မနှစ်သက်၊ အားရပါးရမပြောဆို သက်ဝင်စွဲလမ်း၍မတည်ခြင်းကြောင့် ခံစားမှုတို့၌ ထိုရဟန်းအား နှစ်သက်ခြင်းသည် ချုပ်၏။ ထိုရဟန်းအား နှစ်သက်မှုချုပ်ခြင်းကြောင့်၊ စွဲလမ်းမှုချုပ်၏။ စွဲလမ်းမှုချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဖြစ်ပွားခြင်း(ဇာတိ) ချုပ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ချုပ်ကုန်၏။

ဤသို့လျှင် ချမ်းသာမဖက်သော ဆင်းရဲအစုတို့ချုပ်ခြင်းသည် ဖြစ်၏။ ရဟန်းတို့- ငါ၏ ဤအကျဉ်းအားဖြင့် ဟောကြားထားသော တပ်မက်မှုကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်ပုံကို ညွှန်ပြချက်ကို သင်တို့ ဆောင်ကြကုန်လော့။

ဤသို့လျှင် ဗုဒ္ဓသည် ဟံငါသည်သား သာတိရဟန်း၏ စွပ်စွဲချက်နှင့် ပတ်သက်၍ ဤသို့ရှင်းလင်းဖြေကြားပေးခဲ့သည်။

မူလပဏ္ဏာသ၊ မဟာယမကဝဂ်၊ မဟာတဏှာသင်္ခယသုတ်

## မြွေဖမ်းဥပမာ မသင်ယူရာ

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်၌ လင်းတသတ်မျိုးဖြစ်ခဲ့ဖူးသော အရိဋ္ဌမည်သော ရဟန်းသည်-

"စျာန်မဂ်ဖိုလ်ကို အန္တရာယ်ကိုပြုတတ်ကုန်၏-ဟု ဗုဒ္ဓဟောကြားထားသောတရားတို့ကို ဗုဒ္ဓဟောကြားသည့်အတိုင်း ငါသိ၏။ ထိုတရားတို့သည် မှီဝဲသူတိုင်းအား စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှာ မစွမ်းနိုင်"

ဟူ၍ ယုတ်ညံ့သောအယူအတွေးအခေါ် ဖြစ်ပေါ်လာခဲ့သည်။

ထိုအတွေးအကြံအယူအဆကို အခြားရဟန်းတို့အား ပြောပြရာ ရဟန်းတို့က အရိဋ္ဌရဟန်းကို-

"ယင်းသို့မယူသင့်ကြောင်း ယင်းသို့ ယူဆလျှင် ဗုဒ္ဓအား စွပ်စွဲရာရောက်ကြောင်း"

စသည်ဖြင့် ဗုဒ္ဓဟောကြားထားပုံအကြောင်းစုံပြောပြ၍ တားမြစ်ကြသော်လည်း အရိဋ္ဌရဟန်းက လက်မခံချေ။

ထို့ကြောင့် ရဟန်းတို့သည် ဗုဒ္ဓထံသို့ သွားရောက်ကြပြီး ဗုဒ္ဓအား ဤအကြောင်းကို လျှောက်ထားကြသည်။

ထိုအခါ ဗုဒ္ဓက ရဟန်းတစ်ပါးကို ဗုဒ္ဓ၏အမိန့်တော်ဖြင့် အရိဋ္ဌရဟန်းကို ခေါ်စေသည်။ အရိဋ္ဌရဟန်းသည် ရောက်လာ

သောအခါ အရိဋ္ဌရဟန်းသည် ဗုဒ္ဓကို ရှုခိုး၍သင့်ရာနေရာ၌ ထိုင်သည်။

ထိုအခါ ဗုဒ္ဓက အရိဋ္ဌရဟန်းကို-

"အရိဋ္ဌ. . . မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ဟူ၍ ငါဟောကြားအပ်သော အကျင့်ကို မှီဝဲနေသူမှာ စင်စစ် မဂ်ဖိုလ်၏ အန္တရာယ်မဖြစ်ဟူ၍ သင့်အယူရှိနေသည်ဟု ဆိုခြင်းမှာ မှန်ပါသလော"

ဟုမေးတော်မူသည်။

"အရှင်ဘုရား. . . ဟောကြားတော်မူသည့်အတိုင်း မှန်ပါ၏။ အရှင်ဘုရားသည် ဤကဲ့သို့ပင် ဟောကြားထားသည်ဟု တပည့်တော်သိရှိနားလည်ထားပါသည်ဘုရား"

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား. . . ငါဘုရားသည် အဘယ်သူအား ဤသို့သောတရားမျိုးကို ဟောတော်မူသည်ကို သင်သိသနည်း။ ငါဗုဒ္ဓသည် များစွာသောအကြောင်းဖြင့် အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို အန္တရာယ်ပြုတတ်သောတရားတို့ဟူ၍ ဟောထားသည် မဟုတ်ပါလော။ ထိုတရားတို့ကို မှီဝဲသူအား အန္တရာယ်ပြုစေခြင်းငှာ ရစေနိုင်သည်သာတည်းဟု ဟောတော်မူသည် မဟုတ်ပါလော။

ငါဗုဒ္ဓသည် ကာမဂုဏ်တို့ကို သာယာဖွယ်နည်းကုန်၏။ ဆင်းရဲများကုန်၏။ ပြင်းစွာ ပင်ပန်းခြင်းများကုန်၏။

ဤကာမ ဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော။

ငါဗုဒ္ဓသည် ကာမဂုဏ်တို့ကို အသားမကပ်ကုန်သော အရိုးနှင့်တူကုန်၏။ သားတစ်နှင့် တူကုန်၏။ မြက်မီးရှူးနှင့် တူကုန်၏။ အိပ်မက်နှင့် တူကုန်၏။ အငှားပစ္စည်းနှင့် တူကုန်၏။ အသီးရှိသော သစ်ပင်နှင့် တူကုန်၏။ စဉ်းတီတုံးနှင့် တူကုန်၏။ လှံတံလျှက်နှင့် တူကုန်၏။ မြွေဦးခေါင်းနှင့် တူကုန်၏-ဟူ၍ ဟောတော်မူသည်မဟုတ်လော။

မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောယောကျ်ား ငါဗုဒ္ဓက ထိုသို့ဟောထားပါလျက် သင်သည် မိမိသည် မကောင်းသော စွပ်စွဲယူခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲဘိ၏။ မိမိကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးဘိ၏။ အကုသိုလ်တရားတို့ကိုလည်း များစွာ ပွားများစေဘိ၏။ အချည်းနှီးသောယောကျ်ား သင့်အား ထို ယုတ်ညံ့သော မိစ္ဆာအယူသည် ကာလရှည်စွာ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲ ခြင်းဖြစ်လတ္တံ့”
ဟု ဗုဒ္ဓကမိန့်ကြားသည်။

ထို့နောက် ဗုဒ္ဓက ရဟန်းတို့ကို-

“ရဟန်းတို့ . . ဤအကြောင်းကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ဤအရိဋ္ဌရဟန်းသည် သာသနာတော်၌ ဉာဏ်အငွေ့အသက်မျှ ရှိသေးသလော”
ဟု မေးတော်မူ၏။

"မြတ်စွာဘုရား . . . အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊ မရှိနိုင်ပါဘုရား"

ရဟန်းတော်များက ဤသို့ဖြေကြားလိုက်သောအခါ အရှင်အရိဋ္ဌသည် နှုတ်ဆိတ်၍ မျက်နှာမသာမယာဖြင့် ခေါင်းငိုက်စိုက်ချကာ နေလေသည်။

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောယောက်ျား သင်သည် မိမိ၏ ယုတ်ညံ့လှသော ဤအယူဖြင့် ငါ့ကိုလည်း စွပ်စွဲလေတဲ့၊ ငါသည် ရဟန်းတို့ကို တစ်ဖန်ဟောဦးအံ့"

ဟု ဗုဒ္ဓကမိန့်ကြားပြီး ရဟန်းတို့ကို-

"ရဟန်းတို့ . . . အရိဋ္ဌရဟန်းသည် မိမိအမှားယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲလျက် မိမိကိုယ်ကိုလည်း ဖျက်ဆီးကာ များစွာသော မကောင်းမှုတို့ကို ဖြစ်ပွားစေသကဲ့သို့ အလားတူ သင်တို့သည်လည်း ငါဘုရားဟောထားဖူးသည်ကို သိကြတုန်သလော"

ဟု မေးတော်မူသည်။

"မြတ်စွာဘုရား . . . ဤသို့ ဟောထားဖူးသည်ကို မသိကြပါဘုရား။ မှန်ပါ၏။ အန္တရာယ်ကို ပြုတတ်ကုန်၏-ဟူ၍ များစွာသောအကြောင်းဖြင့် မြတ်စွာဘုရားသည် တပည့်တော်တို့အား ဟောထားတော်မူခဲ့ပါ၏။ ထိုကာမဂုဏ်တရားတို့ကို မှီဝဲသောသူအား အန္တရာယ်ကိုပြုခြင်းငှာ စွမ်းနိုင်သည်သာတည်း"

ကာမဂုဏ်တို့သည် သာယာဖွယ်နည်းပါးကုန်၏။ ဆင်းရဲခြင်းများကုန်၏။ ပြင်းစွာ ပင်ပန်းခြင်းများကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်သည် လွန်ကဲ၏-ဟု ဘုရားရှင်သည် ဟောတော်မူပါကုန်၏။"

"ရဟန်းတို့. . . ကောင်းပေစွ ကောင်းပေစွ သင်တို့သည် ငါ ဤကဲ့သို့ ဟောကြားထားသော တရားကို ကောင်းစွာ သာလျှင် သိကြကုန်၏။ မှန်၏။ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို များစွာသောအကြောင်းတို့ဖြင့် သင်တို့အား ငါဟောကြားထားခဲ့ပြီး၊ ထိုတရားတို့ကို မှီဝဲသောသူအား အန္တရာယ်ပြုခြင်းငှာ စွမ်းနိုင်သည်သာတည်း"

ကာမဂုဏ်တို့သည် သာယာဖွယ်နည်းကုန်၏။ ဆင်းရဲခြင်းများကုန်၏။ ပြင်းစွာ ပင်ပန်းခြင်းများကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်သည် လွန်ကဲ၏-ဟု ငါဟောကြားထားပါ၏။

ကာမဂုဏ်တို့သည် အသားမကပ်သော အရိုးနှင့် တူကုန် ၏။ သားတစ်နှင့်တူကုန်၏။ မြက်မီးရှူးနှင့် တူကုန်၏။ မီးကျီးတွင်းနှင့် တူကုန်၏။ အိပ်မက်နှင့်တူကုန်၏။ အငှားပစ္စည်းနှင့်တူကုန်၏။ အစေးရှိသော သစ်ပင်နှင့်တူကုန်၏။ စဉ်းတီတုံးနှင့် တူကုန်၏။ လှံတံလျက်နှင့် တူကုန်၏။ မြွေဦးခေါင်းနှင့် တူကုန်၏။ သာယာဖွယ်နည်းကုန်၏။ ဆင်းရဲများကုန်၏။ ပူဆွေးခြင်းများကုန်၏-ဟု ငါဘုရား ဟောကြားထားပါ၏။

ထိုသို့ ဟောကြားထားပါလျက် ဤအရိဋ္ဌရဟန်းသည် မိမိအမှားယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲ၏။ မိမိကိုယ်ကိုလည်း ဖြိုဖျက်၏။ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏။ ထိုအမှားယူခြင်းသည် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျားအား ရှည်စွာသော ကာလပတ်လုံး အစီးအပွားမဲ့ခြင်း ဆင်းရဲခြင်းငှာ ဖြစ်လတ့်။

ရဟန်းတို့ . . ထိုရဟန်းသည် စင်စစ် ကိလေသာကာမ၊ ကိလေသာကာမနှင့်စပ်သော အမှတ်အသား၊ ကိလေသာကာမနှင့်ယှဉ်သော အကြံအစည်တို့မှ ကြဉ်၍သာလျှင် ဝတ္ထုကာမတို့ကို မှီဝဲနိုင်ရာ သောအကြောင်းသည် မရှိပါချေ။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သောမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျားတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ်, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လဟူသော တရားတို့ကို သင်ယူပြီးလျှင် ထိုတရားတို့၏ အနက်အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်းမဆင်ခြင်ကုန်။ ထိုတရားများအား ထိုတရားတို့သည် ဉာဏ်၌မထင်ကုန်။ ထိုသူတို့သည် သူတစ်ပါးတို့အား ချုပ်ချယ်လိုသည်ဖြစ်၍လည်းကောင်း၊ သူတစ်ပါးတို့၏ ကဲ့ရဲ့ပြောဆိုခြင်းမှ လွတ်မြောက်လိုသည်ဖြစ်၍လည်းကောင်း တရားကို သင်ယူကုန်၏။

အကြင်မဂ်ဖိုလ်အကျိုးငှာလည်း တရားကို သင်ယူကုန်၏။ ထိုတရား၏ ထိုမဂ်ဖိုလ်အကျိုးကိုလည်း မခံစားကြကုန်-ထိုသူတို့အား မကောင်းသဖြင့် သင်ယူထားသော ထိုတရားတို့

သည် ရှည်ကြာစွာသောကာလပတ်လုံး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏။

ထိုသို့ ဖြစ်ခြင်းသည် တရားတို့ကို မကောင်းသဖြင့် သင်ယူထားသည်၏အဖြစ်ကြောင့်ဖြစ်၏။

ရဟန်းတို့... ဥပမာသော်ကား- မြွေကိုရှာမှီးသော ယောက်ျားသည် မြွေရှာလှည့်လည်သော် ကြီးမားသော မြွေကို တွေ့မြင်ရာ၏။ ထိုမြွေကို ကိုယ်၌လည်းကောင်း၊ အမြီး၌လည်းကောင်း၊ ကိုင်၍ဖမ်းရာ၏။ ထိုမြွေသည် ထိုသူအား ပြန်လှည့်၍ လက်၌ဖြစ်စေ၊ လက်မောင်း၌ဖြစ်စေ၊ တစ်ခုခုသော အင်္ဂါကြီးငယ်ကိုဖြစ်စေ ကိုက်ရာ၏။

ထိုသူသည် ထိုအကြောင်းကြောင့် သေခြင်းသို့သော်လည်းကောင်း၊ သေလောက်သောဆင်းရဲသို့လည်းကောင်း၊ ရောက်ရာ၏။ ထိုသို့ဖြစ်ခြင်းမှာ မြွေကိုမကောင်းသဖြင့် ဖမ်းယူသော အပြစ်ကြောင့်ဖြစ်ပါသည်။

ရဟန်းတို့... ထိုနည်းတူပင် တရားကို သင်ယူကြရသော သူတို့သည် မကောင်းသဖြင့် သင်ယူထား၍ ထိုတရား၏ မပိုဖိုလ်အကျိုးကို မခံစားကြရကုန်၊ မကောင်းသဖြင့် သင်ယူထားသော ထိုတရားတို့သည် ရှည်စွာသောကာလပတ်လုံး အစီးအပွား မဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ကြရကုန်၏။

ရဟန်းတို့... ဥပမာ မြွေအလိုရှိ၍ မြွေရှာသော ယောက်ျားသည် မြွေကြီးတစ်ကောင်ကို တွေ့ရလျှင် ဆိတ်ခွ

ဖြင့် ကောင်းစွာဖိနှိပ်၍ လည်ပင်း၌ ကိုင်ဖမ်းရာ၏။ မြွေသည် ထိုသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို သူ၏ကိုယ်ဖြင့် ရစ်ပတ်ထား စေကာမူ ထိုသူသည် သေခြင်းသို့လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့လည်းကောင်း မရောက်နိုင်ချေ၊ အကြောင်းမှာ မြွေကိုကောင်းစွာ ဖမ်းကိုင်ထားသောကြောင့် ဖြစ်ပါ၏။ ရဟန်းတို့ ထိုနည်းတူ ဤသာသနာ၌ အချို့သော အမျိုးသားကောင်း တို့သည် သုတ်, ဂေယျစသောတရားတို့၌ ကောင်းစွာသင်ယူပြီး တရား၏အနက်ကို ဉာဏ်ဖြင့်ကောင်းစွာ ဆင်ခြင်ကြကုန်၏။ ထိုအမျိုးသားအား တရားတို့သည် ဖေ့စေ့ စပ်စပ် သုံးသပ်ဆင်ခြင်ခြင်းကို ခံကုန်၏။

ထိုအမျိုးသားသည် သူတစ်ပါးကို ချုပ်ချယ်လိုဖြစ်၍ တရားကို မသင်ယူကြသည်မဟုတ်။ သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းမှ လွတ်မြောက်လို၍ သင်ယူကြသည်မဟုတ်။ ထိုအမျိုးသားတို့ သည် ရည်ရွယ်ရင်းဖြစ်သော မဂ်ဖိုလ်အကျိုးကို ခံစားကြရကုန်၏။

ထိုအမျိုးသားတို့အား ကောင်းစွာသင်ယူသော တရား တို့သည် တရားကိုကောင်းစွာသင်ယူခဲ့သောကြောင့် ရှည်မြင့် စွာသော အကျိုးစီးပွားတို့ တိုးတက်ခြင်းငှာဖြစ်၏။

ထို့ကြောင့် သင်တို့သည် ငါဟောကြားအပ်သော တရား၏အနက်ကို သိလျှင် ယင်းသို့သိသည့်အတိုင်း မှတ်သား ကြကုန်လော့။ မသိသောအရာ၌ ငါဘုရားကိုဖြစ်စေ၊ တတ်သိ နားလည်သော ရဟန်းတစ်ပါးကိုဖြစ်စေ၊ မေးမြန်းကြကုန် လော့။

ရဟန်းတို့. . . သိမ်းပိုက်ထားရန်မလိုဘဲ ကူးမြောက်ဖို့ရန်အကျိုးငှာ ဖောင်ဥပမာရှိသောတရားကို သင်တို့အား ဟောကြားအံ့။ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။

"အရှင်ဘုရား. . . ကောင်းပါပြီ"

"ရဟန်းတို့. . . ဥပမာကား ခရီးသွားသော ယောကျ်ားတစ်ယောက်သည် လမ်းခရီး၌ အပြောကျယ်သော ရေပင်လယ်ကြီး တစ်ခုကို တွေ့မြင်ရာ၏။ ထိုပင်လယ်ကြီး၏ ဤမှာဘက်ကမ်းသည် ထိပ်လန့်ကြောက်ရွံ့ဖွယ် ဘေးအန္တရာယ် ထူပြောပြီး ဟိုမှာဘက်ကမ်းသည်ကား ဘေးရန်ကင်းဝေး အေး ချမ်းသာယာသည် ဖြစ်ရာ၏။"

သို့သော် ဟိုမှာဘက်ကမ်းသို့ ကူးရန်လှေလည်းမရှိ၊ တံတားလည်းမရှိချေ။ ခရီးသွားယောကျ်ားသည် အနီးအနားရှိ သစ်ပင်များကို စုဆောင်း၍ ဖောင်ဖွဲ့ပြီး ဟိုမှာဘက်ကမ်းသို့ ကူးသွားရာ၏။ ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ ဤဖောင်ကားငါ့အား ကျေးဇူးများ၏။ ငါသည် ဤဖောင်ကို အမှီပြု၍ ချမ်းသာစွာ ကမ်းတစ်ဘက်သို့ရောက်ခဲ့ရ၏။ ငါသည် ဤဖောင်ကို ဦးခေါင်းပခုံးတို့ဖြင့် သယ်ဆောင်၍ အလိုရှိရာအရပ်သို့ သွားရသော်ကောင်းမည်-ဟု အကြံအစည်ဖြစ်လေသည်။

"ရဟန်းတို့. . . ထိုအရာကို အဘယ်သို့ ထင်မှတ်ကြသနည်း- ယောကျ်ားသည် ဤသို့ပြုသော် ထိုဖောင်၌ ပြုသင့်သောအမှုကို ပြုရာရောက်ပါသလော"

"အရှင်ဘုရား. . . ပြုရာမရောက်ပါ"

"ရဟန်းတို့. . . ထိုယောက်ျားသည် အကယ်သို့ ပြုလျှင် ထိုဖောင်၌ ပြုသင့်သောအမှုကို ပြုသူဖြစ်ရာသနည်း"

ရဟန်းတို့. . . ကမ်းတစ်ဖက်သို့ ကူးမြောက်ပြီးသော ထို ယောက်ျားကား- ဤဖောင်သည် ငါ့အား ကျေးဇူးများ၏။ ငါသည်ဤဖောင်ကို အမှီပြု၍ ဤမှာဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ရ၏။ ငါသည် ဤဖောင်ကို ကုန်း၌ဆယ်တင်၍ သော်လည်းကောင်း၊ ရေ၌ပေါလောမျော၍လည်းကောင်း အလိုရှိသော အရပ်သို့ဖဲသွားရမူ ကောင်းလေစွ-ဟု ကြံစည် ဖြစ်ပြန်၏။

ရဟန်းတို့. . . ထိုယောက်ျားသည် ဤသို့ပြုသည်ရှိ သော် ထိုဖောင်၌ ပြုသင့်သောအမှုကို ပြုသူဖြစ်ရာ၏။

ရဟန်းတို့. . . ဤအတူပင် သိမ်းပိုက်ထားရန်မဟုတ်ဘဲ ကူးမြောက်ဖို့ရန်အလို့ငှာ ဖောင်ပမာရှိသောတရားကို သင်တို့ အား ငါဟောကြား၏။ သင်တို့အားဟောကြားထားသော ဖောင်ဥပမာရှိသောတရားကို သိသောသင်တို့သည် တရားမှု (သမထ, ဝိပဿနာ)၌ဖြစ်သော ဆန္ဒရာဂတို့ကို ပယ်သော်လည်း ပယ်စွန့်ရမည်။ မတရားမှု(ကာမဂုဏ်)၌ ဖြစ်သော ဆန္ဒ ရာဂတို့ကိုကား ပြောဆိုဖွယ်ပင် မရှိတော့ပါချေ။

"ရဟန်းတို့. . . ဤလောက၌ အရိယာတို့ကို တွေ့မြင် လေ့မရှိသော အရိယာတို့၏တရား၌ မကျွမ်းကျင်မလိမ္မာသော၊ သူတော်ကောင်းတို့ကို တွေ့မြင်လေ့မရှိသော သူတော်ကောင်း

တို့၏တရား၌ မကျွမ်းကျင်မလိမ္မာသော၊ အကြားအမြင်မရှိသော ပုထုဇဉ်သည်-

ရုပ်ကို ငါဟာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍ ရှု၏
ဝေဒနာကို ငါဟာ၊ ငါ၊ ငါ၏ကိုယ်ဟု ရှု၏
သညာကို ငါဟာ၊ ငါ၊ ငါ၏ကိုယ်ဟု ရှု၏
သင်္ခါရကို ငါဟာ၊ ငါ၊ ငါ၏ကိုယ်ဟု ရှု၏
မြင်အပ်၊ ကြားအပ်၊ တွေ့ထိအပ်၊ စိတ်ဖြင့် ရရောက်အပ်၊ ရှာဖွေအပ်၊ သုံးသပ်အပ်သော အာရုံကို ငါဟာ၊ ငါ၊ ငါ၏ကိုယ်ဟု ရှု၏။

ရဟန်းအရိယာတို့ကို တွေ့မြင်ဖူး၍ အရိယာတို့တရား၌ ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းတို့ကို တွေ့မြင်ဖူး၍ သူတော်ကောင်းတရား၌ ကျွမ်းကျင်လိမ္မာသော၊ အရိယာတို့၏ တပည့်သည်ကား ထိုအကြောင်းတရားခြောက်ပါးကို ငါဟာ-ငါ၊ ငါ၏ကိုယ်မဟုတ်ဟု ရှုမြင်၏။ ဤသို့ရှုမြင်သော အရိယာတပည့်သည် ထိုတရားများကို ကောင်းစွာရှုသော် ဘာမျှမရှိသော် စိတ်မပင်ပန်းတော့ချေ။

"မြတ်စွာဘုရား . . . အပဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်း၊ ဖြစ်ရာပါသလော"

ဟု ရဟန်းတစ်ပါးက ထပ်မံ၍ မေးလျှောက်သည်။

"ရဟန်း . . . ဖြစ်ရာ၏။" ရဟန်းတို့ ဤလောက၌ အချို့သောသူ[illegible] ငါအား ပစ္စည်းဥစ္စာသည် ရှိခဲ့ဖူး၏။ ထို

ပစ္စည်းဥစ္စာသည် ယခု ငါ့အားမရှိတော့ပြီတကား၊ ငါ ရသင့် ရထိုက်သော ပစ္စည်းဥစ္စာကို ငါမရသေးပါတကား-ဟု အကြံ ဖြစ်၏။

ထိုသူသည် ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး၏။ ရင်ပတ် စည်တီးငို၏။ ပြင်းစွာ တွေဝေခြင်းသို့ရောက်၏။ ရဟန်း ဤသို့ လျှင် အပဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်းဖြစ်၏။

"မြတ်စွာဘုရား. . . အပဝတ္ထုမရှိသော် စိတ်ပင်ပန်း ခြင်းသည် မဖြစ်ရာပါသလော"

"ရဟန်း. . . ဖြစ်ရာ၏" ဤလောက၌ အချို့သောသူမှာ အထက်ပါအကြောင်းအရာများ၏ အကြံအစည်သည် မဖြစ်။ ထိုသူသည် မပူဆွေးခြင်း၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ် စည်တီးမငို၊ ပြင်းစွာတွေဝေခြင်းသို့မရောက်၊ ဤသို့လျှင် အပ ဝတ္ထုမရှိသော် စိတ်မပင်ပန်းခြင်းဖြစ်၏။"

"အရှင်ဘုရား. . . အတွင်းဝတ္ထုမရှိသော် စိတ်ပင်ပန်း ခြင်း ဖြစ်ရာပါသလော"

"ရဟန်း. . . ဖြစ်ရာ၏၊ ဤလောက၌ အချို့သောသူ ကား ထိုငါသည် လောကတည်း။ ထိုငါသည် ကိုယ်တည်း။ ထိုငါသည် တမလွန်ဘဝ၌ ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ တည်တံ့အံ့။ ဖောက်ပြန်ခြင်းသဘောမရှိတဲ့၊ တည်မြဲသောအရာဝတ္ထုတို့နှင့် အမျှ တည်အံ့- ဟု ဤသို့သော အယူသည် ဖြစ်၏။"

ထိုသူသည် အားလုံးကုန်သော အယူဖြစ်ကြောင်း တည်ရာ " ထကြွခြင်း၊ နှလုံးသွင်းခြင်း၊ ကိန်းစပ်ခြင်းတို့ကို

ကောင်းစွာဖြတ်ခြင်းငှာ ပြုပြင်စီရင်မှုအားလုံး ငြိမ်းခြင်းငှာ၊ ဆင်းရဲတည်ရာ ဥပဓိအားလုံး စွန့်လွှတ်ခြင်းငှာ၊ တပ်မက်မှု ကုန်ခြင်းငှာ၊ တပ်စွန်းမှု(ရာဂ)ကုန်ခြင်းငှာ၊ ချုပ်ခြင်းငှာ၊ နိဗ္ဗာန် အကျိုးငှာ၊ ဗုဒ္ဓကဖြစ်စေ၊ ဗုဒ္ဓ၏တပည့်ကဖြစ်စေ၊ တရားကို ဟောတော်မူသော် နာကြား၏။

ထိုသူအား- ပြတ်တော့အံ့တကား၊ ပျောက်ပျက်တော့ အံ့တကား၊ မဖြစ်တော့အံ့တကား-ဟု ဤသို့သောအကြံ အစည်သည်ဖြစ်၏။ ထိုသူသည် ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး ၏။ ရင်ပတ်စည်တီးငို၏။ ပြင်းစွာတွေဝေခြင်းသို့ ရောက်ရ၏။ ဤသို့လျှင် အတွင်းဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်း ဖြစ်၏။

"အရှင်ဘုရား. . . အတွင်းဝတ္ထုမရှိသော် စိတ်ပင်ပန်း ခြင်း မဖြစ်ရာသလော"

"ရဟန်း. . . ဖြစ်ရာ၏- ရဟန်း ဤလောက၌ အချို့ သောရဟန်းအား အထက်ပါအကြောင်းအရာများအပေါ်၌ အကြံအစည်သည်မဖြစ်က ထိုသူသည် ပူဆွေးခြင်းစသည် မဖြစ်တော့၊ ဤသို့လျှင် အတွင်းဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်း မရှိဖြစ်၏။"

"ရဟန်းတို့. . . မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော တည်မြဲသော အရာဝတ္ထု တို့နှင့် အမျှတည်သော၊ သိမ်းဆည်းထိုက်သော ဝတ္ထုသည် ရှိငြားအံ့၊ ထိုသိမ်းဆည်းထိုက်သော ဝတ္ထုကို သိမ်းဆည်းရာ၏။ ထိုဝတ္ထုမျိုးကို သင်တို့ တွေ့မြင်ဖူးကြကုန်သလော။"

"အရှင်ဘုရား. . . မတွေ့မြင်ဘူးပါ"

"ရဟန်းတို့. . . ကောင်းပေ၏- ထိုသိမ်းဆည်းထိုက်သော ဝတ္ထုမျိုးကို ငါလည်းမမြင်ပေ"

"ရဟန်းတို့. . . စွဲယူသူအား ပူဆွေး၏။ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော၊ အတ္တဝါဒဖြင့် စွဲယူခြင်းသည် ရှိငြားအံ့။ ထိုအတ္တဝါဒဖြင့် စွဲယူသူကို စွဲယူရာ၏။ ရဟန်းတို့ စွဲယူသူအား ပူဆွေးခြင်း စသည်တို့ မဖြစ်ပေါ်နိုင်ရာသော အတ္တဝါဒအားဖြင့် စွဲယူခြင်းသည် ရှိရာ၏။ ထိုအတ္တဝါဒဖြင့် စွဲယူမှုကို သင်တို့သည် တွေ့မြင်ကြကုန်သလော"

"အရှင်ဘုရား. . . မတွေ့မြင်ပါ"

"ရဟန်းတို့. . . ကောင်းပေ၏။ ထိုအတ္တဝါဒဖြင့် စွဲယူမှုကို ငါသည်မမြင်"

"ရဟန်းတို့. . . မှီသောသူအား ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော ဒိဋ္ဌိမှီရာသည် ရှိငြားအံ့။ ထိုဒိဋ္ဌိမှီရာကို မှီကုန်၏။ ရဟန်းတို့ မှီသောသူအား ပူဆွေးခြင်းစသည်တို့ မဖြစ်နိုင်ရာသော ဒိဋ္ဌိမှီရာသည် ရှိ၏။ ထိုဒိဋ္ဌိမှီရာကို သင်တို့တွေ့မြင်ကြကုန်သလော။"

"အရှင်ဘုရား. . . မတွေ့မြင်ကြပါ။"

"ရဟန်းတို့. . . ကောင်းပေ၏။ ထိုဒိဋ္ဌိမှီရာကို ငါလည်း မမြင်"

"ရဟန်းတို့ . . . ကိုယ်(အတ္တ)ရှိခဲ့သော် ငါ၏ ကိုယ်ပိုင် ဥစ္စာ-ဟူ စွဲလမ်းမှု ဖြစ်ရာသလော။"

"အရှင်ဘုရား . . . ဖြစ်ပါ၏။"

"ရဟန်းတို့ . . . ကိုယ်ပိုင်ဥစ္စာရှိခဲ့သော် ငါ၏ကိုယ် တည်းဟူ စွဲလမ်းမှုဖြစ်ရာသလော"

"အရှင်ဘုရား . . . ဖြစ်ရာပါ၏။"

"ရဟန်းတို့ . . . ကိုယ်ကိုလည်းကောင်း၊ ကိုယ်ပိုင်ဥစ္စာ ကိုလည်းကောင်း၊ အမှန်အားဖြင့် အခိုင်အမာအားဖြင့် မရ ခဲ့သော်-ထိုငါသည် လောကတည်း။ ထိုငါသည် ကိုယ်တည်း။ ထိုငါသည် တမလွန်ဘဝ၌ ဖြစ်အံ့။ မြဲအံ့။ ခိုင်ခံ့အံ့၊ တည်တံ့ အံ့။ ဖောက်ပြန်သဘောမရှိအံ့။ တည်မြဲသောအရာဝတ္ထုတို့နှင့် အမျှ တည်အံ့-ဟူသော စွဲယူမှု ပညာမဲ့သူတို့၏ တရားသည် အကြွင်းမဲ့ ပြည့်စုံလုံလောက်ပြီ မဟုတ်ပါလော။"

"အရှင်ဘုရား . . . အဘယ်မှာ အကြွင်းမဲ့ မပြည့်စုံ၊ မလုံလောက်ပဲ ရှိရာပါအံ့နည်း။"

"ပညာမဲ့သူတို့၏ တရားသည် အကြွင်းမဲ့ပြည့်စုံလုံ လောက်တော့သည်သာလျှင်တည်း။"

"ရဟန်းတို့ . . . ဤအရာကို အဘယ်သို့ မှတ်ထင်ပါ သနည်း။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် မြဲ သလော၊ မမြဲသလော။"

"အရှင်ဘုရား . . . မမြဲပါ။"

"မမြဲသောအရာများသည် ဆင်းရဲသလော ချမ်းသာသလော"

"အရှင်ဘုရား. . . ဆင်းရဲပါ၏။"

"မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤအရာသည် ငါ့ဥစ္စာတည်း။ ဤအရာသည် ငါဖြစ်၏။ ငါ၏ကိုယ်တည်း-ဟု ရှုရန် သင့်ပါသလော။"

"အရှင်ဘုရား. . . မသင့်ပါ"

"ရဟန်းတို့. . . ထို့ကြောင့် အတွင်းအပ၌ ဖြစ်သည်ဖြစ်စေ ရုန်းရင်းမှု သိမ်မွေ့မှုဖြစ်စေ၊ ယုတ်သည်, မြတ်သည်ဖြစ်စေ၊ အနီး, အဝေးဖြစ်စေ၊ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ဖြစ်သောအလုံးစုံသော ရုပ်, ဝေဒနာသည် သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်ဟု အမှန်အတိုင်းကောင်းစွာ ပညာဖြင့် ရှုရမည်။

"ရဟန်းတို့- ဤသို့ ရှုမြင်သည်ရှိသော်- အကြားအမြင်ရှိသော ဗုဒ္ဓ၏တပည့်သာဝကသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့၌ ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် စပ်စွန်းခြင်းကင်း၏။ တပ်စွန်းခြင်းကင်းခြင်းကြောင့် လွတ်မြောက်၏။"

လွတ်မြောက်သောငါသည် လွတ်မြောက်၏ဟု ဆင်ခြင်ဉာဏ်ဖြစ်၏။ ပဋိသန္ဓေတည်နေဖြစ်ပွားခြင်းကုန်ဆုံးပြီး မြတ်သောမဂ်အကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ဖြင့် ပြုဘွယ်ကိစ္စကို ပြု

ပြီးပြီ။ ဤမဂ်ကိစ္စဖြစ်ခြင်းငှာ ငါ့အား တစ်ဖန်မဂ်ကိုပွားခြင်း ကိစ္စမရှိတော့ပြီဟု ခွဲခြား၍သိ၏။

ရဟန်းတို့. . . ဤရဟန်းကို တံခါးကျည်းမင်းတုပ်ကို မြောက်ပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏။ ကျုံးမြောင်းကို အားလုံးဖြတ်ဆီးပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏။ တံခါးတိုင်ကို နှုတ်ပြစ်ပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏။ တံခါးရွက်ကို ဖျက်ဆီးပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏။ ကိလေသာကင်းစင်သူ၊ အလံကိုချထားပြီးသူ၊ ဝန်ကိုချပြီးသူ၊ မာန်ကင်းပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏။

ရဟန်းတို့. . . တံခါးကျည်းမင်းတုတ်ကို မြောက်ပြီးသူဟူသည် ဤသာသနာတော်၌ ရဟန်းသည် ဘဝသစ်ကို တည် ဆောက်သော ဇာတိဖြစ်ပွားရေးကို ပယ်ပြီးဖြစ်၏။

ရဟန်းတို့. . . တံခါးတိုင်ကိုနှုတ်ပြီးသူဟူသည် ဤသာသနာတော်၌ ရဟန်းများ အောက်ကာမဘုံ၌ ဖြစ်စေတတ်သော သံယောဇဉ်အနှောင်အဖွဲ့ငါးမျိုးတို့ကို ပယ်ပြီးသူဖြစ်၏။

ရဟန်းတို့. . . ကိလေသာကင်းစင်သူ မာန်ကို ချထားသူ၊ ဝန်ကိုချထားပြီးသူ၊ ဝန်ကင်းပြီးသူဟူသည် ဤသာသနာတော်၌ ရဟန်းမှာ ငါဟု ထင်မှတ်ခြင်းကို ပယ်ပြီးဖြစ်၏။

ရဟန်းတို့. . . ဤသို့ လွတ်မြောက်ပြီးဖြစ်သော စိတ်ရှိသောရဟန်းကို သိကြားဗြဟ္မာ မာရ်နှင့်တကွဖြစ်ကုန်သော နတ်တို့သည် သတ္တဝါ၏ ဉာဏ်စိတ်သည် ဤတရားကို မှီ၏ဟု

ရှာကုန်သော်လည်း မျက်မှောက်၌ပင်သတ္တဝါဟူ၍ မရှိသောကြောင့် မသိနိုင်ကြကုန်။

ရဟန်းတို့. . . ဤသို့ဆိုလေ့ ဟောကြားလေ့ရှိသော ငါ့ကို အချို့သောရဟန်းပုဏ္ဏားတို့က-

"ရဟန်းဂေါတမသည် သတ္တဝါကို ဖျောက်ဖျက်တတ်၏။ ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ဆဲခြင်း၊ ပျက်စီးခြင်း၊ မဖြစ်ခြင်းကို ပညတ်၏- ဟု ထင်ရှားမရှိသော အချည်းနှီးသော မဟုတ်မမှန်သော လိမ်ညာစကားဖြင့် စွပ်စွဲကုန်၏။"

ရဟန်းတို့. . . ငါသည် သတ္တဝါကို ယင်းသို့လည်း မဖျောက်ဖျက် ယင်းသို့လည်း- ယင်းသို့လည်း မပညတ် သို့ဆိုကြသောစကား- စွပ်စွဲကြသော ရဟန်းပုဏ္ဏားတို့၏ စကားသည် ထင်ရှားမရှိသော အချည်းနှီးသော မဟုတ်မမှန်သော မုသားစကားဖြင့် စွပ်စွဲသည်မည်ကုန်၏။

ရဟန်းတို့. . . ငါသည် ရှေးအခါကလည်းကောင်း ယခုအခါ၌လည်းကောင်း ဆင်းရဲကိုလည်းပညတ်၏။ ဆင်းရဲချုပ်ရာကိုလည်း ပညတ်၏။ ထိုသို့ ပညတ်ရာ၌ အကယ်၍ သူတစ်ပါးတို့က မြတ်စွာဘုရားကို ဆဲကုန်ငြားအံ့။ ရေရွတ်ကုန်ငြားအံ့။ ချုပ်ချယ်ချယ်ကုန်ငြားအံ့။ ညှင်းဆဲကုန်ငြားအံ့။ ရဟန်းတို့ ထိုသို့ညှင်းဆဲရာ၌ ငါဘုရားမှာ အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း စိတ်မနှစ်မြို့ခြင်းသည် မဖြစ်ပေ။

ရဟန်းတို့. . . ထိုသို့ ပညတ်ရာ၌ အကယ်၍ သူတစ်ပါးတို့က မြတ်စွာဘုရားကို ကောင်းမွန်စွာ ပြုကုန်ငြားအံ့။

အလေးပြုကုန်ငြားအံ့။ မြတ်နိုးကုန်ငြားအံ့။ ပူဇော်ကုန်ငြားအံ့။ ထိုသို့ ပူဇော်ရာ၌ ငါဘုရားမှာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း, စိတ်တတ်ကြွခြင်းသည် မဖြစ်။

ရဟန်းတို့. . ထို့ကြောင့် သင်တို့ကို အကယ်၍လည်း သူတစ်ပါးတို့က ဆဲကုန်ငြားအံ့။ ရေရွတ်ကုန်ငြားအံ့။ ချုပ်ချယ်ကုန်ငြားအံ့။ ညှဉ်းဆဲကုန်ငြားအံ့။ ထိုသို့ ညှဉ်းဆဲရာ၌ သင်တို့သည် အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်မနှစ်မြို့ခြင်း မပြုသင့်။

ရဟန်းတို့. . သင်တို့သည် သူတစ်ပါးတို့က ကောင်းမွန်စွာ ပြုကုန်ငြားအံ့။ အလေးပြုကုန်ငြားအံ့။ မြတ်နိုးကုန်ငြားအံ့။ ပူဇော်ကုန်ငြားအံ့။ ထိုသို့ ပူဇော်ရာ၌ သင်တို့သည် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ စိတ်တက်ကြွခြင်း မပြုသင့်။

ရဟန်းတို့. . ထို့ကြောင့် သင်တို့ကို အကယ်၍ သူတစ်ပါးတို့က ကောင်းမွန်စွာပြုကုန်၊ အလေးပြုကုန်၊ မြတ်နိုးကုန်၊ ပူဇော်ကုန်ငြားအံ့။ ထိုသို့ ပူဇော်ရာ၌ သင်တို့သည် ရှေးအခါက ငါပိုင်းခြားသိပြီးသော ခန္ဓာငါးပါး၌ ဤသူတို့သည် ဤသို့သဘောရှိသော ပြုမူခြင်းတို့ကို ပြုကုန်၏-ဟု ဤသို့သော အကြံအစည်ဖြစ်ရာ၏။

ရဟန်းတို့. . . ထို့ကြောင့် သင်တို့ဥစ္စာမဟုတ်ကုန်သော တရားတို့ကို ပယ်ကြကုန်လော့။ ထိုတရားများကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသောကာလပတ်လုံး စီးပွား ချမ်းသာခြင်းငှာ ဖြစ်လတ့်။

ရဟန်းတို့. . . သင်တို့ဥစ္စာမဟုတ်သည့်တို့မှာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ဖြစ်၏။ ထိုတရားများကို ပယ်စွန့်ကြကုန်လော့။ ထိုတရားများကို ပယ်စွန့်ကြသည်ရှိသော် ရှည်စွာသော ကာလပတ်လုံး စီးပွားချမ်းသာခြင်းအကျိုး ဖြစ်လတ့်။

ရဟန်းတို့. . . ဤအရာကို အဘယ်သို့ မှတ်ပါသနည်း။ ဤဇေတဝန်ကျောင်းတော်၌ မြက်, သစ်သား, သစ်ခက်, သစ် ရွက်တို့သည် ရှိ၏။ ထိုအရာများကို လူအပေါင်းသည် ယူ လည်းယူမည် မီးလည်းရှို့ကြမည်။ အလိုရှိသလို ပြုမူကြမည်။ ထိုအခါ သင်တို့အား ဤလူအပေါင်းသည် မြက်, သစ်ရွက်အပေါင်းကို ယူ၏။ မီးရှို့၏။ အလိုရှိသလို ပြု၏-ဟူ၍ အကြံ အစည်သည် ဖြစ်ရာသလော။

"အရှင်ဘုရား. . . ဤသို့ မဖြစ်ပါ။"

"အဘယ့်ကြောင့် မဖြစ်ကြပါသနည်း။"

"အရှင်ဘုရား. . . ဤမြက်, သစ်သား, သစ်ခက်, သစ်ရွက်တို့သည် တပည့်တော်တို့၏ကိုယ်သည်လည်းကောင်း ကိုယ်ပိုင်ဥစ္စာမဟုတ်သောကြောင့် ဖြစ်ပါသည်။"

"ရဟန်းတို့. . . ဤအတူ သင်တို့သည် ကိုယ်ပိုင်ဥစ္စာ မဟုတ်သော ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ပယ်ကြကုန်လော့။ ထိုသို့ပယ်ကြသော် သင်တို့မှာ ရှည်စွာသော ကာလပတ်လုံး စည်းပွားချမ်းသာခြင်းငှာ ဖြစ်ကြလိမ့်မည်။"

“ရဟန်းတို့ . . ငါသည် သင်တို့အား ပုဆိုးသစ်သဖွယ် ဖြစ်သော တရားများကို ကောင်းစွာ ဟောကြားထား၏။ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြထားပါ၏။ ထိုသို့ပြထားသော် ကိလေသာမှ ကင်းဝေးကြကုန်သော၊ အာသဝေါကုန်ပြီးသော၊ မဂ်အကျင့်ကို ကျင့်သုံးပြီးကုန်သော၊ ပြုဖွယ်ကိစ္စကိုပြုပြီးကုန်သော၊ ဝန်ကိုရ ထားပြီးကုန်သော၊ မိမိအကျိုးသို့ ရောက်ပြီးကုန်သော၊ ဘဝကို နှောင်ဖွဲ့ခြင်း(သံယောဇဉ်)ကုန်ပြီးကုန်သော၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသောစိတ်ရှိကုန်သော ထိုရဟန်းတို့မှာ ပညတ်ခြင်းငှာ ဝဋ္ဋဆင်းရဲမရှိနိုင်တော့ပါ။

ရဟန်းတို့ . . ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ပေါ်ပေါ်လွင်လွင် ကောင်းစွာဟောကြားထား၍ အောက်ကာမဘုံ၌ ဖြစ်စေတတ်သော သံယောဇဉ်အနှောင်အဖွဲ့ငါးမျိုးကို ပယ်စွန့်ပြီးသောရဟန်းအားလုံးတို့သည် ကိုယ်ထင်ရှားဖြစ်ခြင်း ဥပပါတ်တို့ဖြစ်ကုန်၏။ ထိုဗြဟ္မာဘုံ၌ ပရိနိဗ္ဗာန် ပြုလေ့ရှိကုန်၏။ ထိုဗြဟ္မာဘုံမှ ပြန်လည်ဖြစ်ခြင်း သဘော မရှိကုန်တော့။

အနှောင်အဖွဲ့ (သံယောဇဉ်)သုံးပါးကို ပယ်စွန့်ပြီးသော တပ်စွန်းခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းခေါင်းပါးပြီးသော ရဟန်းအားလုံးတို့သည် သကဒါဂါမ်တို့တည်း။ တစ်ကြိမ်သာမျှ လူ့ဘုံသို့လာကြကုန်၍ ဆင်းရဲအဆင်းကို ပြုကြကုန်လတ့်။

သံယောဇဉ်(နှောင်ဖွဲ့ခြင်း) သုံးပါးကိုပယ်ပြီးသော ရဟန်းအားလုံးတို့သည် သောတာပန်တို့တည်း။ အပါယ်သို့

ဖရိုဖရဲကျစရာအကြောင်းမရှိကုန်။ ဂတိမြဲ၏။ အမြဲအထက်မဂ်သို့သာ ရောက်ခြင်းရှိ၏။

ပညာဖြင့် အစဉ်လိုက်၍ ကျင့်ကုန်သော သဒ္ဓါဖြင့် အစဉ်လိုက်၍ ကျင့်ကုန်သော ရဟန်းအားလုံးတို့သည် အထက်မဂ်သို့ လားရာရောက်ခြင်းရှိကြကုန်၏။

ငါ့တရား၌ ယုံကြည်ခြင်း(သဒ္ဓါ)မျှ ချစ်နှစ်သက်ခြင်းမျှသာဖြစ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ကောင်းမြတ်သော လူနတ်တို့ဘဝသို့လားရောက်ခြင်းရှိကြကုန်၏”

ဟူ၍ ဗုဒ္ဓက အရိဋ္ဌရဟန်းစွပ်စွဲမှုနှင့်ပတ်သက်၍ ရဟန်းတို့ကို တရား၌ မြွေဖမ်းသမားပမာသင်ယူမှု၊ တရား၌ ကောင်းစွာမသင်ယူမှု၊ ကောင်းစွာသင်ယူမှုတို့ကို ဖောင်ဥပမာဖြင့်လည်းကောင်း၊ ဒိဋ္ဌိဖြစ်ကြောင်း ခြောက်ပါးသော တရားတို့ကို ပယ်သင့်ပုံတို့ကိုလည်းကောင်း- ပုဆိုးသစ်သဖွယ်ဖြစ်သော၊ ကောင်းမွန်သောတရားကို ပေါ်လွင်ထင်ရှားစွာ ဟောကြားပြသ ဖြေရှင်းတော်မူသည်။

ထိုအခါ အရိဋ္ဌရဟန်းနှင့် ရဟန်းအပေါင်းတို့သည် ဗုဒ္ဓ၏ ဖြေရှင်းချက်တရားကို အလွန်နှစ်သက်သဘောကျကြကာ ကောင်းစွာခံယူကြလေသည်။

မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ အလဂဒ္ဒူပမာသုတ်

## လေးဘက်လေးတန် အရသာချိုမွန်သော ပျားမုန့်ဆုပ်ပမာ

အခါတစ်ပါး၌ ဗုဒ္ဓသည် ကပိလဝတ္ထုပြည် နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့တွင် ဗုဒ္ဓသည် ကပိလဝတ်ပြည်၌ ဆွမ်းခံ၍ ဆွမ်းစားပြီးလတ်သော် မဟာဝုန်တောအတွင်းရှိ ဥသျှစ်ပင် တစ်ပင်အောက်၌ နေ့သန့်စင်သီတင်းသုံးနေသည်။

ထိုအခါ ဒေဝဒတ်၏ ဘက်တော်သားဖြစ်သော ဒဏ္ဍပါဏီ အမည်ရှိသော သာကီဝင်မင်းသားကြီးသည် လမ်း လျှောက်ထွက်လာရင်း ထိုဥသျှစ်ပင်အနီးသို့ရောက်လာပြီး ဗုဒ္ဓကိုတွေ့မြင်သောအခါ ဗုဒ္ဓကို ရှိခိုးခြင်းမပြု မခန့်လေးစား သောသဘောဖြင့် တောင်ဝှေးကိုထောက်ပြီး-

"ရဟန်း. . . သင်သည် အဘယ်သို့သော အယူရှိ သနည်း၊ အဘယ်သို့သောတရားကို ဟောပြောလေ့ရှိသနည်း" ဟု သိလိုသောသဘောဖြင့် မေးခြင်းမဟုတ်ဘဲ ပြက်ရယ်သ ဘောဖြင့် မေးခွန်းကို မေးလေသည်။

"ဒါယကာ. . . အကြင်သို့သောအယူရှိသည်ဖြစ်၍ နတ်, မာရ်နတ်, ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် ရဟန်း, ပုဏ္ဏား, မင်းများ, လူများနှင့်တကွသော လူလောက၌ မည်သူ

နှင့်မျှမငြင်းခုံ၊ အကြင်သို့သောအကြောင်းကြောင့် ကာမဂုဏ်တို့နှင့် မယှဉ်သည်ဖြစ်၍ သို့လောသို့လော တွေးတောယုံမှားခြင်း မရှိသည်ဖြစ်၍ ကုက္ကုစပြတ်ပြီးသည်ဖြစ်၍ ဘဝကြီးဘဝငယ် တပ်မက်ခြင်းကင်းလျက်နေသော ရဟန္တာဖြစ်ပြီးသော ငါဗုဒ္ဓမှာ ကိလေသာသညာတို့သည် မကိန်းဝပ်ကုန်။

ဒါယကာ. . . ငါသည် ဤသို့သော အယူရှိ၏။ ဤသို့သောအကြောင်းကို ဟောကြားလေ့ရှိပါ၏-

ဟု မိန့်ကြားသောအခါ ဒဏ္ဍပါဏိမင်းသားကြီးသည် ဦးခေါင်းကိုညိတ်၍ လျှာကိုထုတ်ကာ နဖူးပြင်၌ နဖူးရေးသုံးခုကို ထ, စေ၍ တုတ်ကိုထောက်၍ ဖဲခွာသွားလေသည်။

ဗုဒ္ဓသည် ညနေချမ်းအချိန်တွင် ဥသျှစ်ပင်ရင်း၌ တစ်ပါးတည်း ငြိမ်းချမ်းစွာနေရာမှ တစ်ဖန် နိဂြောဓာရုံကျောင်းသို့ ပြန်ကြွတော်မူလေသည်။

ကျောင်းသို့ ရောက်သောအခါ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် မိမိအနီးသို့ တရားနာရန် ရောက်လာသော ရဟန်းတို့ကို မိမိနှင့် ဒဏ္ဍပါဏိသာကီဝင်မင်းသားကြီးတွေ့ဆုံပုံ၊ မေးပုံ၊ မိမိကဖြေလိုက်ပုံအကြောင်းစုံကို ပြန်လည်မိန့်ကြားပြလေသည်။

ထိုအခါ ရဟန်းတစ်ပါးက-

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် အဘယ်အယူရှိတော်မူသည်ဖြစ်၍ နတ်, မာရ်နတ်, ဗြဟ္မာနှင့်တကွသော နတ်

လောကနှင့် ရဟန်း, ပုဏ္ဏား, မင်းများ, လူများနှင့်ဘက်သော လူ့လောက၌ မည်သူနှင့်မျှ ငြင်းခုံတော်မမူပါသနည်း။"

အဘယ်သို့သောအကြောင်းကြောင့်လည်း ကာမဂုဏ်တို့နှင့် မယှဉ်သည်ဖြစ်၍၊ သို့လောသို့လော တွေးတောယုံမှားခြင်းမရှိသည်ဖြစ်၍၊ ကုက္ကုစပြတ်ပြီးသည်ဖြစ်၍ ဘဝကြီးငယ်၌ တပ်မက်ခြင်းကင်းလျက် နေတော်မူသော ရဟန္တာဖြစ်ပြီးသော ဗုဒ္ဓ၌ ကိလေသာတို့သည် မကိန်းဝပ်ကုန်ပါသနည်း" ဟု မေးလျှောက်ထားလေသည်။

"ရဟန်း. . . အကြင်အကြောင်းကြောင့် သတ္တဝါကို ချဲ့ထွင်မှုသညာအစုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ ဤအကြောင်း၌ အလွန်နှစ်သက်ခြင်း၊ စွဲလမ်းပြောဆိုခြင်း၊ သက်ဝင်စွဲယူခြင်းသည်အကယ်၍ မရှိငြားအံ့၊ ဤမရှိခြင်းသည်ပင် ရာဂါနုသယ တပ်စွန်းမှုကိန်းဝပ်ခြင်း၊ မဋိဃာနုသယ ထိပါးမှုကိန်းဝပ်ခြင်း၊ ဒိဋ္ဌာနုသယ- မှားယွင်းသောအယူကိန်းဝပ်ခြင်း၊ ဝိစိကိစ္ဆာနုသယ- တွေးတောယုံမှားမှု ကိန်းဝပ်ခြင်း၊ မာနာနုသယ- မောက်မာမှုကိန်းဝပ်ခြင်း၊ ဘဝရာဂါနုသယ- ဘဝကို တပ်စွန်းမှု ကိန်းဝပ်ခြင်း၊ အဝိဇ္ဇာနုသယ- မသိမှုကိန်းဝပ်ခြင်းတို့ဟူသော အသီးသီးသော အနုသယတို့၏ အဆုံးတည်း။"

ဤသည်ပင် တုတ်ဆွဲယူခြင်း၊ ဓားလက်နက်ဆွဲယူခြင်း၊ ရန်ဖြစ်ခြင်း၊ သဘောကွဲလွဲခြင်း၊ ငြင်းခုံခြင်း၊ နင် နင်-ဟုပြောဆိုခြင်း၊ ကုန်းချောခြင်း၊ မုသားပြောဆိုခြင်းတို့၏ အဆုံးတည်း။

ဤအကြောင်း၌ ယုတ်ညံ့သော ဤအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏-

ဟု ဗုဒ္ဓသည် ဤတရားစကား ကို ဟောကြားပြီး နေရာမှထ, ကာ ဂန္ဓကုဋိတိုက်ခန်းအတွင်းသို့ ဝင်ကြွသွားလေသည်။

"ငါ့ရှင်တို့. . . မြတ်စွာဘုရားသည် ဤမည်သော တရားညွှန်ကြားချက်ကို အကျဉ်းချုပ်ညွှန်းပြ၍၊ အနက်သဘောကို အကျယ်မဝေဖန်ဘဲ နေရာမှထ,ကာ ကျောင်းခန်းအတွင်းသို့ ကြွသွားတော်မူ၏။ ဤညွှန်ကြားချက်အကျဉ်းကို အဘယ်သူသည် အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"

ဟူသောအကြံအစည်သည် ရဟန်းတို့အား ဖြစ်ပေါ်လာလေသည်။

"အရှင်မဟာကစ္စာနသည် ဗုဒ္ဓအချီးမွမ်းခံရ၏။ ပညာရှိသီတင်းသုံးဖော်တို့၏ ချီးမြှောက်မှုလည်း ခံရ၏။ အရှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ဟောသော တရားအနက်သဘောကို ဝေဖန်ရန် စွမ်းလည်းစွမ်းနိုင်၏။"

"ငါတို့သည် အရှင်မဟာကစ္စာနထံ ချဉ်းကပ်၍ ဗုဒ္ဓ၏တရားအကျဉ်းချုပ်၏ အနက်သဘောကို အကျယ်မေးမြန်းမှ ကောင်းပေမည်"

ဟု အကြံများ ဆက်လက်ဖြစ်ပေါ်ကြပြီး စုရုံးကာ အရှင်မဟာကစ္စာနထံသို့ သွားရောက်ကြသည်။

မဟာကစ္စာနမထေရ်ထံသို့ သွားရောက်ကြသော် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလျက်- ဘုရားရှင်ထံသို့ ဒဏ္ဍပါဏိ သာကီဝင်မင်းသားကြီး၏ ပြက်ရယ်သဘောမေးသော မေးခွန်းကို ဘုရားရှင်ပြန်ဖြေပုံ၊ ဘုရားရှင်က တစ်ဖန် မိမိတို့ကို ပြန်လည် ပြောပြပုံ၊ ဗုဒ္ဓက အကျဉ်းသာဟောသွား၍ အကျယ်ကို သိနိုင်ရန် အရှင်ဘုရားထံလာရောက် မေးဖို့အကြံဖြစ်ကြပုံ အကြောင်းစုံကို လျှောက်ထားပြကြသည်။

"ငါ့ရှင်တို့. . . ဥပမာဆိုသော် အနှစ်သာရကို အလိုရှိ၍ အနှစ်သာရကို ရှာမှီးသောယောက်ျားသည် အနှစ်ရှာလှည့်လည်သော် တည်နေဆဲဖြစ်သော အနှစ်ပြည့်သော သစ်ပင်ကြီး၏ အမြစ်အရင်းကိုလည်းကောင်း၊ ပင်စည်ကိုလည်းကောင်း၊ ကျော်လွန်၍သာလျှင် အခက်အရွက်၌သာ အနှစ်သာရကို ရှာသင့်သည်ဟု ထင်မှတ်ရာသကဲ့သို့ အလားတူ အရှင်တို့သည် ဗုဒ္ဓမြတ်မှောက် ဖြစ်ပါလျက် ထိုဗုဒ္ဓကို ကျော်လွန်၍ ငါတို့အား ဤအနက်သဘောကို မေးမြန်းသင့်၏-ဟု ထင်မှတ်ကြကုန်၏။"

ငါ့ရှင်တို့. . . မှန်ပါသည် ထိုဗုဒ္ဓသည် သိသင့် ဖြစ်သင့်သည်တို့ကို သိမြင်တော်မူပါ၏။ မျက်စိသဖွယ် ဖြစ်တော်မူ၏။ အသိဉာဏ်သဖွယ်ဖြစ်တော်မူ၏။ တရားသဖွယ်ဖြစ်တော်မူ၏။ မြတ်သောမဂ်သဖွယ် ဖြစ်တော်မူ၏။ သစ္စာကိုဟောကြားတော်မူ၏။ ဖြစ်စေတော်မူတတ်၏။ အနက်ကို ထုတ်ဆောင်ပြီး

ပြတော်မူတတ်၏။ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်၏။ တရားဒဿရှင် ဖြစ်တော်မူ၏။ ရှေးဘုရားအတူ ဖြစ်တော်မူ၏။ ဤအနက်သဘောကို ဗုဒ္ဓကိုသာလျှင် မေးမြန်းရန် အချိန်အခါ ဖြစ်၏။ ဗုဒ္ဓ ဖြေကြားသည့်အတိုင်း မှတ်ကြပါကုန်-

ဟု အရှင်မဟာကစ္စာနက မိန့်ကြားသည်။

"ငါ့ရှင်မဟာကစ္စာန. . . ဗုဒ္ဓ၏ ထိုသို့သဘောရှိသော ဂုဏ် အင်္ဂါအရည်အချင်းတို့ကို တပည့်တော်တို့ သိကြပါကုန်၏။ အရှင်သည်လည်း ဗုဒ္ဓ၏အချီးမွမ်းကို ခံရ၏။ ပညာရှိ သီတင်းသုံးဖော်များ၏ ချီးမြှင့်မှုကို ခံရ၏။ အရှင်သည် ဗုဒ္ဓ၏ အကျဉ်းဟောကြားချက် အနက်သဘောအမြွက်ကို အကျယ် ချဲ့ဝေဖန်နိုင်ရန် စွမ်းနိုင်သည်ကိုလည်း သိကြပါ၏။

အရှင်သည် ဝန်မလေးသည်ကိုပြု၍ ဝေဖန်ပေးတော်မူပါဘုရား"

"အရှင်တို့. . . ထိုသို့ တာဝန်ထားပါ၍ နာကြားလိုကြမူ နာကြားကြကုန်၊ ကောင်းစွာနှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့။"

"အရှင်မဟာကစ္စာန. . . ကောင်းပါပြီ"

"ငါ့ရှင်တို့. . . ဗုဒ္ဓအကျဉ်းချုပ်ညွှန်းပြ၍ အကျယ် မဝေဖန်ခဲ့သော ဤညွှန်းပြချက်တရား အမြွက်အနက်သဘောကို ဤသို့ အကျယ်အားဖြင့် ငါသိပါ၏။"

ငါ့ရှင်တို့. . . မျက်စိနှင့် အဆင်းတို့ကိုစွဲ၍ မြင်သိစိတ်ဖြစ်၏။ နားနှင့် အသံစွဲ၍ ကြားသိစိတ်ဖြစ်၏ နှာခေါင်းနှင့်

အနံ့စွဲ၍ နံသိစိတ်၊ လျှာနှင့် အရသာစွဲ၍ လျက်သိစိတ်၊ ကိုယ်နှင့် အတွေ့အထိကိုစွဲ၍ ထိသိစိတ်၊ စိတ်နှင့် သဘာဝဓမ္မကို စွဲ၍ အထူးသိ(မနောဝိညာဏ)စိတ်ဖြစ်၏။

ဤသုံးခု အသီးသီးတို့ ပေါင်းဆုံခြင်းကြောင့် တွေ့ထိခြင်း(ဖဿ)ဖြစ်၏။ တွေ့ထိခြင်းဟူသော အကြောင်းကြောင့် ခံစားခြင်း(ဝေဒနာ)ဖြစ်၏။ ခံစားပြီးသောအာရုံကို မှတ်သား၏။ မှတ်သားပြီးသောအာရုံကို ကြံစည်၏။ ကြံစည်ပြီးသော အာရုံ၌ ချဲ့ထွင်၏။ အာရုံချဲ့ထွင်ခြင်းဟူသော အကြောင်းကြောင့် သတ္တဝါတို့ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ဖြစ်သော မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ဖြင့် သိရသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ သဘာဝဓမ္မတို့ကို ချဲ့ထွင်မှုသည် အစုတို့သည် လွှမ်းမိုး၍ ဖြစ်ကြရကုန်၏။

ငါ့ရှင်တို့ . . ထိုသူသည် စင်စစ်သော်ကား- မျက်စိ, အဆင်း, မြင်သိစိတ်ဖြစ်သော်, နား, အသံ, ကြားသိစိတ်ဖြစ်သော်, နှာခေါင်း, အနံ့, နံသိစိတ်ဖြစ်သော်, လျှာ, အရသာ, လျက်သိစိတ်ဖြစ်သော်, ကိုယ်, အတွေ့အထိ, ထိသိစိတ်ဖြစ်သော်, စိတ်, သဘာဝဓမ္မ အထူးသိစိတ်တို့ဖြစ်သော် တွေ့ထိမှု (ဖဿ)ဟု ပညတ်အပ်သော အကြောင်းရှိ၏။ တွေ့ထိမှု ပညတ်ခြင်းရှိသော် ခံစားမှု(ဝေဒနာ)ဟု ပညတ်အပ်သော အကြောင်းရှိ၏။ ခံစားမှုပညတ်ခြင်းရှိသော် မှတ်သားမှု (သညာ)ဟု ပညတ်အပ်သော အကြောင်းရှိ၏။ မှတ်သားမှုဟု

ပညတ်ခြင်းရှိသော် ကြံစည်မှု(ဝိတက်)ဟု ပညတ်အပ်သော အကြောင်းရှိသည်။ ကြံစည်မှုဟု ပညတ်ခြင်းရှိသော် ချဲ့ထွင်ရေး သညာအစုများ လွှမ်းမိုး၍ဖြစ်မှုဟု ပညတ်အပ်သော အကြောင်းသည် ရှိ၏။

ငါ့ရှင်တို့. . . ထိုသူသည် စင်စစ်သော်ကား မျက်စိ, အဆင်း မြင်သိစိတ်မဖြစ်သော်၊ နား, အသံ, ကြားသိစိတ် မဖြစ်သော်၊ နှာခေါင်း, အနံ့, နံသိစိတ်မဖြစ်သော်၊ လျှာ, အရသာ, လျက်သိစိတ်မဖြစ်သော်၊ ကိုယ်, အတွေ့အထိ, ထိသိ စိတ်မဖြစ်သော်၊ စိတ်သဘာဝမမှု, အထူးသိစိတ်မဖြစ်သော်, တွေ့ထိမှု(ဖဿ)ဟု ပညတ်အံ့သောအကြောင်းသည် မရှိ။ ခံစားမှုဟု ပညတ်ခြင်းမရှိသော် မှတ်သားမှု(သညာ)ဟု ပညတ် အံ့သော အကြောင်းသည် မရှိ။ မှတ်သားမှုဟု ပညတ်ခြင်း မရှိသော် ကြံစည်မှု(ဝိတက်)ဟု ပညတ်အံ့သောအကြောင်း မရှိ။ ကြံစည်မှုဟု ပညတ်ခြင်းမရှိသော် ချဲ့ထွင်ရေးသညာအစု များ လွှမ်းမိုး၍ဖြစ်မှုဟု ပညတ်အပ်သောအကြောင်းသည် မရှိ။

ရဟန်းတို့. . . ငါတို့အား ဗုဒ္ဓသည် "ရဟန်း၊ သတ္တဝါ ကို ချဲ့ထွင်မှုသညာအစုတို့ လွှမ်းမိုး၍ဖြစ်သော အကြောင်း၌ အလွန်နှစ်သက်ခြင်း၊ စွဲလမ်းပြောဆိုခြင်း၊ သက်ဝင်စွဲယူခြင်း သည် အကယ်၍ မရှိငြားအံ့၊ ဤမရှိခြင်းသည်ပင် ရာဂါနုသယ စသော အနုသယ(၇)ပါး တပ်စွန်းမှုကိန်းဝပ်ခြင်းတို့၏ အဆုံး တည်း။

ဤအကြောင်း၌ ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏-ဟု အကြင်ညွှန်ပြချက်ကို အကျဉ်း ချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ဘဲ နေရာမှ ထ,ကာ ကျောင်းတော်သို့ ဝင်ခဲ့၏။

ငါ့ရှင်တို့ ငါသည်လည်း ဗုဒ္ဓအကျဉ်းချုပ်ညွှန်ပြ၍ အကျယ်ဝေဖန်သော ဤညွှန်ပြချက်အနက်သဘောကို ဤသို့ အကျယ်အားဖြင့် သိပါ၏။

အရှင်တို့. . . အလိုရှိကြသော် အရှင်တို့သည် ဘုရားရှင်ထံသို့သွားလျှင် ချဉ်းကပ်၍ ဤအနက်သဘောကို တစ်ဖန်မေးမြန်းကြပါကုန်။ ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း ထိုအနက်သဘောကို မှတ်ကြပါကုန်-

ဟူ၍ အရှင်မဟာကစ္စာနက မိန့်ကြားတော်မူသည်။

ထိုအခါ ရဟန်းတို့သည် အရှင်မဟာကစ္စာန၏ ပြောပြချက်ကို အလွန်နှစ်သက်ဝမ်းမြောက်ကြကာ ဗုဒ္ဓထံသို့ တစ်ဖန်ပြန်သွားကြပြီး အကြောင်းစုံကို လျှောက်ထားပြကြလေသည်။

"မြတ်စွာဘုရား. . . အရှင်မဟာကစ္စာနသည် တပည့်တော်တို့အား ဤအခြင်းအရာပုဒ်ဝါကျအက္ခရာတို့ဖြင့် အနက်သဘော ကိုဝေဖန်ပြပါ၏"

ဟု လျှောက်ထားကြသည်။

"ရဟန်းတို့. . . မဟာကစ္စာနသည် ပညာရှိ၏။ ပညာကြီး၏။ သင်တို့သည် ငါ့ကိုလည်း ဤအနက်သဘောအကျယ်

ကို မေးငြားအံ့၊ ငါသည်လည်း အရှင်မဟာကစ္စာန ပြောကြားပြီး သကဲ့သို့ပင် ဖြေကြားရာ၏။ ဤညွှန်ပြချက် အနက်သဘော သည် ဤသည်အတိုင်းပင် ဖြစ်ပါ၏။ သင်တို့သည်လည်း ဤ အတိုင်းပင် မှတ်ကြပါလော့။"

ထိုအခါ အနီးတွင်ရှိသော အရှင်အာနန္ဒာမထေရ်က ဗုဒ္ဓကို-

"အရှင့်ဘုရား. . . ဥပမာသော်ကား ဆာလောင်ခြင်း၊ အားနည်းခြင်းဖြင့် နှိပ်စက်ထားသော ယောက်ျားသည် ပျားမုန့် ဆုပ်ကို ရငြားအံ့၊ ထိုသူသည် မည်သည်ဘက်မှမဆို လျက်ပါမူ ထပ်လောင်းဖွယ်မရှိ။ ချိုမြိန်သောအရသာကို ရရာသကဲ့သို့ ဤအတူပင် ကြံစည်တတ်သော ပညာတတ်သဘောရှိသော ရဟန်းသည် ဤတရားဒေသနာ၏ အနက်ကို ပညာဖြင့် မည်သည့် ဘက်မှမဆို စူးစမ်းဆင်ခြင်ငြားအံ့၊ ဝမ်းမြောက်ခြင်း၊ စိတ်ကြည် လင်ခြင်းကို ရရာမည်သာတည်း။ အရှင်ဘုရား ဤတရာဒေသနာတော်သည် အဘယ်အမည်ရှိပါသနည်း" ဟု မေးလျှောက်လေသည်။

"အာနန္ဒာ. . . ဤတရားဒေသနာကို သင်သည် မဓု ပိဏ္ဍိကဒေသနာ (ပျားမုန့်ဆုပ်နှင့်တူသောတရား)ဟူ၍သာ လျှင် မှတ်လေလော့။"

"ဤသို့လျှင် ဗုဒ္ဓသည် မိမိအား ပြက်ရယ်သဘောဖြင့် ပြဿနာမေးခွန်းစ,လာသော ဒေဝဒတ်အသင်းအပင်း ဒဏ္ဍပါ

ကာ သာကီဝင်မင်းသားကြီး၏ မေးခွန်းနှင့်ပတ်သက်၍ မိမိ၏ အယူ မိမိဟောကြားချက်တို့ကို ရဟန်းတို့အား အလျဉ်ဟောပြ ဖြေရှင်းပြသလို အရှင်မဟာကစ္စာနက အကျယ်ရှင်းပြဖြေရှင်း ပေးခဲ့သည်။

အရှင်မဟာကစ္စာန၏ အကျယ်ဖြေရှင်းချက်ကို ဗုဒ္ဓက မိမိ၏ ဖြေရှင်းချက်လည်း ထိုနည်းတူပင်ဖြစ်မည်ဟု ထပ်လောင်း ထောက်ခံမိန့်ကြား၍ အဖြေကိုအတည်ပြုပေးခဲ့သည်။

မူလပဏ္ဏာသ၊ သီဟနာဒဝဂ်၊
မဓုပိဏ္ဍိကသုတ်

## ကာမဂုဏ်ငါးပါးဆင်းရဲတုံးကြီးဖြစ်စေကြောင်း

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

ရဟန်းတို့သည် မြို့တွင်းသို့ ဆွမ်းခံထွက်လာကြစဉ် အချိန်စောသေး၍ အယူတစ်ပါးရှိသော ပရိဗိုဇ်တို့ကျောင်းသို့ ဝင်သွားကြစဉ် ထိုပရိဗိုဇ်တို့က ရဟန်းတို့ကို-

"အရှင်တို့ . . ရဟန်းဂေါတမသည် ကာမဂုဏ်တို့ကို ပိုင်းခြားသိရေးကို ပြဋ္ဌာန်းသတ်မှတ်၏။ ငါတို့သည်လည်း ကာမဂုဏ်တို့ကို သိရေးကို ပိုင်းခြားပြဋ္ဌာန်းသတ်မှတ်၏။ ငါတို့သည်လည်း ရုပ်, ဝေဒနာတို့ကို ပိုင်းခြားသိရေးကို ပြဋ္ဌာန်းသတ်မှတ်၏။ ငါ့ရှင်တို့ ဤအရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ ထူးခြားချက် သာလွန်ချက်သည် အဘယ်မှာရှိပါသနည်း" ဟု ပြဿနာရှာပြောဆိုလာလေသည်။

ရဟန်းတို့သည် ဤပြဿနာကို မည်သို့မျှ တုန့်ပြန်ပြောဆိုခြင်းမပြုကြဘဲ ပရိဗိုဇ်တို့၏ကျောင်းမှ ထွက်ခွာလာခဲ့ကြပြီး ဆွမ်းကိစ္စပြီး၍ ဇေတဝန်ကျောင်းသို့ ပြန်ရောက်ကြသောအခါ ရဟန်းတို့သည် ဗုဒ္ဓအား ပရဗိုဇ်တို့၏ ပြဿနာစကားကို လျှောက်ထားပြကြသည်။

ထိုအခါ ဗုဒ္ဓက ရဟန်းတို့အား ပရိဗိုဇ်တို့၏ ဤပြဿနာနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းဖြေကြားပေးခဲ့ပါသည်။

"ရဟန်းတို့ . . သင်တို့သည် ပရိဗိုဇ်တို့ကို ကာမဂုဏ်တို့၏ သာယာပုံကားအဘယ်နည်း။ ကာမဂုဏ်တို့၏ အပြစ်၊ ကာမဂုဏ်တို့၏ ထွက်မြောက်ရာကား အဘယ်နည်း။ ရုပ်, ဝေဒနာတို့၏ သာယာဖွယ်အပြစ်၊ ထွက်မြောက်ရာတို့ကား အဘယ်နည်း"

ဟူ၍မေးရမည်။

ဤကဲ့သို့မေးလျှင် ပရိဗိုဇ်တို့သည် ထိုအမေးကို ပြည့်စုံစွာ မဖြေကြားနိုင်ဘဲ ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ကြလိမ့်မည်။

ရဟန်းတို့ . . နတ်ဗြဟ္မာနှင့်တကွသော ဤလောက၌ ဗုဒ္ဓ၊ ဗုဒ္ဓ၏တပည့်၊ ဗုဒ္ဓထံမှတဆင့် ကြားနာဖူးသူတို့မှတစ်ပါး ဤပြဿနာကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ ငါမမြင်ပါချေ။

ရဟန်းတို့ . . ကာမဂုဏ်တရားတို့၏ သာယာဖွယ်ဟူသည် အဘယ်နည်း။ သို့သော် လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ်သဘောရှိ၍ ကာမရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော မျက်စိအမြင်အသိဖြင့် သိရသော အဆင်း၊ နားအကြားအသိဖြင့် အသံ၊ နှာခေါင်းအသိဖြင့် သိရသော အနံ့၊ လျှာအသိဖြင့် သိရသောအရသာ၊ အတွေ့

အထိအသိဖြင့်သိရသော အတွေ့အထိဟူ၍ ငါးပါးရှိ၏။ ဤကာမဂုဏ်ငါးပါးကို အစွဲပြု၍ဖြစ်သော ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းသည် ကာမဂုဏ်တို့၏ သာယာဖွယ် ဖြစ်ပေ၏။

ရဟန်းတို့ ကာမဂုဏ်တရားတို့၏ အပြစ်ကားအဘယ်နည်းဆိုသော်-

ဤလောက၌ အမျိုးသားတစ်ယောက်သည် တစ်စုံတစ်ခုသော အတတ်ပညာဖြင့် အသက်မွေးမှုကိုပြု၏။ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လက်နက်ကိုင်စစ်မှုထမ်းခြင်း၊ မင်းခစားအမှုထမ်းခြင်းစသော တစ်စုံတစ်ခုသောအတတ်ပညာဖြင့် အပူဒဏ်၊ အအေးဒဏ်၊ မှတ်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်းတို့၏ ကိုက်ခဲတွေ့ထိမှု၊ ဆာလောင်မွတ်သိပ်မှု၊ အသက်သေမှုကိုခံလျက် အသက်မွေးခြင်းကို ပြုလုပ်၏။

ရဟန်းတို့. . . ဤသည်တို့ကား ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမလျှင်တည်ရာရှိသော၊ ကာမတို့ကြောင့်သာလျှင်ဖြစ်သော မျက်မှောက်ဘဝ၌ဆင်းရဲမှုကို ခံစားရသော ကာမတို့၏ အပြစ်ပါတည်း။

ရဟန်းတို့. . . ထိုအမျိုးသားသည် ဤသို့ ထကြွစေဆော်အားထုတ်ရပါလျက် စည်းစိမ်ဥစ္စာတို့သည် မပြည့်စုံကုန်သည်ရှိသော် ထိုအမျိုးသားသည် ငါ၏ကြိုးစားအားထုတ်မှုကား အချည်းနှီးပါတကား၊ ငါ၏ကြိုးပမ်းအားထုတ်မှုကား အကျိုးမဲ့ပါတကားဟု ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး၏။ ရင်ပတ်စည်တီး မြည်တမ်း၏။ တွေဝေခြင်းသို့ ရောက်၏။

ရဟန်းတို့ . . ဤသို့ကာမဂုဏ်ကို အကြောင်းပြု၍ မျက် မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်ပေ၏။

ရဟန်းတို့ . . ဤသို့ လုံ့လစိုက်လုပ်ကိုင်၍ အမျိုးကောင်းသားအား ဥစ္စာစီးပွားတို့ တိုးပွားဖြစ်ထွန်းခဲ့သော်- အဘယ်သို့ စောင့်ထိန်းလျှင် ငါ၏ စည်းစိမ်ဥစ္စာတို့ကို မင်းနှင့် ခိုးသူတို့ မယူနိုင်ဘဲ၊ မီးမလောင်၊ ရေမမျော၊ မချစ်သော အမွေခံတို့ မယူနိုင်ရှိကုန်အံ့နည်း-ဟု စည်းစိမ်ဥစ္စာတို့ကို စောင့်ထိန်းရခြင်းအ ကြောင်းကြောင့် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ခံစားရ၏။

ထိုအမျိုးသားသည် ဤသို့ စောင့်ရှောက်ထိန်းသိမ်းပါလျက် ထိုစည်းစိမ်ဥစ္စာတို့ကို မင်းကသိမ်းယူအံ့၊ ခိုးသူက ခိုးယူအံ့၊ ရေမျောအံ့၊ အမွေခံဆိုတို့က တောင်းယူအံ့- ထိုအမျိုးသားသည်- ငါအား ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့သည် မရှိတော့ပါတကားဟု ပူဆွေးပင်ပန်းငိုကြွေး၍ ရင်ပတ်စည်တီးမြည်တမ်းရ၏။ တွေဝေခြင်းသို့ ရောက်ရ၏။ ရဟန်းတို့ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ပါပေတည်း။

ရဟန်းတို့ . . ထိုမှတစ်ပါး ကာမဂုဏ်ကို အကြောင်းပြု၍ မင်းတို့သည် အခြားတစ်ပါးသောမင်းတို့နှင့် ငြင်းခုန်ကြ၏။ ပုဏ္ဏားအချင်းချင်း၊ သူကြွယ်အချင်းချင်းတို့သည် အခြားပုဏ္ဏား အချင်းချင်း၊ သူကြွယ်အချင်းချင်းတို့နှင့် ငြင်းခုန်ကြ၏။

သားသမီးတို့အချင်းချင်း၊ သားအဖအချင်းချင်းတို့သည် အချင်းချင်း ငြင်းခုန်ကြသည်။ ညီအစ်ကိုမောင်နှမတို့သည် အချင်းချင်း ငြင်း ခုန်ကြ၏။ ညီအစ်ကိုမောင်နှမအချင်းချင်းလည်း ငြင်းခုန်ကြ၏။ အပေါင်းအသင်းအချင်းလည်း ငြင်းခုန်ကြ၏။

ထိုသူတို့သည် ငြင်းခုန်ခြင်း၊ ရန်ဖြစ်ခြင်း၊ သဘောကွဲလွဲခြင်းသို့ ရောက်ကြကုန်လျက် အချင်းချင်း လက်တို့ဖြင့်လည်း ပုတ်သတ်ကြကုန်၏။ ခဲတို့ဖြင့်ပေါက်ကြကုန်၏။ တုတ်တို့ဖြင့် ရိုက်ကြ၏။ ဓား, လက်နက်တို့ဖြင့် ထိုးခုတ်ကြ၏။ ထိုသူတို့သည် ထိုရန်ဖြစ်ရာအရပ်၌ သေခြင်းသို့ ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲသို့ ရောက်ကြကုန်၏။

ရဟန်းတို့. . . ဤသို့ ကာမဂုဏ်ကိုအကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ပါပေတည်း။

ရဟန်းတို့. . . ထို့ပြင်လည်း ကာမဂုဏ်တို့ကို အကြောင်းပြု၍ သန်လျက်၊ ဒိုင်းတို့ကို စွဲကိုင်ကာ စစ်မြေပြင်သို့ဝင်ကာ နှစ်ဘက်မြားတို့ဖြင့် ပစ်ခတ်ကြ၏။ လှံတို့ဖြင့် ထိုးကြ၏။ သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်ကြ၏။ ထိုသူတို့သည် စစ်မြေပြင်၌ သေခြင်းသို့လည်း ရောက်ကြ၏။ သေလောက်သော ဆင်းရဲသို့လည်း ရောက်ကြကုန်၏။

ရဟန်းတို့. . . ဤသို့ ကာမဂုဏ်ကိုအကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲကိုခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ပါပေတည်း။

ရဟန်းတို့ . . ထို့ပြင်လည်း ကာမဂုဏ်တို့ကို အကြောင်းပြု၍ သန်လျက်နှင့် သားရေကာကို ကိုင်စွဲ၍ လေးနှင့် မြားကောက်ကို လွယ်လျက်၊ မြား၊ လှံတို့ကို ပစ်လွှတ်နေကြလျက် သန်လျက်၊ ဓားတို့ကို ဝှေ့ရမ်းကာ ပူသောအစေးတို့ဖြင့် သွန်းလောင်းထားသော မြို့တံတိုင်းခြေတို့သို့ တိုးဝင်ကြကုန်၏။ နွားချေး၊ မြင်းချေးရည်ပူတို့ဖြင့်လည်း သွန်းလောင်းကြကုန်၏။ ယန္တရားမောင်းတို့ဖြင့်လည်း ဖိချကြကုန်၏။ သန်လျက်တို့ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။

ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့ ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲသို့လည်း ရောက်ကြရကုန်၏။

ရဟန်းတို့ . . ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ပါပေတည်း။

ရဟန်းတို့ . . ထို့မှတစ်ပါးလည်း ကာမဂုဏ်တို့ကို အကြောင်းပြု၍ အိမ်ကိုလည်းဖောက်ထွင်းကြကုန်၏။ ရွာလုံးကျွတ် တိုက်ခိုက် လုယူကြကုန်၏။ တစ်အိမ်တည်းကိုလည်း တိုက်ခိုက် လုယူကြ၏။ ခရီးလမ်းမ၌လည်း စောင့်၍လုယူကြကုန်၏။ သူတစ်ပါးမယားကိုလည်း သွားလာကြကုန်၏။ ထိုသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးတို့ကို ပြုကုန်၏။ နှင်တံတို့ဖြင့် ရိုက်ကြကုန်၏။ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်ကြကုန်၏။ တုတ်တို့ဖြင့် ရိုက်ကြကုန်၏။ လက်, ခြေတို့ကို

လည်းကောင်း၊ နှာခေါင်း၊ နားတို့ကိုလည်း ဖြတ်ကြကုန်၏။ ဦးခေါင်းခွံကိုဖောက်၍ ဦးနှောက်ကို ပအုံ့ရည်ကဲ့သို့ ပူလောင်စေကုန်၏။ ခရုသင်းပမာ ဦးခေါင်းခွံကို ခွာကုန်၏။ နေကို ငုံသည့်ရာဟု ခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့်အောင် ပြုကုန်၏။ ကိုယ်ကို ဆီဆွတ်သောအဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက်ကုန်၏။ လက်နှစ်ဘက်ကို ဆီဆွတ်သောအဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက်ကုန်၏။ မြစ်ခြေပင်မ၌ အရိုးအရွတ်ကို ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တစ်ကိုယ်လုံး အရေကိုခွာကာ ပြေးလွှားစေကုန်၏။ အောက်တစ်ကိုယ်လုံးမှ အရေကို လည်ပင်းအထိခွာ၍ လျှော်တေဝတ်ရုံသော ရသေ့အလား ပြေးလွှားစေကုန်၏။

ခြေလက်လေးဘကက်တို့၌ တံလျှင်လျှိုထား၍ လေးဘက်တွားနေသော သားကောင်ကဲ့သို့ ပြုလုပ်ကုန်၏။ အရေ၊ အသား၊ အကြောတို့ကို ငါးမြားချိတ်ပမာ ထက်စွာသော သံချိတ်တို့ဖြင့် စွဲချိတ်၍ချကုန်၏။

တစ်ကိုယ်လုံးမှ အသားစိုင်တို့ကို တစ်ကျပ်သား၊ တစ်ကျပ်သားခန့် ချွေချကုန်၏။ တစ်ကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆား, ဆပ်ပြာတို့ဖြင့် ပတ်ဖြူးကြကုန်၏။ တံခါးတိုင်း၌ တံခါးကျည်လျှို၍လှည့်သကဲ့သို့ ကိုယ်ကို သံတံလျင်လျှို၍ လှည့်စေကုန်၏။ အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက်ကျေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ပြုလုပ်ကုန်၏။

ဆီပူဖြင့်လည်း သွန်းလောင်းကုန်၏။ ခွေးတို့ကိုလည်း ကိုက်စေ၏။ အရှင်လတ်လတ် သံတံကျင်လျှိုကြကုန်၏။

ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲသို့လည်း ရောက်ကြကုန်၏။

ရဟန်းတို့ . . ဤကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်ပေ၏။

ရဟန်းတို့ . . ထိုမှတစ်ပါး ကာမဂုဏ်ကို အကြောင်းပြု၍ ကိုယ်, နှုတ်, စိတ် သုံးပါးတို့ဖြင့် မကောင်းမှုဒုစရိုက်ကို ပြုကျင့်ကာ သေသည်၏ အခြားမဲ့၌ အပါယ်သို့ ကျရောက်ကြရကုန်၏။

ရဟန်းတို့ . . ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ တမလွန်ဘဝ၌ ဆင်းရဲခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်ပေ၏။

ရဟန်းတို့ . . ကာမဂုဏ်တို့၏ လွတ်မြောက်ရာဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်တရားတို့၌ လိုချင်တပ်မက်မှု ကိုဖျောက်ခြင်း၊ ပယ်ခြင်းသည် ကာမဂုဏ်တရားတို့၏ လွတ်မြောက်ရာတည်း။

ရဟန်းတို့ . . ဤသို့လျှင် ကာမဂုဏ်တို့၏ အပြစ်ကို အပြစ်ဟူ၍လည်းကောင်း၊ သာယာဖွယ်ကို သာယာဖွယ်ဟူ၍

လည်းကောင်း၊ လွတ်မြောက်ရာကို လွတ်မြောက်ရာဟူ၍ လည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိမြင်သူတို့သည် မိမိတို့ ကိုယ်တိုင် ကာမဂုဏ်တို့ကို ပိုင်းခြား၍ သိမြင်နိုင်မည်မဟုတ်။ သူတစ်ပါးတို့အားလည်း ပိုင်းခြားသိရန် နည်းလမ်း ညွှန်ပြနိုင်မည် မဟုတ်ပေ။

ရဟန်းတို့ . . ကာမဂုဏ်၏ သာယာဖွယ်ကို သာယာ ဖွယ်ဟူ၍လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍လည်းကောင်း၊ လွတ်မြောက်ရာကို လွတ်မြောက်ရာဟူ၍လည်းကောင်း ဟုတ် တိုင်းမှန်စွာ သိမြင်သူတို့သည်သာလျှင် မိမိတို့ကိုယ်တိုင် ကာမ ဂုဏ်တို့ကို ပိုင်းခြားသိမြင်နိုင်ဖွယ်ရှိ၏။ သူတစ်ပါးတို့အားလည်း ပိုင်းခြားသိမြင်ရန် နည်းလမ်း ညွှန်ပြနိုင်ဖွယ်ရှိပါ၏။

ရဟန်းတို့ . . ရုပ်တရားတို့၌ သာယာဖွယ်ဟူသည် အဘယ်နည်းဆိုသော်- ဥပမာအားဖြင့် မနိမ့်လွန်း၊ မမြင့်လွန်း၊ မပိန်လွန်း၊ မဝလွန်း၊ မမည်းလွန်း၊ မဖြူလွန်းစသော ကောင်းခြင်း ခြောက်ဖြာနှင့် ပြည့်စုံသော (၁၅)နှစ်၊ (၁၆)နှစ် အရွယ် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုးတို့မှ မိန်းမပျို တစ်ယောက် ရှိရာ၏။

ထိုမိန်းမပျို၏ နုပျိုစိုပြေသော အဆင်း၊ အသွယ်ကို အစွဲပြု၍ စိတ်ချမ်းသာကြည်နူးခြင်းသည် ရုပ်တို့၏သာယာ ဖွယ် ဖြစ်ပါ၏။

ရဟန်းတို့ . . ရုပ်တို့၏ အပြစ်ဟူသည် အဘယ်နည်း ဆိုသော်- ထိုမိန်းမပျိုသည် နောင်အခါဝယ် အသက်(၈၀) (၉၀)

အရွယ်သို့ရောက်၍ အိုမင်းကုန်းကွ ကိုင်းညွတ်ကျလျက် ဆံဖြူ သွားကျိုးဖြစ်ကာ တောင်ဝှေးလျှင် အဖော်ရှိလျက် သွားလာနေရရှာ၏။

ဤသို့ တင့်တယ်လှပသော အဆင်းအသွယ်များ ကွယ်ပျောက်၍ အပြစ်အနာအဆာများ ပေါ်ပေါက်လာခြင်းသည် ရုပ်တို့၏ အပြစ်ဖြစ်ပါ၏။

ရဟန်းတို့ . . ထိုမှတစ်ပါး မိန်းမပျိုသည် ပြင်းစွာ နာမကျန်းဖြစ်ရာ မိမိကိုယ်ကို ကျင်ကြီးကျင်ငယ်များဖြင့် လိမ်းကျံလျက် အိပ်ရာထက်၌ လဲနေရာ၏။ သူတစ်ပါးတို့ထူမှ ထ,နိုင်၏။ ထို့နောက် သေလွန်၍ ဖူးရောင်ပုတ်ပွသော လူသေကောင်အဖြစ်သို့ ရောက်လေရာ၏။

ထိုအခါ ယခင်ကရှိခဲ့သော တင့်တယ်လှပမှုများ ကွယ်ပျောက်၍ စက်ဆုပ်ဖွယ်အပြစ်များ ပေါ်လာရာ၏။

ဤကဲ့သို့ လှပတင့်တယ်သော အဆင်းအသွင်များ စက်ဆုပ်ဖွယ်ရာများ ဖြစ်ပေါ်လာခြင်းသည် ရုပ်တို့၏ အပြစ်ပင်ဖြစ်ပါ၏။

ရဟန်းတို့ . . ထိုသတို့သမီးကိုပင် သင်္ချိုင်း၌ စွန့်ပစ်ထား၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ရှိသော် ဖူးယောင်ပုတ်ပွနေသော သူသေကောင်သည် ရုပ်ဆင်းပျက်ပြားလျက် အညိုအမဲများသော လူသေကောင်၊ သွေးပြည်ယိုစီးသောသဘောရှိသော လူသေကောင်ဖြစ်နေသည်ကို တွေ့မြင်ရ၏။

ရဟန်းတို့ . . ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ . . . ထိုပြင်လည်း ထိုသတို့သမီးကို သုသာန်၌ စွန့်ပယ်ထား၍ ကျီး၊ စွန်ရဲ၊ လင်းတ၊ ဘုမ္မတီးငှက်၊ ခွေး၊ ကျား၊ ကျားသစ်၊ မြေခွေးနှင့် ပိုးအမျိုးမျိုးတို့က ကိုက်ခဲထိုးဆိတ်ထားသော သူသေကောင်ဖြစ်နေသည်ကို တွေ့မြင်ရာ၏။

ရဟန်းတို့ . . ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေပါတည်း။

ရဟန်းတို့ . . . ထိုပြင်လည်း ထိုသတို့သမီးကိုပင် သင်္ချိုင်း၌ စွန့်ပြစ်ထား၍ အသွေးအသားတို့နှင့်တကွ အကြောတို့ဖြင့် နှောင်ဖွဲ့ထား၍ အရိုးချင်းဆက်နေသော သူသေကောင်ဖြစ်နေသည်ကိုပင် တွေ့မြင်ရာ၏။ အသားမရှိ သွေးတို့ဖြင့် လိမ်းကျံလျက် အကြောတို့ဖြင့် နှောင်ဖွဲ့ထားသော အရိုးချင်းဆက်နေသော၊ အသားအသွေးကင်းလျက် အကြောတို့ဖြင့် နှောင်ဖွဲ့ထားသော အရိုးချင်းဆက်နေသေးသော၊ နှောင်ဖွဲ့ခြင်းကင်းလျက် လက်ရိုး၊ ခြေရိုး၊ ခြေဖမျက်ရိုး၊ မြင်းခေါင်းရိုး၊ ပေါင်ရိုး၊ ခါးရိုး၊ နံရိုး၊ ပုခုံးရိုး၊ ကျောက်ကုန်းရိုး၊ လည်ပင်းရိုး၊ မေးရိုး၊ သွားရိုး၊ ဦး ခေါင်းခွံရိုးတခြားစီအားဖြင့် အရပ်မျက်နှာတို့၌ ပစ်ထားသော အရိုးဖြစ်နေသည်ကို တွေ့ရ၏။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ . . တစ်ဖန်လည်း ထိုအမျိုးသမီးကိုပင် သင်္ချိုင်း၌ ပြစ်ထား၍ ခရုသင်းနှင့်အတူ ဖြူဖွေးနေကုန်သော အရိုးတို့သာရှိသော လူ့သေကောင်ဖြစ်နေသည်ကို တွေ့မြင်ရ၏။

စုပုံကုန်လျက် နှစ်ကျော်လွန်သော် အရိုးတို့သာရှိသော၊ ဆွေးမြေ့ကုန်လျက် မှုန့်မှုန့်ညက်ညက်ကြေမွသော သဘောရှိသော အရိုးတို့သာရှိသော သူသေကောင် ဖြစ်နေသည်ကို တွေ့ရ၏။

ရဟန်းတို့ . . ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ . . ရုပ်တရားတို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်းဆိုသော် ရုပ်တရားတို့၌ လိုချင်တပ်မက်မှုကိုဖျောက်ပြီး ပယ်ခြင်းသည် ရုပ်တရားတို့၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ . . ရဟန်း ပုဏ္ဏား မည်သူမဆို ဤ ရုပ်တရားတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့်၊ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်။

ထိုသူတို့ကား စင်စစ် ကိုယ်တိုင်သော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍သိလိမ့်မည်။ သူတစ်ပါးကိုသော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍သိကြောင်းအကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိသည်သာတည်း။

ရဟန်းတို့ . . ရဟန်း၊ ပုဏ္ဏား မည်သူမဆို ဤရုပ်တရားတို့၏ သာယာဖွယ်ကို သာယာဖွယ်အဖြစ်၊ အပြစ်ကို အပြစ်အဖြစ် ထွက်မြောက်ရာကို ထွက်မြောက်ရာအဖြစ် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိကုန်၏။ ထိုသူအား စင်စစ်ကိုယ်တိုင်သော်လည်း ရုပ်တရားကို ပိုင်းခြား၍သိလိမ့်မည်။ သူတစ်ပါးကိုသော်လည်း ရုပ်တရားကို ပိုင်းခြား၍သိကြောင်းအကျင့်ကို ဆောက်တည်စေလိမ့်မည်ဟူသော အကြောင်းရှိပေ၏။

ရဟန်းတို့ . . ဝေဒနာတို့၏ သာယာဖွယ်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည် ခြင်း၊ သုံးသပ်ခြင်းနှင့်တကွဖြစ်သော နီဝရဏတရားတို့ ဆိတ်ခြင်းကြောင့် နှစ်သိမ့်ခြင်းချမ်းသာခြင်း ပထမစျာန်သို့ ရောက်၍နေ၏။

ထိုသို့ ပထမစျာန်သို့ ရောက်၍နေသောအခါ မိမိဆင်းရဲကုန်ရန်လည်း မစေ့ဆော်၊ သူတစ်ပါးဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးစလုံးဆင်းရဲရန်လည်း မစေ့ဆော်၊ ထိုအခါ ဆင်းရဲမရှိသော ဝေဒနာကို ခံစားရ၏။

ရဟန်းတို့ . . ဝေဒနာ၏ သာယာဖွယ်ကား ဆင်းရဲမရှိခြင်းမျှသာလျှင်ဖြစ်၏-ဟူ၍ ငါဟောပါ၏။

ရဟန်းတို့ . . ထို့ပြင်လည်း ရဟန်းသည် ကြံစည်ခြင်း၊ သုံးသပ်ခြင်းတို့ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု(သမာဓိ)ကို ဖြစ်စေတတ်

သော၊ ယင်းသမာဓိကြောင့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ဒုတိယဈာန်သို့ ရောက်နေပြီဖြစ်သောအခါ-

ရဟန်းတို့ . . နှစ်သိမ့်ခြင်းကို မစွဲမက်သောကြောင့် လျစ်လျူရှု၍သာလျှင်နေ၏။ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်းကိုလည်း ကိုယ်ဖြင့် ခံစား၏။

အရိယာပုဂ္ဂိုလ်သည် အကြင်တတိယဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာနေလေ့ရှိသူ-ဟု ပြောကြားကုန်၏။ ထိုတတိယဈာန်သို့ ရောက်သောအခါ-

ရဟန်းတို့ . . တစ်ဖန် ရဟန်းသည် ချမ်းသာခြင်းကို ပယ်ခြင်းကြောင့် ဆင်းရဲခြင်းကိုလည်း ပယ်သောကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း၊ နှလုံးမသာခြင်းချုပ်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော လျစ်လျူရှုမှုကြောင့်ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထဈာန်သို့ ရောက်သောအခါ- မိမိဆင်းရဲရန်လည်း မစေ့ဆော် သူတစ်ပါးဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးစလုံးဆင်းရဲရန်လည်း မစေ့ဆော် ထိုအခါ ဆင်းရဲမရှိသော ဝေဒနာကိုသာလျှင် ခံစား၏။

ရဟန်းတို့ . . ဝေဒနာ၏အပြစ်ဟူသည် အဘယ်နည်းဟူသော်ကား- ဝေဒနာတို့၏ အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်တတ်သောသဘောရှိခြင်းသည် ဝေဒနာတို့၏ အပြစ်တည်း။

ရဟန်းတို့ . . ဝေဒနာတို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်းဆိုသော် ဝေဒနာတို့၏ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း၊ ပယ်ခြင်းသည် ဝေဒနာတို့၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ . . ရဟန်း၊ ပုဏ္ဏား မည်သူမဆို ဝေဒနာတို့၏ သာယာဖွယ်အဖြစ်၊ ထွက်မြောက်ရာကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်။ ထိုသူတို့ကား စင်စစ် ကိုယ်ကိုင်သော်လည်း ဝေဒနာကို ပိုင်းခြား၍သိကြလိမ့်မည်၊ သူတစ်ပါးကိုလည်း ဝေဒနာကို ပိုင်းခြား၍သိကြလိမ့်မည်။ သူတစ်ပါးကိုလည်း ဝေဒနာကို ပိုင်းခြား၍သိကြောင်းအကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိပါချေ။ ခွဲခြား၍သိသူမှသာ မိမိကိုယ်တိုင်လည်း ပိုင်းခြား၍သိမည်။ သူတစ်ပါးကိုလည်း ပိုင်းခြား၍သိကြောင်းအကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် ရှိမည်သာတည်း-

ဟူ၍ ဗုဒ္ဓက ပရိဗိုဇ်တို့၏ ဗုဒ္ဓနှင့် နှိုင်းယှဉ်လာမှုပြဿနာအဖြေကို နှိုင်းယှဉ်၍ပင်ဖြေရှင်းပြသတော်မူလေသည်။

မူလပဏ္ဏာသ၊ သီဟနာဒဝဂ်၊
မဟာဒုက္ခက္ခန္ဓသုတ်

## စွပ်စွဲသူကို ခြသေ့်မင်းကဲ့သို့ ရဲရင့်စွာတုံ့ပြန်ပြောဆိုခြင်း

ဗုဒ္ဓသည် ဝေသာလီပြည်၏ အနောက်မျက်နှာအပြင် အရပ်၌ရှိသော အပရပူရတောအုပ်၌ သီတင်းသုံးနေချိန် ဖြစ်သည်။

ထိုအခါ သာသနာတော်မှ ဗုဒ္ဓကို မကျေနပ်၍ လူ ဘောင်ဘဝသို့ ပြောင်သွားသော သုနက္ခတ္တအမည်ရှိသော လိစ္ဆဝီ မင်းသားသည် ဝေသာလီပရိတ်သတ်အလယ်၌-

"ရဟန်းဂေါတမ၌- လူတိုင်း၏ ကိုသိုလ်ကမ္မပထတရား ဆယ်ပါးထက် သာလွန်သောအရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်မြင်အထူးသည် မရှိ။ ရဟန်းဂေါတမသည် ကြံစည် ယူဆလျက် စူးစမ်းလေ့လာကာ အရိပ်လိုထင်မြင်လာသော တရားကိုဟောကြား၏။ ထိုရဟန်းဂေါတမဟောကြားသော တရားသည် ထိုသို့ ဟောကြားတိုင်းပြုကျင့်သူအား ဝဋ်ဆင်းရဲ ကုန်ခြင်းအကျိုးငှာ ကောင်းစွာထုတ်ဆောင်၏"

ဟူ၍ ပြောကြားလေသည်။

ထိုစကားကို ဝေသာလီပြည်တွင်းသို့ နံနက်စောစော ဆွမ်းခံဝင်သော အရှင်သာရိပုတ္တရာမထေရ်သည် ကြားသိခဲ့ရ

ပြီး ထိုအကြောင်းကို ဗုဒ္ဓအား ပြန်လည်လျှောက်ထားပြလေသည်။

သာရိပုတ္တရာ. . . မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော သုနက္ခတ္တသည် အမျက်ထွက်လေ့ရှိ၏။ ဤစကားကို အမျက်ထွက်သောကြောင့် ပြောကြားခြင်းဖြစ်၏။ ကျေးဇူးမဲ့ကို ပြောဆိုမည်ဟု ရည်ရွယ်လျက် ငါဘုရား၏ ကျေးဇူးတရားကိုသာလျှင် ပြောဆို၏။

သာရိပုတ္တရာ. . . ရဟန်းဂေါတမဟောသော တရားသည် လိုသို့ ဟောတိုင်း ပြုကျင့်သူအား ဝဋ်ဆင်းရဲကုန်ခြင်းအကျိုးငှာ ကောင်းစွာထုတ်ဆောင်၏-ဟု ပြောဆိုသူသည် ငါဘုရား၏ ကျေးဇူးကိုသာ ပြောဆိုပေသည်။

သာရိပုတ္တရာ. . . သုနက္ခတ္တသည် ငါဘုရား၏ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံ မှုကို ငါဘုရားအပေါ်၌ တရားသို့ အစဉ်လျှောက်၍ သိတတ်သော ဉာဏ်မျှလည်း မဖြစ်ရာပေ။

သာရိပုတ္တရာ. . . သုနက္ခတ္တအား မြတ်စွာဘုရားသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ တစ်ယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားစေနိုင်၏။ အများဖြစ်လျက်လည်း တစ်ယောက်တည်းဖြစ်လာနိုင်စေ၏။ ကိုယ်ထင်ရှားဖြစ် စေနိုင်၏။ ကိုယ်ပျောက်စေနိုင်၏။ နံရံတစ်ဖက် တံတိုင်းတစ်ဖက် တောင်တစ်ဖက်တို့သို့ မထိမငြိဘဲ

ကောင်းကင်ကဲ့သို့ သွားတော်မူနိုင်၏။ မြေ၌လည်း ငုတ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုတော်မူနိုင်၏။

ရေ၌လည်း မကွဲစေဘဲ မြေ၌ကဲ့သို့ သွားနိုင်၏။ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေလက် အတောင်ရှိသော ငှက်ကဲ့သို့ သွားနိုင်၏။

ဤသို့ တန်ခိုးကြီး အာနုဘော်ကြီးကုန်သော လ, နေတို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်၏။ ဆုပ်ကိုင်နိုင်၏။ ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုတိုင်း ဖြစ်စေနိုင်၏-ဟူ၍ ငါဘုရားအပေါ်၌တရားသို့ အစဉ်လိုက်၍ သိတတ်သော ဉာဏ်မျှ မရှိပေ။

သာရိပုတ္တရာ. . . သုနက္ခတ္တအား ထိုမြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော ဒိဗ္ဗသောတဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည် နီးသည်ဖြစ်သော နှစ်မျိုးသောအသံတို့ကို ကြားနိုင်၏ဟူ၍ ငါဘုရားအပေါ်၌ တရားသို့ အစဉ်လိုက်၍သိတတ်သော ဉာဏ်မျှလည်း မဖြစ်ရာပေ။

သာရိပုတ္တရာ. . . သုနက္ခတ္တအား မြတ်စွာဘုရားသည် တစ်ပါးသော သတ္တဝါတစ်ပါးသော ပုဂ္ဂိုလ်တို့၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိတော်မူ၏ တပ်မက်ခြင်းတကွ ဖြစ်သော စိတ်ကိုလည်း တပ်မက်ခြင်းကင်းသောစိတ်-ဟု သိ၏။

အမျက်ထွက်ခြင်းနှင့်တကွဖြစ်သော စိတ်ကိုလည်း အမျက်ထွက်ခြင်းနှင့်တကွသောစိတ်၊ အမျက်ထွက်ခြင်းကင်းသောစိတ်ကိုလည်း အမျက်ထွက်ခြင်း ကင်းသောစိတ်၊ တွေဝေခြင်းနှင့်တကွဖြစ်သောစိတ်ကိုလည်း တွေဝေခြင်းနှင့်တကွဖြစ်သောစိတ် ၊ တွေဝေခြင်းကင်းသော စိတ်ကိုလည်း တွေဝေခြင်းကင်းသောစိတ်၊ ကျုံ့သောစိတ်ကိုလည်း ကျုံ့သောစိတ်၊ ပျံ့လွင့်သောစိတ်ကိုလည်း ပျံ့လွင့်သောစိတ်၊ မြတ်သည်အဖြစ်သို့ ရောက်သောစိတ်ကိုလည်း မြတ်သည်အဖြစ်သို့ ရောက်သောစိတ်၊ မြတ်သည်အဖြစ်သို့ မရောက်သောစိတ်ကိုလည်း မြတ်သည်အဖြစ်သို့ မရောက်သောစိတ်၊ သာလွန်သောတရား မရှိသောစိတ်ကိုလည်း သာလွန်သောတရားမရှိသောစိတ်၊ သာလွန်သောတရားရှိသောစိတ်ကိုလည်း သာလွန်သော တရားရှိသော စိတ်၊ တည်ကြည်သောစိတ်ကိုလည်း တည်ကြည်သောစိတ်၊ မတည်ကြည်သောစိတ်ကိုလည်း မတည်ကြည်သောစိတ်၊ လွတ်မြောက်သောစိတ်ကိုလည်း လွတ်မြောက်သောစိတ်၊ မလွတ်မြောက်သောစိတ်ကိုလည်း မလွတ်မြောက်သောစိတ်-ဟူ၍သိသော ငါဘုရားအပေါ်၌ တရားသို့ အစဉ်လိုက်၍ သိတတ်သော ဉာဏ်မျှလည်း မဖြစ်ပေ။

သာရိပုတ္တရာ. . . ငါဘုရား၌ အားတော်ဆယ်ပါးရှိပြီး ထိုအားတော်ဆယ်ပါးသည်ကား-

သာရိပုတ္တရာ. . . ဤလောက၌ ဗုဒ္ဓသည် အကြောင်းဟာရားဟုတ်သည်ကိုလည်း ဟုတ်သည့်အတိုင်း၊ မဟုတ်သည်

ကိုလည်း မဟုတ်သည့်အတိုင်း ခွဲခြား၍သိပါ၏။

ဗုဒ္ဓသည် အတိတ်, အနာဂါတ်, ပစ္စုပ္ပန်တို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။

ဗုဒ္ဓသည် အလုံးစုံသော ဂတိငါးတန်နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။

ဗုဒ္ဓသည် များပြားသောဓာတ်အမျိုးမျိုးတို့နှင့် ဓာတ်လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။

ဗုဒ္ဓသည် သတ္တဝါတို့၏ စိတ်ထားအမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။

ဗုဒ္ဓသည် အယုတ်အမြတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။

ဗုဒ္ဓသည် ဈာန်, ဝိမောက္ခ, သမာဓိ, သမာပါတ်တို့၏ ညစ်ညူးကြောင်း၊ ဖြူစင်ကြောင်း၊ ထ,မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။

ဗုဒ္ဓသည် များပြားသော ရှေး၌ဖြစ်ဖူးသော ဘဝကို ယောက်မ,နိုင်၏။ တစ်ဘဝမှစ၍ ဘဝတစ်သိန်းကိုလည်းကောင်း များပြားသော ပျက်ကပ်၊ ဖြစ်ကပ်တို့ကိုလည်းကောင်း၊ ဤမည် သောဘဝ၌ ဤမည်သောအမည်၊ အနွယ်၊ အဆင်းရှိခဲ့၏။ အစား ရှိခဲ့၏။ ချမ်းသာဆင်းရဲခံစားခဲ့ရ၏။ ဤသို့သော အသက်အပိုင်း အခြားရှိခဲ့၏။

ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏။ ဤမည်သောဘဝ၌လည်း ဤမည်သော၊ အနွယ်၊ အဆင်း၊ အစာရှိခဲ့၏။ ချမ်းသာဆင်းရဲခံစားခဲ့ရ၏။ ဤသို့သော အသက်အပိုင်းအခြားရှိ၏။

ဤဘဝ၌ တစ်ဖန်ပြန်ဖြစ်ပြန်၏ဟု ဤသို့သောအခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည် အနွယ်နှင့်တကွ များပြားသော ရှေးဘဝတို့ကို အောက်မေ့နိုင်၏။

ဗုဒ္ဓသည် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲသတ္တဝါ၊ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်သောသတ္တဝါ၊ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသော သတ္တဝါ၊ ကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်နိုင်၏။ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိနိုင်၏။

"အချင်းတို့ . . ဤသတ္တဝါသည် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြုလုပ်, ပြောဆို, ကြံစည်သော မကောင်းသောအကျင့်အကြံနှင့် ပြည့်စုံ၏။"

အရိယာတို့ကို စွပ်စွဲကုန်၏။ မှားသောအယူရှိကုန်၏။ မှားသောအယူဖြင့် ပြုသောကံရှိကုန်၏။ ထိုသတ္တဝါသည် သေသည်နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာဖြစ်သော ငရဲဘုံ၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ . . ဤသတ္တဝါတို့သည်ကား ကောင်းသော ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြည့်စုံကုန်၏။ အရိယာတို့ကို မစွပ်စွဲကုန် မှန်သောအယူရှိကုန်၏။ မှန်သောအယူဖြင့် ပြုသောကံ ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် သေသည့်နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ဖြစ်ကုန်၏။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဖြင့် သိနိုင် မြင်နိုင်၏။

ဗုဒ္ဓသည် အာသဝေါတရားတို့ကုန်ခြင်းကြောင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်ရှိနေ၏။

သာရိပုတ္တရာ . . ဤသည်တို့ကား ဗုဒ္ဓ၏ အားတော်များဖြစ်ပေ၏။ ယင်းအားကိုစွဲ၍ ဗုဒ္ဓသည် မြင့်မြတ်ကြောင်း ဝန်ခံ၏။ ပရိသတ်တို့၌ ရဲဝန့်သောစကားကို မြွက်ဆို၏။ မြတ်သော ဓမ္မစကြာကို ဟောကြားခဲ့၏။

သာရိပုတ္တရာ . . ဤသို့သိမြင်သော ငါဗုဒ္ဓကို ရဟန်းဂေါတမကား လူတို့၏ ကုသိုလ်ကမ္မကထတရားထက် သာလွန်သော အရိယာဖြစ်ပေါ်နိုင်သော ဉာဏ်အမြင်ထူးမရှိ၊ ရဟန်းဂေါတမသည် ကြံစည်ယူဆလျက် စူးစမ်းလေ့လာကာ အလိုလိုထင် မြင်သောတရားကို ဟောကြား၏-ဟု ပြောဆိုသောသူသည် ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ်

သော်၊ ထိုအယူကို မစွန့်သော် ဆောင်ယူထားသောဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌ ကျရောက်ရလတံ့။

သာရိပုတ္တရာ. . . သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသော အရဟတ္တမဂ်ရသောရဟန်းသည် ယခုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရသကဲ့သို့ ဤအတူ ထိုစကားကို မပယ်သော်၊ ထိုစိတ်ကို မပယ်သော်၊ ထိုအယူကိုမစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌ အချခံရလတံ့ဟူသော ဤဥပဒေကို ငါဟော၏။

သာရိပုတ္တရာ. . . ငါအား ရဲရင့်ခြင်းလေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သောအရာကို ဝန်ခံခဲ့၏။ ပရိသတ်အလယ်၌ ရဲရင့်သောစကားကို မြွက်ဆိုခဲ့၏။ အမြတ်ဆုံးသော ဓမ္မစကြာတရားကို လည်စေခဲ့၏။

ငါ၌ ရဲရင့်ခြင်းလေးပါးဟူသည်ကား-

အကြွင်းမရှိ အလုံးစုံကို အကုန်အစင်သိမြင်၏ဟု ဝန်ခံသောသင့်အား ဤမည်သောတရားတို့ကိုကား မသိမြင်ပါချေ-ဟု တစ်စုံတစ်ယောက်သောသူကမျှ ထိုသို့ စောကြောဖွယ်အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့, ရဲရင့်ပေ၏။

အာသဝေါတရားအားလုံး ကုန်ခမ်းပြီးပြီဟု ဝန်ခံသောသင်အား ဤမည်သော အာသဝေါတရားတို့ကား မကုန်ခမ်းသေးပါဟု တစ်စုံတစ်ယောက်သောသူကမျှ ထိုသို့ စောကြော

နိုင်ဖွယ် အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

မဂ်ဖိုလ်အန္တရာယ်ကို ပြုတတ်သောတရားဟု သင်ဟောကြားသောတရားများကို ကျူးလွန်သူကား မဂ်ဖိုလ်၏ အန္တရာယ် မဖြစ်ပါ-ဟု တစ်စုံတစ်ယောက်သောသူကမျှ စောကြောနိုင်ဖွယ် အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

ဆင်းရဲကုန်ဆုံးရန်အလို့ငှာ သင်ဟောကြားသောတရားသည် ဟောကြားသည့်အတိုင်း ကျင့်သူအား ဆင်းရဲကုန်ဆုံးစေရန် မစွမ်းနိုင်ပါဟူ၍ တစ်စုံတစ်ယောက်သောသူကမျှ စော ကြောနိုင်ဖွယ်အရိနိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်၏။

သာရိပုတ္တရာ. . . ဤရဲရင့်ခြင်းလေးပါးနှင့် ပြည့်စုံသော ငါသည် မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း, စတုမဟာရာဇ်နတ်, တာဝတိံသာနတ်, မာရ်နတ်, ဗြဟ္မာဟူသော ပရိတ်သတ်ရှစ်ပါးအလယ်သို့ရောက်သော် ကြောက်ရွံ့ဖွယ်အရိပ်နိမိတ်ကို မမြင်ရဘဲ ရဲဝန့်စွာနေခဲ့၏။

သာရိပုတ္တရာ. . သတ္တဝါတို့သည် ဥ၌ဖြစ်သော သတ္တဝါ၊ သားအိမ်၌ဖြစ်သောသတ္တဝါ၊ အညှီ၌ဖြစ်သော သတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်သော နတ်၊ ငရဲစသော သတ္တဝါဟူ၍ လေးမျိုးရှိ၏။

သာရိပုတ္တရာ. . . ဥခွံကို ခွဲထွက်၍ ဖြစ်ပေါ်လာသော သတ္တဝါကို ဥ၌ဖြစ်သောသတ္တဝါ၊ သားအိမ်ကို ခွဲထွက်၍ ဖြစ်ပေါ်လာသောသတ္တဝါကို သားအိမ်၌ဖြစ်သောသတ္တဝါ၊ ငါးပုပ်, အသေ ကောင်ပုပ်, မုယောမှုန့်ပုပ်, အညစ်အကြေး စွန့်ပစ်ရာအရပ်, အညစ်အကြေးစီးဆင်းရာအရပ်တို့၌ဖြစ်သော သတ္တဝါကို အညီ၌ဖြစ်သောသတ္တဝါ၊ နတ်, ငရဲသား, အချို့သောလူ, အချို့သော ဝိနိပါတိကအသူရာကို ကိုယ်ထင်ရှား ဖြစ်သောသတ္တဝါဟူ၍ ဆိုရပါ၏။

ဤသို့ဖြစ်သောငါကို ရဟန်းဂေါတမအား ပကတိ လူတို့ တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင် ထူးသည်မရှိ၊ ရဟန်းဂေါတမသည် ကြံစည်ယူဆလျက် စူးစမ်းလေ့လာကာ အလိုလိုထင်မြင်သောတရားကို ဟော၏ဟု ပြောဆိုသူသည် ထိုစကားကို မပယ်စွန့်ဘဲ စွဲယူထားလျှင် ဧကန်မလွဲငရဲသို့ ကျရောက်ပေလိမ့်မည်။

သာရိပုတ္တရာ. . . ငါသည် သတ္တဝါတို့၏လားရာ ဂတိတို့သည် ငရဲဘုံ၊ တရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူဘုံ၊ နတ်ဘုံ ဟူ၍ ငါးမျိုးရှိ၏။ ငါသည် ထိုလားရာဂတိငါးပါးကို လည်းကောင်း ထိုဂတိငါးပါး လားရောက်ကြောင်း အကျင့် ကိုလည်းကောင်း ခွဲခြားသိမြင်၏။ အကြင်အကျင့်ကို ကျင့် သောသူသည် သေသည်နောက်၌ ကောင်းမှုဘုံ နတ်ဘုံသို့ ကျရောက်မည် မကောင်းရာ ထိုဂတိငါးပါးမှ ကင်းလွတ်ရာ နိဗ္ဗာန်နှင့် ယင်းနိဗ္ဗာန်ရောက် ကြောင်းအကျင့်ကိုလည်း ခွဲခြား၍

သိမြင်၏။ အကြွင်အကျင့်ကို ကျင့်သောသူသည် အားသဝေါ တရားကို ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ပညာကို ယခုဘဝ၌ပင် ကိုယ်ပိုင်ထူးသော ဇာတိဖြင့် မျက်မှောက်ပြုကာ ဝင်စား၍ နေ၏။ ထိုအကျင့်ကိုလည်း ခွဲခြား၍ သိ၏။

သာရိပုတ္တရာ. . . ဥပမာသော်ကား လွန်စွာ ဆာလောင် မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ် ကြောင်းတည်းသောလမ်းခရီးဖြင့် မီးကျီးခဲအတိပြည့်၍ အလျှံ တပြောင်ပြောင်တောက်လောင်နေသော မီးကျီတွင်းတစ်ခု ရှိရာအရပ်သို့ ရှေ့ရှုသွားနေရာ၏။

ဤသို့ သွားနေသည်ကို မျက်စိကောင်းသော အခြားသူတစ်ယောက်ကမြင်၍-

"ဤသူကား ဤအတိုင်း ဆက်လက်၍သွားလျှင် မီးကျီးတွင်းထဲသို့ မလွဲမသွေ ကျဆင်းပေတော့မည်"-ဟုပြောဆိုရာ၏။ ထို့နောက် မီးကျီးတွင်းသို့ကျ၍ မသက်မသာ ခံစားနေရသော ထိုသူကို မျက်မြင်တပ်အပ်တွေ့မြင်ရာ၏။

သာရိပုတ္တရာ. . . ထိုနည်းအတူပင် ငါသည် တိရစ္ဆာန်ရဲ့သို့ ရောက်ကြောင်းအကျင့်ကို ကျင့်နေသောသူကိုမြင်၍ ဤသူတို့ကား သေလွန်သောအခါ တိရစ္ဆာန်ဘုံသို့ မလွဲမသွေ ရောက်ပေတော့မည်ဟု သိမြင်ခဲ့၏။ ထို့နောက် တိရစ္ဆာန်ဘုံသို့ ရောက်၍ ဆင်းရဲခံစားနေရသည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူခဲ့၏။

သာရိပုတ္တရာ . . ဥပမာတစ်နည်းသော်ကား လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် မညီညာသော မြေပြင်၌ အခက်အရွက်နည်းပါး၍ အရိပ်ကျဲကျဲသာရှိသော သစ်ပင်တစ်ပင်ရှိရာအရပ်သို့ ရှေ့ရှုသွားနေရာ၏။

ယင်းသို့သွားနေသည်ကို မျက်စိကောင်းသော အခြားသူ တစ်ဦးကမြင်၍-

"ဤသူကား ဤအတိုင်းဆက်သွားလျှင် အရိပ်ကျဲကျဲ သာရှိသော သစ်ပင်အိုကြီးသို့ မလွဲမသွေရောက်တော့မည်" ဟု ဆိုရာ၏။

ထို့နောက် ထိုသစ်ပင်ကြီးသို့ရောက်၍ အရိပ်ကျဲကျဲ၌ မသက်မသာနားခိုနေသည်ကိုလည်း ထပ်အပ်ထင်ထင် တွေ့မြင်ရာ၏။

သာရိပုတ္တရာ . . ထိုနည်းတူပင် ငါသည် ပြိတ္တာဘုံသို့ ရောက်ကြောင်းအကျင့်ကို ကျင့်နေသောသတ္တဝါတို့ကို ဉာဏ်ဖြင့်မြင်၍ ဤသူတို့ကားသေလွန်သောအခါ ပြိတ္တာဘုံသို့ မလွဲမသွေရောက်ပေတော့မည်-ဟု သိမြင်ခဲ့၏။ ထို့နောက် ထိုသူတို့ သေလွန်၍ ပြိတ္တာဘုံသို့ ရောက်နေသည်ကိုလည်း ဒိဗ္ဗစက္ခု ဉာဏ်ဖြင့် ထပ်အပ်ထင်ထင်မြင်ခဲ့၏။

သာရိပုတ္တရာ . . ဥပမာတစ်နည်းသော်ကား- လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် မညီမညာ

သောမြေပြင်၌ အခက်အရွက်ထူထပ်ရာ အရိပ်ကောင်းသော သစ်ပင်တစ်ပင် ရှိရာအရပ်သို့ ရှေ့ရှုသွားနေရာ၏။

ယင်းသို့ သွားနေသည်ကို မျက်စိကောင်းသော အခြားသူတစ်ဦးကမြင်၍ ဤသူကား ဤအတိုင်းဆက်သွားလျှင် အရိပ်ကောင်းသော သစ်ပင်ပျိုသို့ မလွဲမသွေ ရောက်ပေတော့မည်ဟု ဆိုရာ၏။

ထို့နောက် သစ်ပင်ပျိုသို့ရောက်၍ ထူထဲသောသစ်ပင် ရိပ်၌ ချမ်းသာစွာနေသည်ကိုလည်း မျက်စိဖြင့် တပ်အပ် ထင်ထင် တွေ့မြင်ရာ၏။

သာရိပုတ္တရာ. . . ထိုနည်းတူပင် ငါသည် လူ့ပြည် သို့ရောက် ကြောင်းအကျင့်ကို ကျင့်နေသောသတ္တဝါတို့ကို ဉာဏ်ဖြင့်မြင်၍ ဤသူတို့ကား သေလွန်သောအခါ လူ့ပြည်သို့ မလွဲမသွေရောက်တော့မည်ဟု သိမြင်၏။

ထို့နောက် ထိုသူတို့သေလွန်၍ လူ့ပြည်သို့ရောက်နေ သည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် တပ်အပ်ထင်ထင်မြင်ခဲ့၏။

သာရိပုတ္တရာ ဥပမာတစ်နည်းသော်ကား လွန်စွာဆာ လောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် အလွန်ခမ်းနားကြီး ကျယ် တင့်တယ်လှပသော ပြာသာဒ်ဆောင်ကြီးရှိရာအရပ်သို့ ရှေ့ရှုသွားနေရာ၏။

ယင်းသို့သွားနေသည်ကို မျက်စိကောင်းသော အခြား သူ တစ်ယောက်ကမြင်၍-

"ဤသူကား. . . ဤအတိုင်းဆက်၍သွားလျှင် ထို ပြဿာဒ်ဆောင်ကြီးသို့ မလွဲမသွေရောက်တော့မည်"ဟု ပြော ဆိုရာ၏။

ထို့နောက် သူပြောသည့်အတိုင်း ထိုပြဿာဒ်ဆောင် ကြီးသို့ရောက်၍ ချမ်းသာစွာအိပ်စက်နားနေသည်ကိုလည်း မျက်စိဖြင့် တပ်အပ်ထင်ထင် တွေ့မြင်ရာ၏။

သာရိပုတ္တရာ ထိုနည်းတူပင် ငါသည် နတ်ဘုံသို့ ရောက်ကြောင်းအကျင့်ကို ကျင့်နေသူများကို ဉာဏ်ဖြင့်မြင်၍- ဤသူတို့ကား သေလွန်သောအခါ နတ်ပြည်သို့ မလွဲမသွေ ရောက်တော့မည်-ဟု သိမြင်ခဲ့၏။ ထို့နောက် ထိုသူတို့ သေ လွန်၍ နတ်ပြည်၌ ချမ်းသာစွာခံစားနေကြသည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် တပ်အပ်ထင်ထင်မြင်ခဲ့၏။

သာရိပုတ္တရာ. . . ဥပမာတစ်နည်းသော်ကား လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူ ကျဲကျဲ၌ တစ်ကြောင်းတည်းသောလမ်းဖြင့် ကြည်လင် အေးမြသောရေရှိသော ရေကန်ကြီးတစ်ခုရှိရာအရပ်သို့ ရှေးရှု သွားနေရာ၏။

ယင်းသို့သွားနေသည်ကို မျက်စိကောင်းသောအခြား သူတစ်ဦးက မြင်၍-

"ဤသူကား ဤအတိုင်းဆက်သွားလျှင် ထိုရေကန် ကြီးကို မလွဲမသွေရောက်ပေတော့မည်"ဟု ဆိုရာ၏။

ထို့နောက် သူပြောသည့်အတိုင်း ထိုရေကန်ကြီးသို့ ရောက်၍ ကန်ရေကိုချိုးသောက်ပြီး ကန်အနီးရှိ တောအုပ်ထဲ၌ ချမ်းသာစွာ အိပ်စက်နားနေသည်ကိုလည်း မျက်စိဖြင့် တပ်အပ်ထင်ထင်တွေ့မြင်ရာ၏။

သာရိပုတ္တရာ. . . ဤနည်းတူပင် ငါသည် အာသဝေါ ကုန်ခမ်း၍ ဆင်းရဲကင်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်နေသူများကို ဉာဏ်ဖြင့်ပိုင်းခြား၍ သိမြင်တော်မူ၏။ ထို့နောက် ထိုသူတို့အာသဝေါကုန်ခမ်း၍ ကိလေသာတို့မှ လွတ်မြောက်သော မဂ်ဖိုလ်ကို မျက်မှောက်ပြုကာ ဝိမုတ္တိသုခ ခံစားနေကြသည်ကိုလည်း တပ်အပ်သင်ထင် သိမြင်တော်မူ၏။

သာရိပုတ္တရာ. . . ဤသို့သိမြင်သော ငါဘုရားကို ရဟန်းဂေါတမအား ပကတိလူတို့တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးဖြင့်မရှိ။ ရဟန်းဂေါတမသည် ကြံစည်ယူသလျက် စူးစမ်းလေ့လာကာ အလိုလိုလင်မြင်လာသောတရားကို ဟောကြား၏ဟူ၍ ပြောဆိုသူသည် ထိုစကားမစွန့်မပယ် စွဲယူထားလျှင် သေလွန်သော် ငရဲကန်မလွဲ ငရဲသို့ ကျရောက်ရမည်သာဖြစ်၏။

သာရိပုတ္တရာ. . . ငါသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အကျင့်မြတ်ကို ကျင့်သုံးခဲ့ဖူးသည်ကို အမှတ်ရမိ၏။ ယင်းအကျင့်မြတ်ဟူသည် ခြိုးခြံစွာကျင့်ခြင်း၊ ခေါင်းပါးစွာ

ကျင့်ခြင်း၊ စက်ဆုပ်စွာကျင့်ခြင်း၊ တိတ်ဆိတ်စွာ ကျင့်ခြင်း တို့ဖြစ်သည်။

သာရိပုတ္တရာ. . . ထိုလေးပါးနှင့်ပြည့်စုံသော မြတ်သောအကျင့်၌ အရာသည်ကား ငါ၏ခြိုးခြံသောအကျင့်ပေတည်း။ အဝတ်မဝတ်ဘဲနေ၏။ အမျိုးကောင်းသားတို့၏ အလေ့အထကိုပယ်၍ ရပ်လျက် ကျင်ကြီးကျင်ငယ်ကိုစွန့်၏။ လက်ဖြင့် မစင်ကိုသုတ်၏။ အရှင်လာလော့ဆိုသူ၏ ဆွမ်းကို မခံ။ အရှင်ရပ်လော့ ဆိုသူ၏ဆွမ်းကိုမခံ။ မိမိမကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကိုမခံ။ ရည်စူး၍ပြုသောဆွမ်းကို မခံ။ ပင့်ဖိတ်ဆွမ်းကိုမခံ။ အိုးဝ၊ တောင်းဝမှကောက်၍ လောင်းသောဆွမ်းကို မခံ။ တခါးခုံခြား၍လောင်းသောဆွမ်းကိုမခံ။ တုတ်ခြား၍လောင်းသော ဆွမ်းကိုမခံ။ ကျည်ပွေ့ခြား၍ လောင်းသောဆွမ်းကို မခံ။ သောက်စားစဉ် ထ,၍လောင်း သောဆွမ်းကို မခံ။ ဆော်အော်၍လောင်းသောဆွမ်းကို မခံ။ ခွေးမျှော်ရာမှ ဆွမ်းကိုမခံ။ ယင်အုံရာမှ ဆွမ်းကိုမခံ။ ငါးမစား၊ အမဲမစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ၌မြုပ်ထား သော ဆေးရည်ကိုမသောက်။ တစ်အိမ်၌သာ ဆွမ်းခံ၏။ တစ်လုပ်သာ စား၏။ နှစ်အိမ်၌သာဆွမ်းခံပြီး နှစ်လုပ်သာ စား၏။ သုံးအိမ်၌သာဆွမ်းခံပြီး သုံးလုပ်သာစား၏။ ဆွမ်း လောင်းခွက် ငယ် တစ်ခုစာ၊ နှစ်ခုစာ၊ သုံးခုစာ၊ လေးခုစာ၊ ငါးခုစာ၊ ခြောက်ခုစာ၊ ခုနှစ်ခုစာ စသည်ဖြင့်လည်း ရောင့်ရဲ၏။ တစ်ရက်

ခြား၊ နှစ်ရက်ခြား၊ သုံးရက်ခြား၊ လေးရက်ခြား၊ ငါးရက်ခြား၊ ခြောက်ရက်ခြား၊ ခုနစ်ရက်ခြားလည်း အစာစား၏။ ဤနည်းဖြင့် လခွဲတစ်ကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်းအကျင့်ကို ကျင့်လျက်နေ၏။

သာရိပုတ္တရာ. . . ငါသည် ဟင်းရွက်ကိုလည်း စားနေ၏။ ပြောင်းဆန်ကိုလည်းစားနေ၏။ ကျိတ်သီးဆန်ကိုလည်း စားနေ၏။ သားရေဖတ်အစအနကိုလည်း စားနေ၏။ မှော်ကိုလည်း စားနေ၏။ ဖွဲနုကိုလည်းစားနေ၏။ ထမင်းရေကိုလည်း သောက်နေ၏။ နှမ်းမှုန့်ညက်ကိုလည်းစားနေ၏။ မြက်ကိုသော်လည်း စားနေ၏။ နွားချေးကိုသော်လည်း စားနေ၏။ တောသစ်မြစ် သစ်ဆီးကို စားကျက်မျှတ၏။ တောကျသော သစ်ဆီးကိုစား လျက်မျှတ၏။

ငါသည် ပိုက်ဆံလျှော်အဝတ်ကိုလည်းဝတ်၏။ ပိုက်ဆံလျှော်နှင့် ရောရက်သော အဝတ်ကိုလည်းဝတ်၏။ လူသေကောင်မှအဝတ်ကိုလည်း ဝတ်၏။ ပံ့သကူအဝတ်ကိုလည်း ဝတ်၏။ သစ်ခေါက်အဝတ်ကိုလည်း ဝတ်၏။ သစ်နက်ရေကိုလည်း ဝတ်၏။ သစ်နက်ရေမျှင်အဝတ်ကိုလည်းဝတ်၏။ သမန်းမြက်အဝတ်ကိုလည်း ဝတ်၏။ ပျဉ်ချပ်အဝတ်ကိုလည်း ဝတ်၏။ ဆံချည် ကမ္ဗလာကိုလည်း ဝတ်၏။ သားမြီးကမ္ဗလာကိုလည်း ဝတ်၏။ ခင်ပုပ်ငှက်အတောင်ကိုလည်း ဝတ်၏။

ဆံမုတ်ဆိတ်ကိုသော်လည်းနှုတ်၏။ ဆံမုတ်ဆိတ် ထုတ်ခြင်းအမှုကိုသော်လည်း ပြု၏။ ထိုင်ရန်နေရာကိုပယ်၍

ရပ်လျက်သော်လည်းနေ၏။ ဆောင့်ကြောင့်သော်လည်း ထိုင်၏။ ဆောင့်ကြောင့်ထိုင်ခြင်းအမှုကိုလည်း အားထုတ်၏။ ဆူးခင်းအပေါ် ၌လည်းနေ၏။ အိပ်၏။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းအမှုကိုသော်လည်း အားထုတ်၏။

ဤသို့လျှင် ဤသို့သဘောရှိသော ကိုယ်ကိုလွန်စွာ ပူပန်စေသော အကျင့်ကိုမပြတ်အားထုတ်လျက်နေ၏။

သာရိပုတ္တရာ. . . ဤကား ငါ၏ ခြိုးခြံသောအကျင့်တို့ပေတည်း။ ခေါင်းပါးသောအကျင့်သည်ကား- ငါသည် နှစ်ပေါင်းများစွာဖြစ်နေသော မြူမှုန်အညစ်အကြေးတို့ ကိုယ်၌ စုဝေးလျက် အပွေးတက်သကဲ့သို့ ဖြစ်နေ၏။ ဥပမာသော်ကား နှစ်ပေါင်းများစွာကဖြစ်နေသော တည်ပင်ငုတ်သည် စုဝေးလျက် အပွေးတက်နေသကဲ့သို့ ဤအတူပင် ငါ၏ကိုယ်၌ နှစ်ပေါင်းများစွာဖြစ်ရသော မြူအညစ်အကြေးသည် စုဝေးလျက် အပွေးတက်နေသကဲ့သို့ ဖြစ်၏။

သာရိပုတ္တရာ. . . ငါသည် ဤမြူမှုန်အညစ်အကြေးကို လက်ဖြင့်ပွတ်သပ်ရ၏။ သို့မဟုတ် တစ်ခြားသူက လက်ဖြင့်ပွတ်သပ်ပေးကြမူ ကောင်းပေစွ- ဟူသော စိတ်အကြံမျှပင် မဖြစ်ပေါ်ခဲ့ပေ။

သာရိပုတ္တရာ. . . ဤကား ငါ၏ခေါင်းပါးသောအကျင့်တည်း။ ငါ၏ စက်ဆုပ်တတ်သောအကျင့်ကား-ငါသည် ရေပေါက်မျှ၌သော်လည်း ငါအား သနားခြင်းဖြစ်ပေါ်ခဲ့၏။

ငါသည် မညီမညွတ်သောအရပ်တည်ကုန်သော ရေပေါက်တည်းဟူသော သတ္တဝါငယ်တို့ကို သတ်ဖြတ်ခြင်းငှာ မရောက်ပါစေလင့်ဟု နှလုံးသွင်းကာ သတိရှိလျက် ရှေ့သို့တက်၏-နောက်သို့ဆုတ်၏။

သာရိပုတ္တရာ. . . ဤကား ငါ၏ စက်ဆုပ်တတ်သော အကျင့်တည်း။ ငါ၏ဆိတ်ငြိမ်သောအကျင့်ကား ငါသည် မမှတ်မရှိသော် ငါသည် တစ်ခုခုသော တောတွင်းသို့ သက်ဝင်နေ၏။ အကြင်အခါ ငါသည် နွားကျောင်းသား၊ သိုး၊ ဆိတ်ကျောင်းသားတို့ကိုလည်းကောင်း၊ မြက်ထမ်းသမား၊ ထင်းခွေသမား၊ တောအမှုလုပ်တို့ကို တွေ့မြင်၏။ ထိုအခါ ငါသည် တတောမှ တတောသို့ တစ်ချုံမှတစ်ချုံသို့၊ တစ်ကုန်းမှ တစ်ကုန်းသို့သွား၏။ ထိုသည်မှာ ထိုသူတို့ မတွေ့မမြင်ကြစေကုန်လင့်ဟူ၍ နှလုံးသွင်းထားသောကြောင့် ဖြစ်၏။

သာရိပုတ္တရာ. . . ဥပမာအားဖြင့် တော၌ပေါက်သော သား သမင်သည် လူကိုမြင်လျှင် တစ်တောမှတစ်တော၊ တစ်ချုံမှတစ်ချုံ တစ်ချိုင့်မှတစ်ချိုင့်၊ တစ်ကုန်းမှတစ်ကုန်းသို့ သွားသကဲ့သို့ ငါသည်လည်း အလားတူသဘောရှိခဲ့၏။

သာရိပုတ္တရာ. . . ဤကား ငါ၏ ဆိတ်ငြိမ်သော အကျင့်တည်း။

သာရိပုတ္တရာ. . . ငါသည် နွားတို့ထွက်သွားကြကုန်၍ နွားကျောင်းသားတို့မှ ကင်းကုန်သော် နွားခြံသို့လေးဘက်ထောက်ဝင်ကာ နို့စို့နွားငယ်တို့၏ နွားချေးတို့ကို စားမျိုခဲ့၏။

မိမိ၏ ကျင်ကြီးကျင်ငယ်မကုန်သေးသမျှ မိမိ၏ ကျင်ကြီး ကျင်ငယ်ကိုသာ ငါစားမျိုခဲ့၏။

ဤကား. . . ငါ၏ စားရိုးမဟုတ်သော အစာကို စား ခြင်းအကျင့်ပေတည်း။

သာရိပုတ္တရာ. . . ငါသည် ကြောက်မက်ဖွယ်သော တောအုပ်တစ်ခုကို သက်ဝင်၍နေ၏။ ကြောက်မက်ဖွယ် တောအုပ်၏ ကြောက်မက်ဖွယ်အခြင်းအရာကား မည်သူမဆို ရာဂမကင်း သောသူသည် ထိုတောအုပ်သို့ဝင်အံ့၊ များသော အားဖြင့် ကြက်သီးမွေးညှင်းထ,ကုန်၏။

သာရိပုတ္တရာ. . . ငါသည် ဆီးနှင်းကျချိန် အေးမြ သော ဆောင်းဥတုအကြား ရှစ်ရက်တို့တွင် ညဥ့်အခါ လွင်တီး ခေါင်၌နေ၍ နေ့အခါ တောအုပ်၌နေ၏။ နွေဥတု နောက် ဆုံးလတွင် နေ့အခါတွင် လွင်တီးခေါင်၌နေ၍ ညအခါတွင် တောအုပ်၌ နေ၏။

သာရိပုတ္တရာ. . . ရှေးအခါက မကြားဘူးသော အထူးအံ့ ဩဖွယ်ကောင်းသော ဤဂါထာသည် ငါအား ထင်လာ၏။

"ရဟန်းသည်. . . တစ်ကိုယ်တည်း ကြောက်မက်ဖွယ် တောကြီး၌ အဝတ်မဆီးဘဲ မီးသို့လည်းမကပ်ဘဲ အလွန်အပူခံ ၍လည်းကောင်း၊ အလွန်အအေးခံ၍လည်းကောင်း နိဗ္ဗာန်ကို ကြိုးစားရှာမှီးနေ၏။"

သာရိပုတ္တရာ. . . ထိုအခါ ငါသည် သူသေအရိုးကို ခေါင်းအုံး၍ သုသာန်၌အိပ်၏။ နွားကျောင်းသားသူငယ်တို့သည် ငါ့ထံသို့ ချဉ်းကပ်ကြ၍ တံတွေးဖြင့်လည်း ထွေးကြကုန်၏။ ကျင်ငယ်ဖြင့်လည်း ပန်းကြကုန်၏။ မြေမှုန့်ဖြင့်လည်း ကြဲကြကုန်၏။ နားပေါက်တို့၌လည်း တုတ်ချောင်းကို ထိုးသွင်းကြကုန်၏။

သာရိပုတ္တရာ. . . ငါသည် ထိုသူတို့၌ စိတ်ပြစ်မှားမိသည်ကိုမျှ အမှတ်မရ။ ဤကား ငါ၏ လျစ်လျူရှုမှုတည်း။

သာရိပုတ္တရာ. . . အစာအာဟာရဖြင့် စင်ကြယ်နိုင်၏-ဟု ပြောဆို၍ ဤသို့အယူရှိကြသော ရဟန်း၊ ပုဏ္ဏားအချို့သည် ရှိကြ၏။ ထိုသူတို့သည် ဆီးသီးတို့ဖြင့် မျှတကြကုန်၏-ဟု ပြောဆိုကြ၏။ ထိုသူတို့သည် ဆီးသီး, ဆီးသီးမှုန့်, ဆီးသီးဖျော်ရည်တို့ကို စားသောက်ကြ၏။ ဆီးသီးဖြင့် အထူးပြုထားသော အရာအမျိုးမျိုးကိုလည်း သုံးဆောင်ကြ၏။ သာရိပုတ္တရာ ငါသည်ကား ဆီးသီးတစ်လုံးသာဖြစ်သော အာဟာရကို စားမျိုသည်ကို အမှတ်ရ၏။

သာရိပုတ္တရာ. . . ထိုစဉ်အခါက ဆီးသီးသည် ကြီးမားလေသလော-ဟုသင့်အား စိတ်အကြံဖြစ်ကောင်းဖြစ်ရာ၏။ ဤသို့ မမှတ်သင့် ယခုအခါသို့ပင် ထိုစဉ်ကဆီးသီးသည် ဤပမာဏမျှပင်ဖြစ်ခဲ့၏။

သာရိပုတ္တရာ. . . ဆီးသီးတစ်လုံးသာဖြစ်သော အစာအာဟာရကို စားမျိုသောငါ၏ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်ခဲ့၏။ အစာအာဟာရနည်းပါးမှုကြောင့် ကစွန်းနွယ်အဆစ်တို့ကဲ့သို့လည်းကောင်း၊ နွယ်ပုပ်- နွယ်ရိုး၏ အဆစ်တို့ကဲ့သို့လည်းကောင်း ငါ၏ အင်္ဂါကြီးငယ်တို့သည် ဖြစ်ပေါ်ကုန်၏။

ကုလားအုပ်ခြေရာကဲ့သို့ ငါ၏တင်ပဆုံသားသည် ဖြစ်ပေါ်နေ၏။ ပုတီးကုံးကဲ့သို့ ငါ၏ကျောက်ကုန်းအရိုးသည် အမြင့်အနိမ့်ဖြစ်ပေါ်နေ၏။ ဇရပ်ဆွေး၏ အခြင်းတို့သည် ဖရိုဖရဲအထက်တင်အောက်ကျ ပျက်စီးနေသကဲ့သို့ ငါ၏ နံရိုးတို့သည် ဖရိုဖရဲ အထက်တင်အောက်ကျဖြစ်နေရ၏။

နက်သောရေတွင်း၌ နက်ရှိုင်း၍ အောက်သို့ ဝင်နေသော ရေဝန်းကို မြင်ရသကဲ့သို့ ငါ၏မျက်တွင်းတို့၌ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် အစိမ်းနု၌ ဆွတ်ခူးထားသော ဗူးခါးသီးသည် လေပူပူကြောင့် ရှုံ့တွညိုးချောက်နေသကဲ့သို့ ငါ၏ ဦးခေါင်းသည် ရှုံ့တွညိုးချောက်နေပါသည်။

သာရိပုတ္တရာ. . . ငါသည် ဝမ်းရေကို သုံးသပ်အံ့ပါဟု သုံးသပ်သော် ကျောက်ကုန်းရိုးတို့သည်သာလျှင် ကိုင်မိ၏။ ကျောက်ကုန်းရိုးကို သုံးသပ်အံ့ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏။ ငါ၏ ဝမ်းရေသည် အစာအာဟာရနည်းပါးမှုကြောင့် ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ပေါ်နေ၏။

သာရိပုတ္တရာ. . . ငါသည် ကျင်ကြီးကိုလည်းကောင်း၊ ကျင်ငယ်ကိုလည်းကောင်း စွန့်အံ့ဟု ထ,၍သွားသော်လည်း ထိုနေရာ၌ပင် မှောက်ခုံလဲကျ၏။ ငါသည် ကိုယ်ကို သက်သာစေလို၍ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်၏။ ထိုအခါ အမြစ်ဆွေးနေသော အမွေးတို့သည် ကိုယ်မှကျွတ်ကြကုန်၏။

သာရိပုတ္တာ အစာအာဟာရဖြင့် စင်ကြယ်နိုင်၏-ဟု ဤသို့ ပြောဆိုအယူရှိကြသော ရဟန်းပုဏ္ဏားအချို့သည် ရှိကြပါ၏။ ထိုသူတို့သည် 'ပဲနောက်ဖြင့်မျှတကြကုန်အံ့။ နှမ်းတို့ဖြင့် မျှတကြကုန်အံ့။ ဆန်တို့ဖြင့် မျှတကြကုန်အံ့-ဟု ပြောဆိုကြကုန၏။

ထိုသူတို့သည် ဆန်၊ ဆန်မှုန့်၊ ဆန်ရေတို့ကိုလည်း စားသောက်ကြကုန်၏။ ဆန်ဖြင့်အထူးပြုလုပ်ထားသော အရာမျိုးတို့ကိုလည်း စားသောက်ကြကုန်၏။

သာရိပုတ္တရာ. . . ငါသည်ကား ပဲနောက်တစ်စေ့၊ နှစ်တစ်စေ့ ဆန်တစ်စေ့မျှသာသော အစာအာဟာရကို စားမျိုသည်ကို အမှတ်ရပါ၏။

သာရိပုတ္တရာ. . . သင်ကား ထိုအခါက ပဲနောက်စေ့၊ နှမ်းစေ့သည် ကြီးမားလေသလောဟု စိတ်အကြံ ဖြစ်ကောင်းဖြစ်ရာ၏။ ဤသို့မထင်သင့် ထိုအခါက ပဲနောက်၊ နှမ်း၊ ဆန်စေ့တို့သည် ဤပမာဏမျှပင်ဖြစ်ခဲ့၏။

သာရိပုတ္တရာ. . . ပဲနောက်တစ်စေ့၊ နှမ်းတစ်စေ့၊ ဆန်တစ်စေ့စားသုံးချိန်က ငါ၏ကိုယ်သည် အာဟာရချို့တဲ့၍ အလွန်ပိန်ကြုံခြင်းသို့ ရောက်ခဲ့၏။ ထိုအချိန်ကလည်း ငါ၏ ကိုယ်သည် ဆီးသီးဘစ်လုံးစားစဉ်ကကဲ့သို့ပင် ဖြစ်နေပါ၏။

သာရိပုတ္တရာ. . . ငါသည် ထိုလုံ့လ ထိုအကျင့်၊ ထိုခဲခဲယဉ်းယဉ်းပြုကျင့်ခြင်းဖြင့် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို မရခဲ့ပါ။ ထိုသို့ မရခြင်းသည် အဘယ့်ကြောင့်နည်းဆိုသော် ထိုအတိုင်းကျင့်သောသူအား ဝဋ်ဆင်းရဲကုန်ခြင်းအကျိုးငှာ ကောင်းစွာထုတ်ဆောင်နိုင်သော အရိယာပညာကို မရခဲ့သောကြောင့် ဖြစ်ပါသည်။

သာရိပုတ္တရာ. . . များစွာ(ကျ)င်လည်ခြင်း၊ များစွာဖြစ်ခြင်း၊ များစွာနေခြင်းဖြင့် စင်ကြယ်၏-ဟု ဤသို့ပြောဆိုကြ၊ ဤသို့ အယူရှိကြသော ရဟန်းပုဏ္ဏားအချို့တို့သည် ရှိကြကုန်၏။

သာရိပုတ္တရာ. . . သုဒ္ဓါဝါသ ဗြဟ္မာတို့ကို ချန်ထား၍ ရှည်ကြာလှစွာသော ဤသံသရာအစွန်မှစ၍ မကျင်လည်ဘူးသော၊ ငါမဖြစ်ဘူးသော၊ ငါမနေခဲ့ဘူးသော သံသရာကို လွယ်ကူစွာမရနိုင်။ ငါသည် သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ကျင်လည်ငြားအံ့၊ ဤလူ့လောကသို့ တစ်ဖန်မရောက်လာတော့ရာ။

သာရိပုတ္တရာ. . . ယဇ်ပူဇော်ခြင်း၊ မီးလုပ်ကျွေးခြင်းဖြင့် စင်ကြယ်၏-ဟု ဤသို့ပြောဆိုကြ၊ ဤသို့အယူရှိကြကုန်သော ရဟန်း- ပုဏ္ဏားအချို့သည် ရှိကြကုန်၏။

သာရိပုတ္တရာ. . . ရှည်ကြာလှစွာသော ဤသံသရာအစွန်၌ ငါမပူဇော်ဘူးသော ယဇ်ကို လွယ်ကူစွာမရနိုင်။ ထိုယဇ်ပူဇော်မှုကိုလည်းကောင်း၊ အဘိသိက်ခံ ရေမြေ့ရှင်မင်းဖြစ်၍လည်းကောင်း၊ ဥစ္စာများစွာရှိသော ပုဏ္ဏားဖြစ်၍လည်းကောင်း ယဇ်ပူဇော်ခဲ့၏။ မီးကို လုပ်ကျွေးခဲ့၏။

သာရိပုတ္တရာ. . . ဤယောက်ျားသည် ပျိုမြစ်နုနယ် ပထမ ရွယ်ငယ်စဉ်၌သာ အကြောင်းအကျိုးကို မြော်မြင်နိုင်သော ကောင်းမြတ်သောပညာနှင့်ပြည့်စုံ၍၊ အသက်ရှစ်ဆယ်၊ ကိုးဆယ်၊ တစ်ရာရှိ၍ အိုးမင်းကြီးမြင့်အရွယ်ရင့်ကာနောက် ဆုံးအရွယ်ရောက်သောအခါ၌ကား ထိုအကြောင်းအကျိုးကို မြော်မြင်နိုင်သော ပညာမှ ယုတ်လျော့၏-ဟု ဤသို့ပြောဆိုကြ၊ ဤသို့အယူရှိကြသော ရဟန်း၊ ပုဏ္ဏားအချို့တို့သည် ရှိကြကုန်၏။

သာရိပုတ္တရာ. . . ဤသို့မမှတ်သင့် ယခုငါဘုရားသည် အသက်(၈၀)ရှိ၍ အိုမင်းကြီးမြင့်အရွယ်ရင့်ကာ နောက်ဆုံးအရွယ်သို့ ရောက်ခဲ့ပါပြီ။

သာရိပုတ္တရာ. . . ဤသာသနာတော်၌ အနှစ်တစ်ရာအသက်ရှည်ကုန်လျက်၊ အနှစ်တစ်ရာအသက်ရှင်လျက်ရှိကြကုန်သော မြတ်သောသင်ယူနိုင်သောသတိ၊ ဆောင်ထားနိုင်

သော ဂတိ၊ သရဇ္ဈာယ်နိုင်သောဓိတိ၊ မြော်မြင်နိုင်သောပညာနှင့် ပြည့်စုံသော တပည့်သာဝကလေးဦးသည် ငါဘုရားအား ရှိကုန်ရာ၏။

သာရိပုတ္တရာ. . . ဥပမာအားဖြင့် သင်ကြားပြီးသော လက်တည့်အောင်လေ့ကျင့်ထားသော မြားပစ်အတတ်၌ အစမ်းအသပ်ခံပြီးသော အလွန်သန်မာသောလေးရှိသော လေးသမားသည် ပေါ့ပါးသော မြားဖြင့်မပင်မပန်း ထန်းပင်ရိပ်ကို ကန့်လန့်ကျော် လွန်စေရာသကဲ့သို့ ဤအတူပင် လွန်ကဲသော သတိ၊ ဂတိ၊ ဓိတိ၊ မြတ်သောမြော်မြင်နိုင်သော ပညာနှင့်ပြည့်စုံသော တပည့်သာဝကလေးဦးတို့သည် စားသောအခါ၊ ခဲသောအခါ၊ လျက်သောအခါ၊ ကျင်ကြီးကျင်ငယ်စွန့်သောအခါ၊ အိပ်သောအခါ၊ ပင်ပန်းခြင်းကိုပယ်ဖျောက်သောအခါတို့မှတစ်ပါး ငါဘုရားအား သတိပဋ္ဌာန်လေးပါးတို့ကို ထောက်၍ထောက်၍ပြဿနာကို မေးလျှောက်ငြားအံ့။ မေးလျှောက်တိုင်း မေးလျှောက်တိုင်းပင် ငါသည် ဖြေကြားနိုင်ပါ၏။ သူတို့သည် ငါဖြေကြားသည့်အတိုင်း ဆောင်နိုင်ကုန်ရာ၏။ ထပ်ဆင့်၍ နှစ်ခုမြောက်သောပြဿနာကို လည်း ငါအား မမေးကြတော့ရာ။

သာရိပုတ္တရာ. . . မြတ်စွာဘုရားအား တရားဟောကြားခြင်းသည် မကုန်သည်သာတည်း။ တရား- ပုဒ်, ဗျည်းသည် မကုန်သည်သာတည်း။ ပြဿနာဖြေကြားခြင်းသည် မကုန်သည်သာတည်း။

အနှစ်တစ်ရာ အသက်ရှည်လျက် ရှင်လျက်ရှိသော ငါ၏ တပည့်သာဝကလေးဦးသာ အသက်တစ်ရာပြည့်၍ သေလွန်ရာ၏။ ငါအား ညောင်စောင်းဖြင့်လည်း ဆောင်ယူကြစေကာမူ ငါဘုရားအား မြော်မြင်နိုင်သော ပညာသည် ဖောက်ပြန်ပြောင်းလဲခြင်း မရှိသည်သာတည်း။

သာရိပုတ္တရာ. . . များစွာသောသူတို့၏ စီးပွားချမ်းသာအလို့ငှာ လောကကိုစောင့်ရှောက်ရန်အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအလို့ငှာ မတွေဝေသောသဘောရှိသော သတ္တဝါသည် လူ့လောက၌ ဖြစ်ထွန်းပေါ်ပေါက်ခဲ့၏-ဟူသောစကားကို ပြောဆိုသောသူသည် အကယ်၍ ကောင်းမွန်စွာ ပြောဆိုငြားအံ့၊ ငါ့ကိုသာ ကောင်းမွန်စွာ ပြောဆိုလေရာ၏။

ဟူ၍ ဗုဒ္ဓက သုနက္ခတ်လိစ္ဆဝီမင်းသား၏ ပုတ်ခတ် စွပ်စွဲ ရှုတ်ချမှုနှင့်ပတ်သက်၍ ဤသို့လျှင် အကျယ်တဝင့် ဟော ကြား၍ ရှင်းလင်းအဖြေထုတ်ခဲ့ပေသည်။

ထိုအချိန်တွင် အရှင်နာဂသမလသည် ဗုဒ္ဓ၏နောက်တော်မှနေ၍ယပ်လေခတ်လျက် တည်နေ၏။ နာဂသမာလမထေရ်သည် ထိုတရားကိုနာရ၍ အလွန်အံ့ဩ ကြက်သီးမွေးညှင်းထ, သဖြင့်-

"အရှင်ဘုရား. . . အလွန်အံ့ဩဖွယ်ကောင်းပေစွ၊ အရှင်ဘုရားစဘူး ထူးကဲစွာဖြစ်ပါလေစွ၊ အရှင်ဘုရား ဤ

တရားဒေသနာကို ကြားနာရ၍ တပည့်တော်အား ကြက်သီး မွေးညှင်းထ,ပါ၏။ အရှင်ဘုရား ဤတရားဒေသနာသည် အဘယ်အမည် ရှိပါသနည်း-

ဟု မေးလျှောက်သည်။

"နာဂသမာလ. . . ထိုသို့ဖြစ်လျှင် ဤတရားဒေသနာကို ကြက်သီးမွေးညှင်းထ,စေတတ်သော (လောမဟံသန) တရားဒေသနာဟူ၍ သင်မှတ်သားထားပါလော့"ဟု ဗုဒ္ဓက မိန့်ကြားတော်မူခဲ့ပါသည်။

မူလပဏ္ဏာသ၊ သီဟနာဒဝဂ်၊
မဟာသီဟနာဒသုတ်

## အမျိုးလေးပါးတို့၏ မြင့်မြတ်မှု-ယုတ်ညံ့မှု

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ်အချိန်ကာလဖြစ်သည်။

တစ်နေ့သောအခါတွင် ဧသုကာရီအမည်ရှိသော ပုဏ္ဏားတစ်ယောက်သည် ဗုဒ္ဓထံသို့ ရောက်လာသည်။ ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောဆိုပြီး တစ်နေရာ၌ ထိုင်ကာ ဗုဒ္ဓအား-

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့သည် လုပ်ကျွေးခြင်း လေးမျိုးကိုသတ်မှတ်ထားကြပါသည်။ ထိုလေးမျိုးတို့တွင် လည်း ပုဏ္ဏားသည် ပုဏ္ဏားအားလုပ်ကျွေးခြင်း၊ မင်းသည် ပုဏ္ဏားအားလုပ်ကျွေးခြင်း၊ ကုန်သည်သည် ပုဏ္ဏားအား လုပ်ကျွေးခြင်း၊ သူဆင်းရဲသည် ပုဏ္ဏားအား လုပ်ကျွေးခြင်းကို လေးမျိုးသတ်မှတ်ထားပါသည်။

မင်းအားလုပ်ကျွေးခြင်းကို- မင်းသည် မင်းအားလုပ် ကျွေးခြင်း၊ ကုန်သည်သည် မင်းအားလုပ်ကျွေးခြင်း၊ သူဆင်းရဲ သည်မင်းအားလုပ်ကျွေးခြင်းဟူ၍ သုံးမျိုးသတ်မှတ်ပါသည်။

ကုန်သည်အားလုပ်ကျွေးခြင်းကို- ကုန်သည်သည် ကုန်သည်အားလုပ်ကျွေးခြင်း၊ သူဆင်းရဲသည် ကုန်သည်အား လုပ်ကျွေးခြင်းဟူ၍ နှစ်မျိုးသတ်မှတ်ပါသည်။

သူဆင်းရဲအားလုပ်ကျွေးခြင်း- ကို သူဆင်းရဲသည် သူဆင်းရဲအား လုပ်ကျွေးခြင်းဟူ၍ တစ်မျိုးသာသတ်မှတ်ပါသည်။

ဤသို့ ပုဏ္ဏားတို့က လုပ်ကျွေးခြင်းလေးမျိုး သတ်မှတ်ရာ၌ အရှင်ဂေါတမသည် အဘယ်သို့ ပြောဆိုလိုပါသနည်း-ဟု မေးလျှောက်သည်။

"ပုဏ္ဏား. . . အလုံးစုံသောသူအပေါင်းသည် ပုဏ္ဏားတို့၏ ဤလေးပါးသောလုပ်ကျွေးခြင်း၏ သတ်မှတ်မှုကို သဘောတူပါ၏လော။"

"အရှင်ဂေါတမ. . . ဤသို့ကား ခွင့်မပြုပါ"

"ပုဏ္ဏား. . . ဥပမာအားဖြင့် ကိုယ်ပိုင်ဥစ္စာမရှိ၊ ဆင်းရဲနွမ်းပါးသောယောကျ်ားတစ်ယောက်ကို အလိုမရှိဘဲလျက်သင်သည် ဤအသားကိုစားရမည်။ အသား၏ အဖိုးအခကိုလည်း ပေးရမည်ဟု အဖိုးအခကို အဓမ္မဆွဲယူကုန်ရာသကဲ့သို့ ထို့အတူ ပုဏ္ဏားတို့သည် ထိုရဟန်း ပုဏ္ဏားတို့က ဝန်မခံကြဘဲလျက် ဤလေးပါးသော လုပ်ကျွေးခြင်းကို သတ်မှတ်ကြကုန်၏။

ပုဏ္ဏား. . . ငါသည် အလုံးစုံသောသူကို လုပ်ကျွေးသင့်၏ဟု မဟောကြား၊ မလုပ်ကျွေးသင့်ဟူ၍လည်း မဟောကြား။ အကြောင်းမူကား ယင်းသို့ လုပ်ကျွေးသောသူအား လုပ်ကျွေးခြင်းဟူသောအကြောင်းကြောင့် ယုတ်မာသည် ဖြစ်

ရာ၏။ မြတ်သည်မဖြစ်ရာ။ ထိုသို့သဘောရှိသော လုပ်ကျွေး ခြင်းတို့ကို လုပ်ကျွေးသင့်သည်ဟု ငါမဟောကြား။ လုပ်ကျွေး သောသူအား လုပ်ကျွေးသောအကြောင်းကြောင့် မြတ်သည် ဖြစ်ရာ၏။ ယုတ်မာသည်မဖြစ်ရာ။ ထိုသို့သဘောရှိသော လုပ် ကျွေးခြင်းကို လုပ်ကျွေးသင့်၏ဟု ငါဟောကြား၏။

ပုဏ္ဏား. . . လုပ်ကျွေးသောသင့်အား လုပ်ကျွေးခြင်း ဟူသော အကြောင်းကြောင့် ယုတ်မာမှုဖြစ်၏။ မြတ်သည် မဖြစ်ရာ။ လုပ်ကျွေးခြင်းဟူသောအကြောင်းကြောင့် မြတ်သည် ဖြစ်၍ ယုတ်မာမှုမဖြစ်ရာ ဤနှစ်မျိုးသောလုပ်ကျွေးခြင်းတို့ အတွက် အဘယ်လုပ်ကျွေးခြင်းကို လုပ်ကျွေးမည်နည်းဟု မင်းစသော တစ်စုံတစ်ယောက်သောသူအား မေးပါက ထိုသူ သည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဆင်းရဲမျိုးဖြစ်ပါစေ ကောင်းစွာဖြေ ကြားမည်ဆိုပါက မြတ်သောကောင်းသော အကျိုးသက်ရောက်မှုရှိမည့် လုပ်ကျွေးခြင်းကိုသာ ကျွန်ုပ် ပြုလုပ်ပါမည်-ဟူ၍သာ ဖြေဆိုပေရာ၏။

ပုဏ္ဏား. . . ငါသည် မြင့်မြတ်သောအမျိုး၌ဖြစ်ခြင်း၊ ကောင်းမြတ်သောအဆင်းရှိခြင်း၊ ကောင်းမြတ်သောစည်းစိမ် ဥစ္စာရှိခြင်းတို့ကြောင့် ယုတ်ညံ့သူဖြစ်၏ဟူ၍လည်းကောင်း၊ မြင့်မြတ်သူဖြစ်၏ဟူ၍လည်းကောင်း မဆိုပါ။

ပုဏ္ဏား. . . ဤလောက၌ မြင့်မြတ်သောအမျိုး၌ ဖြစ်သူ၊ ကောင်းမြတ်သောအဆင်းရှိသူ၊ ကောင်းမြတ်သော

စည်းစိမ်ရှိသူ ဖြစ်ပါလျက်၊ အချို့သောပုဂ္ဂိုလ်သည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုတို့ကို ပြုလုပ်လေ့ရှိ၏။ အချို့သော ပုဂ္ဂိုလ်ကား ထိုသို့သောမကောင်းမှုများမှ ရှောင်ကြဉ်လေ့ရှိ၏။ ထို့ကြောင့်ပင် မြင့်မြတ်သောအမျိုး၌ ဖြစ်ခြင်း၊ ကောင်းမြတ်သော အဆင်းရှိခြင်း၊ ကောင်းမြတ်သော စည်းစိမ်ဥစ္စာရှိခြင်းတို့ကြောင့် ယုတ်ညံ့သူဖြစ်သည်ဟူ၍လည်းကောင်း၊ မြင့်မြတ်သူဖြစ်သည်ဟူ၍လည်းကောင်း ငါမဟောခြင်းဖြစ်ပေသည်။

ပုဏ္ဏား. . . ယင်းသို့ လုပ်ကျွေးသောသူအား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် သဒ္ဓါတရား၊ သီလတရား၊ သုတတရား၊ စာဂတရား၊ ပညာတရားပွားများ၏။ ထိုသို့ သဘောရှိသော လုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏ဟု ငါဟောပါ၏။

ပုဏ္ဏား. . . လုပ်ကျွေးခြင်းဟူသောအကြောင်းကြောင့် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာမတိုးပွား ထိုသို့သောလုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏-ဟု ငါမဟောကြား"

ဟု ဗုဒ္ဓက ရှင်းလင်းပြသည်။ ထိုအခါ ဧသုကာရီပုဏ္ဏားသည် ထပ်မံ၍ မေးခွန်းထုတ်ပြန်သည်။

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့သည် အမျိုးလေးပါးတို့အား ကိုယ်ပိုင်ဥစ္စာလေးမျိုးကို သတ်မှတ်ကြပါသည်။ ဆွမ်းခံခြင်းကို ပုဏ္ဏားတို့၏ ကိုယ်ပိုင်ဥစ္စာ၊ လေးနှင့်မြားတို့သည်

မင်းတို့၏ ကိုယ်ပိုင်ဥစ္စာ၊ လယ်ထွန်ခြင်း ကုန်သွယ်ခြင်းသည် ကုန်သည်တို့၏ ကိုယ်ပိုင်ဥစ္စာ၊ မြက်ရိတ်တံစဉ်နှင့် ထမ်းပိုးသည် သူဆင်းရဲတို့၏ ကိုယ်ပိုင်ဥစ္စာဟူ၍ အသီးသီး သတ်မှတ်ထား ကြပါသည်။

မိမိကိုယ်ပိုင်ဥစ္စာကို မထိမဲ့မြင်ပြုသူသည် သူတစ်ပါး ဥစ္စာကို ခိုးယူသော နွားကျောင်းသားကဲ့သို့ ကိုယ့်ကိစ္စမဟုတ် သည်ကို ပြုလုပ်သည်မည်၏-ဟူ၍ ပုဏ္ဏားတို့က ဆိုကြပါသည်။

ဤသို့ ကိုယ်ပိုင်ဥစ္စာလေးမျိုး ပုဏ္ဏားတို့သတ်မှတ်ရာ၌ အရှင်ဂေါတမသည် အဘယ်သို့ ပြောဆိုလိုပါသနည်း။

"ပုဏ္ဏား . . . ပုဏ္ဏားတို့က ဤသို့ ကိုယ်ပိုင်ဥစ္စာ လေးမျိုး သတ်မှတ်ခြင်းကို တစ်လောကလုံးက ကျေနပ်လက်ခံပါ သလော။"

"အရှင်ဂေါတမ . . . ဤသို့ကား တစ်လောကလုံးက ကျေနပ်နှစ်သက်လက်ခံခြင်း မရှိပါ။"

"ပုဏ္ဏား . . . ဥပမာအားဖြင့် တစ်ကွမ်းစားမျှ ကိုယ်ပိုင် ဥစ္စာမရှိ ဆင်းရဲနွမ်းပါးသော ယောက်ျားကို သူအလိုမရှိပါဘဲ လျက် သင်သည် ဤအသားကို စားရမည်။ အဖိုးကိုလည်း ပေးရမည်-ဟု အဖိုးအခကို အတင်းအဓမ္မဆွဲယူသကဲ့သို့ ဤအတူသာလျှင် ပုဏ္ဏားတို့သည် ရဟန်း ပုဏ္ဏားတို့က သဘောမတူ ဝန်မခံပါဘဲလျက် ဤလေးပါးသော ကိုယ်ပိုင် ဥစ္စာကို သတ်မှတ်ကြကုန်၏။

ပုဏ္ဏား. . . စင်စစ် မြင်သောလောကုတ္တရာတရား ကိုသာ ကိုယ်ပိုင်ဥစ္စာဟု ငါသတ်မှတ်၏။ မင်းမျိုး၊ ပုဏ္ဏားမျိုး စသော အမည်ပညတ်ကား မိမိ၏ ကိုယ်ခန္ဓာဖြစ်ပွားရာ မိဘ အစဉ်အဆက်ကို အစွဲပြု၍ ခေါ်ဝေါ်သတ်မှတ်ခြင်းသာဖြစ်၏။

ဥပမာ. . . မီးသည် ထိုထိုတောက်ပခြင်းကို အ ကြောင်းပြု၍ ခေါ်ဝေါ်ကြ၏။ ထင်းကိုစွဲ၍ဖြစ်သောမီးကို ထင်းမီး၊ ဝါးကိုစွဲ၍ဖြစ်သောမီးကို ဝါးမီး၊ မြက်ကိုစွဲ၍ဖြစ်သော မီးကို မြက်မီး၊ နွားချေးကို အစွဲပြု၍ဖြစ်သောမီးကို နွားချေးမီး ဟူ၍ ခေါ်ဝေါ်ခြင်းကဲ့သို့ဖြစ်၏။

ပုဏ္ဏား. . ဤအကြောင်းသာလျှင် မြတ်သောလောကုတ္တရာ တရားကို ယောက်ျား၏ကိုယ်ပိုင်ဥစ္စာဟူ၍ ငါသတ်မှတ် ပေါ့ပါ၏။

ပုဏ္ဏား. . . အကယ်၍ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည် မျိုး သူဆင်းရဲမျိုး တစ်မျိုးမျိုးတို့မှ ရဟန်းပြုသူသည် ဗုဒ္ဓဟော ကြားအပ်သော ဓမ္မဝိနယကို အကြောင်းပြု၍ သူ့အသက် သတ်ခြင်း၊ ခိုးခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်ခဲ့သော် မှန်ကန်သော ကုသိုလ်တရားတို့၌ ပြီးမြောက်စေနိုင်သည်သာ ဖြစ်သည်။

ပုဏ္ဏား. . . ဤအရာကို၊ အဘယ်သို့ မှတ်ထင်ပါ သနည်း။ ဤနေရာ၌ ပုဏ္ဏားသည်သာလျှင် ရန်ကင်းစေလို၊ ဆင်းရဲကင်း စေလိုသော မေတ္တာစိတ်ကို ပွားများခြင်းငှာ စွမ်းနိုင် ပါသလော။ မင်း၊ ကုန်သည်၊ သူဆင်းရဲတို့ မစွမ်းနိုင်ပါသလော"

"အရှင်ဂေါတမ. . . ပုဏ္ဏားမှမဟုတ်ပါ အားလုံး မေတ္တာပွားခြင်းငှာ စွမ်းနိုင်သူများသာဖြစ်ကြပါသည်။"

"ပုဏ္ဏား. . . ဤအတူသာလျှင် အမျိုးလေးပါးတွင် မည်သူမဆို ရဟန်းပြုသူသည် ဗုဒ္ဓဟောကြားထားသော ဓမ္မဝိနယကို အစွဲပြု၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်အံ့။ မှန်သောအယူရှိအံ့။ လမ်းမှန်သောကုသိုလ်တရား ပြည့်စုံစေသူ ဖြစ်၏။"

"ပုဏ္ဏား. . . ထိုအရာကို မည်သို့မှတ်ထင်ပါသနည်း။ ပုဏ္ဏားသည်သာ ချေးတွန်းဆပ်ပြာကိုယူ၍ မြစ်သို့သွားလျက် မြူအညစ်အကြေးကို လျှော်ခြင်းငှာ စွမ်းနိုင်ပါသလော။ မင်းမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့ကော မစွမ်းနိုင်ပါသလော။"

"အရှင်ဂေါတမ. . . ဤသို့ကား မဖြစ်သင့်ပါ။ အားလုံးလျှော်နိုင်ကြပါသည်။"

"ပုဏ္ဏား. . . ဤအတူ မည်သည့်အမျိုးမှမဆို ရဟန်းပြုပြီး ဓမ္မဝိနယနှင့်အညီ အကုသိုလ်ကိုရှောင်အံ့။ မှန်သော အယူရှိအံ့။ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်သူဖြစ်၏။"

"ပုဏ္ဏား. . . ထိုအရာကို အဘယ်သို့ မှတ်ထင်ပါသနည်း။ ဤလောက၌ ရေမြေကိုအစိုးရသော အဘိသိက်သွန်းပြီးသော မင်းသည် အထူးထူးသော ဇာတိအမျိုးဖြစ်ကုန်သော တစ်ရာသောယောက်ျားတို့ကို စည်းဝေးစေ၏။ အချင်း

တို့ လာကြကုန်လော့။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ မြို့စားမျိုးဖြစ်ကြကုန်သောသူတို့သည် မီးပွတ်ခုံကိုယူ၍ ကျွန်းသား၊ အင်ကြင်းသား၊ ထင်းရှူးသား၊ စန္ဒကူးသား၊ ကြာပဒုမ္မာသား၏မီး၌ ဖြစ်ကြစေကုန်သော တေဇောဓာတ်ကို ပြုကြကုန်လော့။

ထိုမှတစ်ပါး ဒွန်းစဏ္ဍားမျိုး၊ မုဆိုး၊ တံငါမျိုး၊ နှီးသမားမျိုး၊ ရထားလုပ်သမားမျိုး၊ ပန်းမှိုက်သွန်း မစင်ကျုံးဖြစ်ကုန်သောသူတို့သည် မီးပွတ်ခုံကိုယူ၍ ခွေးစာကျင်း၊ ဝက်စာကျင်း၊ သိုးရည်စာကျင်း၊ ကြက်ဆူသားထင်း၏မီးကို ဖြစ်စေကြကုန်လော့၊ တေဇောဓာတ်ကို ပြုကြကုန်လော့-ဟု အမိန့်ချမှတ်ရာ၏။

ပုဏ္ဏား. . . မည်သို့မှတ်ထင်သနည်း။ မင်းမျိုး၊ ပုဏ္ဏားမျိုးတို့၏ ကျွန်းသားစသောမီးသည်သာ အလျှံရှိသည်၊ အဆင်းရှိသည်၊ အရောင်ရှိသည်ဖြစ်ရာသလော။ ထိုမီးဖြင့်သာလျှင် မီးနှင့်ဆိုင်ရာကိစ္စအရပ်ရပ်ကို ပြုစွမ်းနိုင်ပါသလော။

ဒွန်းစဏ္ဍားမျိုး စသည်တို့၏ ခွေးစာကျင်းစသော မီးကာကော အလျှံမရှိ၊ အဆင်းမရှိ၊ အရောင်မရှိ ထိုမီးတို့ဖြင့် လိုရာကိစ္စပြုခြင်းငှာ မစွမ်းနိုင်သလော။

"အရှင်ဂေါတမ. . . ဤသို့ကား မဖြစ်သင့်ပါ။ မီးအားလုံးသည် အရောင်ရှိ အဆင်းရှိပြီး လိုရာကိစ္စပြီးစီးနိုင်ပါသည်။

"ပုဏ္ဏား. . . ဤအတူသာလျှင် မည်သည့်အမျိုးမှ ရဟန်းပြုလာသူဖြစ်ပါစေ ဓမ္မဝိနယကို အစွဲပြု၍ အကုသိုလ်ကိုရှောင်ကာ မှန်သောအယူရှိက နည်းလမ်းမှန်ကုသိုလ်တရားကို ပြည့်စုံစေသူဖြစ်၏။"

"အရှင်ဂေါတမဟာ ရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ ကျွန်ုပ်အား ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်ယူတော်မူပါ။"

ဗုဒ္ဓသည် ဤသို့အားဖြင့် လောကတွင် လူတန်းစား၏ မြင့်မြတ်မှု၊ ယုတ်ညံ့မှုနှင့် ပတ်သက်သော ခွဲခြားသူ၏ ပြဿနာမေးခွန်းကို မေးခွန်းပြုလုပ်လာသူတို့ကို ဤသို့ဖြေရှင်းပေးခဲ့ပါသည်။

မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မဏဝဂ်၊
သေုကာရီသုတ်

# လက်ဆောင်လက်မခံက ဘယ်သူထံရောက်ပါသလဲ

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးချိန်ဖြစ်သည်။

"ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် ရဟန်းဂေါတမထံ၌ ရဟန်းဝတ်သွားသည်"

ဟူသော သတင်းကိုကြားသဖြင့် ဒေါသအမျက်ထွက်ကာ ဗုဒ္ဓထံချဉ်းကပ်ပြီး မလျှောက်ပတ်သော ကြမ်းကြုတ်သော စကားတို့ဖြင့် ဆဲရေး၏။ ခြိမ်းခြောက်၏။ ထို့ကြောင့် ထိုပုဏ္ဏားကို အက္ကောသဘာရဒွါဇဟူ၍ အမည်တွင်သည်။

ထိုဆဲရေးသော ပုဏ္ဏားကို ဗုဒ္ဓကမေးသည်။

"ပုဏ္ဏား. . . ထိုအရာကို အဘယ်သို့ထင်သနည်း။ သင်၏ ဧည့်သည်ဖြစ်သည့်အတွက် အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် လာကုန်သည်မဟုတ်လော။"

"အရှင်ဂေါတမ. . . တစ်ခါတရံ လာကြပါ၏။"

"ပုဏ္ဏား. . . သင်သည် အဆွေခင်ပွန်းဆွေမျိုးသားချင်းတို့အား စားသောက်ဖွယ်တို့ကို ပေးသည်မဟုတ် လော"

"အရှင်ဂေါတမ. . . ပေးပါ၏။"

"ပုဏ္ဏား. . . ထိုသူတို့က အကယ်၍ မခံယူသည်ဖြစ်အံ့ ထိုဥစ္စာသည် အဘယ်သို့ရောက်သွားပါသနည်း။"

"အရှင်ဂေါတမ. . . ပေးသူကျွန်ုပ်လက်ထဲ ပြန်ရောက်ပါ၏။"

"ပုဏ္ဏား. . . ဤအတူပင် သင်သည် အကြင်အကြောင်းကြောင့် သင်သည် မဆဲရေးထိုက်ကုန်သောငါတို့ကို ဆဲရေး၏။ မချုတ်ချယ်ထိုက်သော ငါတို့ကို ချုတ်ချယ်၏။ မချောက်ချားထိုက်ကုန်သော ငါတို့ကို ချောက်ချား၏။ သင်၏ ထိုဆဲရေးမှုတို့ကို ငါမယူကုန်။ ဤဆဲရေးခြင်းစသည်သည် သင့်အားသာလျှင် ရောက်၏။"

ပုဏ္ဏား. . . အကြင်သူသည် ဆဲရေးတတ်သောသူကို ပြန်၍ ဆဲရေး၏။ ချုတ်ချယ်တတ်သူကို ပြန်၍ချုတ်ချယ်၏။ ချောက်ချားတတ်သောသူကို ပြန်၍ချောက်ချား၏။

ပုဏ္ဏား. . . ဤသူကို အကူခံစားသူ၊ ပြုတုံပြုသူဟု ဆိုအပ်၏။ ငါဘုရားသည် သင်နှင့်အတူ ခံစားဖက်မဟုတ်ကုန် ပြုတုံ့မပြုကုန်။ ဤဆဲရေးခြင်းစသည်သည် သင့်အားသာလျှင် ရောက်၏-ဟု ဗုဒ္ဓကမိန့်ကြားသည်။"

"အရှင်ဂေါတမ. . . ရဟန်းဂေါတမသည် ပူဇော်အထူးကို ခံယူတော်မူထိုက်၏ဟု မင်းနှင့်တကွသော ပရိတ်သတ်သည်သိ၏။ ယင်းသို့သိလျှက် အရှင်ဂေါတမသည် အမျက်ထွက်ဘိ၏။

"ပုဏ္ဏား. . ယဉ်ကျေးသောတရားနှင့်အညီ အသက်မွေးလေ့ရှိသော သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ကိလေသာ မှလွတ်သောစိတ်ရှိသော၊ ငြိမ်သက်သောစိတ်ရှိသော၊ တာဒိဂုဏ် နှင့်ပြည့်စုံသော၊ အမျက်မထွက်သော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းသည် အဘယ်အကျိုးရှိပါအံ့နည်း။"

- အကြွင်သူသည် အမျက်ထွက်သူကို ပြန်၍အမျက် ထွက်သောကြောင့် ယုတ်မာ၏။ အမျက်ထွက်သူ ကို ပြန်၍အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကိုအောင်နိုင်သည် မည်၏။
- အကြွင်သူသည် အမျက်ထွက်သောသူကို သိသည်ရှိ သော် သတိနှင့်ပြည့်စုံသည်ဖြစ်၍ အမျက်ကို ငြိမ်း အေးစေ၏။ ထိုအမျက်ကို မတုံ့ပြန်သောသူသည် မိမိ-သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏။
- အကြွင်သူတို့သည် သစ္စာလေးပါးတရား၌ မသိ-မ လိမ္မာကြကုန်၊ ထိုသူတို့သည် မိမိ-သူတပါးနှစ်ဦး သားတို့အား အမျက်ငြိမ်းစေသော ကုစားခြင်းအား ဖြင့် ကုစားသူကို လူမိုက်ဟူ၍ မှတ်ထင်ကုန်၏။

"အရှင်ဂေါတမ. . . အရှင်၏တရားသည် အလွန် နှစ်သက်ဖွယ်ရှိပါ၏။ အစရှိသည်ဖြင့် အက္ကောသဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓအား လျှောက်ထားပြီး ဗုဒ္ဓထံ ရဟန်းပြုခွင့် တောင်းသည်။

ရဟန်းပြုပြီးနောက် တရားကို ကြိုးစားအားထုတ်ခဲ့ရာ မကြာခင် ရဟန္တာဖြစ်လေသည်။

**သဂါထာဝဂ္ဂသံယုတ်၊ ဗြဟ္မဏသံယုတ်၊**

**အရဟန္တဝဂ်၊ အက္ကောသသုတ်**

## ဝိလင်္ဂိကဘာရဒွါဇပုဏ္ဏား

အလားတူ ဘာရဒွါဇပုဏ္ဏား ဗုဒ္ဓထံ၌ ရဟန်းပြုကြောင်း ကြားသိရပြီး ဝိလင်္ဂိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံကို လာရောက်ပြီးဆိတ်ဆိတ်နေကာ ထိုင်နေသည်။ ဗုဒ္ဓသည် ပုဏ္ဏား၏ စိတ်အကြံကိုသိ၍-

အကြင်လူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာမရှိသောရဟန္တာပုဂ္ဂိုလ်အား ပြစ်မှား၏။ ထိုသူ၏ မကောင်းမှုသည် လေညာသို့လွင့်အပ်သော သိမ်မွေ့သော မြူကဲ့သို့ ထိုသူမိုက်ထံသို့သာလျှင် ပြန်ရောက်၏။

ဗုဒ္ဓကမိန့်ကြားရာ ဝိလင်္ဂိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏တရားကို များစွာနှစ်သက်ပြီး ဗုဒ္ဓထံ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုခဲ့သည်။

နောက်တရားအားထုတ်ရာ အကြာခင် ရဟန္တာဖြစ်ခဲ့လေသည်။

## အဟိံသကဘာရဒွါဇပုဏ္ဏား

အလားတူ အဟိံသကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံ ရောက်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် အဟိံသကပါတည်း အဟိံသကပါတည်း ဟုလျှောက်ထားသည်။"

"အကြင်သူသည် ကိုယ်, နှုတ်, စိတ်, ဖြင့်သူတစ်ပါးကို မသတ်ဖြတ်, မညှင်းဆဲ ထိုသူသည်သာ အဟိံသကဖြစ်၏။

သင်သည် အဟိံသကဖြစ်ခဲ့မူ အမည်အားလျော်စွာ မညှင်းဆဲသူ ဖြစ်ပါလေလော”
ဟု ဗုဒ္ဓက မိန့်ကြားသောအခါ အဟိံသကဘာရဒွါဇပုဏ္ဏား သည် ဗုဒ္ဓ၏တရား၌ အလွန်နှစ်သက်ဖြင့် ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုလေသည်။

တရားကို ကြိုးစားအားထုတ်ရာ မကြာခင် ရဟန္တာဖြစ်လေသည်။

## ဇဋာဘာရဒွါဇပုဏ္ဏား

ဇဋာဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်ပြီး ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်ပြီး-

“အရှင်ဂေါတမ. . . ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်သော တဏှာ၊ ကိုယ်ပ၌ ဖွဲ့ယှက်တတ်သောတဏှာသည် သတ္တဝါအပေါင်းကို ဖွဲ့ယှက်ပါ၏။ ထိုဖွဲ့ယှက်တတ်သော တဏှာကို အဘယ်သူသည် ဖြေရှင်းနိုင်ပါအံ့နည်း”
ဟု လျှောက်ထားလေသည်။

“ပုဏ္ဏား. . . ပဋိသန္ဓေပညာရှိ၍ ပြင်းစွာအားထုတ်မှုရှိသော ရင့်ကျက်သောပညာရှိသော သံသရာဘေးကို ရှု့လေ့ရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍ သမာဓိစိတ်ကိုလည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း ပွားစေလျက် ဤဖွဲ့ယှက်တတ်သော တဏှာကို ဖြေရှင်းနိုင်၏။”

အကြင်ပုဂ္ဂိုလ်အား တပ်စွန်းမှု(ရာဂ)၊ အမျက်ထွက်မှု (ဒေါသ)၊ မသိမှု(အဝိဇ္ဇာ)တို့သည် ကင်းပြတ်ကုန်၏။ အာသ ဝေါကုန်ပြီး၍ ရဟန္တာဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဖွဲ့ယှက်တတ် သော တဏှာကိုဖြေရှင်းအပ်ပြီး-

အကြင်နိဗ္ဗာန်၌ နာမ်သည်လည်းကောင်း၊ ရုပ်သည် လည်းကောင်း ထိပါးမှုဟူသော အမှတ်(ပဋိဃသညာ)သည် လည်းကောင်း၊ ရုပ်၌ဖြစ်သောအမှတ်(ရူပသညာ)သည်လည်း ကောင်း၊ အကြွင်းမဲ့ချုပ်၏။ ဤနိဗ္ဗာန်၌ ဖွဲ့ယှက်တတ်သော တဏှာသည် ကင်းပြတ်၏-

ဟု ဗုဒ္ဓက မိန့်ကြားသောအခါ ဇဋာဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ ၏တရားကို အလွန်နှစ်သက်သဖြင့် ဗုဒ္ဓထံရဟန်းပြုခွင့်တောင်း ပြီး ရဟန်းပြုသည်။

တရားကို ကြိုးစားအားထုတ်ရာ မကြာခင်ရဟန္တာ တစ်ပါးဖြစ်ရလေသည်။

## သုဒ္ဓိကဘာရဒွါဇပုဏ္ဏား

သုဒ္ဓိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်ပြီး ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင် ပြီး-

"လောက၌ မည်သည့်ဗြဟ္မဏမျိုးမဆို ပြင်းထန်သော အကျင့်ကိုကျင့်လျက် သီလရှိပါသော်လည်း စင်ကြယ်သည် မဟုတ် ဗေဒင်သုံးပုံ(ဝိဇ္ဇာ)၊ အကျင့်(စရဏ)နှင့် ပြည့်စုံ၍ အမျိုး

သန့်သော ဗြဟ္မဏသည် စင်ကြယ်၏၊ ဝိဇ္ဇာ စရဏကိုမသိသော ဤမှုတစ်ပါး အခြားသတ္တဝါသည် မစင်ကြယ်"
ဟု လျှောက်ထားလေသည်။

"ပုဏ္ဏား. . . စင်ကြယ်၏ဟူသောစကားကို များစွာဆိုပါသော်လည်း ယောက်သွားပုပ်သကဲ့သို့ ကိလေသာအတွင်း ပုပ်သော၊ ညစ်ညူးခြင်းရှိသော ဟန်ဆောင်မှုကိုမှီသူသည် အမျိုးဇာတ်ကြောင့် ဗြဟ္မဏမဖြစ်နိုင်။

မင်းဖြစ်စေ ပုဏ္ဏားဖြစ်စေ၊ ကုန်သည်ဖြစ်စေ၊ သူဆင်းရဲဖြစ်စေ၊ ဒွန်းစဏ္ဍာား ပန်းမှိုက်သွန်ပင်ဖြစ်စေ၊ ထက်သန်သော ဝီရိယရှိ၍ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိကာ မြဲမြံသောအားထုတ်မှုရှိသူသည်သာ မြင့်မြတ်စင်ကြယ်ခြင်းသို့ ရောက်နိုင်၏-ဟု သိလော"
ဟု ဗုဒ္ဓကမိန့်ကြားသောအခါ သုန္ဒိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌ လွန်စွာနှစ်သက်သဖြင့် ရဟန်းပြုခွင့်တောင်းကာ ရဟန်းပြုလေသည်။

တရားတို့ကို ကြိုးစားအားထုတ်ရာ မကြာခင်ရဟန္တာတစ်ပါးဖြစ်လေသည်။

သဂါထာဝဂ္ဂသံယုတ်

မဟာသဒ္ဓမ္မဇောတိကာဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ·အေ)


ဗုဒ္ဓဂေါတမ၏
စွပ်စွဲလာသူများအပေါ်
ပြဿနာဖြေရှင်းနည်း(၂)
မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)
Art- Kyaw Zawe Lwin,Design- Mie Nyein Chan